http://www.dhammadownload.com

Myanmar Heritage

# မင်္ဂလာအစစ်နှင့် မျိုးဆက်သစ်

သန်းသန်းတင့်



http://www.dhammadownload.com

# မြန်မာ့လူမှုရေးဘဝနှင့် မင်္ဂလာတရားတော်

မြန်မာနိုင်ငံနှင့် မင်္ဂလာတရားတော် အစဉ်အမြဲ ဒွန်တွဲနေသည်မှာ နှစ်ပေါင်းထောင်ချီ ကြာခဲ့ပြီဟု ခန့်မှန်းရပါသည်။ ပုဂံခေတ် အနော်ရထာမင်း လက်ထက် ထေရဝါဒ ဗုဒ္ဓဘာသာ ထွန်းကားစဉ်ကပင် စခဲ့ဟန်ရှိသည်။

မြန်မာ့လူမှုရေးဘဝနှင့် မြန်မာ့ယဉ်ကျေးမှုကို လေ့လာပါလျှင် မင်္ဂလာတရားတော်၏ သြဇာသည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့အပေါ်တွင် အနည်းနှင့်အများ လွှမ်းမိုးနေကြောင်း တွေ့မြင်နေရသည်။ မြန်မာ့လူ့အဖွဲ့ အစည်းတွင် မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ ခင်ပွန်းနှင့်ဇနီး၊ မောင်နှင့်နှမ၊ ဆွေမျိုး မိတ်သင်္ဂဟ အစရှိသူတို့၏ ပေါင်းသင်းဆက်ဆံမှုတွင် လိုက်နာရမည့် စည်းကမ်းများကို မင်္ဂလာ တရားတော်၌ တိတိကျကျ ပြဌာန်းထားပြီးဖြစ်သည်။ ထိုပြဌာန်းချက်များကိုလည်း မိဘနှင့် ဆရာသမားများက သားသမီးနှင့်တပည့်များကို အရွယ်ရောက်စကပင် သွန်သင်ညွှန်ပြ သင်ကြားပေးခဲ့ကြသည်။ ထို့ကြောင့်လည်း မြန်မာ့လူ့အဖွဲ့အစည်းသည် အေးချမ်း သာယာစွာ တိုးတက်ခဲ့ခြင်း ဖြစ်သည်။

မြန်မာတို့၏ ရိုင်းပင်းကူညီတတ်မှု၊ ရိုသေကိုင်းရှိုင်းတတ်မှု၊ ဖော်ရွေမှုစသည်တို့သည် အခြားလူမျိုးများက မြန်မာတို့အပေါ် တလေးတစား အလေးထားရသော ဓလေ့စရိုက်များ ဖြစ်သည်။ ထိုဓလေ့စရိုက်များသည် မင်္ဂလာတရားတော်၏ ကျေးဇူးကြောင့်ပင်ဖြစ်သည်။ မြန်မာ့လူမှုရေးနယ်ပယ်ကြီး တစ်ခုလုံးမှာ မင်္ဂလာ တရားတော်၏ အုတ်မြစ်ပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။

ထို့ကြောင့် မြန်မာလူမျိုးတို့သည် ဆင်းရဲဒုက္ခနှင့် ကြုံရသောအခါတွင်လည်းကောင်း စစ်ဘေးစစ်ဒဏ် ခံရသောအခါတွင်လည်းကောင်း တုန်လှုပ်ချောက်ချားမှု မရှိဘဲ ရင်ဆိုင်နိုင်ခဲ့ကြသည်။ အကယ်၍ တုန်လှုပ်ချောက်ချားမှုနှင့် ရင်ဆိုင်ရသည်ပင်ဖြစ်စေ၊ နောက်ပိုင်းတွင် ဖြေဖျောက်နိုင်ကြသည်။ ခွင့်လွှတ်နိုင်ကြသည်။ ဤသည်မှာ မင်္ဂလာတရားတော်၏ ကျေးဇူးပင်ဖြစ်သည်။ ထို့ကြောင့် မင်္ဂလာတရားတော်၏ ကျေးဇူးကား မြန်မာ့လူမှုရေးနယ်ပယ်တွင် အလွန်ကြီးမားလှပေသည်။

Myanmar Heritage

http://www.dhammadownload.com

# မင်္ဂလာအစစ်နှင့် မျိုးဆက်သစ်

သန်းသန်းတင့်

http://www.dhammadownload.com

## စာရေးသူရဲ့ကျေးဇူးစကား

မင်္ဂလသုတ်တရားတော်ကို လူငယ်များအတွက် ရေးသားထားချက်ဖြစ်လို့ တော်ဘုရားကလေး (အောင်ဇေ)က "မင်္ဂလာအစစ်နှင့် မျိုးဆက်သစ်"လို့ ခေါင်းစဉ်ပေးပါတယ်။

မဇ္ဈိမရဂျာနယ်မှာ အတွဲ – ၁ ၊ အမှတ် – ၃၊ ၂၀၀၅ ခုနှစ်၊ နိဝင်ဘာလကတည်းက စတင်ရေးသားခဲ့တာ ဖြစ်ပါတယ်။ ခေါင်းစဉ်မှာ 'သစ်' ကျန်ခဲ့ပါတယ်။ အခု 'သစ်' ထပ်မံဖြည့်စွက်ပြီး 'မင်္ဂလာအစစ်နှင့် မျိုးဆက်သစ်' တော်ဘုရားကလေး (အောင်ဇေ) (ကျွန်မတို့အခေါ် တော်တော်) ပေးခဲ့တဲ့ ခေါင်းစဉ်ဖြင့် စုစည်းထုတ်လိုက်ပါတယ်။

တော်တော်နဲ့ လှိုင်ကြည်ဖြူ၊ မဇ္ဈိမစာပေတိုက်ပိုင်ရှင် ဦးတင်စိုး၊ စာတည်းဦးပြည့်စိုး၊ မဇ္ဈိမဂျာနယ်မှာ မင်္ဂလာအစစ်ကို စောင့်မျှော်ဖတ်ရှုတဲ့ မဇ္ဈိမ စာဖတ်ပရိသတ်တို့ကို အထူးပဲ ကျေးဇူးတင်ပါတယ်။

မင်္ဂလာအစစ်ကို ရေးသားရာမှာ မင်္ဂလသုတ်ဆိုင်ရာစာအုပ်တွေက များစွာအထောက်အကူဖြစ်ပါတယ်။ ရဟန်းစာဆို၊ လူစာဆိုများ ရေးသားခဲ့ကြတဲ့ မင်္ဂလသုတ်ဆိုင်ရာ စာအုပ်များကို အားကိုးအားထားပြုပြီး ရေးရတာပါ။

သပြေကန်ဆရာတော်ဘုရားကြီး၊ ရွှေဟသာ်ဆရာတော်ဘုရားကြီး၊ အရှင်ဇနကာဘိဝံသ၊ လေးအိမ်စု အရှင်ဝိစိတ္တသာရ၊ ရဝေနွယ် (အင်းမ) တို့ရဲ့ မင်္ဂလာစာအုပ်များကို အခြေပြုရပါတယ်။ မင်္ဂလသုတ်ဆိုင်ရာ စာအုပ်များကို ရေးသားတော်မူကြတဲ့ ရဟန်းစာဆို၊ လူစာဆိုများရဲ့ ကျေးဇူးကား အလွန်ကို ကြီးမားလှပါတယ်။

အထူးသဖြင့် မင်္ဂလာစာမူ အစအဆုံး ဖတ်ရှုတည်းဖြတ်ပြီး မင်္ဂလာအမှာစာ အကောင်းဆုံး ရေးသားချီးမြှင့်တော်မူတဲ့ လေးအိမ်စု အရှင်ဝိစိတ္တသာရ ဆရာတော်အား အထူးကျေးဇူးတင်ရှိခိုး ပူဇော်မိပါတော့တယ်။

မင်္ဂလာစာမူ အစအဆုံး ဖတ်ရှုပေးရုံမက စာအုပ်ပုံစံကျန၊ လှပအောင် ပြင်ဆင်တည်းဖြတ်ပေးတဲ့ ဆရာကြီးဦးလေးမြိုင်ကိုလည်း ကျေးဇူးတင်လို့ကို မဆုံးတော့ပါဘူး။

စာရေးသူရဲ့ ပွဲဦးထွက်စာအုပ်ဖြစ်တဲ့ မင်္ဂလာအစစ်နှင့် မျိုးဆက်သစ်စာအုပ်ကို စီစဉ်ထုတ်ဝေပေးသူများနဲ့ မင်္ဂလာစာအုပ်နဲ့နွှယ်ရာ အားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်။

မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ။

သန်းသန်းတင့်

၃၀-၇-၀၇

http://www.dhammadownload.com

# တာရေးသူရဲ့ဘဝ

အမည်ရင်း သန်းသန်းတင့်၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့ဇာတိ၊ ၁၉၆၅ ခုနှစ် မန္တလေး တက္ကသိုလ်က B.Scဘွဲ့ရခဲ့တယ်။ ၁၉၆၅ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ အထက်တန်းပြဆရာမအဖြစ် အမှုထမ်းဆောင်ပြီး အငြိမ်းစားယူခဲ့တယ်။

တက္ကသိုလ်ကျောင်းသူ ဘဝကတည်းက ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုများ ရေးခဲ့ပေမယ့် အိမ်ထောင်သည် ဝန်ထမ်းဘဝမှာ စာအရေးအသား ပြတ်ခဲ့တယ်။ နှစ် ၃၀ ကျော်ကို ပြတ်ခဲ့တာပါ။

အငြိမ်းစားဘဝရောက်မှ ဝါသနာအရ ဆောင်းပါးများ ရေးသားခဲ့ရာ ၂၀၀၂ ခုနှစ်၊ ဇူလိုင်လထုတ် ဓမ္မရံသီ ဓမ္မမဂ္ဂဇင်းတွင် စတင်ဖော်ပြခံရတယ်။ ဓမ္မရံသီ၊ ဓမ္မရတနာ၊ ပညာတန်ဆောင်၊ The Light of English စာစောင်၊ ဓမ္မဝိရဂျာနယ်တို့မှာ ဆောင်းပါးများ ရေးလျက်ရှိပါတယ်။

အစု ၇၃/ ၃ လှာ၊ စမ်းချောင်းလမ်း၊ ရန်ကုန်မြို့မှာ ခင်ပွန်းဦးတင်ဝင်း၊ သားသမီးတို့နဲ့အတူ နေထိုင်လျက်ရှိပါတယ်။

http://www.dhammadownload.com



http://www.dhammadownload.com

# မင်္ဂလာ အမှာ

## (၁)

မင်္ဂလာတရားတော်ဆိုသည်မှာ လောကီလောကုတ္တရာ ကြီးပွားချမ်းသာကြောင်း နည်းလမ်းကောင်း၊ ကျင့်စဉ်ကောင်း၊ အရည်အချင်းကောင်းများပင်ဖြစ်၏။ လူအများစုသည် မင်္ဂလာဟုဆိုလိုက်သည်နှင့် ကျက်သရေမင်္ဂလာ ရှိသည်ဟူ၍သာ သဘောပေါက်ကြ၏။ ကြည့်ကောင်း၊ ကြားကောင်း၊ ရှုကောင်း၊ စားကောင်း၊ ထိကောင်းတာတွေကိုသာလျှင် မင်္ဂလာဖြစ်သည်၊ မင်္ဂလာရှိသည်၊ ကျက်သရေရှိသည်ဟု ယူဆကြ၏။ ထိုအယူအဆသည် ဘုရားရှင်လက်ထက်ကပင်ရှိနေသော၊ လူတို့လက်ခံထားသော အယူအဆများပင်ဖြစ်၏။ မြတ်စွာဘုရားက ထိုသို့သော ယူဆထင်မှတ်နေမှုကို မင်္ဂလာအစစ်ဟု အသိအမှတ်မပြုဘဲ "သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလမုတ္တမံ"ဟူ၍ ဆိုသည့်အတိုင်း နေရာတိုင်းမှာ ကြီးပွားချမ်းသာကြောင်း နည်းလမ်းကောင်း၊ ကျင့်စဉ်ကောင်း၊ အရည်အချင်းကောင်းများကိုသာ မင်္ဂလာအစစ်ဟု ယူဆ၏။ သို့ဖြစ်၍၊ ထိုခေတ်ထိုအခါက လူနတ်ဗြဟ္မာ အားလုံးတို့သည် မြတ်စွာဘုရား ဆိုလိုသည့် မင်္ဂလာ၏ အဓိပ္ပာယ်ကို အမှန်အတိုင်း မသိရှိဘဲ ငြင်းခုံနေကြသည်။

ထိုသို့ မသိရှိသောကြောင့်ပင် လူဆိုးလူမိုက်ကို ရှောင်ကြဉ်နိုင်ခြင်းစသော အရည်အချင်းကောင်းများကို မင်္ဂလာဟူ၍ အလေးမထားကြဘဲ သာမန်စကားမျှသာဟု မှတ်ထင်ကြလေသည်။ အမှန်စင်စစ် လူဆိုးလူမိုက်ကို ရှောင်ကြဉ်နိုင်ခြင်း၊ ကင်းကင်းရှင်းရှင်း နေနိုင်ခြင်းစသော အရည်အချင်းကောင်းများနှင့် ပြည့်စုံလျှင် ဘုရားရှင် အာမခံတော်မူသည့်အတိုင်း နေရာတိုင်းမှာ ကြီးပွားချမ်းသာနိုင်ပေသည်။

မင်္ဂလာတရား ၃၈ ပါး၊ ဝါ–အရည်အချင်းကောင်း ၃၈ ခုသည် လောကီရေးမှာရော လောကုတ္တရာ ရေးမှာပါ ကြီးပွားချမ်းသာ အောင်မြင်စေသော အကြောင်းတရားဟု သိရှိတော်မူကြသော ရှေးဆရာတော်ကြီးများသည် မိမိတို့၏ တပည့်များကို သင်ပုန်းကြီး သင်ပြီးသည်နှင့် မင်္ဂလာတရားတော် (မင်္ဂလသုတ်)ကို ရှေးဦးစွာ သင်ကြားပေးခဲ့ကြသည်။

မင်္ဂလာတရားကို သေသေချာချာ မှတ်မိနားလည်သူ တစ်ယောက်သည် "လူဆိုးလူမိုက်ကို ရှောင်ဖို့လိုသည်၊ လူတော်လူကောင်းကို ပေါင်းဖို့လိုသည်၊ ပူဇော်ထိုက်သူကို ပူဇော်ရမည်၊ ကုသိုလ်၊ ပညာ၊ ဥစ္စာ ရနိုင်သောအရပ်မှာနေမှ ကြီးပွားမည်၊ ကောင်းမှုကောင်းရာများကို ကြိုတင်လုပ်ထားမှ နောင်အခါ ချမ်းသာမည်၊ ရုပ်ခန္ဓာကိုယ်နှင့် စိတ်ဓာတ်ကို အဆိုးဘက်မရောက်အောင် ထိန်းချုပ်ဖို့လိုသည်" စသည်ဖြင့် သဘောပေါက် နားလည်လာသည်။

ထို့ပြင် ကြီးပွားချမ်းသာလိုသူ တစ်ယောက်အနေဖြင့် စာတတ်ဖို့၊ ဗဟုသုတကြွယ်ဝဖို့၊ အသက်မွေးဝမ်းကျောင်း တစ်ခုခုတတ်မြောက်ဖို့၊ စည်းကမ်းရှိဖို့၊ ဆက်ဆံရေး ပြေပြစ်ဖို့ လိုသည်ဟု နားလည်လာသည်။

http://www.dhammadownload.com

ဤသို့စသည်ဖြင့် မင်္ဂလာတရားတော်၏ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး စသည် ဘက်စုံထောင့်စုံ လမ်းညွှန်မှုကို တကယ်သိရှိနားလည်ပြီး လက်တွေ့ကျကျ အကောင်အထည်ဖော် လိုက်နာသူအဖို့ လိုက်နာလျှင် လိုက်နာသလောက် ကြီးပွားချမ်းသာမှုအဆင့်ဆင့်၊ အောင်မြင်မှု အဆင့်ဆင့်ကို ရရှိနိုင်ပေသည်။

ဤကဲ့သို့ ပညာရေး၊ စီးပွားရေး စသည်အားလုံးတို့၌ လမ်းညွှန်သဖွယ်ဖြစ်သော မင်္ဂလာ တရား၏ တန်ဖိုးကို သိရှိနားလည်ကြသော YMBA အသင်း လူကြီးများသည် နှစ်စဉ်နှစ်တိုင်း မင်္ဂလာစာမေးပွဲကို နိုင်ငံနှင့်အဝန်း ကျင်းပပြုလုပ်ပေးလျက် ရှိသည်။ ဗုဒ္ဓသာသနာတော် တည်တံ့ နိုင်မြဲရေးအတွက် အင်မတန် ကျေးဇူးများလှ၏။ ကျေးဇူးတင်ဖို့ ကောင်းလှ၏။

ဤအမှာစာရေးသူသည်လည်း မင်္ဂလာတရားတော်၏ တန်ဖိုးကြီးပုံကို သိရှိသည့်အလျောက် မိမိဇာတိ လေးအိမ်စုကျေးရွာ (မအူပင်မြို့နယ်)နှင့် ပတ်ဝန်းကျင် ကျေးရွာများတွင် မင်္ဂလာတရား တော် ပြန့်ပွားစေရန် YMBA အသင်းနှင့် ဆက်သွယ်၍ မင်္ဂလာစာမေးပွဲကို တစ်ပိုင်တစ်နိုင် ပြုလုပ်ပေးလျက်ရှိရာ ၂၈ နှစ် တိုင်ခဲ့ပြီ ဖြစ်သည်။

ဤသို့ မင်္ဂလာတရား ပြန့်ပွားရေးအတွက် ဆောင်ရွက်ရာတွင် ကျေးရွာအသီးသီးရှိ ဘုန်း တော်ကြီးများ၊ ကျေးရွာလူကြီးများနှင့် ကျေးရွာရှိ ဆရာ ဆရာမများက ပူးပေါင်းဆောင်ရွက် အားပေးကြလျှင် ပို၍ အောင်မြင်ကြောင်းကိုလည်းကောင်း၊ ထိုပုဂ္ဂိုလ်များက စိတ်မဝင်စား၊ အား မပေးကြလျှင် မအောင်မြင်နိုင်ကြောင်းကိုလည်းကောင်း လေ့လာတွေ့ရှိရပါသည်။

ကျေးရွာရှိ သက်ငယ်၊ သက်လတ် ရဟန်းသံဃာများအနေဖြင့် ဤမင်္ဂလာတရား ပြန့်ပွားရေး ကို တစ်ပိုင်တစ်နိုင် ဆောင်ရွက်သင့်ကြ၏။ ဆောင်ရွက်ကြမှသာလျှင် ယနေ့ ကလေးလူငယ်များ သည် နောင်လူကြီးဖြစ်လာသည့်အခါ ကျောင်းဒကာ ကျောင်းအမများဖြစ်လာ၍ မိမိကျေးရွာ ဆရာ ဘုန်းကြီးကျောင်းကို ပြန်လည်ထောက်ပံ့၊ စောင့်ရှောက်၊ ထိန်းသိမ်းကြမည်ဖြစ်သည်။ အကြောင်းမူ ဆရာဘုန်းကြီး၊ ဘုရားကျောင်းကန်နှင့် မိမိငယ်စဉ်က ရင်းနှီးမှု၊ ဆရာဘုန်းကြီး၏ ကျေးဇူးကို သိရှိနေမှု၊ မင်္ဂလာတရား၏ အဖိုးတန်မှုကို သိရှိနေသောကြောင့်ပင်ဖြစ်၏။ ရဟန်း သံဃာများက ကလေးလူငယ်များကို မင်္ဂလာတရား သင်ကြားမပေးခဲ့ကြလျှင် ရဟန်းသံဃာနှင့် ရင်းနှီးမှုမရှိခြင်း၊ မိမိကို သင်ကြားမပေးသဖြင့် ကျေးဇူးမရှိ၊ ကျေးဇူးမသိခြင်း၊ ရဟန်းသံဃာများ သည် ငါတို့ လူတွေအပေါ် ဘာကျေးဇူးမှမရှိဟု ယူဆခြင်း စသည့်အမြင်တို့ကြောင့် ဘုန်းကြီး ကျောင်းနှင့် ကြာလေ ကင်းကွာလေဖြစ်ကာ မိမိတို့၏ ကျေးရွာ၊ ရပ်ကွက်အတွင်းရှိ ဘုန်းကြီး ကျောင်းကို ထောက်ပံ့မှု၊ ဂရုစိုက်မှု ပြုကြတော့မည် မဟုတ်ပေ။ ထိုအခါ ဗုဒ္ဓသာသနာတော်သည် နိမ့်ကျမှန်းမသိ နိမ့်ကျ၍ သာသနာနှင့် မျိုးဆက်သစ်လူငယ်များ ကွာဟမှုဖြစ်လေ၊ သာသနာရောင် မှေးမှိန်လေဖြစ်ကာ သာသနာ လုံးဝ ပျောက်ကွယ်သွားနိုင်ပေသည်။

အမှန်စင်စစ် စွမ်းနိုင်သော ရဟန်းသံဃာများအနေဖြင့် ဒကာ–ဒကာမများအား သိသင့် သိထိုက်သည့် တရားမွေများကို မသင်ကြား၊ မပို့ချပေးခြင်းသည် ကိုယ့်သာသနာကိုယ် ဆုတ်

http://www.dhammadownload.com

ယုတ်အောင်ပြုလုပ်ခြင်း၊ တာဝန်မကျေခြင်း၊ ကိုယ့်ထမင်းအိုးကို ကိုယ်ရိုက်ခွဲနေခြင်းပင်ဖြစ်၏။ "မကောင်းပီတ်ပင်၊ ကောင်းလျှင်တိုက်တွန်း၊ ရည်ညွန်းမေတ္တာ၊ ဒေသနာဟောကြား၊ ထပ်ပွား ရှင်းပြန်၊ နိဗ္ဗာန်ညွှန်ပြ၊ ဤခြောက်ဝ၊ ကျင့်ကြရဟန်းတော်"ဟူသော ရဟန်းကျင့်ဝတ် ၆ ပါးတွင် ကောင်းတာ ညွှန်ပြရမည့်တာဝန်၊ မင်္ဂလာတရားသင်တန်း၊ ယဉ်ကျေးမှုသင်တန်း စသည် ပို့ချ သင်ကြားပေးခြင်း ဟူသော တရားဓမ္မ ဟောပြောပေးရမည့် တာဝန်များပါရှိရာ ထိုတာဝန်များကို မထမ်းဆောင်ခြင်းသည် "သာသနာ့ဝန်ထမ်း" ဟူသော မိမိတို့ ခံယူထားသည့်အမည်နှင့် ဆန့်ကျင် နေပေသည်။

သို့ဖြစ်၍ ရဟန်းသံဃာများအနေဖြင့် သာရေးနာရေး လိုက်ပေးရုံဖြင့် မလုံလောက်တော့ ကြောင်း သဘောပေါက်ကာ မိမိတို့ကျေးရွာ၊ ရပ်ကွက်အတွင်းရှိ ကလေးလူငယ်များကို ကိုယ်တိုင် စွမ်းနိုင်က ကိုယ်တိုင်သင်ပေး၍ ကိုယ်တိုင်သင်မပေးနိုင်က မင်္ဂလာတရား သင်ကြားခွင့်ရအောင် စီစဉ်ပေးသင့်ကြပေသည်။ မြန်မာပြည်တွင် ရဟန်းတော်များက ရဟန်းနှင့်တူအောင်နေ၍ နည်းမှန် လမ်းကျ ရှေ့မှဦးဆောင်လျှင် နောက်မှနေ၍ ဒကာ ဒကာမများက အထောက်အပံ့ ပေးကြမည်သာ ဖြစ်သည်။ သို့သော် စိတ်ရှည်ဖို့တော့ လိုသည်။

ကျေးရွာ၊ ရပ်ကွက်အတွင်းရှိ လူကြီးမိဘ၊ ရပ်မိရပ်ဖများကလည်း မင်္ဂလာတရား ပြန့်ပွားရေး၊ ဗုဒ္ဓယဉ်ကျေးမှု ပြန့်ပွားရေး၌ မိမိတို့ကျေးရွာ၊ ရပ်ကွက်အတွင်းရှိ ရဟန်းသံဃာများက ဦးဆောင် လျှင် ထောက်ပံ့အားပေးသင့်ကြသည်။ မိမိတို့မှာ မိသားစုတာဝန်၊ ကျေးရွာ ရပ်ကွက်တာဝန်များ များပြားနေ၍ မအားလပ်ဟု အကြောင်းပြကာ ခေါင်းရှောင်နေလျှင် မိမိတို့ကျေးရွာ၊ ရပ်ကွက် အတွင်းရှိ ကလေးလူငယ်များအနေဖြင့် ယဉ်ကျေးလိမ္မာမှုမရှိဘဲ တစ်ကိုယ်ကောင်းစိတ်ဝင်ပြီး ရိုင်းစိုင်းနေကြလျှင် မိမိတို့လူကြီးများသာ ခေါင်းရှုပ်ရမည်ဖြစ်သည်။ ထိုလူငယ်များ လူကြီး ဖြစ် လာ၍ မိမိတို့က လူအိုဖြစ်လာချိန်တွင် မိမိတို့သာ စိတ်ဆင်းရဲကြရပေမည်။ သို့ဖြစ်၍ ကျေးရွာ၊ ရပ်ကွက်အတွင်းရှိ လူကြီးမိဘ၊ ရပ်မိရပ်ဖများအနေဖြင့် နောင်အေးချမ်းရေး၊ ကောင်းစားရေး မြော်တွေးကာ အလုပ်မအားလပ်သည့်ကြားမှ လူငယ်များ လိမ္မာယဉ်ကျေးရှိရေးကို ထောက်ပံ့ အားပေးကြဖို့ လိုပါသည်။

ကလေးလူငယ်များကို လိမ္မာယဉ်ကျေးစေရေး၌ ဆရာ ဆရာမများသည်လည်း အဓိက ကျသော ပုဂ္ဂိုလ်များပင်ဖြစ်သည်။ ကျေးရွာ၊ ရပ်ကွက်တစ်ခုအတွင်းရှိ ကလေးများ စုစည်းသည့် နေရာမှာ စာသင်ကျောင်းပင်ဖြစ်၏။ ထိုကလေးများသည် ဆရာ ဆရာမများ၏ လက်အောက် မှာရှိ၏။ ဆရာ ဆရာမများက ထိုကလေးများအား မင်္ဂလာတရားကို တစ်နေ့ ၁၅ မိနစ်မျှ သင်ကြား ပေးနိုင်လျှင် ကလေးများသည် တစ်နေ့တခြား လိမ္မာယဉ်ကျေးလာမည်ဖြစ်၏။ ထိုကလေးများ သည် ကျောင်းမှ ထွက်သွားသည့်တိုင် မိမိတို့ကို လိမ္မာယဉ်ကျေးအောင် သင်ကြားပေးသော ဆရာ ဆရာမများကို ရိုသေလေးစား ကျေးဇူးတင်နေကြမည်သာဖြစ်၏။ သို့ဖြစ်လျှင် ဆရာရော တပည့်ပါ စိတ်ချမ်းသာကြရမည်သာ ဖြစ်သည်။

http://www.dhammadownload.com

ကလေးလူငယ်များသည် သစ်သားနှင့်တူ၏။ ရဟန်းသံဃာ၊ လူကြီးမိဘ၊ ဆရာ ဆရာမများသည် ပန်းပုဆရာနှင့်တူ၏။ ပန်းပုဆရာက အပင်ပန်းခံ ထုဆစ်နိုင်မှ သာမန်သစ်သားတုံးသည် လက်ရာမြောက် အနုပညာပစ္စည်းတစ်ခုဖြစ်ကာ တန်ဖိုးတက်လာမည်၊ အသုံးကျလာမည် ဖြစ်၏။ ပန်းပုဆရာက အပင်ပန်းမခံဘဲ၊ မထုဆစ်ဘဲနေပါက သာမန်သစ်သားတုံးပင်ဖြစ်ကာ ထင်းဆိုက်ခံရသည့်ဘဝ၊ ခြတက် ဆွေးမြည့်သည့် ဘဝဖြင့်သာ နိဂုံးချုပ်ရမည်ဖြစ်၏။ သစ်သားသည် သူ့အလိုလို ဘာမှ တန်ဖိုးတက်လာလိမ့်မည် မဟုတ်ပေ။ သို့ဖြစ်၍ တန်ဖိုးရှိသည့် သစ်သားဖြစ်စေရန် ပန်းပုဆရာမှာ ထုဆစ်ဖို့ တာဝန်ရှိ၏။ ထုဆစ်တတ်သည့် အတတ်ပညာ၊ ထုဆစ်လိုသည့် ဆန္ဒပြင်းပြဖို့သာ လို၏။ ထို့အတူ ပန်းပုဆရာနှင့်တူသော ရဟန်း သံဃာ၊ လူကြီးမိဘ၊ ဆရာ ဆရာမများက မင်္ဂလာတရားတော် စသော၊ ယဉ်ကျေးစေတတ်သော ပညာများကို သင်ကြားပေးကြ၊ သင်ကြားနိုင်အောင် စီစဉ်ပေးကြမှသာလျှင် သစ်သားနှင့်တူသော ကလေးလူငယ်များအနေဖြင့် လူလတ်၊ လူကြီးပိုင်းတွင် မိသားစုအကျိုး၊ ကျေးရွာ ရပ်ကွက်အကျိုး၊ နိုင်ငံအကျိုးကို တန်ဖိုးရှိရှိ ကြိုးပမ်းထမ်းဆောင်နိုင်ကြမည် ဖြစ်သည်။

ဤသို့အားဖြင့်၊ ကျေးရွာ၊ ရပ်ကွက်ရှိ ဘုန်းကြီး၊ လူကြီး၊ ဆရာကြီးဆိုသည့် ကြီးသုံးကြီးတို့ ညီညီညွတ်ညွတ် စုပေါင်းဦးဆောင် ကြိုးပမ်းပါက မိမိတို့ကျေးရွာ၊ ရပ်ကွက်အတွင်းရှိ ကလေးလူငယ်များ လိမ္မာယဉ်ကျေးကာ ၎င်းတို့ နောင်လူကြီးဖြစ်သည့်အခါ မိသားစုတာဝန်၊ ကျေးရွာရပ်ကွက်တာဝန်၊ နိုင်ငံတာဝန်များကို အပြစ်ကင်းကင်း သန့်သန့်ရှင်းရှင်း ဆောင်ရွက်နိုင်ကြကာ တည်ငြိမ်အေးချမ်းသော လူနေမှုဘဝကို ထူထောင်နိုင်ကြမည် ဖြစ်ပေသည်။

ဤသို့ ကျေးရွာတစ်ခုချင်း၊ ရပ်ကွက်တစ်ခုချင်း ဆောင်ရွက်နိုင်ကြလျှင် မြန်မာတစ်ပြည်လုံး အေးချမ်းသာယာမည် ဖြစ်သည်။ ဤသို့တွေးရင်း အောက်ပါကဗျာကလေးတစ်ပုဒ်သည် ဤအမှာစာရေးသူ၏ ရင်၌ မွေးဖွားလာပါသည်။

### ကျေးရွာအတွက် ကြီးသုံးကြီး

* ကျေးရွာတစ်ရွာ ကောင်းဖို့ရာ၊ ကြီးသုံးကြီးက အရေးကြီးတာ။
ဘုန်းကြီး လူကြီး ဆရာကြီး၊ တော်ရင်တော်သလောက် အောင်မြင်ပြီး။
ဘုန်းကြီးဆိုတာ ကိုယ့်ဘာသာ၊ ပြန့်ပွားအောင်သာ ပြုရမှာ။
ရွာလူကြီးဆိုတာ ကိုယ့်ကျေးရွာ၊ တိုးတက်အောင်သာ ပြုရမှာ။
ဆရာကြီးဆိုတာ ကိုယ့်ပညာ၊ ဖြန့်ဝေသမှု ပြုရမှာ။
ဘုန်းကြီး ဆရာ ရွာလူကြီး၊ ညီညာစုစည်း အသီးသီး။
တာဝန်ကျေအောင် ဆောင်ရွက်ပြီး၊ ဦးဆောင်ကြဖို့ လိုသတည်း။
ထိုကြီးသုံးကြီး ဦးဆောင်လျှင်၊ ကျေးလက်တစ်ခွင် တိုးတက်အစဉ်။
မြန်ပြည်တစ်ခွင် ဖွံ့ဖြိုးဖို့၊ ကြီးသုံးကြီးတွေ ညီညွတ်စို့ ... ။

http://www.dhammadownload.com

# (၂)

ဖော်ပြခဲ့သည့်အတိုင်း မင်္ဂလာတရားတော်ပြန့်ပွားစေရေး၌ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များသည် များစွာ အလေးထား ကြိုးစားခဲ့ကြသည်။ မင်္ဂလာတရားတော်ဆိုင်ရာ စာအုပ်စာပေများကို နောင်လာနောက်သား လူအများ ကောင်းကျိုးတရား ရရှိရေးအတွက် ရေးသားပြုစုခဲ့ကြပေသည်။ ထိုမင်္ဂလာတရားတော်ဆိုင်ရာ စာအုပ်များသည် (ဤအမှာစာရေးသူ စုဆောင်းမိသမျှ) အမျိုးပေါင်း အုပ်ရေ ၆၀ ကျော် ရှိပေသည်။ ဆက်လက်၍လည်း ရေးသားပြုစုနေကြတုန်းပင်ဖြစ်၏။

ဤအမှာစာရေးသူသည် မင်္ဂလာတရားတော်၏ အကျိုးကျေးဇူးများပုံကို ဖော်ပြထားသော ထိုထိုရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့၏ကောက်ချက်၊ ထင်မြင်ချက်၊ အဆိုအမိန့်များကို စုစည်း၍ "မင်္ဂလာတရားတော်ဆိုင်ရာ အဆိုအမိန့်များ" စာအုပ်ကို ပြုစုထုတ်ဝေခဲ့ဖူး၏။ ထိုစာအုပ်ကို သီရိလင်္ကာနိုင်ငံ၌ M.A ဘွဲ့ယူရန် ကျောင်းတက်နေသည့် သူငယ်ချင်းရဟန်းတစ်ပါးထံ ပေးဖတ်ဖူး၏။ ၎င်းက ထိုစာအုပ်ကိုဖတ်ပြီး "အင်မတန်ကောင်းတဲ့ မင်္ဂလာစာမေးပွဲတွေ၊ ယဉ်ကျေးမှု သင်တန်းတွေ ကျင်းပပေးနေလျက်သားနဲ့ ဒီနေ့ လူငယ်တွေ ဘာသာရေးအသိအမြင် အားနည်းနေတာ ဘာကြောင့်လဲ" ဟု ပြန်မေးဖူး၏။

ထိုမေးခွန်း၏ အဖြေနှင့်ပတ်သက်၍ စာရှုသူများ ကိုယ့်ဘာသာကို စိစစ်သုံးသပ် ဝေဖန်ကြပါကုန်။ စာဖတ်သူ၏ အမြင်တစ်စိတ်တစ်ဒေသကို ပြောရလျှင် ဘာသာရေး အသိအမြင် အားနည်းနေခြင်း အကြောင်းတရားများ များစွာရှိသည့်အနက် မင်္ဂလာစာဖြေ၌ာန နည်းပါးနေသေးခြင်း၊ မင်္ဂလာတရားကို ယခင်ကလောက် လူတိုင်းနီးနီး မလေ့လာ၊ မသင်ကြားဖူးတော့ခြင်း၊ သင်ကြား လေ့လာနိုင်အောင် အထက်ပါ ဘုန်းကြီး၊ လူကြီး၊ ဆရာကြီးဆိုသည့် ကြီးသုံးကြီးက မစီမံ၊ မဖန်တီးပေးခြင်း၊ သင်ကြားလေ့လာထားသည့်တိုင် လက်တွေ့မကျင့်သုံးခြင်းတို့သည်လည်း ဘာသာရေး အသိအမြင် အားနည်းခြင်း၏ အကြောင်းတစ်ရပ်ဖြစ်သည်ဟု ထင်မြင်ယူဆပေသည်။

သို့ဖြစ်၍ "ယခုခေတ် တက်ကျမ်းများ ဘယ်လောက်ပင်ကောင်းကောင်း၊ လွန်ခဲ့သည့်နှစ်ပေါင်း ၂၅၀၀ ကျော်က မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် ကြီးပွားချမ်းသာကြောင်း၊ ယဉ်ကျေး လိမ္မာစေကြောင်း နည်းလမ်းကောင်းများခေါ် မင်္ဂလာတရားတော်လောက် မကောင်း၊ အနှစ်သာရ အားဖြင့် မင်္ဂလာတရားတော်လောက် မပြည့်စုံ" ဟု (ကိုယ့်ငါးချဉ် ကိုယ်ချဉ်သည်ဟုပြောပြော) ထင်မြင်ယူဆပေသည်။

ယခုခေတ် လူငယ်အများစုသည် စာရေးသူတို့ ငယ်စဉ်ကထက် ပညာရေး၊ ဗဟုသုတ စသည် ဘက်တွင် သာလွန်လျက်ရှိသော်လည်း ဘာသာရေးအသိအမြင်၊ အကျင့်စာရိတ္တဘက်တွင် ပို၍ အားနည်းလာသည်ကို တွေ့မြင်နေရသည်။ ထိုသို့ အားနည်းရသည်မှာလည်း အထက်ပါ ကြီးသုံးကြီးတို့၏ အမှတ်တမဲ့နေမှု၊ သို့မဟုတ် ဆောင်ရွက်မပေးမှုကြောင့်လည်း ဖြစ်၏။ မိဘများ သည် မိမိတို့၏ သားသမီးကို အတန်းပညာသင်ပေးရုံဖြင့် မလုံလောက်ပေ။ အသိပညာ၊ အလိမ္မာ ပညာများ ရရှိစေရန်၊ ဘာသာရေးစာပေများနှင့် ထိတွေ့နိုင်စေရန် စီမံပေးသင့်ကြသည်။

http://www.dhammadownload.com

ငယ်စဉ်က ဘာသာရေး၊ ယဉ်ကျေးမှု အသိဉာဏ်မရှိသော ကလေးသည် ကြီးပြင်းလာသော အခါ ပတ်ဝန်းကျင်နှင့် အံမဝင်၊ ခွင်မကျ ဖြစ်တတ်သည်။ ဤကဲ့သို့ မဖြစ်စေရန် မင်္ဂလာတရားကို ပြန့်ပွားစေလိုသော ပုဂ္ဂိုလ်များအနက် ဤ "မင်္ဂလာအစစ်နှင့် မျိုးဆက်သစ်" စာအုပ်ကို ရေးသား သော ဆရာမကြီး ဒေါ်သန်းသန်းတင့် (စမ်းချောင်းမြို့နယ်၊ ရန်ကုန်) သည်လည်း တစ်ယောက် အပါအဝင်ဖြစ်၏။

ဆရာမကြီးသည် ယနေ့လူငယ်များကို မင်္ဂလာတရားတော်အကြောင်း သိရှိစေရန် သားထံရေး သည့် ပေးစာပုံစံမျိုးဖြင့် ရေးသားထား၏။ မိမိသားကို ယဉ်ကျေးလိမ္မာစေချင်သလို၊ မိမိသား နည်းတူ အခြားကလေးလူငယ်များကိုလည်း ယဉ်ကျေးလိမ္မာစေလိုသော ဆန္ဒနှင့် မေတ္တာ၊ စေတနာ ကို ဆရာမကြီး၏စာတွင် တွေ့မြင်ရသည်။ ဤသားထံပေးစာများကို လူငယ်များအတွက် အထူး ရည်ညွှန်း၍ ဓမ္မဝီရဂျာနယ်၌ ဆရာမကြီးက အပတ်စဉ် ရေးသားတင်ပြခဲ့သည်။ လူငယ်များ အတွက် ရည်ညွှန်းသည်ဆိုသော်လည်း လူကြီးမိဘများ၊ ဆရာ ဆရာမများပါ ဖတ်သင့်၏။ အကြောင်းမူ သားသမီး၊ တပည့်များနှင့် ဆက်ဆံရာတွင် လူကြီးမိဘ၊ ဆရာ ဆရာမများအနေဖြင့် အလေးဂရုပြုသင့်သည့် အချက်များကို မိခင်တစ်ယောက်အနေဖြင့်လည်းကောင်း၊ ဆရာမ တစ်ယောက်အနေဖြင့်လည်းကောင်း စေတနာဖြင့် ညွှန်ပြရေးသားထားသောကြောင့်ဖြစ်၏။

ဤစာအုပ်ကို မင်္ဂလာစာမေးပွဲဖြေရန် အထောက်အကူပြု စာအုပ်တစ်အုပ်အနေဖြင့်သော် လည်းကောင်း၊ စာမေးပွဲမဖြေဘဲ အလွတ်လေ့လာလိုသူများ လေ့လာနိုင်သည့် စာအုပ်တစ်အုပ် အနေဖြင့်သော်လည်းကောင်း ဖတ်ရှုနိုင်သည်။ မွေးနေ့လက်ဆောင်၊ အမှတ်တရလက်ဆောင်ပေးရန် ဝါသနာပါသူများ အနေဖြင့် ဤစာအုပ်သည် တူ၊ တူမ၊ သား၊ သမီး၊ မြေး၊ မြစ်များကိုဖြစ်စေ၊ သူငယ်ချင်း အချင်းချင်းကိုဖြစ်စေ မင်္ဂလာလက်ဆောင်အဖြစ် ပေးထိုက်သော စာအုပ်ဖြစ်ပေသည်။

နိဂုံးချုပ်အားဖြင့် ဤစာအုပ်သည် မင်္ဂလာတရားတော် ပြန့်ပွားရေးနှင့် မြန်မာ့ယဉ်ကျေးမှု တည်တံ့ရေးကို အထောက်အကူပြုသော စာအုပ်ဖြစ်သည်ဟု မှတ်ချက်ပြုရင်း ဤစာအုပ်ပါ စာရေး သူ အမှတ်ထင်ထင် သတိပြုမိသော စာစုများကို စာမြည်းအဖြစ် ဖော်ပြရင်း နိဂုံးချုပ်လိုက်ပါသည်။

(၃)

* ဆရာဟာ လူမိုက်မဖြစ်ဖို့ အရေးကြီးသလို မေတ္တာ၊ ကရုဏာ လက်ကိုင်ထားသူတွေလည်း ဖြစ်ကြရမယ်။
* ဆရာဟာ ကျောင်းသားတွေရဲ့ ဘဝကို ဖန်တီးသူ၊ ဖန်တီးရှင်ပါပဲ။ ပန်းပုဆရာပါ။ ကောင်းရာ သို့လည်း ပို့နိုင်သူ၊ ဆိုးရာသို့လည်း ပို့နိုင်သူ စွမ်းအားရှင်တွေပါ။ ဒီစွမ်းအားရှင်တွေက လူမိုက်မဖြစ်ဖို့ အရေးကြီးတယ်လို့ အမေတွေးမိတယ်။
* ဘာသာရေးမှာလည်း ဗဟုသုတနည်းရင် ကိုးကွယ်မှုတွေ များကြပြန်တယ် သားငယ်ရဲ့။ သားသမီးကို သမ္မာဒိဋ္ဌိလမ်းကြောင်းမှန်ပေါ် တင်မပေးနိုင်ဘူး။ မိစ္ဆာလမ်းကြောင်းပေါ်သာ

http://www.dhammadownload.com

ပို့ပေးနေကြတာ။ မိဘကိုယ်တိုင်က ကိုယ်ကိုးကွယ်ဆည်းကပ်တဲ့ ဗုဒ္ဓဘာသာအကြောင်းကို နက်နက် ရှိုင်းရှိုင်းမသိတော့ အိမ်တွင်းသာသနာ မပြုတတ်ကြဘူး။ ဒီလိုနဲ့ ကိုယ့်သားသမီး ဆွေမျိုးသားချင်းများ အခြားတစ်ပါး ဘာသာခြား အယူဝါဒနောက် ပါသွားကြရော။ ဒါနဲ့ ပတ်သက်ပြီး ဆရာအဂ္ဂ ကြီးတစ်ပါးရဲ့ ဩဝါဒစကားတစ်ခုကိုလည်း သတိရလိုက်မိတယ်။ "ဒကာမတစ်ယောက်ကို ဆုံးရှုံးလိုက်ရတာဟာ စစ်သား ၅၀၀ ကို ဆုံးရှုံးလိုက်ရတာနဲ့ အတူတူ ပါပဲ"တဲ့ ။

* "လူသားအကျိုးပြု အတတ်ပညာက သိပ္ပံမင်္ဂလာဖြစ်ပြီး၊ လူသားတွေကို ပျက်စီးစေတဲ့ အတတ်ပညာက သိပ္ပံသာမညဖြစ်တယ်၊ မင်္ဂလာမဆိုထိုက်ဘူး" လို့ စစ်ကိုင်း ရွှေဟသံ့ ဆရာတော်ဘုရားကြီးက မင်္ဂလသုတ်လက်စွဲမှာ ရေးထားတော်မူတယ်။
* ဆရာတော်ဘုရားကြီးက ဆက်ရေးထားတော်မူသေးတယ်။ "နိုင်ငံနဲ့ လူမျိုးကိုချစ်ရင် မိမိ ဝါသနာပါရာ စက်မှုလက်မှုပညာရပ်များကို ကျွမ်းကျင်တတ်မြောက်အောင် သင်ယူကြရ မယ်။ တတ်ပြီးပညာဖြင့် နိုင်ငံနဲ့လူမျိုး ကြီးပွားစေကြောင်း ကိုယ်စွမ်းနိုင်ရာဌာနမှ သယ်ပိုးထမ်း ရွက်ရမယ်"တဲ့။
* "နိုင်ငံတစ်ခု၊ အမျိုးသားတစ်ရပ် ကြီးပွားချမ်းသာရေးဟာ တစ်ဦးတည်းနဲ့ မပြီးနိုင်၊ မအောင်မြင် နိုင်။ ပညာတတ်များအားလုံး ညီညီညွတ်ညွတ် ဝိုင်းဝန်းတာဝန်ထမ်းဆောင်မှသာ ခေတ်မီ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံကြီးဖြစ်မယ်" လို့ ဆရာတော်ဘုရားကြီးက ဆိုထားတယ်။ တကယ့် ကို မှတ်သားသင့်တယ် သားငယ်။
* "ဟိရီနဲ့ဩတ္တပ္ပနှစ်ပါး ချို့ငဲ့ကင်းမဲ့သောသူသည် တိရစ္ဆာန်နှင့် ထပ်တူပင်ဖြစ်ပေသည်၊ လူ့ လောကမှာ၊ လူ့ကမ္ဘာကြီး ပျက်စီးဆုတ်ယုတ်ကြသည်မှာ ဟိရီဩတ္တပ္ပ ကင်းမဲ့ခြင်းက အကြောင်းရင်း ဖြစ်သည်" ဟု ရွှေဟသံ့ဆရာတော်ဘုရားကြီးက မင်္ဂလသုတ်လက်စွဲမှာ ရေးသားတော်မူခဲ့တယ်။
* ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပြီး ကျန်းမာ၊ ချမ်းသာ၊ အသက်ရှည်စွာဖြင့် မိမိတို့ရဲ့သာသနာ၊ ဘာသာ၊ ယဉ်ကျေးမှု မပျက်စီး မပျောက်ကွယ်စေဖို့၊ ဟိရီ ဂါရဝနဲ့ ဩတ္တပ္ပဂါရဝကို ရှိသေလေးစားကြရပါလိမ့်မယ်။ ယဉ်ကျေးမှု မပျောက်ကွယ်ရေးအတွက် အလွန်လိုအပ်တဲ့ တရားနှစ်ပါးပေါ့။
* မေတ္တာသဘောကို အလွယ်ကူဆုံး အဓိပ္ပာယ်ဖွင့်ရရင် "ကောင်းကွက်ရှာတာ မေတ္တာပါ" ပဲ။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။

**လေးအိမ်စု အရှင်ဝိစိတ္တသာရ**
(မွှောစရိယ၊ အဂ္ဂမဟာအကျော်)
လေးအိမ်စုကျေးရွာ၊ မအူပင်မြို့နယ်။
(၂၄-၇-၂၀၀၇)

http://www.dhammadownload.com

# စာရေးသူရဲ့ဆန္ဒ

၂၀၀၀ ပြည့်နှစ်၊ ရှင်သာမဏေ ဓမ္မဗိမာန်၊ သာသနာ့ ဝန်ဆောင်အဖွဲ့ရဲ့ "ခုဒ္ဒကနိကာယ်၊ ခုဒ္ဒကပါဌ၊ တရားဒေသနာတော်များ အခြေပြုနည်းပြဆင့်ပွားသင်တန်း"တွင် မင်္ဂလသုတ်တရားတော်ကို သင်ယူပြီးကတည်းက မင်္ဂလသုတ်တရားတော်ကို လူငယ်တွေကိုသိစေချင် အသုံးပြုစေချင်စိတ် ပြင်းထန်ခဲ့ပါတယ်။ စာရေးသူမှာ စာဖတ်၊ စာရေးဝါသနာပါခဲ့သော်လည်း စာရေးသားမှု ပြတ်ခဲ့သည်မှာ နှစ် ၃၀ ကျော် တိုင်ခဲ့ပါတယ်။

ရေးမယ့်စိတ်ကူးတွေ ချရေးကြည့်တဲ့အခါ မဖြစ်မြောက်ဘဲ အခက်အခဲ ဖြစ်နေပါတယ်။ မင်္ဂလသုတ်ဆိုင်ရာ စာအုပ်တွေပြန်ဖတ်၊ အောင်မြင်သွားကြတဲ့တပည့်တွေ၊ ဉာဏ်ရည်ထက်မြက်ပါလျက် ဘဝမှာ ဆုံးရှုံးမှုနဲ့ ရင်ဆိုင်နေကြရတဲ့ တပည့်တွေရဲ့အကြောင်းကို မင်္ဂလသုတ်နဲ့ ပြန်လည်သုံးသပ်ကြည့်၊ ဆင်ခြင်မိပြီး၊ မင်္ဂလသုတ်တော်ကို မဖြစ်မနေ သဒ္ဓါနှလုံးသားနဲ့ ကြိုးစားရေးသားလိုက်ပါတယ်။

ကျောင်းသားလူငယ်တွေ–

(၁) ကိုယ့်အားကိုယ်ကိုးစေဖို့၊

(၂) ရိုးသား၊ ကြိုးစားစေဖို့၊

(၃) ပရဟိတလုပ်ဖို့၊

(၄) ပညာရှာရင်း ကုသိုလ်ယူတတ်ဖို့၊

(၅) ကိုးကွယ်ရာမှန်စေဖို့ ဆိုတဲ့ အချက် ၅ ချက်ကို အခြေခံပြီးရေးပါတယ်။

မြတ်စွာဘုရားရဲ့ မင်္ဂလသုတ်တရားတော်များ၊ ကျောင်းသားလူငယ်တို့ရဲ့ နှလုံးသားထဲ စွဲမြဲပြီး လက်တွေ့လိုက်နာ ကျင့်သုံးစေချင်တာပါ။ ဘဝတစ်လျှောက်လုံး ကံသုံးပါး၊ အမူအရာတွေ အကောင်းဆုံးဖြစ်ပြီး ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာ နေနိုင်ပါလိမ့်မယ်။

သားငယ်ဖွဲလို့ ရေးထားပေမယ့် သား၊ သမီး အားလုံးကို ရည်ညွှန်းပါတယ်။

http://www.dhammadownload.com

# မင်္ဂလာရဲ့အစ

သားငယ် ခွဲ

လူပြည်လောကကြီးကို စည်ပင်သာယာ၊ ဝပြော ချမ်းသာစေနိုင်တဲ့ စီမံကိန်းကြီးတစ်ခု အမေ ရေးပြသွားမယ်။ ဘယ်လိုစီမံကိန်းကြီးလဲလို့ တွေးမိသလားကွယ်။

အဲဒါကတော့ ၃၈ ဖြာ မင်္ဂလာတရားတော်ဖြစ်တယ်။ "ဒါလား၊ သားငယ်သိပြီးသားပါ"လို့ ယူဆချင် ယူဆမှာပဲ။ ဗုဒ္ဓဘာသာဝင်တိုင်းလည်း သိပြီးတဲ့ နာမည်ကျော်တရားကိုး။

အာဂုံအလွတ်ရချင်ရမယ်၊ အဓိပ္ပာယ်တော့ ဂဃနဏ မသိဘူးမဟုတ်လား။ ငယ်စဉ်က ဆရာကြီးဒဂုန်ဦးထွန်းမြင့်ရဲ့ မင်္ဂလာကဗျာလေးတွေ ရွတ်ဆိုခဲ့ရလို့ အထိုက်အလျောက်တော့ သိပြီး ဖြစ်မှာပေါ့။

၃၈ ဖြာမင်္ဂလာတရားတော်ရဲ့ ထူးခြားချက်က မင်္ဂလာတရားမဟောခင်၊ ခုတ်အော်သောင်း တင်း ကောလာဟလဖြစ်ပြီးမှ ဟောရတဲ့တရားတော်ဖြစ်တယ်။ နတ်နဲ့လူအပေါင်းတို့ဟာ မင်္ဂလာကို တစ်ဆယ့်နှစ်နှစ်တိုင်အောင် ကြံဆခဲ့ကြတယ်။ အမြင်စွဲ မင်္ဂလာ (ဒိဋ္ဌမင်္ဂလာ)၊ အကြားစွဲ မင်္ဂလာ (သုတမင်္ဂလာ)၊ အနံ့၊ အရသာ၊ အတွေ့အထိစွဲ မင်္ဂလာ (မုတမင်္ဂလာ) စတဲ့ မင်္ဂလာ အယူအဆ အမျိုးမျိုးတို့ကို လူနတ်အဖြာဖြာတို့ အငြင်းပွားခဲ့ကြတယ်။ ချမ်းသာခြင်းအကြောင်း ကောင်းမြတ် သော မင်္ဂလာကို မသိခဲ့ကြဘူး သားငယ်ရဲ့။

အမျိုးအမည် မထင်ရှားတဲ့ နတ်သားတစ်ပါးက သန်းခေါင်ယံမှာ မြတ်စွာဘုရားထံမှောက် အရောက်လာပြီး တောင်းပန်လျှောက်ထားလို့ နတ်တို့ထက်နတ် အမြတ်ဆုံး မြတ်စွာဘုရားက မကောင်းမှုမှန်သမျှ ပယ်ဖျောက်တတ်သော သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်ကို တစ်လောက လုံးရဲ့ အကျိုးစီးပွားအလို့ငှာ ဟောတော်မူခဲ့တယ်။ ဟောကြားတဲ့နေရာက သာဝတ္ထိပြည်၊ အနာ ထပိဏ် သူဌေးရဲ့ ဇေတဝန်ကျောင်းတိုက်ဖြစ်တယ်။

မင်္ဂလာတရားတော်က လူမှုရေး အများဆုံးပါတဲ့တရားဖြစ်တယ်။ လောကီကြီးပွားရေးကို လမ်းညွှန်ပေးရုံမက၊ လောကုတ္တရာဘဝ ငြိမ်းချမ်းရေးအတွက် နိဗ္ဗာန်ရသည်အထိ အဆင့်မှန်မှန် အပြည့်စုံဆုံး လမ်းညွှန်ပေးတဲ့ တရားတော်လည်းဖြစ်တယ်။ တရားတော်အတိုင်း ကျင့်ကြံ အားထုတ်သူကို ပညာပြည့်ဝ နှလုံးလှပြီး ချမ်းသာသုခ ရစေတယ်။

အခြေခံလောကီကြီးပွားရေးနဲ့ သက်ဆိုင်တဲ့ မင်္ဂလာက ၂၁ ပါး ရှိတယ်။ အသက်ပိုင်း၊ အရွယ်ပိုင်းနဲ့ပြောရရင် ပထမအရွယ် အသက် ၂၀ အထိ ပေါင်းသင်းဆက်ဆံရေး မင်္ဂလာ ၃ ပါး၊ နေထိုင်ရေး မင်္ဂလာ ၃ ပါး၊ ပညာရေးမင်္ဂလာ ၄ ပါး၊ ပေါင်း ၁၀ ပါး ပါဝင်တယ်။

ဒုတိယအရွယ် အသက် ၂၀ မှ ၄၀ အထိက လုပ်ကျွေးမွေးမြူရေး မင်္ဂလာ ၃ ပါး၊ လူထု အကျိုးပြု မင်္ဂလာက ၄ ပါး၊ ကိုယ်ကျင့်ကောင်းမွန်ရေး မင်္ဂလာက ၄ ပါး၊ ပေါင်း ၁၁ ပါး ပါဝင်

http://www.dhammadownload.com

တယ်။ အသက် ၄၀ အရွယ်များအတွက်က မင်္ဂလာ ၂၁ ပါးပေါ့။ တတိယအရွယ် အသက် ၄၀ ကျော်ကနေ ၆၀ အထိတော့ အထက်တန်းဆက်ဆံရေး မင်္ဂလာ ၅ ပါးနဲ့ အထက်တန်းပညာရရှိရေး မင်္ဂလာ ၄ ပါး၊ ပေါင်း ၉ ပါး၊ လောကီအတွက် မင်္ဂလာ ၃၀၊ လောကုတ္တရာအတွက် မင်္ဂလာ ၈ ပါး။

သားငယ်က အသက် ၂၀ ကျော် အရွယ်ဆိုတော့ မင်္ဂလာ ၂၁ ပါး ကျင့်ရမှာပေါ့။ လူပျိုလူလွတ်ဖြစ်လို့ သားမယား ချီးမြှောက်ရေးမင်္ဂလာ ၁ ပါး နုတ်လိုက်ရင် မင်္ဂလာ ၂၀ ကျန်မယ်။

"အပါး ၂၀ ကြီးများတောင် ကျင့်ကြံရမှာလား"လို့ များတယ်မထင်နဲ့ဦး သားငယ်ရေ့။ အမိက မင်္ဂလာကို ဆောင်လိုက်ရင် ကျန်တဲ့မင်္ဂလာ ၅ ပါးက ပြည့်စုံလာတာဆိုတော့ အခြေခံမင်္ဂလာ ၆ ပါး ဆောင်လိုက်ရင် သားတို့အရွယ်အတွက် ပြည့်စုံပြီလို့ ဆိုရမယ်။

အသက် ၆၀ ကျော်လာတော့ အမြတ်ဆုံးပန်းတိုင်ဖြစ်တဲ့ နိဗ္ဗာန်ကို မျှော်မှန်းလာပြီလေ။ ဒီတော့ အမြတ်ဆုံး လောကုတ္တရာ ပညာရရှိရေး၊ မင်္ဂလာ ၄ ပါး၊ အမြတ်ဆုံး လောကုတ္တရာချမ်းသာရရှိရေး မင်္ဂလာ ၄ ပါး၊ ပေါင်း၈ ပါး၊ အားလုံးပေါင်းတော့ ၃၈ ပါး၊ ၃၈ ဖြာ မင်္ဂလာပေါ့။

သားငယ်ရေ ...

မြတ်စွာဘုရားဟောကြားတဲ့တရားက လူမျိုးမရွေး၊ ဘာသာမရွေး၊ လက်ခံ ကျင့်ကြံနိုင်တဲ့တရားပါ။ အခြားဘာသာဝင်တွေအနေနဲ့ လိုက်နာဖို့ ခက်ခဲတဲ့ တရား ၃ ပါးသာ ရှိတယ်။ အဲဒါကတော့ ရဟန်းသံဃာတို့ကို ဖူးမြော်ခြင်း၊ သစ္စာ ၄ ပါးကို သိခြင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းဆိုတဲ့ မင်္ဂလာ ၃ ပါးပဲ ဖြစ်တယ်။

မင်္ဂလာတရားတော်နဲ့အညီ လိုက်နာကျင့်သုံးသူမှန်သမျှ အကျိုးစီးပွား ဖြစ်ထွန်းတယ်။ ရန်သူအနိုင်မခံရ၊ ချမ်းသာကြီးပွားတယ်၊ စစ်ပွဲတစ်ရာ အောင်ပွဲတစ်ရာရစေတဲ့ တရားပါပဲ။ မင်္ဂလာတရားက မှတ်သားအပ်၊ ကျင့်သုံးအပ်တဲ့တရားပါ သားငယ်။

မကောင်းပယ်ဖြတ်အကျင့်မြတ်၊မှတ်အပ်မင်္ဂလာ၊

တိုးတက်ကြီးပွားအကျင့်များ၊မှတ်သားမင်္ဂလာ၊

သုံးပုံပိဋကတ်အဆီမြတ်၊မှတ်အပ်မင်္ဂလာ။

မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ။

http://www.dhammadownload.com

# လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့ မမှီဝဲနဲ့ ကင်းအောင်နေ - ၁

သားငယ် ဖွဲ့

လောကီ လောကုတ္တရာ နှစ်ဖြာကြီးပွားချမ်းသာရေးအတွက် အသက် အပိုင်းအခြားအလိုက် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်သွားရမယ့် မင်္ဂလာတွေကို ပိုင်းခြားပြခဲ့ပြီးပြီနော်။ လောကီအတွက် မင်္ဂလာအပါး ၃၀၊ လောကုတ္တရာအတွက် ၈ ပါး၊ ပေါင်း ၃၈ ပါး ရှိလို့ ၃၈ ဖြာ မင်္ဂလာ ခေါ် ကြောင်းလည်း ပြောခဲ့ပြီ။

ပထမဆုံး မြတ်စွာဘုရားဟောတာက ပေါင်းသင်းဆက်ဆံရေး မင်္ဂလာ သုံးပါးထဲက လူမိုက်နဲ့ မပေါင်းသင်းဖို့ပဲ။ လူမိုက်နဲ့ဆက်ဆံပေါင်းသင်းမှုကို ရှေးဦးစွာရှောင်လိုက်ရင် နောက်နောင် မင်္ဂလာတွေ ဖြစ်ပေါ်ခွင့်ရှိတာကြောင့် ထိပ်ဆုံးထားပြီး ဟောရတယ်။

အသေဝနာ စ ဗာလာနံ၊ ဧတံ မင်္ဂလ မုတ္တမံ။

**လူမိုက်ကိုမမှီဝဲ၊မဆည်းကပ်ခြင်းသည်မြတ်သောမင်္ဂလာမည်၏။**

အမေတွေးကြည့်မိတယ်၊ သားသမီးဖြစ်လာပြီဆိုတော့ ပထမဆုံးပေါင်းရတာက မိဘ။ မိဘ အရိပ်မှာ ခိုလှုံနေကြရတယ်။ မိဘနှစ်ပါးဆိုတာဟာ သားသမီးနဲ့ ဘယ်လိုမှ ရှောင်လွှဲမရတဲ့ လက်ဦး ဆရာသမားကြီးတွေပါ။

ဒါဖြင့် မိဘကိုယ်တိုင် လူမိုက်မဖြစ်ဖို့ အရေးကြီးပြန်တယ်၊ ဒီတော့ လူမိုက်ဆိုတာ ဘယ်လို ဟာလဲ။ ဒီမေးခွန်းကိုဖြေဖို့ သားငယ်မျက်စေ့ထဲမှာ အရက်မူးရမ်းနေသူတို့၊ ခိုးဆိုး လုယက် တိုက်ခိုက် သတ်ဖြတ်နေသူတို့ကို မြင်ယောင်နေမိမှာနော်။

**လူမိုက်ဆိုတာမကောင်းသောအကြံကိုကြံခြင်း၊မကောင်းသောစကားကိုပြောခြင်း၊မကောင်းသော အလုပ်ကိုလုပ်ခြင်းတို့တည်း။**

"ဤလက္ခဏာရှိသူကား အမျိုးမြတ်သူဖြစ်စေ၊ ပစ္စည်းကြွယ်ဝသူပင်ဖြစ်စေ၊ ဆရာပင်ဖြစ်စေ၊ မည်သူမဆို၊ ဗာလခေါ် လူမိုက်ပင်ဖြစ်သည်"လို့ မြတ်စွာဘုရားဟောတော်မူချက်ကို ဆရာတော်ကြီး များ ဖွင့်ပြရေးသားထားတာတွေ အမေဖတ်ခဲ့တယ်၊ မှတ်ခဲ့တယ်။ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုနဲ့ မကောင်းလုပ်၊ မကောင်းပြော၊ မကောင်းကြံရင် လူမိုက်ပေါ့။

တောင်မြို့၊ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသရေးတဲ့ အခြေပြုမင်္ဂလသုတ် စာအုပ်မှာ "မည်သူ့ကိုမျှ မညှာကြနှင့်၊ မိဘဆရာ၊ ဖြစ်စေကာလည်း။ သူဟာ ဗာလ၊ ပဏ္ဍိတဟု၊ ကျနခွဲလုစ်၊ တွေ့တိုင်းစစ်၊ စနစ်ကျစေကွယ့်"ဟု အတိအလင်း ရေးသားထားခဲ့တယ်။

http://www.dhammadownload.com

မိဘရဲ့ ဝတ္တရားထဲမှာလည်း "မကောင်းတာ တားမြစ်၊ ကောင်းတာညွှန်၊ အတတ်ပညာတွေ သင်ပေးရမယ်"လို့ပါတယ်။ ကလေးတွေ စကားပြောတတ်ပြီဆိုကတည်းက၊ တချို့မိဘက "တာ့တာ" လို့နှုတ်ဆက်၊ လက်ကလေးနှစ်ဖက်ယှက်ပေးပြီး "ဦးတော်" ဦးချစေတဲ့ အမူအရာ ကောင်းတွေ သင်ပေးကြတယ်။ တချို့မိဘက "လက်ဝါးပြ" "လက်သီးဆုပ်ပြ" တဲ့၊ မကောင်းတဲ့ အမူအရာတွေ သင်ပေးကြတယ်။ ကလေးကို ဆဲတတ်အောင် သင်ပေးပြီး ကလေးဆဲသံကို အားပေးအားမြှောက်ပြုတဲ့ မိဘတွေလည်း ရှိကြတယ်။

သိတတ်စအရွယ်ရောက်တော့လဲ လောကကြီးတစ်ခွင်လုံးမှာရှိတဲ့ သိစရာ၊ တတ်စရာတွေကို သိအောင်၊ တတ်အောင် သင်ပေးခဲ့တာလဲ မိဘတွေပဲလေ။ သားသမီးလေးတွေကို ခိုင်းလို့ရတဲ့ အရွယ်မှာ မိခင်လုပ်သူက ဈေးဝယ်ခိုင်းရင်း လမ်းမှန်ညွှန်ဖို့၊ စောင့်ကြည့်အကဲခတ်ဖို့ အများကြီး လိုအပ်တယ်။

ကလေးဆိုတာ အချိုးကျူးခံချင်တယ်မို့လား။ ဈေးဝယ်တော်တယ်၊ တတ်တယ်လို့ အချီးကျူး ခံချင်တာနဲ့ ဈေးသည်မသိအောင် ခိုးဝှက်ယူလာတတ်တယ်။ ဒါကို မိခင်က သတိမရှိရင် မကောင်းတဲ့ ခိုးယူတဲ့အကျင့် စွဲသွားပါလေရော။ တချို့မိဘက သိလျက်နဲ့ လက်ခံတာ၊ အားပေးတာ၊ သင်ပြပေးတာ ရှိသေးတယ်။

ငယ်စဉ်က အမေ မဆုံးမခဲ့လို့သာ သူခိုးဖြစ်ရတာလို့ဆိုပြီး ခိုးမှုနဲ့အကျဉ်းကျခံရဆဲ သားက အကျဉ်းခန်း သံတိုင်ကြားက မိခင်ရဲ့နားကို ကိုက်ဆွဲခဲ့ကြောင်းလည်း သားငယ်သိခဲ့ပြီးပါ။

ဒီတော့ မိဘက ဗာလမဖြစ်ဖို့ အလွန်ကို အရေးကြီးတာပေါ့။ မိဘသင်ကြားတဲ့အပေါ် မူတည် ပြီး သားသမီးတွေ စရိုက်ကွဲပြားသွားကြရတယ်။

တချို့မိဘက ကိုယ့်သားသမီးရဲ့အခြေအနေမှန်ကို လက်ခံပြီး၊ ပြုပြင်သင့်တာ ပြုပြင်ပေးကြ တယ်။ တချို့က အကောင်းသာလက်ခံပြီး အဆိုးကို လက်မခံဘူး။ နားထောင်နိုင်စွမ်း မရှိကြဘူး။ သားသမီးကို လူမိုက်ဖြစ်စေဖို့ရာ အားပေးသလို ဖြစ်နေတယ်။

ပညာသင်ကြားပေးရာမှာ မိဘက သားသမီးအပေါ်ထားရှိတဲ့ သဘောထားက အသွင်ပြောင်း လာတယ်။ အမေတို့ ကျောင်းသားဘဝတုန်းကတော့ မိဘတွေက ကိုယ့်သားသမီးကို တကယ့်ကို ကြိုးစားအားထုတ်အောင်၊ အတတ်ပညာရအောင်၊ ဆရာပြောတဲ့ သားသမီးရဲ့ အခြေအနေမှန်ကို နာခံပြီး ပြုပြင်ခဲ့ကြတယ်၊ စောင့်ကြပ်ခဲ့ကြတယ်၊ ကောင်းရာကို ညွှန်ခဲ့ကြတယ်။

အခုခေတ်မှာ မိဘက သားသမီးအပေါ်ထားရှိတဲ့ သဘောထားက အတတ်ပညာရဖို့ထက် လက်မှတ်ရဖို့၊ အမှတ်များများရဖို့ အဓိက ဖြစ်နေတယ်။ အမှတ်များများရဖို့ ဘယ်လိုလုပ်ရမလဲ။ ပိုက်ဆံကုန်ခံပြီး နည်းလမ်းစုံ သုံးကြတယ်။

ငွေရှိရင် အရာရာပြီးစေတယ်။ တို့မှာငွေရှိတယ်လို့ မာန်တက်ပြီး သားသမီးကိုလည်း အယူ အဆ အတွေးအမြင်တွေ အမှားဘက်ကို ရောက်စေတော့တယ်။ သားသမီးရဲ့ စစ်မှန်တဲ့အစွမ်းကို ပျောက်ကွယ်စေပြီး မိဘရဲ့အစွမ်းအစတွေသာ ဖော်ထုတ်သုံးနေကြလေရဲ့။

http://www.dhammadownload.com

ဘာသာစုံကျူရှင်ဆရာ၊ ဘာသာစုံဂိုက်တွေနဲ့ သားသမီးများမှာ ကိုယ်တိုင်ကြိုးစားအားထုတ်ခွင့် မရှိတော့ဘူး။ ရေသာခိုဖို့၊ အပျင်းထူဖို့ မိဘက အထောက်အပံ့ ပေးနေသလို ဖြစ်နေတယ်။ ဉာဏ်ထက်မြက်စေဖို့ ဦးနှောက် အသုံးမချတော့ပြီ။

သားသမီးရဲ့ဘဝနစ်မွန်းဖို့၊ ငတုံးဖြစ်ဖို့၊ ငွေကုန်ခံနေတဲ့သဘော ဖြစ်နေတယ်။ "မိမိကိုယ်သာ အားထားရာ၊ ကံ၊ ဉာဏ်၊ ဝီရိယအပေါ် အခြေပြုအားထုတ်ရမယ်" ဆိုတဲ့ မြတ်ဗုဒ္ဓရဲ့ အလိုကျတွေနဲ့ သွေဖည်နေခြင်းကို မိဘတွေက ရှေ့ဆောင်လမ်းပြ လုပ်နေကြတယ်။

သားငယ်ရေ၊ စိတ်မကောင်းစရာအဖြစ်ကလေး ကြားရ၊ မြင်ရတာကို ပြောပြရဦးမယ်။

တစ်နေ့က အိမ်နားမှာ စာမေးပွဲဖြေပြီး ပြန်လာတဲ့ ကျောင်းသားလေးက "ရိုက်ပြန်ပြီ၊ လူကြားထဲမှာလဲ ကျိန်ဆဲလာတယ်၊ မေ့လို့ပါဆိုနေ၊ နှိပ်စက်ကြပါ" နဲ့ ငိုကြီးချက်မနဲ့ ရိုက်နေတဲ့ အမေ့ကို ပြောနေတာလေ။

အမှတ်ပြည့်ရအောင် မဖြေနိုင်ခဲ့တဲ့သားကို အပေါင်းအသင်း၊ ကျောင်းသားများကြားမှာ ဆူဆဲခဲ့ပြီး အိမ်မှာလဲ ရိုက်ပုံရပါတယ်။ အမှတ်ဝက်လောက်ကို မရှော့စေချင်ဘူးတဲ့၊ ဖြစ်နေလိုက်ကြတာနော်။

အမေဖြင့် သနားလိုက်တာ။ ကိုယ်ချင်းစာမိတယ်။ အမေငယ်စဉ်ကလည်း ဒီကလေးလို ခံခဲ့ရဖူးတယ်။ အမေ့ရဲ့ အဆိုအဆဲ၊ အရိုက်အနှက်ခံခဲ့ရတာ၊ အပေါင်းအသင်းကြားမှာဆိုတော့ ရှက်လိုက်တာလေ။ လူ့ပြည်မှာ အသက်ရှင်ချင်စိတ်ကို မရှိဘူး။ ချက်ချင်း ပျောက်ကွယ်သွားချင်စိတ် ဖြစ်ခဲ့တယ်။

ဒီလုပ်ရပ်တွေက မိဘတွေရဲ့ မဟာအမှားကြီးတွေပါ။ ဒီလိုမိဘတွေလည်း တစ်ပုံကြီး သားငယ်ရဲ့။ အမှန်တော့ သားသမီးအပေါ် စေတနာထားတာထက်၊ မိဘချင်းပြိုင်၊ အနိုင်ရချင်တဲ့စိတ်က ပိုများနေကြတာလေ။

မိဘကြောင့် လူဆိုးဖြစ်၊ ထောင်တန်းကျ၊ မိဘက အတတ်ပညာ သင်မပေးခဲ့လို့ ကုဋေရှစ်ဆယ် သူဌေးသား ခွက်လက်စွဲ တောင်းစားရတဲ့ဘဝ ရောက်ရတာတွေ ဟိုရှေးတုန်းက ရှိခဲ့သလို အခုခေတ်လည်းရှိတယ် သားငယ်ရဲ့။

အမေ့ရဲ့တပည့်လေးတစ်ဦးပေါ့။ ဉာဏ်ရည်မြင့်တယ်။ ကြိုးစားရင် အတန်းထဲမှာ အတော်ဆုံး ဖြစ်နိုင်တယ်။ ပညာသင်ယူလိုဟန်ရှိတာနဲ့ အမြဲ ဆုံးမမိတယ်။ နားထောင်ပြီး စာကြိုးစားတာတွေရလို့ ဝမ်းသာနေမိတယ်။

မကြာပါဘူး၊ ကျောင်းလစ်တာနဲ့၊ ကျောင်းသားချင်းရန်ဖြစ်တာနဲ့ ဒုံရင်းရောက်သွားရော။ သူ့အပေါင်းအသင်းတွေက မကောင်းတဲ့အပြင်၊ မိဘတွေကပါ မဆုံးမကြဘူး။ ကောင်းရာမညွှန်ဘူး။ "ရန်ဖြစ်ရင် ဦးအောင်သာဆော်ခဲ့၊ မညံ့ခဲ့နဲ့" လို့ မှာကြားတာ။ သူ့ခြေရာကို နင်းစေချင်တာတဲ့။ သူ့အဖေက ထောင်ထွက်လူမိုက်လို့ ဂုဏ်တယူယူနဲ့ပေါ့။

http://www.dhammadownload.com

ဓာတ်ညံ့ဆိုတာ ကူးစက်မြန်လေတော့ အမေ့တပည့်လည်း မိုက်သွားပြီပေါ့။ မြို့ဘုရားပွဲညမှာ သူငယ်ချင်းတစ်စု၊ မူးယစ်သောက်စား၊ ပျော်ပါး၊ စကားများကြပြီး၊ တပူးတတွဲတွဲ၊ ချစ်လှချည့်ရဲ့ဆိုတဲ့ သူငယ်ချင်းကို ဓားနဲ့ထိုးလိုက်တယ်။ ဓားထိုးခံရသူလည်းသေ၊ သူလည်း ထောင်ထဲ ဝင်သွားရရော။

နောက်တစ်ဦး ရှိသေးတယ်။ အဲဒါက သားငယ်နဲ့ အတန်းတူ ကျောင်းသားလေ။ အတန်းတူပေမယ့် အသက်က ကြီးတယ်။ တစ်တန်းလုံးအပေါ် ဗိုလ်ကျအနိုင်ယူချင်တဲ့ ကျောင်းသား။ သူ့ရဲ့အနိုင်ကျင့်မှုကို ဆရာက ဆုံးမတယ်။ ဆရာရဲ့ ဆုံးမမှုကို မနာခံတဲ့အပြင် ဆရာကို ပြန်ရိုက်တယ်။ မိဘကပါ အားပေးအားမြှောက်ပြုလို့ အဲဒီကျောင်းသားကို ကျောင်းကထုတ်လိုက်ရတယ်။ ပညာသင်ကြားခွင့် မရဘူး။ အဲဒါကို မိဘကိုယ်တိုင်က မမှုဘူးတဲ့လေ။ ပညာမတတ်လည်း ထမင်းစားရတာပါပဲလို့ ဆိုတယ်။

မကောင်းတဲ့လမ်းကြောင်းဆီ သားသမီးများကို ကိုယ်တိုင်ပို့ပေးနေသူဖြစ်မှန်းလည်း မိဘများကိုယ်တိုင် မသိဘူး ဖြစ်နေကြတယ်။

ဒါက တစ်ဘဝအတွက်တင်ပါ။ နောင်ဘဝသံသရာအတွက် ကိုးကွယ်ရာ မမှားဖို့၊ ရတနာမြတ်သုံးပါးသာလျှင် ကိုးကွယ်ရာအစစ်ဖြစ်ကြောင်း ညွှန်ပြဖို့ မိဘမှာ တာဝန်အရှိဆုံးလို့ အမေယူဆတယ်။

အခြေခံအကျဆုံးက အထက်တန်းစား ဗုဒ္ဓဘာသာဝင်ကောင်း တစ်ယောက်ဖြစ်အောင် ပြုစုပျိုးထောင်ပေးဖို့ပါပဲ။ ကိုးကွယ်ရာမှားတဲ့ အမွေဆိုးတွေ သားသမီးတွေဆီ လက်ဆင့်ကမ်း မပေးသင့်ဘူး။ အန္တရာယ်ကြီးလွန်းလို့ပါကွယ်။ သာသနာပျောက်ကွယ်နိုင်တဲ့ အရေးကွဲ့။ ဗုဒ္ဓသာသနာတော်ကြီး အိန္ဒိယမြေပေါ်က ပျောက်ကွယ်ခဲ့ရတာ ကိုးကွယ်ရာများမှုတွေကြောင့်ပေါ့။

ကိုးကွယ်ရာများတဲ့ မိစ္ဆာဒိဋ္ဌိအယူက အပြစ်အကြီးဆုံးပဲ။ အဝီစိငရဲကို ကျိန်းသေကျမှာ။ ကမ္ဘာပျက်တောင်မှ ငရဲက မလွတ်ဘူး။ ငရဲသက်တမ်း မကုန်သေးရင် တခြား မပျက်တဲ့ ကမ္ဘာက ငရဲတွေဆီ ပြောင်းရွှေ့ခံရတယ်။

အမိရင်းကိုသတ်ခြင်း၊ အဘရင်းကိုသတ်ခြင်း၊ ရဟန္တာကိုသတ်ခြင်း၊ ဘုရားရှင်အား သွေးစိမ်းတည်အောင်ပြုခြင်း၊ သံဃာတော်အား သင်းခွဲခြင်းဆိုတဲ့ သိပ်ကိုအပြစ်ကြီးတဲ့ ပဉ္စာနန္တရိယကံကို ကျူးလွန်တာတောင်မှ ဒီကမ္ဘာတည်သည့်အထိပဲ ငရဲခံရတယ်။ ကမ္ဘာပျက်ရင် ငရဲက လွတ်တယ်။

ကဲ သားငယ်ရေ။ ကိုးကွယ်မှုမှားတာ များတာက အပြစ်အကြီးဆုံးခံရမယ့် သာသနာပျောက်ကွယ်စေရေးလမ်းကြောင်း။ ဒီလမ်းကြောင်းဆီ မရောက်အောင် သားသမီးတွေကို မိဘတွေက တားရမယ်။ သမ္မာဒိဋ္ဌိလမ်းကြောင်းမှန်ကို ညွှန်ပြရမယ်။ ဒါက မိဘတွေရဲ့ အကြီးမားဆုံးတာဝန်လို့ အမေ ယူဆတယ်။

ဒါကြောင့် မမှိုဝဲ၊ မဆည်းကပ်ဘဲ နေလို့မရတဲ့၊ အနီးကပ်ဆုံး အတူနေရတဲ့ မိဘက၊ လူမိုက်မဖြစ်ဖို့ အရေးကြီးတယ်လို့ အမေ တွေးမိတာပေါ့ သားငယ်ရဲ့။

http://www.dhammadownload.com

မိဘရဲ့ကောင်းရာညွှန်တဲ့ လမ်းကြောင်းပေါ်မှာ ကောင်းတာလုပ်၊ ကောင်းတာပြော၊ ကောင်းတာကြံစည်၊ ကောင်းအောင်ကြိုးစားသူ၊ မင်္ဂလာနဲ့ပြည့်စုံသူဖြစ်ပါစေလို့ အမေ ဆန္ဒပြုပါတယ်။

မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ။

http://www.dhammadownload.com

# လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့ မမှီဝဲနဲ့ ကင်းအောင်နေ – ၂

သားငယ် ဖွဲ့

ကလေးဘဝက အော်ဟစ်ရွတ်ဆိုခဲ့ဖူးတာက "လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့ မမှီဝဲနဲ့ ကင်းအောင်နေ"

အမေ တွေးကြည့်မိတယ်။ လူရယ်လို့ဖြစ်လာရင် ကင်းအောင်နေလို့ မရတဲ့ လူတန်းစား နှစ်ရပ်ကတော့ မိဘနဲ့ ဆရာပါပဲ။ ပထမဆုံး တွေ့ဆုံရတာက မိဘ၊ ဒုတိယတွေ့ဆုံရတာက ဆရာ။

ဒါကြောင့် "မိဘက လူမိုက်မဖြစ်ဖို့ အရေးကြီးတယ်"လို့ အမေရေးခဲ့တာပေါ့။ အခုလည်း ဆရာက လူမိုက်မဖြစ်ဖို့ အမေ ရေးလိုက်တယ် သားငယ်။

အသက် လေးနှစ်မှာ မူကြိုကျောင်း၊ ငါးနှစ်ပြည့်တော့ စာသင်ကျောင်းကို ရောက်ကြရပြီ။ ကျောင်းက ဆရာ၊ ဆရာမတွေနဲ့ တွေ့ကြရပြီ။ ဆရာက ပြုစုသူ၊ ဥယျာဉ်မှူးဆိုတော့ ကလေးရဲ့ ဘဝခရီးအတွက် အလွန်ကို အရေးပါတဲ့သူပေါ့။

အရေးပါသူမို့ မင်္ဂလာဆရာ ဖြစ်စေချင်တယ်။ ဆရာက စာရေးသားနည်းစနစ် မှန်ကန်ဖို့၊ စာဖတ်တတ်ဖို့၊ စည်းကမ်းတကျရှိဖို့၊ ကျောင်းသူ၊ ကျောင်းသားအချင်းအချင်း ပေါင်းသင်း တတ်ဖို့၊ စာနာစိတ်ရှိတတ်ဖို့၊ လောကရေးရာအဖြာဖြာ သွန်သင်စရာတွေကို ကျောင်းသားအားလုံးအပေါ် တပြေးညီမေတ္တာစိတ်နဲ့ ညွှန်ပြဖို့ လိုတယ်လေ။

ဆရာက ညီမျှမှုမရှိဘဲ မျက်နှာလိုက်ရင် ကလေးတွေရဲ့ စိတ်ထဲမှာ နိုးလို့ခုလု ဖြစ်သွားစေတယ် မဟုတ်လား။ ဒါတွေက မလိုလားစရာတွေပါ။

ကျောင်းနေစ ကလေးတွေနဲ့ စတွေ့တဲ့ဆရာဟာ ပျိုးပင်လေးတွေကို ဂရုစိုက်စောင့်ရှောက် ရသလို၊ တယုတယ ပြုစုရမှာပဲ၊ ပုံသွင်းမှန်ဖို့လိုတယ်။ "ဆရာဟာလူမိုက်မဖြစ်ဖို့ အရေးကြီးသလို မေတ္တာ၊ကရုဏာလက်ကိုင်ထားရသူတွေလည်းဖြစ်ကြရမယ်"။

စာသင်ခန်းထဲက ကျောင်းသားအားလုံးကို ကျောသားရင်သား၊ မခွဲမခြားရှိရမယ် သားငယ်ရဲ့။ အမှန်ကတော့ ဆရာ ဆရာမကလည်း ကိုယ့်မှာရှိတဲ့ ဥစ္စာနေဂုဏ်ရှိန်၊ ဆွေမျိုးဂုဏ်ရှိန်၊ အပေါင်းအသင်းဂုဏ်ရှိန်၊ ရှိရှိသမျှ ဂုဏ်ရှိန်တွေကို ခဝါချပြီး ကလေးတွေကို လမ်းမှန်ညွှန်သူ၊ အမှောင်ပယ်ခွင်း အလင်းဆောင်သူ၊ မိမိကိုယ်ကို ဆရာပီသသူအဖြစ် ခံယူဖို့ လိုတယ်။

ဆရာနဲ့ကျောင်းသား စိတ်ထားဖြူစင်စွာနဲ့ တူယှဉ်ကာ လိုရာခရီးကို တာဝန်ကျေပြွန်စွာ လျှောက်လှမ်းကြရမယ်လေ။ မင်္ဂလာဆရာနဲ့ မင်္ဂလာတပည့်လေးတွေပေါ့ကွယ်။

http://www.dhammadownload.com

ကျောင်းရောက်စကလေးဟာ ဆရာကို မပေါင်းသင်းလို့ မရတော့ဘူး။ ရှောင်လို့လည်း မရဘူး။ တပည့်ဆိုတာ ဆရာညွှန်တဲ့အတိုင်း လိုက်မိကြတာကိုး။

သားငယ်သိဖူးတဲ့ ဇာတ်လမ်းတွေကိုပဲ ထပ်ပြောပြဦးမယ်။ လက်ညှိုးတွေဖြတ်တဲ့ အင်္ဂုလိမာလ ဟာ ဆိုးချင်လို့ ဆိုးတာမဟုတ်ဘူး။ သူ့ဆရာက "လူ့လက်ညှိုးတစ်ထောင်နဲ့ ငါ့ကို ပူဇော်ရမယ်" ပြောလို့ ဆရာကို ပူဇော်ချင်တာနဲ့ လူဆိုးဖြစ်သွားရတယ်။

အဇာတသတ်မင်းလည်း ဆရာဒေဝဒတ်ကြောင့် ဖခင်သတ်သူ ဖြစ်သွားရတယ်။ သူတို့ ဆရာတွေက ပညာတတ်လူမိုက်။ "ပညာတတ်တိုင်းပညာရှိသူတော်ကောင်းဖြစ်တာမဟုတ်ဘူး။ ဒါကြောင့်ဆရာဟာလူမိုက်မဖြစ်ဖို့အရေးကြီးတယ်" လို့ ပြောရတာပေါ့။

သားငယ်ရေ၊ အခုခေတ်ရေစီးကြောင်းအတိုင်း ဆရာ ဆရာမများလည်း မျောပါရတယ် ဆို တာ အမေလက်ခံပါတယ်။ သို့သော် စေတနာ၊ မေတ္တာကိုတော့ မပျောက်စေချင်ဘူး။ ရှိမြဲအတိုင်း၊ ထားမြဲအတိုင်းထားပြီး သင်ပြစရာရှိတာသင်ပါ။ တွေးခေါ်ဆင်ခြင်တတ်အောင်သင်ပါ။ စာစီစာကုံး ကိုယ်တိုင်ရေးနိုင်းတာတို့၊ သင်္ချာ ကိုယ်တိုင်တွက်စေတာတို့ပေါ့။ ကျောင်းစာကလည်း ကိုယ်တိုင် မှတ်သား၊ လေ့ကျင့်ပါမှ ဉာဏ်ရည်ဖွံ့ဖြိုးတာကွဲ့။

အစာအာဟာရလိုပါပဲ။ ကိုယ်တိုင်စားမှ၊ အချိန်မှန်မှန် သင့်တင့်လျောက်ပတ်စွာ စားသုံး ပေးမှ ခန္ဓာကိုယ်အတွက် အာဟာရဖြစ်ပြီး အကျိုးဖြစ်ထွန်းသလိုပေါ့ကွယ်။

ဘုရားရှင်က "အတ္တာဟိ အတ္တနော နာထော၊ ကောဟိ နာထော ပရောသိယာ = မိမိသည် ပင်လျှင်မိမိ၏အားကိုးရာပေတည်း။အဘယ်သူသည်မိမိ၏အားကိုးရာဖြစ်ပါအံ့နည်း" လို့ ဟောတော် မူထားပါတယ်။

ဒါကြောင့် ကိုယ့်ကိုယ်ကို အားကိုးတဲ့စိတ်ထား၊ ရိုးသား ကြိုးစားတဲ့ စိတ်ထားလေးတွေကို ဆရာတွေက သွင်းပေးစေချင်တယ်။ ဒါက လမ်းကြောင်းမှန်ပဲ။ လမ်းကြောင်းမှန်ပေါ်သို့ ပို့ပေး စေချင်တာပါကွယ်။

စာမေးပွဲပါမယ်ထင်တာလောက်သာ ရွေးသင်တာမျိုး၊ ကျောင်းစစ်စာမေးပွဲဆိုရင်လည်း ကိုယ်မေးမယ့် စာပုဒ်လောက်ကို ပြန်ကာလှန်ကာ စည်းဝါးကိုက် သင်ကြားတာမျိုး၊ တကယ် တတ်မြောက်အောင်မသင်ဘဲ စာမေးပွဲမှာ အမှတ်ရအောင် ဟန်ပြကောင်းအောင် သင်နေတာမျိုး၊ မျက်နှာကြီးငယ်လိုက်ပြီး စာမေးပွဲအဖြေလွှာ စစ်ဆေးတာမျိုး ပြုလုပ်နေတဲ့ ဆရာဟာ မကောင်းတာ ကြံစည်သူ၊ မကောင်းတာပြောသူ၊ မကောင်းတာလုပ်သူ ဖြစ်ပြီပေါ့။

တချို့ဆရာ ဆရာမများ လုပ်ကိုင်လေ့ရှိပုံကို ရေးပြမယ်နော်။ စာမေးပွဲနားနီးရင် စာကိုသာ ကျက်မှတ်ဖို့ မတိုက်တွန်းဘဲ ဟိုဂါထာ၊ ဒီဂါထာတွေ ကျက်စေတာတို့၊ ဆယ်တန်းဝင်ခွင့်ကတ်၊ ဘောပင်၊ ခဲတံ၊ စာရေးကိရိယာများကို ဆရာတော်တစ်ပါးထံမှာ သိဒ္ဓိတင်ပေးတာတို့၊ ဘာသာစုံ အတွက် အဆောင်ယတြာများ လုပ်ပေးတာတို့၊ သူရဿတီမယ်တော်ကိုရှိခိုးစေတာတို့ ဒါတွေ လုပ်ကြတယ်။ ဆရာ ဆရာမတွေက ဦးဆောင်ဦးရွက်လုပ်ကြတာ။ ဒါတွေဟာ ကျောင်းသားတွေ

http://www.dhammadownload.com

ကိုယ်တိုင်ကြိုးစားအားထုတ်တဲ့ စိတ်ဓာတ်လျော့ပါးစေတယ်။ ကိုးကွယ်ရာများပြီး သရဏဂုံလည်း ညှိုးနွမ်းစေတယ်။

အမှောင်ခွင်း၍ အလင်းဆောင်ရမယ့်သူများကိုယ်တိုင်က ပညာရင်နို့သောက်စို့ဆဲ ငယ်ရွယ်သူများကို မှောင်တကာ့ အမှောင်ဆုံး မိစ္ဆာဒိဋ္ဌိလမ်းကြောင်းပေါ် တင်ပို့ပေးနေကြတယ်။

သားငယ်ရေ မိစ္ဆာဒိဋ္ဌိအယူက အပြစ်အကြီးဆုံး၊ ကြောက်စရာအကောင်းဆုံးကွဲ့။ အပြစ်ကြီးတဲ့ ပဉ္စာနန္တရိယကံကို ကျူးလွန်တဲ့ အပြစ်ထက်ကို ကြီးတယ်။ မိစ္ဆာဒိဋ္ဌိအယူရှိရင် အပါယ်ငရဲကို ကျိန်းသေကျရမှာ။ ကမ္ဘာပျက်တောင်မှ ငရဲကမလွတ်ကြောင်း၊ အခြားမပျက်တဲ့ကမ္ဘာက ငရဲတွေဆီ ပြောင်းရွှေ့ခံရကြောင်း အရင်စာထဲမှာလည်း အမေရေးခဲ့ပြီးပြီ။

အနိုးကပ်ဆုံး အတူနေရတာက မိဘဆိုပေမယ့် ပညာသင်ချိန်ရောက်တာနဲ့ ဆရာက ရှောင်လွှဲမရတဲ့ ပေါင်းသင်းရသူဖြစ်ပြီလေ။ တဖြည်းဖြည်း အတန်းကြီးလာလေ မိဘထက် ဆရာနဲ့က ထိတွေ့ရချိန် ပိုပြီးများလေပေါ့။

ဆရာဟာ ကျောင်းသားလေးတွေရဲ့ ဘဝကို ဖန်တီးသူ၊ ဖန်တီးရှင်ပါပဲ၊ ပန်းပုဆရာပါ။ ကောင်းရာသို့လည်း ပို့နိုင်သူ၊ ဆိုးရာသို့လည်းပို့နိုင်သူ၊ စွမ်းအားရှင်တွေပါ။ ဒီစွမ်းအားရှင်တွေက လူမိုက်မဖြစ်ဖို့ အရေးကြီးတယ်လို့ အမေတွေးမိတာပါကွယ်။

သားငယ်လည်း ဆရာရဲ့ ကောင်းရာညွှန်တဲ့ လမ်းကြောင်းပေါ်မှာ ကောင်းတာလုပ်၊ ကောင်းတာပြော၊ ကောင်းတာကြံစည်၊ ကောင်းအောင်ကြိုးစားသူဖြစ်ပါစေလို့ အမေဆန္ဒပြုပါတယ်။

မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ။

http://www.dhammadownload.com

# ပညာရှိကို အရှည်တွဲလို့ မှီဝဲဆည်းကပ် နည်းယူလေ

သားငယ် ဖွဲ့

ကျောင်းရောက်ပြီဆိုရင် စတွေ့ရသူက ဆရာနဲ့ အပေါင်းအသင်းပဲရှိတယ်။ ဆရာကိုတော့ ရွေးလို့မရဘူးနော်။ မလွဲမသွေကို ပေါင်းရမှာ။ ဒါကြောင့် အရင်စာထဲမှာ "ဆရာကိုယ်တိုင်လူမိုက်မဖြစ်ဖို့အရေးကြီးတယ်" လို့ ရေးခဲ့တာပေါ့။

ပဏ္ဍိတာနဉ္စ သေဝနာ၊ ဧတံ မင်္ဂလ မုတ္တမံ။

ပညာရှိကိုမှီဝဲဆည်းကပ်ခြင်းသည် ကောင်းမြတ်သောမင်္ဂလာမည်၏။

အပေါင်းအသင်းကိုတော့ ရွေးပေါင်းလို့ရတယ်။ ဘယ်လိုဟာ ပေါင်းရမလဲ။ တောင်မြို့၊ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသကတော့ မှတ်မိလွယ်အောင် မိန့်မြွက်ထားတယ်။

"အပေါင်းအသင်းကြောင့် ဆင်းရဲဒုက္ခဖြစ်ရရင်၊ အဲဒီအပေါင်းအသင်းကို ဗာလလို့မှတ်ပါ။ မပေါင်းဘဲနေလို့ရရင် နေပါ။ မပေါင်းဘဲနေလို့မဖြစ်လို့ ပေါင်းသင်းဆက်ဆံရရင် သတိကြီးစွာထား ပေါင်းပါ။ အပေါင်းအသင်းကြောင့် ချမ်းသာသုခရရင် သူ့ကို မခွဲတမ်း ပေါင်းသင်းကာ ချစ်ခင်မြတ်နိုး အားကိုးကြပါ" တဲ့။

ဆရာတော်ကြီး မိန့်ကြားချက်က မှတ်လို့လွယ်တယ်နော်။ မြတ်စွာဘုရားက

"ပညာရှိဆိုတာ -

ကောင်းတာတွေးနေတဲ့သူ၊

ကောင်းတာပြောနေတဲ့သူ၊

ကောင်းတာလုပ်နေတဲ့သူ" လို့ ဖွင့်ပြတယ်။

ကံသုံးပါးစလုံး ကောင်းအောင်ပြုမှတော့ ပေါင်းသင်းလာသူ တစ်ဖက်သားကို ချမ်းသာသုခ ရစေတာပေါ့။ မြတ်စွာဘုရားရဲ့ ပညာရှိ အဓိပ္ပာယ်ဖွင့်ပြချက်ကို အများနားလည်အောင်၊ မှတ်လွယ်အောင် ဆရာတော်ကြီးက မိန့်ကြားထားတာ သားငယ်ရဲ့။ ဆိုလိုရင်းက တူပါတယ်။

အခုသားငယ်တို့ သူငယ်ချင်းသုံးယောက် အတူနေကြရာမှာ အဆင်ပြေကြတယ်၊ စိတ်ချမ်းသာကြတယ်၊ ပျော်ရွှင်ကြတယ်ဆိုတော့ အမေဖြင့် ဝမ်းသာနေရတယ်။

သားငယ်တို့ သူငယ်ချင်း သုံးယောက်စလုံး ရိုးရိုးသားသားနဲ့ ကြိုးစားနေကြသူတွေဖြစ်တယ်။ တစ်ဦးနဲ့တစ်ဦး ချစ်ခင်ကြတယ်။ စောင့်ရှောက်ကြတယ်။ မကောင်းတာ တားမြစ်ကြတယ်။ ကောင်းတာညွှန်ပြကြတယ်။ တစ်ဦးရဲ့ကောင်းကျိုးကို တစ်ဦးက လိုလားကြတယ်။ အချင်းချင်း စာဆွေးနွေးကြတယ်။ တစ်ဦးစကား တစ်ဦးနားထောင်ကြတယ်။

http://www.dhammadownload.com

သားငယ်တို့ သုံးယောက်စလုံးရဲ့ သဘောထားနဲ့ ပြုမူဆောင်ရွက်ပုံ ပုံရိပ်တွေဟာဖြင့် ပညာနဲ့ တူတဲ့ မိတ်ဆွေကောင်းတို့ရဲ့ လက္ခဏာနဲ့ ကိုက်ညီနေတယ်ကွဲ့။

ဒါကြောင့်လည်း မိဘနဲ့ဝေးနေပေမယ့် စင်ကာပူမှာနေရတာ ပျော်နေတာပေါ့။ ပျော်တယ်၊ အဆင်ပြေတယ်ဆိုတာ မိတ်ဆွေကောင်းအချင်းချင်း အတူတူပေါင်းသင်းနေထိုင်ရလို့ပါပဲ။ မိတ်ဆွေကောင်းနဲ့ မပေါင်းရရင် အဆင်မပြေနိုင်ဘူး။ အဆင်မပြေရင် မပျော်နိုင်ဘူး။ နေ့စဉ်နဲ့အမျှ စိတ်ညစ်နေရမှာပဲ သားငယ်။

အခုလို သူငယ်ချင်းသုံးယောက်နဲ့အတူ မနေရခင်က ကျောင်းသားတစ်ဦးနဲ့ သားငယ် အတူနေခဲ့ကြတယ်နော်။ တစ်ခန်းထဲသာ အတူနေကြတယ်။ စကားမပြောမိကြဘူးတဲ့။ သူဘာလုပ်နေတယ် ကိုယ်မသိ၊ ကိုယ်ဘာလုပ်နေတယ်သူမသိ၊ နီးရက်နဲ့ ဝေးနေကြတယ်။ နွေးနွေးထွေးထွေး မရှိကြတော့ သားငယ် စိတ်ညစ်ခဲ့တယ်မို့လား။

မေတ္တာခြံမှ လုံတာတဲ့။ မေတ္တာဆိတ်သုဉ်းနေလေတော့ အမေတို့လဲ သားငယ်အတွက် စိုးရိမ်ပူပန်လို့ပေါ့။

ဒါကြောင့် မြတ်စွာဘုရားက "မိတ်ဆွေကောင်း (ကလျာဏမိတ္တ) သည် လိုအပ်သော အကျိုးတရားအလုံးစုံ အပြည့်အဝ ပြီးစေနိုင်သည်"လို့ အရှင်အာနန္ဒာကို မိန့်ကြားတော်မူခဲ့တယ်။

မြန်မာ့သမိုင်းကိုပြန်ကြည့်ရင် အနော်ရထာမင်းစောဟာ၊ ပညာရှိ အရှင်အရဟံကို ဆည်းကပ်ပေါင်းသင်းရတဲ့အတွက် မြန်မာနိုင်ငံတော်မှာ ဗုဒ္ဓသာသနာတော်ဟာ နေလိုလလို ထွန်းလင်းတောက်ပခဲ့ရတယ်။ ပြည်သူတွေအတွက် ဘယ်လောက်အကျိုးများလဲ။ ကိုးကွယ်ရာ စင်ကြယ်ခဲ့ကြတယ်။ ချမ်းသာသုခ ရခဲ့ကြတယ်။ မှောင်ထဲနေခဲ့ကြရာက အလင်းထဲ ရောက်ခဲ့ကြတယ်။ ဒါဟာ ပညာရှိတစ်ဦးကို ပေါင်းဖော်ရတဲ့ အကျိုးဆက်တွေလေ၊ အခုထိ ခံစားရဆဲမို့လား။

သားငယ်လဲ ပညာတတ်ဖြစ်အောင်ကြိုးစား။ ပညာတတ်ပြီး ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်သာသနာကို အကျိုးပြုပါကွယ်။ ဒါဟာ ကိုယ့်နိုင်ငံကို ကျေးဇူးဆပ်ရာ ရောက်တယ်။ ကိုယ့်လူမျိုးကို ကျေးဇူးဆပ်ရာ ရောက်တယ်။ ကျေးဇူးတရားသိရမယ်။ သိပြီး ဆပ်ရမယ်။ ဒါမှ "ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက်" ဖြစ်တယ် သားငယ်ရဲ့။

သားငယ်ရေ၊ မိတ်ဆွေကောင်းဆိုတာ လူငယ်လူကြီးမရွေး လိုအပ်တယ်။ အမေဖြင့် အသက်အရွယ်သာကြီးလာတယ်။ လစဉ်ထုတ်မဂ္ဂဇင်းထဲက ဝတ္ထုဆောင်းပါးတွေ ဖတ်ဆဲ၊ ဖတ်ရတာ ပျော်မွေ့ဆဲပေါ့။ တရားဘာဝနာနဲ့ ဝေးခဲ့တယ်လေ။

အမေတို့ကျောင်းကို ဆရာမအသစ် ဒေါ်မြခင် ရောက်လာတယ်။ ဆရာမက ပရိတ်ကြီး ၁၁ သုတ် အာဂုံဆောင်တယ်။ နေ့စဉ်နေ့တိုင်း ရွတ်ဖတ်ပူဇော်တယ်။ ဘုရားရှိခိုးတယ်။ တရားထိုင်တယ်။ ဆရာမရဲ့မျက်နှာဟာ ကြည်လင်ဝင်းပလို့နေတယ်။

ဆရာမနဲ့ ခင်မင်ရင်းနှီးလာတော့မှ ဆရာမရဲ့ ဘာသာတရားကိုင်းရှိုင်းမှုအလေ့၊ အမွေ့ဆီကူးစက်လာတော့တယ်။ မိတ်ဆွေကောင်းနဲ့ ပေါင်းဖက်မိလို့ ကောင်းတဲ့အလေ့အကျင့်တွေ ဖွံ့လာ

http://www.dhammadownload.com

လိုက်တာ ဆရာမအငြိမ်းစားဘဝမှာ အခြေအနေပေးလာတော့ ဘာသာရေးသင်တန်းမျိုးစုံတွေ တက်ဖြစ်တယ်။ တရားရိပ်သာဝင်ဖြစ်တယ်။ ကောင်းတဲ့အကျိုးဆက်ကတော့ စိတ်အေးချမ်း၊ ချမ်းမြေ့ရပါတယ် သားငယ်။

လူမိုက်ကို မမှီဝဲ၊ မဆည်းကပ်ခြင်းနဲ့ ပညာရှိကို မှီဝဲဆည်းကပ်ခြင်းတို့ဟာ ခေါင်းနဲ့ပန်းလိုပါပဲ၊ ပူးတွဲလေ့လာသင့်တဲ့ အခြေခံမင်္ဂလာနှစ်ပါးဖြစ်တယ်။ ဒါကြောင့်လဲ မြတ်စွာဘုရားက ရှေးဦးစွာ ဟောတော်မူတာကွဲ့။

အပေါင်းအသင်းကို ရွေးပေါင်းရသလို၊ ကိုယ်တိုင်လဲ ကိုယ့်ကိုယ်တိုင်ရဲ့ မကောင်းတဲ့ အပြုအမူ၊ ကောင်းတဲ့အပြုအမူ များစွာထဲက ကောင်းတာရွေးလုပ်၊ ကောင်းတာရွေးပြော၊ ကောင်းတာ ရွေးကြံစည်ပြီး ကောင်းအောင်ကြိုးစားသူ မင်္ဂလာနဲ့ ပြည့်စုံသူဖြစ်ပါစေလို့ အမေဆန္ဒပြုပါတယ်။

မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။

http://www.dhammadownload.com

# သုံးပါးရတနာ မိဘများနဲ့ ဆရာသမားကို ပူဇော်လေ

သားငယ် ဖွဲ့

"လူမိုက်ကို ရှောင်ခွာ၊ လူလိမ္မာကို ဆည်းကပ်၊ ပူဇော်အပ်သူကို ပူဇော်ပါ"ဆိုတဲ့ ပေါင်းသင်းဆက်ဆံရေးမင်္ဂလာ ၃ ဖြာအနက်၊ ရှေ့မင်္ဂလာ ၂ ပါးကိုတော့ အရင်က စာတွေမှာ ရေးပြီးပြီနော်။ အခုစာမှာ ပူဇော်အပ်သူကို ပူဇော်တာဟာ ပူဇာစ ပူဇနေယျမင်္ဂလာ၊ ကောင်းမြတ်တဲ့ မင်္ဂလာဖြစ်ကြောင်း ပြောပြမယ်။

ပူဇာစ၊ ပူဇနေယျာနံ၊ ဧတံ မင်္ဂလ မုတ္တမံ။

ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

ပထမဆုံးပူဇော်ထိုက်သူတွေဟာ ဘယ်သူတွေလည်းဆိုတာ သိဖို့လိုတာပေါ့နော်။ ပူဇော်ထိုက်သူတွေကတော့ ရတနာမြတ်သုံးပါး၊ မိဘ၊ ဆရာ၊ အစ်ကို၊ အစ်မ၊ ဦးကြီး၊ ဦးလေး၊ အဒေါ်စတဲ့ အသက်ကြီးဆွေမျိုးများ၊ ယောက္ခမ၊ လင်ယောကျ်ားတို့ပါပဲ။

ဘာလို့ပူဇော်ထိုက်တာလဲ။ မြတ်စွာဘုရားက သတ္တဝါတွေကို သနားတော်မူလို့ ချမ်းသာသုခရနိုင်တဲ့ နည်းလမ်းကို ဟောပြတယ်။

တရားတော်တွေက ဘုရားဟောပြထားတဲ့ နည်းလမ်းကောင်းတွေဖြစ်တယ်။

သံဃာတော်တွေက အဲဒီတရားအတိုင်းကျင့်ပြီး မိမိတို့သိသမျှ တစ်ဆင့်ဟောပြတယ်။

ဒါတွေက ပူဇော်ထိုက်တဲ့ အကြောင်းရင်းတွေပေါ့ကွယ်။

ဆရာက တပည့်တွေကို ပညာသင်ပေးတယ်။ တတ်သိနားလည်အောင်လည်း ဆုံးမသွန်သင်တာကြောင့် ပူဇော်ထိုက်တယ်။ မိဘဘိုးဘွားစတဲ့ ဆွေမျိုးကြီးများက မိမိကို လိမ္မာအောင်၊ ယဉ်ကျေးအောင် ဆုံးမကြတယ်။ မေတ္တာထားကြတယ်။ ဘေးရန်ပေါ်လာရင် ကာကွယ်စောင့်ရှောက်ကြ၊ ကူညီကြလို့ ပူဇော်ထိုက်တယ်။

ယောက္ခမကလည်း သမက်၊ ချွေးမတို့ကို သားရင်း၊ သမီးရင်းလို ချစ်ခင်စောင့်ရှောက်ကြလို့ ပူဇော်ထိုက်တယ်။ ခင်ပွန်းသည်က ကိုယ့်ဇနီးကို အသက်တမျှ ချစ်မဝဘဲ လုပ်ကိုင်ကျွေးမွေးစားဝတ်နေရေး အပူအပင် ကင်းဝေးစေလို့ အိမ်ဦးနတ်လို့ ခေါ်တယ်။ အဲဒီ အိမ်ဦးနတ်ကို အိမ်ရှင်မက ပူဇော်ထိုက်တယ်။

အပူဇော်ခံထိုက်သူတွေကို ဘယ်လိုပူဇော်ကြမှာလဲ။

တရားနဲ့ ပူဇော်တာ။

http://www.dhammadownload.com

ပစ္စည်း၊ ဝတ္ထုနဲ့ ပူဇော်တာ။

လက်အုပ်ချီမှု၊ ရှိခိုးမှုနဲ့ ပူဇော်တာ။

ဂုဏ်ကျေးဇူးကို ဖော်ထုတ်ချီးကျူး ပူဇော်တာ။

ဝေယျာဝစ္စ ဝတ်ကြီးဝတ်ငယ် ဆောင်ရွက်ခြင်းနဲ့ ပူဇော်တာ။ ဒီလို ပူဇော်နည်း အမျိုးမျိုး ရှိတယ်ကွဲ့။

တရားတော်တွေကို ရွတ်ဖတ်လို့၊ သီလဆောက်တည်လို့၊ ဘာဝနာပွားများလို့၊ ချိန်ခါမလပ် အသံမစဲ ပဋ္ဌာန်းပူဇော်ပွဲ ကျင်းပလို့၊ ပဋိပတ် ပရိယတ်သင်တန်းတွေပို့ချလို့၊ အဲဒါတွေအားလုံး တရားနဲ့ ပူဇော်ကြတာပါ။

ရတနာမြတ်သုံးပါး၊ မိဘဆရာသမားတို့ကို ပစ္စည်းဝတ္ထုနဲ့ ကန်တော့တာကို ပစ္စည်းနဲ့ ပူဇော်တာ အာမိသပူဇာလို့ ခေါ်တယ်။ မြန်မာနှစ်ဆန်းတစ်ရက်နေ့နဲ့ ဝါကျွတ်ချိန်မှာ လူကြီး၊ မိဘ၊ ဆရာသမား၊ သက်ကြီးရွယ်အိုတို့ကို ပစ္စည်းဝတ္ထုနဲ့ ပူဇော်ပွဲတွေ ကျင်းပလေ့ရှိကြတယ်။

နောက်တစ်မျိုးကတော့ ချီးမြှောက်ခြင်း ဆိုတာပါပဲ။ ကိုယ်နဲ့တန်းတူသူ၊ ကိုယ့်အောက် ငယ်သူများကို ကြီးသူများက ချီးမွမ်းဖွယ်ရာတွေ့တဲ့အခါ ချီးမွမ်းတာ၊ ပစ္စည်း ဝတ္ထု၊ ပိုက်ဆံ (မုန့်ဖိုး) တို့ကို ဆုအဖြစ်ပေးတာတွေက "ချီးမြှောက်ခြင်း"ပါပဲ။

သားငယ်တို့ အခြေခံပညာအဆင့်တန်းက စာမေးပွဲ ထူးထူးချွန်ချွန်အောင်ရင် ဆရာ ဆရာမတွေကရော၊ မိဘတွေကပါ ချီးကျူးစကားတွေပြောကြတယ်၊ ဆုချီးမြှင့်ကြတယ်။ ပညာထူးချွန်ဆု၊ အကျင့်စာရိတ္တဆု၊ စည်းကမ်းရှိသေ လိုက်နာမှုဆု၊ အားကစားဆုစတဲ့ ဆုအမျိုးမျိုးနဲ့ ချီးမြှောက်ခဲ့ကြတယ်။

ဒါကြောင့်၊ ကြီးငယ်မရွေး အကျင့်စာရိတ္တကောင်းသူတွေ၊ ပညာထူးချွန်သူတွေ၊ အများအကျိုးအတွက် အသက်၊ အိုးအိမ်၊ စည်းစိမ်တို့ကို အနစ်နာခံပြီး ဆောင်ရွက်သူတွေ၊ နိုင်ငံ့ဂုဏ်မြှင့်တင်သူတွေဟာ ပူဇော်တာ၊ ချီးမြှောက်တာကို ခံထိုက်သူတွေဖြစ်တယ်။ ပူဇော်တာ၊ ချီးမြှောက်တာ ခံထိုက်သူတွေကို ပူဇော်မှု ချီးမြှောက်မှုပြုတာဟာ ကောင်းမြတ်တဲ့ မင်္ဂလာပါပဲ။

ကျေးရွာ၊ ရပ်ကွက်မှအစ တစ်နိုင်ငံလုံး ကောင်းမြတ်တဲ့ မင်္ဂလာတွေ လွှမ်းခြုံသွားရင်ဖြင့် တို့နိုင်ငံ တိုးတက်ဖွံ့ဖြိုးလာမယ်၊ ချမ်းသာကြွယ်ဝလာမယ်။ ကမ္ဘာ့အလယ်မှာ မျက်နှာပန်းလှလှ ရပ်တည်နိုင်မယ်ပေါ့။

သားငယ်ရေ။ ဒီသဘောထားတွေက မြတ်စွာဘုရားရဲ့ အလိုအတိုင်းပါ။ မြတ်ဗုဒ္ဓကလည်း တရားနဲ့အညီ ကျင့်ကြံအားထုတ်သူကိုမှ ချီးမြှောက်တော်မူတာ၊ နှစ်သက်တော်မူတာ။ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံကာနီးမှာ "လောကုတ္တရာတရား ကိုးပါးရကြောင်း တရားကောင်းကို ကျင့်ခြင်းဖြင့် ပူဇော်မှသာ အကောင်းဆုံးပူဇော်ခြင်းမည်တယ်"လို့ ဟောတော်မူခဲ့တယ်ကွဲ့။

ဒါကြောင့် ဘုရားနှစ်သက်တဲ့ပူဇော်မှု၊ ဆရာမိဘတွေ နှစ်ခြိုက်တဲ့ ပူဇော်မှုနဲ့ ပူဇော်ကြတာဟာ အကောင်းဆုံးပါကွယ်။

http://www.dhammadownload.com

သားငယ်တို့က ကျောင်းသားဆိုတော့ ရတနာသုံးပါး ဦးထိပ်ပန်ဆင်ကာ၊ ဆရာမိဘစကား နားထောင်ပြီး ကျောင်းသားကျင့်ဝတ်နဲ့အညီ စာကြိုးစားနေတာဟာ ရတနာမြတ် သုံးပါးနဲ့တကွ ဆရာမိဘတို့ကို အကောင်းဆုံး ပူဇော်မှုပြုနေခြင်းပါပဲ။

ဒီလိုအကောင်းဆုံးနည်းနဲ့ ပူဇော်မှုပြုရင် စာမေးပွဲအောင်မယ်။ သင့်လျော်တဲ့အလုပ်ရမယ်။ ဘဝကို ကောင်းစွာ တည်ဆောက်နိုင်မယ်။ စိတ်ချမ်းမြေ့မယ်။ ကျန်းမာစွာနဲ့ အသက်ရှည်မယ်။ စိတ်ချမ်းသာ ကိုယ်ကျန်းမာတော့ အဆင်းလှမယ်။ ခွန်အားဗလကောင်းမယ်စတဲ့ အကျိုးကျေးဇူး အဆင့်ဆင့်ရပြီး ဘဝသံသရာမှာ ချမ်းသာစွာ နေနိုင်ပြီပေါ့။

အင်မတန် အကျိုးများ ကြီးပွားချမ်းသာစေတာကြောင့် ဆောင်ကိုဆောင်သင့်တဲ့ မင်္ဂလာပါ ကွယ်။

မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ။

http://www.dhammadownload.com

# ကုသိုလ် ပညာ ဥစ္စာရဖို့ သင့်ရာဒေသ အမြဲနေ

သားငယ် ခွဲ

ပူဇော်ထိုက်သူတွေ၊ ပူဇော်ထိုက်ကြောင်းတွေ၊ ပူဇော်နည်းတွေကို အမေရေးပြ ခဲ့ပြီးပြီဆိုတော့ ပေါင်းသင်းဆက်ဆံရေး မင်္ဂလာ ၃ ပါး ပြီးသွားပြီ။ နေထိုင်ရေး မင်္ဂလာ ၃ ပါး စတော့မယ်။ ပထမဆုံး မင်္ဂလာက ပတိရူပဒေသဝါသမင်္ဂလာ။ သင့်လျော်လျောက်ပတ်သော အရပ်မှာနေရခြင်း ဟာ ချမ်းသာကြီးပွားကြောင်း မင်္ဂလာပါပဲ။

ပတိရူပဒေသဝါသောစ၊ ဧတံ မင်္ဂလမုတ္တမံ။

**သင့်လျော်သောအရပ်၌နေရခြင်းသည်မြတ်သောမင်္ဂလာမည်၏။**

"ကုသိုလ်၊ ပညာ၊ ဥစ္စာရဖို့၊ သင့်ရာဒေသအမြဲနေ "ဆိုတဲ့ စာကြောင်းကလေးက ရွတ်ဆိုကြည့် လေ ကောင်းလေပါပဲ။ လူသားတိုင်းအတွက် တန်ဖိုးရှိတဲ့ စကားစုကလေးပေါ့။

သင့်ရာဒေသဆိုတာ ဘယ်လိုနေရာလဲ။ သိဖို့လိုတယ်။ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လုံခြုံရေး၊ လူမှုရေးစတဲ့ လောကီရေးရာအဖြာဖြာအတွက်ရော၊ လောကုတ္တရာလို့ခေါ်တဲ့ ကုသိုလ် ရရေး အတွက်ပါ ရရှိနိုင်တဲ့နေရာဟာ သင့်လျော်တဲ့ အရပ်ဒေသပါပဲ။

ပညာရေးအတွက်ကတော့ အရွယ်လိုက်ပြီး သင့်လျော်ရာဒေသ ပြောင်းသွားတယ်။ သားငယ် တို့ အခြေခံပညာ သင်ယူစဉ်က ကိုယ့်မြို့ကိုယ့်ဒေသ၊ နယ်မြို့လေးက ကိုယ့်အတွက် ပတိရူပဒေသ ဝါသဖြစ်ပေမယ့်၊ အဆင့်မြင့်ပညာ သင်ချိန်ရောက်တော့ တက္ကသိုလ်ရှိတဲ့ မြို့က ပတိရူပ ဒေသဝါသ ဖြစ်သွားရော။ နောက်တစ်ဆင့် ပညာဆက်သင်ချင်ပြန်တော့၊ နိုင်ငံရပ်ခြားသွားကြပြန်တယ်။ ဒါကြောင့် သင်ယူချင်တဲ့ ပညာအဆင့်လိုက်ပြီး ပတိရူပ ဒေသဝါသောစက ပြောင်းသွားရတယ်။

ပတိရူပဒေသဝါသောစမှာ နေခွင့်ရပြီး ရထိုက်တဲ့အကျိုးကို ရအောင် ကြိုးစားယူတတ်မှသာ မင်္ဂလာရတယ်။ မယူတတ်ရင် မင်္ဂလာနဲ့ဝေးရောကွဲ့။

ဥပမာပြမယ်။ သားငယ်က နို့စို့အရွယ်မို့ မမှတ်မိဘူး။ အဲဒီအချိန်က အမေတို့အိမ်မှာ အမေ့ရဲ့ မောင်နှစ်ယောက်ကိုခေါ်ထားပြီး ကျောင်းထားပေးတယ်။ မောင်အရင်းက GTI အောင်မြင်သွားခဲ့ တယ်။ အစိုးရဌာနတစ်ခုမှာ ဝန်ထမ်းဖြစ်သွားခဲ့တယ်။ လခစားဘဝ မပူမပင်ရရုံပါပဲ။

မောင်ဝမ်းကွဲက ၉ တန်းကို မအောင်ဘူး။ သူ့ရဲ့ဇာတိ ရွာပြန်သွားပြီး မိဘလက်ငုတ်၊ တောင် သူလုပ်ငန်း လုပ်တယ်။ မိုးခေါင်ရပ်ဝန်းဒေသဖြစ်ပေမယ့် ဆည်ရေနဲ့ စိုက်ပျိုးရလို့ သီးနှံတွေ ဖြစ်ထွန်း ပြီး ချောင်လည်တယ်။ စီးပွားရေးကောင်းတယ်။ သူ့အတွက် လူမှန် နေရာမှန် ရောက်သွားတယ်လို့ ပြောရမယ်။ အဲဒီ မောင်နှစ်ယောက်ကို နှိုင်းယှဉ်လိုက်ရင် ပတိရူပဒေသဝါသမှာ နေရတာချင်း တူတယ်။ အကျိုးကိုရအောင် ကြိုးစားယူရာမှာ ကွာသွားတယ်။ ပညာရေးမှာ တစ်ယောက်က

http://www.dhammadownload.com

မင်္ဂလာ ရတယ်။ တစ်ယောက်က မင်္ဂလာမရဘူး။ သို့သော်လည်း စိတ်ဓာတ်ကျစရာ မဟုတ်ဘူး နော်။ မောင်ဝမ်းကွဲက စီးပွားရေးမှာတော့ မင်္ဂလာ ရသွားတယ်လေ။ တောင်သူလုပ်ငန်း ကြိုးစား လုပ်လို့ သူ့ရွာမှာတော့ သူဌေးပေါ့။

ဒီတော့ လူသားတစ်ယောက်ချင်းဆီမှာ ပညာနဲ့ ဥစ္စာတစ်ခုခု ကြီးပွားတိုးတက်ရာ ဒေသလေး တစ်ခုတော့ ကိုယ်စီရှိနေတတ်ကြပါတယ်။ ကိုယ်က ရွေးတတ်ဖို့ လိုပါတယ်။

ပညာရေးနဲ့ စီးပွားရေးမှာ ကိုယ်သန်ရာဘက်ကို မင်္ဂလာရအောင် ယူသင့်တယ်။ ကုသိုလ်ရေး ကတော့ မင်္ဂလာဖြစ်အောင်ကို လုပ်ရမယ်။ ဒါမှ ပစ္စုပ္ပန်ဘဝအတွက် မပူပန်ရသလို တမလွန်ဘဝ အတွက်လည်း သုဂတိဘုံတစ်ခုခုမှာ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံစေမှာကိုး။

အမေတို့ခေတ်တုန်းက ဘုန်းကြီးကျောင်းမှာနေပြီး တက္ကသိုလ်ပညာ သင်ယူနေကြတဲ့ ကျေးလက်ဒေသက ကျောင်းသားတွေရှိတယ်။ ပညာသင်ထောက်ပံ့ကြေး ၇၅/ –နဲ့ကို လောက်ငအောင်သုံးပြီး ပညာကို အပတ်တကုတ် ကြိုးစားသင်ယူခဲ့ကြတယ်။ နိုင်ငံခြားတက္ကသိုလ်က ဒေါက်တာဘွဲ့တောင် ရကြသေးတယ်။ အသက် ၆၀ နားနီးတော့ အဲဒီကျောင်းသားတွေလေ တက္ကသိုလ်မှာ ပါမောက္ခချုပ်တို့၊ ပါမောက္ခကြီးတို့ ဖြစ်လို့သားရဲ့။ အတုယူစရာ ကောင်းလိုက်တာ။

အဲဒီတုန်းက တက္ကသိုလ်မှာ သုံးနိုင်ဖြုန်းနိုင်တဲ့ မြို့ကျောင်းသားတချို့က ကိုယ်ပိုင်ကားကို ကိုယ်တိုင်မောင်း ကျောင်းတက်ပြီး စာမေးပွဲတဘုန်းဘုန်းကျလို့ ဘွဲ့လေးတစ်ခုတောင် မရခဲ့ကြဘူး။ စီးပွားရေးကျတော့လည်း တချို့က ကြိုးစားပေမယ့် အများစုက သတိလက်လွတ်ဖြစ်ကြ တယ်။ ဝီရိယမရှိ၊ အပျင်းထူတော့ သူဌေးသားအဆင့်က လျော့ကျကုန်ရော။

တကယ်တော့ ဥစ္စာ၊ ပညာ၊ ဘယ်ဟာဖြစ်ဖြစ် ကံ၊ ဉာဏ် ၊ ဝီရိယ အခြေပြုပြီး ကြိုးစား အားထုတ်မှသာ လက်ရှိအဆင့် အခြေခိုင်ပြီး တစ်ဆင့်မြင့်တက်သွားနိုင်တာ သားငယ်ရဲ့။ ပတိ ရူပ ဒေသဝါသအရပ်မှာ နေရတိုင်း ကောင်းကျိုးမင်္ဂလာက အလိုအလျောက်ရလာတာ မဟုတ်ဘူး။ လမ်းကြောင်းလဲမှန်မှ၊ ဉာဏ်ယှဉ်၊ ဝီရိယနဲ့ ကြိုးစားအားထုတ်မှုလည်းရှိမှ မင်္ဂလာဖြစ်တာ။ မဟုတ်ရင်တော့ မကောင်းကျိုးသာ ခံစားရတာ မင်္ဂလာမဖြစ်ဘူးပေါ့။

သားငယ်လည်း ပညာရေးအတွက် ဝေးရပ်မြေမှာ အဆင်ပြေအောင်နေထိုင်ပြီး စာကြိုးစားနေ တာကို အမေဖြင့် ဝမ်းသာနေရတယ်။ နေတုန်းခဏအချိန်မှာ နီးစပ်ရာမိတ်ဆွေများကို ဘာသာရေး စာစောင်၊ မဂ္ဂဇင်းများ၊ ငှားရမ်းဖတ်စေကြောင်းသိရလို့ ထပ်ဆင့်ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။

ပညာတတ်မြောက်ပြီး ကြီးပွားချမ်းသာတဲ့တစ်နေ့ တစ်ချိန်မှာ ကိုယ့်ဇာတိဒေသကိုလည်း ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး ပိုမိုဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်ရမှာပေါ့ကွယ်။

"ကုသိုလ်၊ ပညာ၊ ဥစ္စာရဖို့ သင့်ရာဒေသ အမြဲနေ" ဆိုတဲ့အတိုင်း သားငယ်တို့ နေကြရတယ်။ ကောင်းကျိုးမင်္ဂလာ အမြဲရအောင် ကောင်းမြတ်တဲ့ ပင်ကိုယ်ဗီဇ မပျောက်မပျက်ရှိနေပြီး ဗုဒ္ဓဘာသာ ဝင်ကောင်းတစ်ယောက်ဖြစ်ပါစေလို့ အမေ ဆန္ဒပြုပါတယ်ကွယ်။

မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။

http://www.dhammadownload.com

# ရှေးကတင်ကြို ပြုခဲ့ဖူးသည့် ကောင်းမှုအထူး ရှိပါစေ

သားငယ် ဖွဲ့

ကလေးဘဝက အော်ရွတ်ဆိုခဲ့တဲ့ "ကုသိုလ် ပညာ၊ ဥစ္စာရဖို့၊ သင့်ရာဒေသ အမြဲနေ" ဆိုတဲ့ အတိုင်း နေရတဲ့သားငယ်ဆီကို ပုဗ္ဗေစ ကတပုညတာ မင်္ဂလာအကြောင်း ရေးလိုက်တယ်။

ဒီမင်္ဂလာက မဖြစ်မနေ လိုအပ်တယ်။ အဲဒီမင်္ဂလာပါလာခဲ့ရင် ဘဝမှာ သက်တောင့်သက်သာ ချမ်းချမ်းသာသာ၊ အသက်မွေးခွင့်ရတယ်။ မပါခဲ့ရင်တော့ ပင်ပန်းတကြီး ဆင်းဆင်းရဲရဲနဲ့ အသက်မွေးရပါတယ်။

ပုဗ္ဗေ စ ကတပုညတာ၊ ဧတံ မင်္ဂလမုတ္တမံ။

**ရှေးရှေးဘဝကပြုခဲ့ဖူးသောကောင်းမှုကုသိုလ် ရှိခြင်းသည်မြတ်သောမင်္ဂလာမည်၏။**

သားငယ် အခုလို မိဘဆွေမျိုး သိုက်သိုက်ဝန်းဝန်းနဲ့ အဆင်မြင့်ပညာ သင်ခွင့်ရနေကတည်းက ရှေးရှေးဘဝက ကုသိုလ်ကောင်းမှု ပြုခဲ့သူဖြစ်ရမယ်။ ပုဗ္ဗေစ ကတပုညတာ၊ မင်္ဂလာရှိတဲ့သူလို့ ပြောနိုင်တယ်။

ရှေးရှေးကရှိခဲ့တဲ့ ကုသိုလ်ကို ဆက်ပြီး ရှင်သန်ဖွံ့ဖြိုး တိုးပွားအောင်လုပ်ရမယ်။ ဆိုလိုတာက အခုဘဝမှာလည်း ကောင်းမှုတွေလုပ်ရမယ်။ ကုသိုလ်တွေရအောင် ယူရမယ်ပေါ့။ ဘယ်လိုကောင်းမှုတွေ လုပ်ရမလဲ၊ သိဖို့လိုတယ်နော်။

သားငယ်က ပညာသင်ယူနေတဲ့သူဆိုတော့ ပညာကို ကြိုးစားသင်ယူရမယ်။ အပတ်တကုတ် ကြိုးပမ်းအားထုတ်ရမယ်။ ကျောင်းသားအတွက် စာကြိုးစားသင်ယူခြင်းဟာ ကောင်းတဲ့ အလုပ်ပါ။ ကောင်းတဲ့အလုပ်ဟာ ကောင်းတဲ့ ကောင်းမှုကံပါ။ ကောင်းတဲ့ကောင်းမှုကံ လုပ်နေသူဟာ ကောင်းကျိုးချမ်းသာမင်္ဂလာ ရရှိပါတယ်။ စာမေးပွဲအောင်မြင်ခြင်း မင်္ဂလာရတယ်ပေါ့ကွယ်။

နောင် ကြီးပြင်းလာတဲ့အခါ သင်ယူခဲ့တဲ့ ပညာအားလျော်စွာ အရာရှိ အရာခံဖြစ်စေ၊ ကွန်ပျူတာ ပညာရှင်ဖြစ်စေ၊ လက်မှုပညာရှင်ဖြစ်စေ၊ စက်မှုပညာရှင်ဖြစ်စေ၊ စီးပွားရေးပညာရှင်ဖြစ်စေ၊ ကုန်သည်ကြီးဖြစ်စေ တစ်ခုခုဖြစ်ပြီး ချမ်းသာကြီးပွား မင်္ဂလာရကြတယ် သားငယ်ရဲ့။

"ထိုင်နေလို့ကတော့ ဘာမှဖြစ်မလာဘူး" ဆိုတာလိုပေါ့။ အတိတ်ကံပါရုံတင် မဟုတ်သေးဘူး၊ ပစ္စုပ္ပန်ဘဝမှာလည်း ကောင်းကျိုးချမ်းသာပေးနိုင်တဲ့ အလုပ်ကို လုပ်ရမယ်။ အဲဒီ အလုပ်ဟာ ကောင်းမှုပါပဲ၊ ကုသိုလ်ပါပဲ။ လုပ်လိုက် မလုပ်လိုက် မဖြစ်ရဘူး။ မှန်မှန်တစ်ဆက်တည်း လုပ်သွားရမယ်။ ယခုဘဝမှာ လုပ်တဲ့ကောင်းမှုရဲ့ အကျိုးက အခုဘဝမှာပင် ခံစားရနိုင်တယ်။

http://www.dhammadownload.com

ပျင်းတဲ့သူနဲ့ စာကြိုးစားသူ မတူပါဘူး။ စာကြိုးစားသူက အောင်မြင်ခြင်း မင်္ဂလာရမှာပါ။ အသုံးအစွဲ လက်ဖွာတဲ့သူနဲ့ စနစ်တကျ စိစစ်သုံးစွဲသူ မတူပါဘူး။ စနစ်တကျသုံးစွဲသူက လိုအပ်ရင် သုံးစွဲရန်အတွက် အဆင်သင့် ငွေကြေးရှိတာကြောင့် စိုးရိမ်ကြောင့်ကြမရှိ၊ စိတ်အေးချမ်းသာ မင်္ဂလာရှိမှာပါ။ အတိတ်က ပုဗ္ဗေ စ ကတပုညတာ မင်္ဂလာကို ပစ္စုပ္ပန်မှာ ရအောင် ဆက်ယူရပါ့မယ်။ ဆက်မလုပ်လို့ကတော့ မောင်ပျင်းပုံပြင်အတိုင်းနေမှာပဲ သားငယ်ရဲ့။

ရှေးတုန်းက မောင်ပျင်းလို့အမည်ရတဲ့ သူတစ်ယောက်ရှိတယ်။ ရွှေထီးဆောင်းရကိန်း ရှိတယ်ဆိုပြီး ဘာမျှကို မလုပ်ဘူးတဲ့။ အဲဒီတော့ ဘာမျှ မဖြစ်လာဘူးပေါ့။ မောင်ပျင်းကလည်း အလိုလို ရွှေထီးဆောင်းရလိမ့်မယ်လို့ ထင်နေတာကိုး။ မျှော်လင့်ရင်းနဲ့ မောင်ပျင်းဟာ လမ်းတစ်ခုပေါ်မှာပဲ သေသွားခဲ့တယ်။ အဲဒီအချိန်မှာ ရှင်ဘုရင်က တိုင်းခန်းလှည့်လည်လာတယ်။ လမ်းပေါ်က မောင်ပျင်းရဲ့အလောင်းကိုမြင်တော့ ရှင်ဘုရင်က "နေက ပူလှတယ်၊ အလောင်းကို အရိပ်မိုးပေးမှပဲ"ဆိုပြီး၊ ရွှေထီးဆောင်းပေးလိုက်သတဲ့။ ကိန်းရှိတဲ့အတိုင်း ရွှေထီးတော့ ဆောင်းရသွားနော်။

ဘယ်သူပဲဖြစ်ဖြစ် နေ့စဉ်ဆောင်ရွက်ရမယ့် တာဝန်၊ ဝတ္တရားတွေကိုလည်း ကြိုတင်ပြင်ဆင်ထားမှသာ အဆင်ပြေချောမွေ့တယ်။ ဒါမှ မင်္ဂလာဖြစ်တယ် သားငယ်ရဲ့။ ကျောင်းသား တစ်ယောက်ဟာ ညကတည်းက ကျောင်းလွယ်အိတ်ကို ပြင်ဆင်ထားမှ စာအုပ်ကျန်ခဲ့တာတို့၊ မှားယူမိတာတို့ မဖြစ်တော့ဘူးပေါ့။ ကြိုတင် စာကြိုးစားထားရင် စာမေးပွဲလည်း အောင်မြင်တယ်။

စားသောက်ဆိုင်၊ ကုန်စုံဆိုင်၊ စတိုးဆိုင် ဘယ်လို ဈေးဆိုင်ဖြစ်ဖြစ်၊ ကြိုတင်ပြင်ဆင်ထားရင် ဈေးဝယ်လာတဲ့အခါ အဆင်သင့် ရောင်းနိုင်တယ်။ ဝယ်သူစိတ်ကြိုက်တွေ့စေတယ်။ ရောင်းအားကောင်းပြီး ကြီးပွားချမ်းသာ မင်္ဂလာရစေတယ်။ ထို့အတူပါပဲ ကျောင်းဆရာ၊ ရုံးဝန်ထမ်း၊ တောင်သူလယ်သမား၊ ဘယ်အလုပ်သမားဖြစ်ဖြစ်၊ ကိုယ့်လုပ်ငန်းကိစ္စအတွက် ကြိုတင်ပြင်ဆင်မှသာ၊ မြန်မြန်ဆန်ဆန် လွယ်လွယ်ကူကူ ပြီးစီးတယ်။ စကားကုန်ပြောရရင်ကွယ်၊ အိမ်ရှင်မတွေလည်း ညကတည်းက ချက်ပြုတ်ဖို့ ဟင်းလျာစီမံထားမှသာ နံနက်စောစော အလုပ်သမားအတွက် ထမင်းချိုင့်အဆင်သင့်၊ အလုပ်သွားရမယ့်သူတွေအတွက် စားဖို့အဆင်သင့် ဖြစ်တယ်မို့လား။

အားကစားသမားတွေရော ကြိုတင်မပြင်၊ မလေ့ကျင့်လို့ကတော့ သေချာရှုံးပြီမှတ်။ ကြိုတင်လေ့ကျင့်ထားမှသာ အောင်ပွဲခံနိုင်တာပေါ့။ ရွှေ၊ ငွေ၊ ကြေး၊ ဆုတံဆိပ်တွေ တသီကြီးနဲ့ မင်္ဂလာရနိုင်တာလေ။

လောကီရေးရာအဖြာဖြာကို ကြိုတင်ပြင်ဆင်ထားမှု အလေ့ရှိသူဟာ ဘဝနေရေးအတွက် ပြင်ဆင်တတ်သူလို့ ခေါ်ရမယ်။ ဘဝနေရေးမှာ ပြင်ဆင်တတ်ပြီဆိုတော့ သေရေးကိုပါ ပြင်ဆင်တတ်မှာ သေချာတယ်။ အဲဒီလို ပြင်ဆင်ထားပြီးသူဟာ သံသရာမှ ကျွတ်လွတ်ပြီး မဂ်ဖိုလ်နိဗ္ဗာန်မရသေးတောင်မှ သုဂတိဘုံတော့ ရောက်မှာပဲ သားငယ်ရဲ့။

ဒါဖြင့် ဘယ်သူဖြစ်ဖြစ် ကိုယ့်ဘဝကို ကိုယ်တိုင်ဖန်တီးနိုင်တယ်။ ကောင်းအောင်လည်း ဖန်တီးနိုင်သလို ဆိုးအောင်လည်း ဖန်တီးနိုင်တာပဲ။ ကောင်းတာတွေလုပ် ကောင်းတာရမယ်။ မကောင်းတာလုပ် မကောင်းတာရမယ်။ ကမ္မနိယာမအတိုင်း ခံစားရမှာ မလွဲဘူး။ ကိုယ့်ကံရဲ့

http://www.dhammadownload.com

အားနည်းချက်၊ အားသာချက်ကို သတ္တိရှိရှိ လက်ခံပြီး ပြုပြင်သင့်တာကို ပြုပြင်ရမယ်။ ကြိုးစားပြီး ကောင်းတာလုပ်ရမယ်။

ကောင်းကျိုးချမ်းသာမှု ကြီးပွားမှုကို ဖြစ်ပေါ်စေနိုင်တဲ့ "ပုဗ္ဗေ စ ကတပုညတာ" မင်္ဂလာ တည်းဟူသော ကောင်းမှု၊ ကောင်းလုပ်၊ ကောင်းသောပညာသင်ယူခြင်း၊ ကောင်းစွာနေခြင်း၊ ကောင်းစွာပြောဆိုခြင်း၊ ကောင်းသောစိတ်ထားခြင်းတို့ကို ဉာဏ်၊ ဝီရိယနဲ့ယှဉ်ပြီး မိမိတို့သန္တာန်မှာ ထပ်ဖန်တလဲလဲ အသစ်အသစ် ဖြစ်ပေါ်လာအောင် ကြိုးစားပါ သားငယ်။

လုပ်သင့်လုပ်ထိုက်တဲ့ ကောင်းမှုကောင်းရာများကို ကြိုတင်ပြုလုပ်ထားနိုင်ခြင်းဟာ အရည် အချင်းကောင်းတစ်ခုပါပဲ။ ဒီအရည်အချင်းကောင်းရှိရင် ကြီးပွားချမ်းသာပြီ။ ပုဗ္ဗေ စ ကတ ပုညတာ မင်္ဂလာဟာ လူတစ်ဦးတစ်ယောက်အတွက်၊ အသင်းအဖွဲ့တစ်ခုအတွက်၊ လူမျိုးတစ်မျိုးအတွက်၊ တိုင်းပြည်တစ်ပြည်အတွက် အရေးကြီး ပဓာနကျတဲ့ မင်္ဂလာပါ။ အရာခပ်သိမ်း ကောင်းမြတ်တဲ့ လုပ်ငန်းများကို ကြိုကြိုတင်တင် ပြုလုပ်ထားကြရပါ့မယ်။

ပုဗ္ဗေ စ ကတပုညတာ မင်္ဂလာကို ဆောင်လိုက်ရင် လောကီရေးသာမက မဂ်ဖိုလ်နိဗ္ဗာန်အထိ ပါ ရနိုင်တဲ့အတွက် ကြိုတင်ပြင်ဆင်တဲ့ အလေ့အကျင့်ကောင်းတစ်ခု စွဲမြဲအောင် ကြိုးစားလိုက် စမ်းပါ သားငယ်။

မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ။

http://www.dhammadownload.com

# မိမိကိုယ်ကို ကောင်းအောင်ထိန်းလို့ မတိမ်းစေနဲ့ ဆောက်တည်လေ - ၁

သားငယ် ဖွဲ

နေ့စဉ်လမ်းလျှောက်ဖြစ်ရဲ့လား။ လမ်းလျှောက်ခြင်းဟာ ခန္ဓာကိုယ်ကို ကျန်းမာ ကြံ့ခိုင်စေတယ်။ ကိုယ်ကျန်းမာမှ စိတ်ချမ်းသာစေတယ်။ ကိုယ်ကျန်းမာ စိတ်ချမ်းသာအောင် နေနိုင်တတ်ခြင်းက မင်္ဂလာတစ်ပါးပဲကွဲ့။ ပါဠိအနေနဲ့ပြောရရင် အတ္တ သမ္မာ ပဏိဓိမင်္ဂလာပါ။

အတ္တ သမ္မာ ပဏိဓိ စ၊ ဧတံ မင်္ဂလ မုတ္တမံ။

**မိမိစိတ်ကိုကောင်းစွာထားခြင်းသည်မြတ်သောမင်္ဂလာမည်၏။**

ဆိုလိုရင်းမှာ မိမိဘဝအတွက် ကောင်းမြတ်တဲ့ရည်မှန်းချက် ခိုင်ခိုင်မာမာထားပြီး ကြိုးစားခြင်းပင်ဖြစ်တယ်။ သားငယ်တို့ အခြေခံပညာသင်ရစဉ်က ကျောင်းမှာနေ့စဉ်ရွတ်ဆိုခဲ့တဲ့ "မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမည်" ဆိုတဲ့ အချက်ပါပဲ။

မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမည်ဆိုတာက ကိုယ်ကို ကောင်းစွာထားရမယ်၊ စိတ်ကို ကောင်းစွာထားရမယ်။ ကိုယ် စိတ်နှစ်ပါးကို ကောင်းစွာထိန်းရမယ်။ ဆရာတော်ကြီး အရှင်ဇနကာဘိဝံသကတော့ အတ္တသမ္မာပဏိဓိ မင်္ဂလာပါဠိကို "ကောင်းရာဝယ် နှစ်သွယ်တဲ့ ကိုယ်၊ စိတ်"လို့ မြန်မာပြန်တယ်ကွဲ့။

ဒါဖြင့် ကိုယ်ကောင်းဖို့၊ စိတ်ကောင်းထားနိုင်ဖို့က ဘာတွေလုပ်ရမလဲ၊ သိသင့်တာပေါ့နော်။ သိလိုက်ရင် 'ဒါကိုး' လို့ အောက်မေ့မိမှာ သားငယ်ရဲ့၊ အမေရေးပြမယ်။

ကိုယ်ကောင်းဖို့အတွက်က ကျောင်းမှန်မှန်တက်ခြင်း၊ စာမှန်မှန်ကျက်ခြင်း၊ ကျောင်းစည်းကမ်းကို ရိုသေခြင်း၊ ပညာကို ကြိုးစားသင်ခြင်း၊ မိမိကိုယ်ကို ကောင်းအောင်ကြိုးစားခြင်း၊ သန့်သန့်ရှင်းရှင်းနေထိုင်ခြင်း၊ သန့်သန့်ပြန့်ပြန့်ဝတ်စားခြင်း၊ ညစ်တီးညစ်ပတ် ရှုပ်ရှုပ်ပွေပွေ မနေခြင်း၊ တွေကရာ မစားသောက်ခြင်း၊ ကျန်းမာရေး မှန်မှန်လေ့ကျင့်ပေးခြင်း၊ အချိန်မှန်မှန် အိပ်ခြင်း ထခြင်း၊ ရေချိုးခြင်း၊ သွားမှန်မှန်တိုက်ခြင်း စသဖြင့် မိမိရဲ့ ရုပ်ပိုင်းခန္ဓာကိုယ်ကို သန့်ရှင်းအောင်၊ ကျန်းမာအောင်၊ အဖိုးတန်အောင်နေထိုင်ခြင်း၊ ထိန်းသိမ်းခြင်း ဖြစ်တယ်။

စိတ်ကောင်းထားဖို့က "ငါ့ကိုအကြောင်းပြု၍ ငါ့အဖေ၊ ငါ့အမေ၊ ငါ့အစ်ကို၊ အစ်မ၊ ဆရာသမား၊ အခြားသူများ စိတ်မကောင်း မဖြစ်ကြပါစေနဲ့" ဟူသော ဉာဏ်တာစိတ်ထားခြင်း၊ "ငါ့ကိုအကြောင်းပြု၍ သူတစ်ပါးတို့ စိတ်နှလုံးကောင်းကြပါစေ" ဟူသော အထက်တန်းကျသောစိတ်မျိုးထားခြင်း၊ တစ်ကိုယ်ကောင်းစိတ်မထားဘဲ အများကောင်းစားစေလိုတဲ့စိတ် ထားခြင်း

http://www.dhammadownload.com

မနာလိုဝန်တိုစိတ်၊ စိတ်ယုတ်မာတို့ကိုဖယ်ရှား၊ စိတ်ကောင်းစိတ်မြတ်ထားခြင်း၊ စိတ်ကောင်းမွေးခြင်း၊ ကောင်းမြတ်တဲ့ ရည်ရွယ်ချက်ထားခြင်းများ ဖြစ်တယ်။

သားငယ်ရေ၊ ကိုယ်ကောင်းဖို့အတွက် လုပ်ရတာတွေကလည်း နေ့စဉ် နိစ္စဓူဝ လုပ်နေကျ အလုပ်တွေမို့လား။ စိတ်ကောင်းထားဖို့ကလည်း စာနာစိတ်ထားဖို့ပါပဲ။ သားငယ်အတွက်က အလေ့အကျင့်ရပြီးသားပါ။ တိမ်းစောင်းမသွားဖို့သာ လိုအပ်တယ်။ မတိမ်းစောင်းအောင်တော့ ထိန်းရလိမ့်မယ်။ မိမိရဲ့ အပြုအမူကြောင့် ကောင်းတာဖြစ်တယ်။ မိမိရဲ့အပြုအမူကြောင့် မကောင်းတာဖြစ်တယ်။ မိမိကိုယ်သာ အရင်းခံဖြစ်တယ်။ ဘယ်သူမပြု မိမိမှုဆိုတာလိုပေါ့။ မိမိကိုယ်တိုင်ကောင်းအောင် မိမိကိုယ်တိုင် ဆောက်တည်ရမယ်။ မကောင်းတာမဖြစ်ရအောင် မိမိကိုယ်တိုင်စောင့်ရှောက်ရမယ်။

ဒီ အတ္တ သမ္မာ ပဏိဓိ မင်္ဂလာက လူ့အဆင့်အတန်းကို ဆုံးဖြတ်နိုင်တယ်။ ဒီမင်္ဂလာမရှိရင် လူ့အဆင့်အတန်းမမီသူ၊ အောက်တန်းစားသာဖြစ်မယ်။ ဒီမင်္ဂလာရှိရင် လူ့အဆင့်အတန်းမီသူ၊ အထက်တန်းစားဖြစ်မယ်။ ဒါက မြတ်စွာဘုရားဟောထားတဲ့ အချက်ပါ သားငယ်။

မိမိကိုယ်ကို ကောင်းအောင် ဆောက်တည်ခြင်းဟာ ပထမဆုံး မိမိကိုယ်တိုင် အကျိုးခံစားရတာပါ။ နောက်မှ မိဘစိတ်ချမ်းသာစေရတယ်။ ဆရာသမား ဝမ်းသာပီတိဖြစ်ရတယ်။ ကျောင်း၊ ရပ်ရွာ၊ မြို့၊ တိုင်းပြည်က ဂုဏ်ယူရတယ်စသဖြင့် ရေလှိုင်းကလေးများ ကမ်းစပ်ထိ ရိုက်ခတ်သွားသလိုပေါ့ကွယ်။

အရင်ဘဝက ကောင်းမှုအကြောင်း မပါပေမယ့်လည်း ယခုဘဝမှာ ကိုယ်စိတ်နှစ်ပါးကို ကောင်းအောင်တည်ဆောက်နိုင်ရင် ယခုဘဝမှာ အကျိုးခံစားရတာပါပဲ။ ရှေးဘဝကလည်း ကုသိုလ်ပါ၊ ယခုဘဝမှာလည်း အတ္တသမ္မာပဏိဓိ မင်္ဂလာရှိရင် ဆိုဖွယ်ရာမရှိ။ ရှေးက ကောင်းခဲ့တော့ ယခုကောင်း၊ ယခုကောင်းတော့ နောင်လည်းကောင်း၊ အကောင်းချည်းသာ ဖြစ်သွားတော့မှာပေါ့။

အတ္တသမ္မာပဏိဓိမင်္ဂလာက ဘဝရဲ့ စည်းစိမ်ဂုဏ်သိန်တို့ကို ရေရှည်တည်တံ့စေတယ်။ ဆက်လက်လည်း ကြီးပွားတိုးတက်စေတယ်။ ဒီမင်္ဂလာပျက်ယွင်းသွားရင် စည်းစိမ်လည်းပျက်၊ ဂုဏ်သိန်လည်းလျှော့ကျ၊ လူလုံးမလှ၊ ဘဝအခြေပျက်စေတယ်။

မယုံမရှိနဲ့ သားငယ်။ လက်တွေ့သာဓကပြစရာ တစ်ပုံကြီးပါပဲ။ အမေ့ရဲ့ ဆွေမျိုးတစ်ယောက်ပေါ့၊ ငယ်စဉ်က ရိုးသား၊ ကြိုးစားပြီး ပညာထူးချွန်လာသူ၊ ဝန်ထမ်းဘဝမှာလည်း အလုပ်တာဝန်ကို ကျေပွန်လို့ နိုင်ငံရပ်ခြားကိုလည်း အခါခါသွားရသူ ။ ရာထူးအဆင့်ဆင့်တက်၊ ညွှန်ကြားရေးမှူးဖြစ်ကာနီးမှ "အရက်သမား အမှားကမ္ဘာ" ဖြစ်ပြီး အတ္တသမ္မာ ပဏိဓိ မင်္ဂလာ ပျက်ယွင်းသွားခဲ့တယ်။ ပင်စင်လစာတောင် ခံစားခွင့်မရ၊ အလုပ်ပြုတ်ခဲ့ရတယ်။ လုပ်သက် ၂၇ နှစ်လေ၊ နှမြောစရာကောင်းလိုက်တာ။ အမေတို့မြို့က အရာရှိကြီးတစ်ဦးလည်း ငွေစာရင်းအမှားကြီးကွာလို့ အလုပ်ပြုတ်ရုံမက ထောင်ကျသွားတယ်။ အနှစ် ၂၀ တဲ့။

http://www.dhammadownload.com

ဘောလုံးလောင်းလို့၊ နှစ်လုံးထိုးလို့၊ ချဲထိုးလို့၊ ရှိသမျှ စည်းစိမ်ပြုတ်ပြီး အခြေပျက်သွားကြတဲ့ လူတွေလည်း အခုခေတ်မှာ မြင်တွေ့နေရတာ များးမှများပါပဲ သားငယ်ရယ်။

အမေတို့မြို့က ဆွေမျိုးတော်သူတစ်ဦးမှာ ဆီးချိုရောဂါရှိတယ်။ သူကိုယ်သူ ဆင်ဆင်ခြင်ခြင် စားတယ်၊ နေတယ်၊ ဆရာဝန်ပေးတဲ့ဆေး မှန်မှန်သောက်တယ်။ အခုထိ အသက်ရှည်ပြီး၊ သူ ဝါသနာပါရာ စာရေးသားနေတုန်းပါပဲ။ သူနဲ့ သက်တူရွယ်တူ၊ ရောဂါတူသူတစ်ယောက်ကတော့ အစားအသောက်၊ အနေအထိုင် မဆင်ခြင်ဘူး။ ဆေးမှန်မှန် မသောက်ဘူး။ မိမိကိုယ်ကို စောင့် ရှောက်မှုမရှိတော့ အသက်ဆုံးရှုံးသွားတယ်။

အမေ့ရဲ့ တပည့်တချို့လည်း ၁၀ တန်း အောင်စဉ်က ဂုဏ်ထူးတွေနဲ့ပေါ့။ တက္ကသိုလ်ရောက်မှ မိဘအထိန်းအကွပ်နဲ့ဝေး၊ မိမိကိုယ်ကို မစောင့်ထိန်းနိုင်တော့ ဆေးစွဲပြီး လူညွှန့်ကို တုံးရော၊ ဘဝကိုဆုံးရော။

ဒီအတိုင်းပဲ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ချမ်းသာရေးတို့ကို အတ္တ သမ္မာ ပဏိဓိက လူသားတစ်ယောက်အတွက် လွန်စွာ အရေးပါလှတယ်။

ဒီမင်္ဂလာပြည့်စုံရင် မင်္ဂလာအတော်များများ ပြည့်စုံတယ်။ မပြည့်စုံရင် နောက်ဆက်တွဲ အကျိုး ဆက်တွေက ဘဝပျက်တဲ့အထိ၊ အသက်ဆုံးတဲ့အထိ ကြုံရတယ်။ အလွန်ခါးသီးလှတယ်ကွယ်။

ဒီတော့ သားငယ်ရေ ကြိုးစားအားထုတ်ရေး၊ ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာရေး၊ စိတ်ကောင်း ထားရေးအတွက် လမ်းညွှန်ပေးတဲ့ အတ္တသမ္မာ ပဏိဓိမင်္ဂလာကို အမြဲသာ ဆောင်ထားပေတော့ ကွယ်။

မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ။

http://www.dhammadownload.com

# မိမိကိုယ်ကို ကောင်းအောင်ထိန်းလို့ မဝှမ်းစေနဲ့ ဆောက်တည်လေ - ၂

သားငယ် ဖွဲ့

မင်္ဂလာစာတွေဖတ်ပြီး မင်္ဂလာရှိအောင် မိမိကိုယ်ကို ကောင်းအောင် စောင့်ထိန်းနော်။ လူမိုက် လူယုတ်မာကိုရှောင်၊ ပညာရှိကိုပေါင်း၊ ပူဇော်ထိုက်သူကိုပူဇော်၊ သင့်တင့်လျောက်ပတ်တဲ့ အရပ်မှာ နေ၊ ရှေးကပြုခဲ့ဖူးတဲ့ ကောင်းမှုလည်းရှိ၊ မိမိကိုယ်ကို ကောင်းအောင်ထိန်းဆိုတဲ့ မင်္ဂလာ ၆ ပါးကို ရေးပြပြီးခဲ့ပြီ။

အဲဒီမင်္ဂလာ ၆ ပါးထဲမှာ "သမ္မတ္တိစက် ၄ ပါး"ပါတယ်။ အခြေခံကြီးပွားချမ်းသာစေတဲ့၊ မင်္ဂလာတရားလေးပါးဖြစ်တယ်။ အဲဒီလေးပါးထဲမှာ ပဏ္ဍိတာနဉ္စ သေဝနာမင်္ဂလာ = ပညာရှိ သူတော်ကောင်းကို မှီခိုရခြင်းကို "သပ္ပုရိသူပနိဿယစက်"လို့ခေါ်တယ်။ "ကလျာဏမိတ္တတာ"လို့ လည်း ခေါ်တယ်။ "မိတ်ဆွေကောင်းရှိသူ"လို့လည်း အဓိပ္ပါယ်ရတယ်။ မိတ်ကောင်း၊ ဆွေကောင်း၊ ဆရာကောင်းရှိခြင်းဟာ အရာရာအောင်မြင်စေဖို့ ပထမအချက်ပဲ။

ပတိရူပဒေသဝါသောစ= သင့်လျော်သောအရပ်၌ နေရခြင်းဆိုတဲ့ "ပတိရူပဒေသဝါသစက်"။ ဒီအချက်ကလည်း အရာရာအောင်မြင်ဖို့ အကြောင်းတစ်ပါးပဲ။

မင်္ဂလာတရားတော်အနေနဲ့ ပြောရရင် ရှေးက ကုသိုလ်ကောင်းမှုပြုလုပ်ခြင်း၊ ကြိုတင်ပြင်ဆင် လုပ်ကိုင်ဆောင်ရွက်ခြင်းဟာ "ပုဗ္ဗေစကတပုညတာစက်" လို့ ခေါ်တယ်။ အရာရာအောင်မြင်ခြင်းရဲ့ အကြောင်းတစ်ပါးလည်း ဖြစ်တယ်။

ကိုယ်နှုတ်နှလုံး ကောင်းစွာထိန်းခြင်းဆိုတာ အတ္တ သမ္မာ ပဏိဓိ မင်္ဂလာခေါ်တဲ့ "အတ္တသမ္မာ ပဏိဓိစက်" ဖြစ်တယ်။ ပညာရေး အောင်မြင်စေရန်၊ မိမိဘဝတိုးတက်ကြီးပွားစေရန်၊ ကြီးပွားလာ သည့် အခြေအနေကို မဆုတ်ယုတ်စေရန် အလွန်အရေးပါတဲ့ အချက်တစ်ချက်ဖြစ်တယ်။ အတ္တ သမ္မာ ပဏိဓိမင်္ဂလာနဲ့ ပြည့်စုံပါမှ အောင်မြင်မှုကို ရေရှည်ထိန်းသိမ်းထားနိုင်မယ်။ ကြီးပွားချမ်းသာ နေသူတွေ အောင်မြင်မှု သရဖူဆောင်းနေသူတွေ အတ္တသမ္မာပဏိဓိ မရှိတော့တာနဲ့ ချမ်းသာခြင်း တွေ၊ အောင်မြင်ခြင်းတွေ အကုန်ရပ်ဆိုင်းကုန်တော့တာ သားငယ်ရဲ့။ အရင်စာထဲမှာ နီးစပ်ရာ လက်တွေ့ သာဓကတွေ ရေးပြပြီးပြီလေ။

ဒီအချက်လေးချက်ကို "သမ္မတ္တိစက်၄ပါး"လို့ခေါ်တယ်။ ဒီလေးချက် ပြည့်စုံရင် သမ္မတ္တိစက် လည်တာပဲ။ ဗုဒ္ဓနည်းကျ လိုရာကိစ္စ ပြီးပြည့်စုံမှုအတွက် ကြောင်းကျိုးဆက် သမ္မတ္တိစက်လေးပါး လို့ ခေါ်တယ်။ အဆက်မပြတ် လည်ပတ်သွားတတ်လို့ စက်လို့ ခေါ်တယ်ကွဲ့။

http://www.dhammadownload.com

အတိတ်ဘဝက ကုသိုလ်ကောင်းမှုတွေ ကြိုတင်လုပ်ခဲ့မှုကြောင့် သမ္ပတ္တိစက်လည်ပုံကို ရှင်းပြဦးမယ်။ အတိတ်ဘဝက ကုသိုလ်ကောင်းမှုတွေ ကြိုတင်ပြုလုပ်ခဲ့ရင် အရပ်ကောင်းမှာ နေရမယ်။ ပညာရှိသူတော်ကောင်းနဲ့ ပေါင်းသင်းရမယ်။ မိတ်ကောင်း၊ ဆွေကောင်း၊ သူတော်ကောင်းနဲ့ တွေ့မယ်။ သူတော်ကောင်းတို့ကို မှီခိုရမယ်။ ကိုယ်နှုတ်နှလုံး စောင့်ထိန်းနိုင်ပြီး လိမ်လိမ်မာမာ နေထိုင်ကြလို့ အောင်မြင်မှုတွေ ပြည့်စုံမယ်။ ဒီအခါ ကောင်းမှုတွေ ထပ်လုပ်မိမယ်။ ကြိုတင်ပြင်ဆင်မှုတွေ လုပ်မယ်။ ပိုပြီးကောင်းတဲ့ အရပ်ကောင်းမှာ နေရပြန်မယ်။ ပညာရှိသူတော်ကောင်း၊ မ,စချီးမြှင့်သူ၊ မိတ်ဆွေကောင်းနဲ့ ပေါင်းသင်းခွင့် ရမယ်။ ဒီလိုနဲ့ တစ်ဆင့်ထက်တစ်ဆင့်၊ မြင့်တဲ့ အရပ်ဒေသဆီ ရောက်မယ်။ လောကုတ္တရာအနေနဲ့ပြောရရင် မဂ်ဖိုလ်နိဗ္ဗာန်တိုင် ရောက်နိုင်ပါသတဲ့။ ဒါကို စက်လည်တယ်လို့ ခေါ်တယ်။ စက်လိုပါပဲ၊ တစ်ချက်ချက် ချို့ယွင်းသွားရင်တော့ စက်ရပ်သွားပြီပေါ့။

အတိတ်ဘဝက ကုသိုလ်ကောင်းမှုတွေ ကြိုတင်ပြုလုပ်ခဲ့မှုကြောင့် သမ္ပတ္တိစက်လည်သလို ပစ္စုပ္ပန်ဘဝမှာလည်း သမ္ပတ္တိစက်လည်စေတဲ့ အချက်ကလည်း အထက်က ဖော်ပြခဲ့တဲ့ အချက်လေးချက်ပါပဲ။ ရှေ့နောက်တော့ နည်းနည်းကွဲပြားတယ်။ မိတ်ဆွေကောင်းနဲ့တွေ့ရင် အရပ်ကောင်း၊ နေရာကောင်းမှာ နေရမယ်။ ကောင်းတာတွေကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ပြီး၊ ကိုယ်နှုတ်နှလုံး ထိန်းသိမ်းပြီး လိမ်လိမ်မာမာနေရင်ဖြင့် သမ္ပတ္တိစက်ကြီးလည်ပြီး၊ အောင်မြင်မှုတွေရပြီး အလိုဆန္ဒပြည့်ဝပြီ၊ ဘဝအခြေ မြင့်ပြီ။

ဥပမာပြရရင် အမိုကောင်းတွေလို့ ချီးမြှောက်မှုခံရရင် နေရာကောင်းရမယ်။ နိုင်ငံရပ်ခြားပညာသင်ခွင့်ရမယ်။ ကိုယ်ကြိုးစားရင် ကြိုးစားသလို အကျိုးခံစားခွင့်တွေ ရသွားနိုင်တယ်ပေါ့။ မြင့်သထက် မြင့်သွားတော့မယ်လေ။

သားငယ်ရေ၊ အမိုကောင်းရနေပါလျက် ဆင်းရဲနေကြသူတွေ ဉာဏ်ဝီရိယဖြင့် ကြိုးစားနေကြပါလျက် ဆင်းရဲနေကြသူတွေ သူများလုပ်ကိုင်လို့ ကြီးပွားချမ်းသာသွားတဲ့နေရာမှာ မိမိလုပ်ကိုင်ပေမယ့် အလုပ်မဖြစ်သူများလည်းရှိကြပါတယ်။ တစ်ခါတစ်ရံ ဉာဏ်ဝီရိယဖြင့် အားမထုတ်ရဘဲ ပစ္စည်းဥစ္စာတိုးတက် ချမ်းသာသူများကိုလည်း တွေ့ရတတ်ပါတယ်။ အတိတ်ကံကြောင့်လို့ ပြောရမှာပဲ။

ပုဗ္ဗေစ ကတ ပုညတာ မင်္ဂလာပြည့်စုံရင် ကျန်မင်္ဂလာ အခြေခံမင်္ဂလာသုံးပါးနဲ့လည်း အလိုအလျောက် ပြည့်စုံလာနိုင်တယ်။ ဒါကြောင့် ပုဗ္ဗေစ ကတ ပုညတာ မင်္ဂလာဟာ အရင်းမူလ အဓိက ပဓာနအကျဆုံးပဲ။

ပုဗ္ဗေစ ကတ ပုညတာကို အတိတ်ကံအပြင် အမှုကိစ္စမတိုင်ခင် ကြိုတင်ပြင်ဆင်ခြင်းဆိုတဲ့ အဓိပ္ပာယ်လည်း ယူလို့ရတယ်။ ဘာကိုပဲလုပ်လုပ်၊ ကြိုတင်ပြင်ဆင်တာ အကောင်းဆုံးပဲ။ "ကြိုတင်ပြင်ဆင်အောင်ပွဲဝင်" လို့တောင် အဆိုရှိတယ်မို့လား။

မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။

http://www.dhammadownload.com

# တတ်ကောင်းတတ်ရာ ဗဟုသုတကို ကြားမြင်သုတ ရှိပါစေ

သားငယ် ခွဲ

အိုင်တီခေတ်မှာတော့ လိုချင်တဲ့အကြောင်းအရာကို အင်တာနက်မှာ ရှာလိုက်ရုံနဲ့ အစုံအလင် သိခွင့်ရနေပြီ။ သိပ်ကို လွယ်ကူနေပြီနော်။ အရင်ခေတ်ကတော့ "သက်ကြီးစကား သက်ငယ်ကြား" ဆိုတာကို လူကြီးသူမ ပြောစကားတွေ နာခံမှတ်သားရတယ်။ ခက်ခက်ခဲခဲ ပညာဗဟုသုတ ရှာမှီးကြရတယ်။ နောက်မှ စာအုပ်တွေ ပေါ်များလာလို့ စာဖတ်ခွင့်ကြုံတယ်။ အခု ထိုင်ရာမထ သိချင်တာတွေ ရနိုင်နေပြီ။

ဗာဟုသစ္စဉ္စ၊ ဧတံ မင်္ဂလမုတ္တမံ။
အကြားအမြင် ဗဟုသုတများခြင်းသည် မြတ်သောမင်္ဂလာမည်၏။

သားငယ်ရေ၊ အရင်ခေတ်ကလည်း စာပေပညာမှာ ဝိဇ္ဇာပညာ၊ သိပ္ပံပညာလို့ ပညာနှစ်မျိုး ခွဲထားတယ်။ ကျက်မှတ်ရတဲ့ နှုတ်မှုပညာကို "ဝိဇ္ဇာ"၊ ကိုယ်နဲ့လက်နဲ့လုပ်ရတဲ့ လက်မှုပညာကို "သိပ္ပံ"ဆိုပြီး ခွဲကြတယ်။ ဝိဇ္ဇာသမားတွေက သိပ္ပံသမားတွေထက် ပိုဂုဏ်ရှိတယ်ဆိုပဲ။

အခုခေတ်က သိပ္ပံသမားက ပိုဂုဏ်ရှိတယ် ထင်ကြတယ်မို့လား။ အထင်တွေက မတည်မြဲပါဘူးကွယ်။ ဝိဇ္ဇာကမြင့်တယ်၊ သိပ္ပံကမြင့်တယ်ဆိုတဲ့ အမြင်တွေက ခေတ်အခြေအနေနဲ့ ပညာရေးစနစ်ပေါ်မှာ မူတည်တယ်။ အခြေခံအလယ်တန်းဆင့် ၈ တန်း အောင်စာရင်းမှာ အမှတ်မြင့်သူက ၉ တန်းမှာ သိပ္ပံယူခွင့်၊ အမှတ်နည်းသူက ဝိဇ္ဇာပဲ ယူခွင့်ရတော့ သိပ္ပံက မြင့်တယ်လို့ ယူဆကြတယ်။

၁၀ တန်းအောင်တော့ အမှတ်မြင့်သူမှသာ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်တက်ခွင့်ရတော့ စီးပွားရေးတက္ကသိုလ်ကို တက်ခွင့်ရသူတွေက ဝိဇ္ဇာသမားပေမယ့် သိပ္ပံသမား မရောက်ရသူတွေထက် အဆင့်မြင့်တယ် ယူဆကြပြန်ရော။ အလုပ်ခွင်ရောက်ကြတော့ စီးပွားရေးတက္ကသိုလ် ဆင်းသူတွေက မြို့ကြီးမှာ၊ ကုမ္ပဏီတွေမှာ လခကောင်းကောင်းရပြီး၊ အင်ဂျင်နီယာတွေက တောထဲ တောင်ထဲမှာ အရာရှိလေးဆိုသော်လည်း ဝိဇ္ဇာသမားလောက် လစာမရကြပြန်ဘူး။ စီမံအုပ်ချုပ်သူနေရာမှာလည်း ဝိဇ္ဇာသမားတွေ ဖြစ်နေတယ်။ သိပ္ပံသမားက စီမံရာနာခံရသူ၊ စေလိုရာစေဘာဝ။ အခြေအနေလိုက်ပြီး သိပ္ပံက မြင့်တယ်ထင်လိုက်၊ ဝိဇ္ဇာကမြင့်တယ်ထင်လိုက် ဖြစ်နေရော။

အကြားအမြင် ဗဟုသုတများခြင်းဆိုတာ ပညာတတ်ခြင်း၊ စာတတ်ခြင်း အဓိပ္ပာယ်ပါ။ ဗဟုသုတ မင်္ဂလာရဲ့ ဆိုလိုရင်းကတော့ ပညာတတ်ဖြစ်ဖို့ပါပဲ။

http://www.dhammadownload.com

"ပညာကို တတ်ရုံမဟုတ်သေးဘူး။ ကောင်းမြတ်တဲ့ ရည်ရွယ်ချက်ဖြင့် သင်ယူပြီး၊ အများ အကျိုး သယ်ပိုးဆောင်ရွက်ရာမှာ အသုံးပြုမှုသာ၊ လောကအတွက် ပြန်ပြီး ကျေးဇူးပြုမှုသာ မင်္ဂလာဖြစ်တယ်" သားငယ်ရဲ့။ ကိုယ်တတ်တဲ့ပညာကို အကြောင်းပြုပြီး မာန်တက်ခဲ့ရင် မင်္ဂလာ မဖြစ်ဘူးတဲ့။ မင်္ဂလာမဖြစ်ရင် ကုသိုလ်မဖြစ်ဘူး။ ကုသိုလ်မဖြစ်တော့ သုဂတိဘုံ မရောက်နိုင်ဘူး။ လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးများ မရနိုင်ဘူး။ ဆက်တွေးရင် သိနိုင်တယ်လေ။

ပညာကို အလင်းရောင်နဲ့ ဥပမာပေးကြတယ်။ ကိုယ်က ပညာတတ်ပြီး အလင်းရောင်ဖြန့်ဝေပေးရင် အမှောင်မဖုံးတော့ဘူးပေါ့။ ပညာတတ်သူတိုင်းကသာ ဗဟုသုတမင်္ဂလာကို ဆောင်လိုက်ရင် လူမျိုးတစ်မျိုးလုံး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ပြီပေါ့။

ပညာမတတ်ဘူး၊ ပညာတတ်သူတွေက အများအကျိုး မသယ်ပိုးဘူးဆိုရင် သူများနောက်မှာ ကျန်ခဲ့မှာပဲ။ တစ်မျိုးသားလုံးကျန်ခဲ့မှာ၊ တစ်ပြည်လုံးကျန်ခဲ့မှာ။ ဒါကြောင့် လူငယ်တွေ ပညာကို ကြိုးစားသင်ယူသင့်ပါတယ်။ အောင်လက်မှတ်ရရုံမဟုတ်ဘဲ ပညာရအောင်ကို အပတ်တကုတ် ကြိုးစားရပါမယ်။

သမိုင်းကြောင်းကိုပြန်ကြည့်ရင် အကြားအမြင် ဗဟုသုတမရှိလို့ သူ့ကျွန်အဖြစ် ခံခဲ့ကြရတာ တွေ့ရမှာပါ။ ဒါကြောင့် ကိုလိုနီခေတ်မှာ အမျိုးသားကျောင်းတွေထူထောင်ပြီး ကိုယ့်အမျိုးသားတွေကို စာသင်ပေးခဲ့ကြတယ်။ ဒီဘက်ခေတ်မှာ တစ်နိုင်ငံလုံး စာမတတ်သူ ပပျောက်ရေးအတွက် အစိုးရနဲ့ပြည်သူ လက်တွဲကူပြီး ကြိုးစားခဲ့ကြရတယ်မို့လား။

စာမတတ်ရင် အသိပညာ၊ ဘာသာရေး ဗဟုသုတ နည်းမယ်။ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ အဖက်ဖက်က နစ်နာဆုံးရှုံးမယ်။ ဒီလိုမဖြစ်ရအောင် တစ်ပြည်လုံး စာတတ်မြောက်အောင် လုံးပမ်းပြီး အခု နိုင်ငံအဝန်းမှာ စာကြည့်တိုက်တွေ ဖွင့်နေပြီ။

အကြားအလပ်မရှိ ဗဟုသုတ မင်္ဂလာရအောင် လုပ်ဆောင်ပေမယ့် ကျန်နေသေးတယ်ကွဲ့။ ကျန်းမာရေးအသိဉာဏ်မဲ့လို့ ဆုံးရှုံးရပုံတွေ ပြောရဦးမယ်။ မသေသင့်ဘဲ သေတာတွေက ရှိနေသေးတယ်။ ကျေးလက်တောရွာအချို့ရဲ့ အစွဲအလမ်းက တောထဲမှာအလုပ်လုပ်ပြီး ကျန်းမာရေး မကောင်းကြရင် တောကြောင့် တောင်ကြောင့်လို့ ထင်ကြတယ်။ ပယောဂဆရာပင့် ကုကြတယ်။ နတ်ဆရာပင့် ကုကြတယ်။ ဆရာတွေကလည်း တတ်ယောင်ကားနဲ့ အရမ်းကုကြတော့ သေဆုံးကြရတယ်။

တချို့မိန်းကလေးတွေမှာ ဓမ္မတာမမှန်လို့ ငိုလိုက်ရယ်လိုက်ဖြစ်ကြရာမှာ ပယောဂ ဆရာ ရိုက်နှက်ထုကြရင်းနဲ့ အသက်ဆုံးကြရတယ်။ မိဘ၊ ဆွေမျိုးများ မျက်စိအောက်မှာကို ရိုက်ကြတာတဲ့။ မိန်းကလေးမှာ ကူကယ်မယ့်သူ ဝေးခဲ့ရရှာတယ်။

ပိုဆိုးတာက အချို့ မိအို၊ ဖအိုတို့ စိတ်ဖောက်ပြန်တာ (သူငယ်ပြန်တာ) ကို ဖုတ်ဝင်တယ် ထင်ကြပြန်တယ်။ ကျွေးသမျှ ဖုတ်ကစားတာဆိုပြီး မကျွေးကြ။ မကျွေးတော့ လူအလစ်မှာ ကိုယ်တိုင်ထ ရှာစားကြတယ်။ ဖုတ်သေချာပြီလို့ ထင်ကြပြန်ရော။

http://www.dhammadownload.com

ပင့်ထားတဲ့ဆရာက ပယောဂကြောင့်ဆိုရင် ပယောဂလိုက်ကြတယ်။ ဖုတ်ဝင်တာဆိုရင် ဖုတ်ဝင်လိုက်ကြ၊ ဖုတ်ထုတ်ပေးမယ်ဆိုရင် လက်ခံလိုက်ကြ၊ ရိုက်သမျှ ဖုတ်ကောင်ခံရတာ ဆိုပြန်တော့ ယုံလိုက်ကြတယ်။ ကျန်းမာရေး အသိပညာ နည်းလိုက်ပုံက ဖုတ်ဝင်ခြင်း၊ ဥစ္စာစောင့်ကခေါ်ခြင်း၊ လူပြုစား၊ နတ်ဝင်ခြင်းတို့က အခုခေတ်ထိ မပျောက်မပျက် ရှိနေသေးတယ်ကွဲ့။

အမေတာဝန်ထမ်းဆောင်ခဲ့တဲ့ အညာကမြို့မှာ အထက်တန်းပြဆရာမတစ်ဦးရဲ့ ၆ နှစ်အရွယ်သားကလေး ခင်ပွန်းခရီးထွက်နေတုန်း ဝမ်းလျှောတာကို နတ်ကတော်ပင့် ကုတယ်။ ဆေးရုံနဲ့ထောင့်အရပ် မတည့်ဘူးဆိုလို့ ဆေးရုံကို အချိန်မီ မတင်လိုက်မိတာ အသက်ဆုံးပါရောလား။ အဖေဖြစ်သူ အသက်တောင် မမီရှာဘူးလေ။ ကျန်းမာရေးအသိရှိမှ ကိုယ်ကျန်းမာအောင်၊ အသက်ရှည်အောင် စောင့်ရှောက်တတ်မယ်။

ဘာသာရေးမှာလည်း ဗဟုသုတနည်းရင် ကိုးကွယ်မှုတွေ မှားကြပြန်တယ် သားငယ်ရဲ့။ သားသမီးကို သမ္မာဒိဋ္ဌိ လမ်းကြောင်းမှန်ပေါ် တင်မပေးနိုင်ဘူး။ မိစ္ဆာလမ်းကြောင်းပေါ်သာ ပို့ပေးနေကြတာ။ မိဘကိုယ်တိုင်က ကိုယ်ကိုးကွယ်ဆည်းကပ်တဲ့ ဗုဒ္ဓဘာသာအကြောင်းကို နက်နက်ရှိုင်းရှိုင်းမသိတော့ အိမ်တွင်းသာသနာ မပြုတတ်ကြဘူး။ ကိုယ့်သားသမီး ဆွေမျိုးသားချင်းများ အခြားတစ်ပါး ဘာသာခြား အယူဝါဒနောက် ပါသွားကြရော။ ဆရာတော်ကြီးတစ်ပါးရဲ့ ဩဝါဒစကားတစ်ခုကိုလည်း သတိရလိုက်မိတယ်။ "ဒကာမတစ်ယောက်ကို ဆုံးရှုံးလိုက်ရတာဟာစစ်သား ၅၀၀ ကို ဆုံးရှုံးလိုက်ရတာနဲ့ အတူတူပါပဲ"တဲ့ ။

သာသနာကို အလေးမထားတဲ့ မျိုးမစစ်ကလေးတွေကို ကိုယ့်သမီးက မွေးထုတ်ပေးတော့မှာလေ။ ဘာသာရေး ဗဟုသုတ အကြားအမြင်ရှိမှ အမျိုးဘာသာသာသနာကို ထိန်းသိမ်း စောင့်ရှောက်တတ်မယ်မို့လား။

အလိမ်မခံရအောင် အကြားအမြင် ဗဟုသုတရှိရမယ်တဲ့။ ဒါပေမယ့် အလိမ်ခံရသူတွေကတော့ ဆက်လက်အလိမ်ခံနေကြရတာပါပဲ။ စဉ်းစားဆင်ခြင်ဉာဏ်ပါ ဖြည့်ပေးမှ အလိမ်မခံရမှာ။ ဘာလို့လဲဆိုတော့ လိမ်နည်းတွေက အဆန်းမှ မဟုတ်တာ။ ကြားဖူးပြီးသားချည်းပဲကိုး။

လူဆိုတာ လောဘမသတ်နိုင်ကြဘူးလေ။ "ရွှေနှစ်ဆပွားပေးမယ် ချက်ချင်းကြီးပွားမယ်၊ အကြီးအကျယ်ပေါက်မယ့်ဂဏန်းပဲ ထိုးသာထိုး"စသဖြင့် မက်လုံးကလေးတွေပေးတော့ မရိုးနိုင်တဲ့ ဘိုးတော်တို့ နတ်ကတော်တို့ရဲ့ အလိမ်အညာခံကြရဆဲမို့လား။ အခုခေတ် အိမ်ယာမြေ၊ ဝန်းခြံတို့၊ ကားတို့ ဝယ်မယ် ရောင်းမယ် ဆိုပြန်တော့ ပွဲစားတို့ရဲ့ ရိုက်စားစက်ကွင်းက မလွတ်ပြန်ဘူး။ ဗဟုသုတ မင်္ဂလာရှိပါမှ လိမ်ညာခံရခြင်းက လွတ်ကြမယ်။

လောကီလောကုတ္တရာ နှစ်ဖြာသော အကြားအမြင် ဗဟုသုတများပြားအောင် ပညာရှိတို့ရဲ့စကားကို နာယူမှတ်သားခြင်း၊ ဟောပြောပွဲ၊ တရားပွဲ၊ တီဗွီသတင်း၊ ရေဒီယိုသတင်းများ နားထောင်ခြင်း၊ စာအုပ်စာတမ်းများ ဖတ်ရှုလေ့လာခြင်းတို့ ပြုကြရမယ်။ စက်ရုံ၊ အလုပ်ရုံ ကျေးလက်တောရွာများသို့ ကိုယ်တိုင်သွားရောက် လေ့လာရမယ်။ နေ့စဉ်တွေ့ထိနေရတဲ့ မိမိဘဝပတ်ဝန်း

http://www.dhammadownload.com

ကျင်ကိုလည်း လေ့လာမှတ်သားရမယ်။ စာတွေသာမက လက်တွေ့ဘဝမှာပါ ရှာရမယ်။ စုဆောင်းရမယ်။ မျက်စေ့ဖွင့် နားစွင့်ထားကြရမယ်လေ။

များပြားလှတဲ့ ဗဟုသုတများကို လူတစ်ယောက်အနေနဲ့ ကုန်စင်အောင် မလေ့လာနိုင်ပေဘူးပေါ့။ ကိုယ့်ဘဝနဲ့ စပ်ဟပ်တဲ့ ဗဟုသုတကို ပြည့်စုံအောင် ဆည်းပူးပြီး ပြောပြောခွင့်ကြုံရင်လည်း ဟောပြောနိုင်ရမယ်။ အကူအညီ ပေးခွင့်ကြုံရင်လည်း ပေးနိုင်စွမ်းရှိရမယ်။ ဆည်းပူးထားသမျှ အကြားအမြင်တို့ကို လိုရင်ထုတ်သုံးနိုင်စွမ်းရှိပါမှ မင်္ဂလာမည်တယ် သားငယ်ရေ့။ သိုသိပ်ထားရင်တော့ မီးတိုင်ကို ထွန်းညှိကိုင်ဆောင်ထားတဲ့ မျက်မမြင်နဲ့ တူပါတယ်။

နိုင်ငံရပ်ခြားမှာ သားငယ်ပညာသင်ကြားနေခြင်းဟာ "ငါ့တိုင်းပြည်၊ ငါ့လူမျိုးအတွက် ဖြစ်ရမယ်။ ပညာပြည့်စုံရင် ငါ့တိုင်းပြည်၊ ငါ့လူမျိုးအတွက် အကျိုးပြုလုပ်ငန်းတွေလုပ်မယ်" ဆိုတဲ့ ရည်ရွယ်ချက်ထားပြီး အစွမ်းကုန်ကြိုးစားပါကွယ်။ ဒါမှ ဗဟုသုတ မင်္ဂလာရမယ်။

မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ။

http://www.dhammadownload.com

# အိုးအိမ်တည်ထောင် ဝမ်းစာရေးနဲ့ အသက်မွေးဖို့ အတတ်သင်လေ

သားငယ် ဖွဲ

အမေတော့ အိမ်မှာ ချက်ပြုတ်၊ ဖွပ်လျှော်၊ သန့်ရှင်းရေးလုပ်နဲ့ တစ်နေ့တာအချိန် ကုန်သွားရတယ်။ မင်္ဂလသုတ်ကို သေချာလေ့လာတော့မှ အမေ နေ့စဉ် လုပ်နေတာတွေက သိပ္ပပညာတွေကို အသုံးချနေတာပါလားလို့ သိရတော့တယ်။ ရှေးက လက်မှုပညာ၊ စက်မှုပညာကို သိပ္ပပညာလို့ အဓိပ္ပာယ်ဖွင့်ဆိုထားတယ်။ သိပ္ပပညာ ၆၄ မျိုးတောင်ရှိတယ်။ အချက်အပြုတ်ပညာ၊ လျှော်ဖွပ်ပညာလည်း ပါဝင်သတဲ့။

သိပ္ပဉ္စ၊ ဧတံ မင်္ဂလမုတ္တမံ။
လက်မှုပညာတစ်ခုခုကိုတတ်မြောက်ခြင်းသည်မြတ်သောမင်္ဂလာမည်၏။

မိန်းကလေးများ ဝင်ငွေရအောင် မရှာနဲ့ဦးတော့။ ထွက်ငွေယိုပေါက် ပိတ်ဆို့နိုင်ရင်ကို သိပ္ပမင်္ဂလာရှိနေပြီလို့ ဆိုရမှာပါပဲ။ အခုခေတ်မှာ အမေတို့ အမျိုးသမီးတွေက ငွေယိုပေါက်ကိုလည်း ပိတ်ရတယ်။ အသက်မွေးဝမ်းကျောင်း အတတ်ပညာတစ်ခုခုကို တတ်မြောက်ရပြီး ဝင်ငွေလည်း ရှာနိုင်စွမ်းရှိကြတော့ ထပ်ဆင့်သိပ္ပမင်္ဂလာ ရနေသူတွေလို့ ဆိုရမှာပေါ့နော်။

သိပ္ပဉ္စမှာ စက်မှုပညာ၊ လက်မှုပညာ၊ အတတ်ပညာတို့နဲ့ သိပ္ပံပညာတို့ ပါဝင်တယ်။ သိပ္ပံပညာဆိုတာက ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ၊ ဘူမိဗေဒ စတာတွေပေါ့ကွယ်။ ဒီမင်္ဂလာက လက်နဲ့ ခြေကို အသုံးဝင်အောင် အတတ်သင်ပေးတာဖြစ်လို့ လက်နဲ့ခြေကို အလှဆင်ပေးတဲ့ မင်္ဂလာလို့ တင်စားနိုင်တယ်။ သေးနုပ်တယ်ထင်ရတဲ့ ပညာရပ်ကိုပဲ တတ်မြောက်ကျွမ်းကျင်ရင် အသက်မွေးဝမ်းကျောင်းလို့ ရနေပြီ။ ရိုးရိုးသားသားနဲ့ စေတနာထားလုပ်ကိုင်လို့ကတော့ ကြီးပွားနိုင်ပါတယ်။

အမေ့ရဲ့ တပည့်ကလေးတစ်ဦး အဆင့်မြင့်ပညာသင်ယူခွင့် မရရှာဘူး။ စက်ဘီးပြင်ပညာ တတ်မြောက်ပြီး စက်ဘီးပြင်ဆိုင် ဖွင့်ထားတယ်။ အလုပ်ကျွမ်းကျင်တယ်။ ရိုးသားတယ်။ အလုပ်ကို လေးစားတယ်။ စနစ်တကျလည်း သုံးစွဲတတ်တော့ နှစ်များမကြာခင် နှစ်ထပ်တိုက်ကို တည်နိုင်သွားတယ်။

ရိုးသားကြိုးစားလုပ်လို့ စားနိုင်သောက်နိုင် ချောင်ချောင်လည်လည်ရှိတဲ့ ဖိနပ်ပြင်သမား၊ စာအုပ်ချုပ်သမားတွေလည်း တွေ့ဖူးတယ်။ တကယ်တော့ ကိုယ်လုပ်တဲ့အလုပ် ကျွမ်းကျင်ရမယ်။ လေးစားရမယ်။ စေတနာထားရမယ်။ ကိုယ်လျှောက်တဲ့လမ်းကို ဖြောင့်ဖြောင့်လျှောက်ဖို့ လိုတာပါ။ သေးငယ်တယ်ထင်ရတဲ့ အလုပ်ဟာလည်း ကိုယ့်ဘဝကို ရပ်တည်စေနိုင်ပါတယ်။ မိမိသာလျှင် အဓိကပါ သားငယ်။

http://www.dhammadownload.com

လူငယ်တစ်ယောက်အတွက် ဘဝမှာ ရွေးချယ်စရာ အတတ်ပညာတွေ အများကြီးနဲ့ ကြုံရတတ်ပါတယ်။ အထူးသဖြင့် ဆယ်တန်းအောင်ပြီးစ လူငယ်တစ်ယောက်အတွက် ပိုပြီး ကြုံရပါတယ်။ ပညာရေး ရှေ့မဆက်နိုင်သူများအဖို့ အသက်မွေးပညာရပ် တစ်ခုခုကို အချိန်မဖြုန်းဘဲ ရွေးရမယ်။ လုပ်ရမယ်။ အလုပ်ရွေးပြီး ဘာမှမလုပ်ဘဲ ယောင်ချာချာနေတာ မင်္ဂလာမရှိပါဘူး။

အဆင်မြင့်ပညာ သင်ခွင့်ရတဲ့သူတွေကလည်း စိတ်ဝင်စားတဲ့ဘာသာကိုရွေးပြီး ထိပ်ဆုံးရောက်အောင် ကြိုးစားသင့်တယ်။ အခုတော့ ဝါသနာပါတာ၊ မြတ်နိုးတာ လုပ်ချင်တာတွေထက် မိဘများရဲ့ဆန္ဒ ခေတ်စားတဲ့ဘာသာရပ်၊ ဂုဏ်ရှိတယ်ထင်တဲ့ဘာသာရပ်၊ ထိပ်ဆုံးကလို့ထင်တဲ့ ဘာသာရပ်တွေကိုပဲ ရွေးယူမိကြတာများတယ်။

မိဘဆန္ဒပြည့်အောင် ဆေးဘွဲ့ယူပေးပြီး ကိုယ်ဝါသနာပါတဲ့အလုပ် လုပ်နေကြတာတွေ တစ်ပုံကြီးပဲ။ လက်တွေ့ မြင်တွေ့နေရတာတွေက ဆရာဝန်ဘွဲ့ရပြီး ကုန်သည်လုပ်နေကြတယ်။ အင်ဂျင်နီယာလုပ်နေကြတယ်။ စန္ဒယားတီးနေကြတယ်။ ရုပ်ရှင်မင်းသား လုပ်နေကြတယ်။ စာရေးဆရာလုပ်နေကြတယ်။ စာအုပ်ထုတ်ဝေသူ လုပ်နေကြတယ်။ အချိန်တွေ နှမြောစရာကောင်းလိုက်တာ။

ကိုယ်ရတဲ့ ၁၀ တန်းအမှတ်နဲ့ အခြေအနေအရ ယူလိုက်ရတဲ့ ဘာသာရပ်ဖြစ်ဦးတော့ ယူမိတဲ့ဘာသာရပ်ကို အကောင်းဆုံးဖြစ်အောင် တည်ဆောက်ယူရပါ့မယ်။ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်ကို တက်ရောက်နိုင်ခဲ့ပေမယ့် ဘာမှ မထူးချွန်ဘဲ သာမန်ဘွဲ့ရရုံလောက်ရှိတာတွေ အများကြီးပါ။ မေဂျာလောက်ရပြီး ရှေ့ဆုံးရောက်အောင်ကြိုးစားတော့လည်း ပါရဂူဘွဲ့တွေရပြီး မြင့်မားနေကြတာလည်း ရှိနေတာပဲ။ ဒါကြောင့် ကိုယ်လျှောက်တဲ့ လမ်းကို ဖြောင့်ဖြောင့်လျှောက်နိုင်ဖို့လိုတာပါလို့ ရေးရခြင်းပါသားငယ်။

သားငယ်လည်း ပိုလီကျောင်းတက်ရတာ၊ ဒီပလိုမာဘွဲ့သာရတာဆိုပေမယ့် ဂုဏ်ငယ်တယ် မထင်ပါနဲ့။ ဒီပလိုမာရပြီး အလုပ်လုပ်ရင်း ရှေ့ဆက်ပညာယူစရာတွေရှိပါတယ်။ ပညာယူချင်စိတ်ရှိဖို့၊ ဆန္ဒပြင်းပြဖို့၊ ဝီရိယရှိဖို့ပဲ လိုတာပါ။

ပညာဆိုတာ ယူလို့ကို မကုန်နိုင်ပါဘူး။ အသက်ကြီးတဲ့သူတွေအတွက်လည်း လောကီပညာမလိုချင်တော့ပါဘူးဆိုရင် လောကုတ္တရာပညာတွေ ယူလို့ရတယ်။ သင်တန်းကျောင်းတွေ သွားမတက်ဘဲ အိမ်မှာ စာအုပ်တွေဖတ်ပြီး ပညာယူလို့လည်းရတယ်။ ဖတ်သင့်ဖတ်ထိုက်တဲ့ စာအုပ်ကိုဖတ်ဖြစ်အောင် ဖတ်ရမယ်။ ဒါမှ အသိပညာတွေ တိုးပွားမယ်။ ကိုယ့်ဘဝကို ကောင်းအောင်တည်ဆောက်နိုင်မယ်။ ဒါက သေဆုံးတဲ့အထိကို တည်ဆောက်သွားရမယ်။ ကောင်းအောင်အမြဲပြုပြင်လုပ်ဆောင်နေရမှာပါ။

စက်မှုလက်မှု အတတ်ပညာတွေ အဆင့်မြင့်လေ သိပ္ပမင်္ဂလာ ပိုမိုပြည့်စုံပြီး လူနေမှုအဆင့်မြင့်လေပါပဲ။ အခု ဆက်သွယ်ရေးအပိုင်းကိုပဲကြည့်လေ။ တစ်နိုင်ငံစီ မိုင်ပေါင်းကုဋေ ဝေးနေကြပေမယ့် ဖုန်းပြောလိုက်ရင် ကိုယ်တိုင်တွေ့ဆုံ စကားပြောရသလိုပါပဲ။ အီးမေးလ်နဲ့ ဆက်သွယ်ရတာလည်း မြန်မှမြန်။ တစ်ခဏနဲ့ ကမ္ဘာ့အရပ်ရပ်က သတင်းတွေ အလျှင်အမြန် သိနိုင်နေပြီ။ ကမ္ဘာရွာကြီးလို့ တင်စားနေရပြီ။

http://www.dhammadownload.com

သွားရေးလာရေးလည်း နာရီပိုင်းအတွင်း မိုင်ပေါင်းများစွာ ရောက်သွားနိုင်ပြန်ရော။ ဆေးကုသရေးလည်း လွယ်ကူနေပြီ။ စက်ကိရိယာကြီးတွေနဲ့ ရောဂါကို အလွယ်တကူ ရှာနိုင်နေပြီ။ အသုံးအဆောင်ပစ္စည်းတွေ ကြည့်အုံးမလား။ အဆင့်မြင့်ပြီး သုံးစွဲရတာ လူကိုသက်သာနေပြီလေ။ ချက်ပြုတ်၊ လျှော်ဖွပ်၊ လျှပ်စစ်အကူအညီ ကိရိယာပစ္စည်းတွေနဲ့ဆိုတော့ မြန်ဆန်သက်သာ၊ သိပ္ပမင်္ဂလာ အပြည့်အဝရနေတယ်။ လူတို့သက်သာစေကြောင်း၊ ချမ်းသာရစေကြောင်းဖြစ်လို့ သိပ္ပမင်္ဂလာလို့ ခေါ်နိုင်တာတဲ့။

သတ္တဝါတွေ သေကြေပြုန်းတီးပျက်စီးစေပြီး ဒုက္ခဆင်းရဲကိုဖြစ်စေတတ်တဲ့ လက်နက်အမျိုးမျိုးကို လုပ်ကိုင်တတ်တဲ့ သိပ္ပံအမျိုးအစားကိုတော့ ဘုရားအမှူးပြုတဲ့ သူတော်ကောင်းတွေက မချီးကျူးရုံသာမက စက်ဆုပ်တော်မူကြတယ်ကွဲ့။ မင်္ဂလာ မမည်ဘူးတဲ့။

"လူသားအကျိုးပြု အတတ်ပညာက သိပ္ပမင်္ဂလာဖြစ်ပြီး၊ လူသားတွေကို ပျက်စီးစေတဲ့ အတတ်ပညာက သိပ္ပသာမည်တယ်၊ မင်္ဂလာမဆိုထိုက်ဘူး" လို့ စစ်ကိုင်း ရွှေဟသံာ ဆရာတော်ဘုရားကြီးက မင်္ဂလသုတ်လက်စွဲမှာ ရေးထားတော်မူတယ်။

ဆရာတော်ဘုရားကြီးက ဆက်ရေးထားတော်မူသေးတယ်။ "နိုင်ငံနဲ့ လူမျိုးကိုချစ်ရင် မိမိဝါသနာပါရာ စက်မှုလက်မှုပညာရပ်များကို ကျွမ်းကျင်တတ်မြောက်အောင် သင်ယူကြရမယ်။ တတ်ပြီးပညာဖြင့် နိုင်ငံနဲ့လူမျိုးကြီးပွားစေကြောင်း ကိုယ်စွမ်းနိုင်ရာဌာနမှ သည်ပိုးထမ်းရွက်ရမယ်"တဲ့။

"နိုင်ငံတစ်ခု၊ အမျိုးသားတစ်ရပ် ကြီးပွားချမ်းသာရေးဟာ တစ်ဦးတည်းနဲ့မပြီးနိုင်၊ မအောင်မြင်နိုင်။ ပညာတတ်များအားလုံး ညီညီညွတ်ညွတ် ဝိုင်းဝန်းတာဝန်ထမ်းဆောင်မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံကြီးဖြစ်မယ်"လို့ ဆရာတော်ဘုရားကြီးဆိုထားတယ်။

တကယ့်ကို မှတ်သားသင့်တယ် သားငယ်။ ပညာသင်ယူမှု၊ ပညာဆည်းပူးမှုဆိုတာ အမြဲလုပ်နေရမယ့် အလုပ်လို့ မှတ်ရမယ်။ လူငယ်တစ်ယောက်အနေနဲ့ ပညာရေးနဲ့ လုံးဝမျက်ခြည်မပြတ်သင့်ဘူး။ အဲဒီတော့ ပညာဆက်သင်ပါ။ ဆက်ကြိုးစားပါ။ တတ်တဲ့ပညာဖြင့် ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကို အကျိုးပြုမယ်လို့ ရည်ရွယ်ချက် ခိုင်ခိုင်မာမာ ထားပါကွယ်။

မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ။

http://www.dhammadownload.com

# လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို ကောင်းစွာသင်ကြား နားလည်စေ

သားငယ် ဖွဲ

လစဉ် တယ်လီဖုန်းခွန်၊ လျှပ်စစ်မီတာခွန်တွေကို အမေ သွားဆောင်ရတယ်။ အခွန်ဆောင်တဲ့ နေရာမှာ တန်းစီစနစ်ရှိတော့ မကြာလှဘူး။ လူများတဲ့နေ့တောင်မှ ၁ နာရီကြာ တန်းစီလိုက်ရင် ကိစ္စပြီးစီးသွားတယ်။ စိတ်ရောလူပါ မပင်ပန်းဘူး။ သိပ်ကိုကောင်းတဲ့ စနစ်ပဲ။

ဘတ်စ်ကားမှတ်တိုင်မှာတော့ တန်းစီစနစ် မရှိသေးဘူးကွဲ့။ ကားလည်းထိုးဆိုက်ရော ကား စောင့်နေတဲ့ လူအုပ်ကြီးက အလုအယက်တက်ကြတာပဲ။ အမေတို့လို လူကြီးတွေက ကျန်ရစ်တာ များပါတယ်။ နောက်ကားစောင့်ပေဦးပေါ့။ စိတ်ရောလူပါ ပင်ပန်းစေတယ်လေ။

စည်းကမ်းရှိတာက ကောင်းကျိုးဖြစ်လို့ မင်္ဂလာရှိပြီး၊ စည်းကမ်းမရှိတာက မကောင်းကျိုးဖြစ်လို့ မင်္ဂလာမရှိတာ လက်တွေ့ကြုံတွေ့နေရတယ်။ ဒီလိုအတွေ့အကြုံတွေ အများကြီးရှိမှာပါ။

ဝိနယော စ သုသိက္ခိတော၊ ဧတံ မင်္ဂလမုတ္တမံ။

ကိုယ်ကျင့်ဝိနည်း စည်းကမ်းကိုသင်ခြင်း၊ကျင့်ခြင်းသည်မြတ်သောမင်္ဂလာမည်၏။

ဝိနယ သုသိက္ခိတ မင်္ဂလာဆိုတာ ကိုယ်ကျင့်ဝိနည်း စည်းကမ်းကို သင်ခြင်း၊ ကျင့်ခြင်းပါပဲ။ လူဖြစ်လာရင် လူ့ကျင့်ဝတ်ကို သင်ရမယ်၊ သင်ပြီးရင် ကျင့်ရမယ်။ ဒါမှ မင်္ဂလာ ဖြစ်ပါတယ်။

လူ့ကျင့်ဝတ်ဆိုတာ ဘာတွေလဲ၊ သိဖို့လိုတယ်နော်။ လူဆိုတာ စား၊ ဝတ်၊ နေရေး၊ အရေး သုံးပါးရှိတယ်မို့လား။ စားရာမှာ ရုပ်ပျက် ဆင်းပျက်မဖြစ်အောင်၊ ပေကျံဖိတ်စင်မှုမရှိအောင်၊ ပျတ်ပျတ်မပြည်အောင် စားတတ်ရမယ်။ ငယ်စဉ်ကလေးဘဝ မိဘတွေက သင်ကြားပေးခဲ့ကြတာ တွေပေါ့။

ဝတ်စားဆင်ယင်မှုမှာလည်း ကိုယ့်အမျိုးသား အဝတ်အစားကို သပ်သပ်ရပ်ရပ်ဝတ်လို့ သရုပ် ပျက်အဝတ်၊ မလုံ့တလုံ့အဝတ်၊ ဒူးပေါ်၊ ပေါင်ပေါ်၊ ချက်ပေါ် အဝတ်တို့ မဝတ်ရဘူးလို့ ဆရာ မိဘတွေက သင်ပေးကြတယ်။ လိုက်နာကြသူလည်းရှိ၊ မလိုက်နာကြသူလည်းရှိပေါ့နော်။

နေထိုင်ရာမှာလည်း စနစ်တကျ နေတတ် ထိုင်တတ်ရမယ်။ ဆက်ဆံရေးမှာလည်း ရဟန်း သံဃာ၊ လူကြီးသူမ၊ နိုင်ငံခြားသား စတာတွေနဲ့ အဆင်ပြေအောင် ဆက်ဆံတတ်ရမယ်။ ယဉ်ကျေး ရမယ်။ မရိုင်းရဘူး။

နေရာတိုင်းမှာ စည်းကမ်းရှိရမယ်။ လူအုပ်ထဲမှာ တိုးဝှေ့တာ၊ ကျော်တက်တာ၊ လမ်းပေါ် အညစ်အကြေး၊ အမှိုက်သရိုက် စွန့်ပစ်တာတွေ ရှောင်ရမယ်။ အမှန်ကတော့ ကျောင်းမှာကတည်း က သင်ကြားပြီးသားတွေပါ။ လိုက်နာဖို့ ပြောပြနေမိတာပါ သားငယ်။

http://www.dhammadownload.com

မလိုက်နာကြတာတွေက အများဖြစ်နေတယ် သားငယ်ရဲ့။ မြင်ရတိုင်း အမေ့မှာ ရှုရှာစက်ဆုပ်အော့နလုံးနာမိတယ်။ အဲဒါတွေက ကွမ်းတံတွေးတွေလေ။ လမ်းပေါ်မှာ ကားမှတ်တိုင်မှာ တိုက်ခန်းတွေရဲ့ လှေကားထောင့်ချိုးတွေမှာ နေရာတိုင်းလောက်နီးပါး ကွမ်းတံတွေးကွက်တွေ ရဲရဲတောက်လို့၊ သွားရင်းလာရင်း ထွီကနဲ ထွေးသူက ရှိသေးတယ်။

တချို့ ပန်းကန်ဆေးရေ၊ အိုးဆေးရေတွေကို လမ်းပေါ်စွန့်ပစ်တယ်။ လမ်းသွားလမ်းလာတွေက ဆေးလိပ်တို၊ စက္ကူစုပ်၊ ငှက်ပျောခွံ၊ အမှိုက်သရိုက်တွေ လမ်းပေါ်ပစ်ချကြပြန်တယ်။ လမ်းသွားရတာ နံစော်ညစ်ပတ်လို့ နှာခေါင်းပိတ်သွားရတယ်လေ။

ဒါတွေက ကျန်းမာရေးထိခိုက်စေတဲ့အပြင် လူမျိုးရဲ့ဂုဏ်၊ တိုင်းပြည်ရဲ့ ဂုဏ်ကိုပါ ထိခိုက်စေတယ်။

ညနေစောင်း လမ်းပေါ်မှာ ဘောလုံးကစားတာ၊ ကြက်တောင်ရိုက်ကြတာ ရှိသေးတယ်။ ဘောလုံးမှန်မှာလည်း ကြောက်ရတာပဲ။ မကြာသေးခင်က လမ်းသွားသူတစ်ဦးရဲ့မျက်နှာကို လမ်းပေါ်ဘောလုံးပွဲက ဘောလုံးပိတ်မှန်သွားတယ်၊ အရှိန်ကပြင်းတော့ ဦးနှောက်နဲ့အာရုံကြောဌာနမှာ ကုသနေရတယ်။ မျက်စေ့တွေ မှုန်ဝါးသွားတယ်။ ကိုယ်တစ်ပိုင်း မလှုပ်ရှားနိုင် ဖြစ်သွားတယ်တဲ့။ လူတစ်ယောက်ရဲ့ ဘဝအရေးပါလား သားငယ်ရယ်။ နောက်ဆက်တွဲ သူ့မိသားစုပါ ထိခိုက်သွားပြီ။ စည်းကမ်းကို မလိုက်နာခြင်းက ဘယ်လောက်ဆိုးကျိုးဖြစ်စေလဲ။ တစ်ဖက်သားကို အနှောင့်အယှက်ဖြစ်စေတယ်၊ ဘဝကို နစ်မွန်းစေတယ်မို့လား။

လူ့လောကမှာ ဆောင်ရမယ့် လူကျင့်ဝတ်တွေ တစ်ခုချင်းပြောရရင် အများကြီးပေါ့။ ပြည့်စုံအောင်ခြုံပြောရရင် သိင်္ဂါလောဝါဒသုတ်မှာလာတဲ့ မိဘဝတ်၊ သားသမီးဝတ်၊ ဆရာ့ဝတ်၊ တပည့်ဝတ်၊ မင်းကျင့်ဝတ်၊ ပြည်သူကျင့်ဝတ် စတာတွေပါ။

ရှောင်ရမယ့်စည်းကမ်းတွေကတော့ ကိုယ်နေထိုင်တဲ့ ဒေသတွင်း၊ နိုင်ငံတွင်းမှာ ထုတ်ပြန်ထားတဲ့ စည်းမျဉ်းဥပဒေတွေ၊ ကိုယ်လုပ်နေတဲ့ အလုပ်ရုံ၊ ကုမ္ပဏီ၊ ကိုယ်တက်နေတဲ့ကျောင်း၊ တက္ကသိုလ်က ထုတ်ပြန်ထားတဲ့ စည်းမျဉ်းဥပဒေတွေ၊ ကိုယ့်မိသားစုအတွင်းမှာ ထုတ်ပြန်ထားတဲ့ စည်းမျဉ်းဥပဒေတွေဟာ လူ့ဝိနည်း ရှောင်စရာတွေပေါ့။

အဲဒီတော့ လူ့လောကမှာ ဆောင်ရမယ့်ကျင့်ဝတ်နဲ့ ရှောင်ရမယ့်စည်းကမ်းတွေလို့ ရှိပါတယ်။

ကိုယ်က တပည့်ဖြစ်ရင် တပည့်ကျင့်ဝတ်နဲ့ညီရမယ်။ ဆရာဖြစ်လာတော့ ဆရာကျင့်ဝတ်အတိုင်းညီလို့၊ သားသမီးဘဝမှာ သားသမီးကျင့်ဝတ်၊ မိဘဖြစ်တော့ မိဘကျင့်ဝတ်ကို ဆောင်လို့ပေါ့။

လောကကောင်းကျိုးအတွက် ဆောင်ရွက်ရတဲ့ လောကဝတ်တွေက ဆောင်ရမှာတွေပါ။ လုပ်ပါလို့ တိုက်တွန်းထားတာကို တကူးတက ပြုလုပ်ရတာတွေပါ။ သီလအနေနဲ့ ပြောရရင် စာရိတ္တသီလပါ။

http://www.dhammadownload.com

ရှောင်ရမယ့်တရားတွေက မလုပ်ပါနဲ့လို့ တားမြစ်ထားတာတွေပါ။ ဒါတွေကို ရှောင်ရမှာပါ။ ဥပမာ ငါးပါးသီလ၊ ဒုစရိုက်တရား ၁၀ ပါး။

ဒုစရိုက်တရား ၁၀ ပါးမှာ ငါးပါးသီလ အကျုံးဝင်ပါတယ်။ ကာယကံက ၃ ပါး၊ မုသာဝါဒ ကို အသေးစိတ်လိုက်တော့ ဝစီကံ ၄ ပါး ဖြစ်သွားတယ်။ မနောကံ ၃ ပါး ထပ်ဖြည့်တယ်။ မနော ကံ ၃ ပါးက သူ့ဥစ္စာလိုချင်တာရယ်၊ သူတစ်ပါးကို နှိပ်စက်ညှဉ်းပန်းချင်တာရယ်၊ အယူမှားခြင်းရယ်၊ ချုပ်လိုက်တော့ ကာယကံ ၃ ပါး၊ ဝစီကံ ၄ ပါး၊ မနောကံ ၃ ပါး၊ ပေါင်း ၁၀ ပါး။ နေ့စဉ် အမြဲ ရှောင်ရမှာ သီလအနေနဲ့ပြောရရင် စာရိတ္တသီလပါ။

ရှောင်ကြဉ်ရေးရော လိုက်နာကျင့်သုံးရေးပါ နှစ်ခုစလုံး ယှဉ်တွဲလုပ်ရမှာတွေပါ။ ဟန်ချက်ညီ ရမယ် သားငယ်။

ကျင့်ရမယ်ဆိုတော့ ကြီးကျယ်လိုက်တာလို့ ထင်မြင်မိမယ်။ ဝိနယ သုသိက္ခိတ မင်္ဂလာရှိဖို့ အတွက် သေးငယ်မှုကလေးတွေကို ထိန်းသိမ်းလိုက်ရုံပါပဲ။ ဥပမာ လမ်းသွားရင်း တံတွေး၊ ကွမ်း တံတွေး မထွေးမိအောင်၊ အမှိုက်မချမိအောင် နေလိုက်မယ်၊ လမ်းဘေးအလှအပ အပင်၊ အရွက်၊ အပွင့်တို့ကို မချိုးမိအောင် နေလိုက်မယ်ဆိုရင် လူတိုင်းကိုယ်စီ ထိန်းသိမ်းရုံနဲ့ လမ်းတစ်လျှောက် သန့်ရှင်းသပ်ယပ် လှပသွားပြီပေါ့။

ကိုယ်က ကျောင်းသားဆိုရင် ဆရာကို ရိုသေလေးစားပြီး စာကြိုးစားသင်ယူတယ်ဆိုရင် မင်္ဂလာရှိနေပါပြီ။ ဆရာဖြစ်လာတော့ တပည့်ကို တတ်မြောက်အောင်သင်ကြား၊ ဆုံးမစကား ပြောပြီး ဘေးရန်ဆီးကာ၊ သင့်ရာကို လမ်းညွှန်ပေးရင် မင်္ဂလာဖြစ်ပြီ။ ကဲ လွယ်လွယ်လေးပါ သားငယ်။

"လောက၌ မပြုသင့်သည်ကို ပြုခြင်းသည် အကုသိုလ်ဖြစ်သကဲ့သို့ ပြုသင့်ပြုရမည်ကို မပြုခြင်း သည်လည်းအကုသိုလ်ပင်"လို့ သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသရေးတဲ့ ပရိတ်ကြီး နိဿယသစ်မှာ ဖတ်ရတယ်။

ဒီတော့ လောကမှာ မပြုသင့်တာကို မပြုဘဲနေရမယ်။ ပြုသင့်ပြုရမှာကို ပြုကိုပြုရမယ်။ ဒါမှ ကုသိုလ်ဖြစ်မယ်။ မင်္ဂလာ ဖြစ်မယ်။ အမြဲတမ်း သာယာပါမယ် သားငယ်။

ဒီပုံစံအတိုင်း ပညာရေးပဲလုပ်လုပ်၊ စီးပွားရေးပဲလုပ်လုပ် အဆင်ပြေပါတယ်။ နောက်ဆုံး တရားဘာဝနာပဲပွားပွား၊ တရားရမှာပါ။ ကိုယ့်အတွက် အကျိုးတရားတွေက ဆင့်ကဲဆင့်ကဲ ရလာစေရုံမက သူတစ်ပါးအတွက်လည်း ရလာစေပါတယ်။ ဝိနယ သုသိက္ခိတမင်္ဂလာ ပြည့်ဝ လာပါတယ်။

မင်္ဂလာကျင့်စဉ်တွေဟာ ဗုဒ္ဓဘာသာဝင်မှတင် မဟုတ်ပါဘူး။ ဘယ်ဘာသာဝင်ပဲဖြစ်ဖြစ် ကျင့်ရင်ကျင့်သလောက် အကျိုးရှိပါတယ်။ ကျင့်သူမှာ ကောန်အကျိုးရှိစေတာမို့ မင်္ဂလာရှိအောင် နေထိုင်ပါလို့ တိုက်တွန်းလိုက်ပါတယ် သားငယ်။

မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ။

http://www.dhammadownload.com

# မှန်ကန်ယဉ်ကျေး ချိုသာအေး ဆိုရေးတတ်ပါစေ

သားငယ် ဖွဲ့

တစ်ရက်ခြား အမေဈေးသွားတယ်။ အမေကတော့ ပစ္စည်းမှန်၊ ဈေးနှုန်းမှန်၊ အလေးမှန်၊ ဆက်ဆံရေးမှန်ပြီး အပြောချိုသာတဲ့ ဈေးသည်ကို မှတ်ထားတယ်။ အဲဒီဈေးသည်ဆီမှာပဲ အမြဲ ဝယ်တယ်။

ပစ္စည်းလတ်ဆတ်ရဲ့လား၊ ဈေးနှုန်းမှန်ရဲ့လား၊ အလေးပြည့်ရဲ့လားဆိုတာတွေ မစဉ်းစားရ တော့ဘူး။ ဦးနှောက်မစားတော့ဘူးပေါ့။ ဈေးဝယ်ရာမှာ အလုပ်ရှုပ်သက်သာသွားတယ်။ ရောင်းသူ ဝယ်သူ စိတ်ကို ချမ်းမြေ့လို့။ ဈေးဝယ်ပါးရင်၊ အမေလည်း အချိန်ရရင် ရပ်ပြီးစကားစမြည် ပြောမိ ကြသေးတယ်။ နှစ်ဦးနှစ်ဖက် မိတ်ဖြစ်ဆွေဖြစ် မင်္ဂလာရှိကြလို့လေ။

သုဘာသိတာ စ ယာ ဝါစာ၊ ဧတံ မင်္ဂလမုတ္တမံ။

**စကားကို ကောင်းမွန်စွာပြောဆိုခြင်းသည် မြတ်သောမင်္ဂလာမည်၏။**

အင်္ဂါလေးပါးနဲ့ ပြည့်စုံတဲ့ စကားကို ပြောဆိုရမယ်ဆိုတဲ့ မြတ်စွာဘုရား ဟောကြားချက်ကို မသိတောင်မှ ဈေးသည်ဟာ စကားပြောချိုသာပြီး မှန်မှန်ကန်ကန် ရောင်းရင်ကိုပဲ ကြီးပွားတိုးတက် ပါတယ်။

အမေ လေ့လာထားသမျှပြောရရင် ဟင်းသီးဟင်းရွက်၊ သားငါး၊ အဝတ်အထည်၊ ဘာကိုပဲ ရောင်းရောင်း ဆက်ဆံရေး အဆင်ပြေပြီး မှန်မှန်ကန်ကန် ရောင်းချသူတွေဟာ တစ်နေ့တခြား ဖောက်သည်များလာကြတယ်။ ကြီးပွားလာကြတယ်။ ဒါတွေက လူနည်းစုပါ။ ဈေးသည်အများစု ကတော့ ဝယ်သူကို အဆင်ပြေအောင် ဆက်ဆံလေ့မရှိကြဘူး။ မချေမငံ ဆက်ဆံချင်ကြတယ်။ ပစ္စည်းရွေးတာလည်း မကြိုက်၊ ရွေးပြီး မဝယ်လို့ကတော့ နင်ပဲငဆ ပြောတတ်ကြပြန်ရော။

မြတ်စွာဘုရားဟောကြားချက်ဖြစ်တဲ့ သုဘာသိတဝါစာ ကောင်းသောစကားဆိုတာ မိမိ သူတစ်ပါး အကျိုးစီးပွားကို ဆောင်တဲ့စကား၊ တရားစကား၊ ချစ်ခင်နှစ်သက်ဖွယ်စကား၊ မှန်တဲ့ စကားတို့ပါပဲ။

ဒီအင်္ဂါလေးတန် စကားအရာကို ဆောင်လိုက်ရင် ဝစီ ဒုစရိုက်လေးပါးထဲက ပိသုဏာဝါစာ ခေါ်တဲ့ အချင်းချင်းမတည့်အောင် ရန်တိုက်ပေးခြင်း၊ သမ္ဖပ္ပလာပဝါစာခေါ်တဲ့ သိမ်ဖျင်းတဲ့စကား ပြောခြင်း၊ ဖရုသဝါစာခေါ်တဲ့ ဆဲရေးကြမ်းတမ်းတဲ့ စကားပြောခြင်း၊ မုသာဝါဒခေါ်တဲ့ မမှန် စကားပြောခြင်းတို့ကို ရှောင်ပြီးဖြစ်သွားပါတယ်။

http://www.dhammadownload.com

ဝစီဒုစရိုက်လေးပါးက ရှောင်ကိုရှောင်ရမယ့် စကားတွေပါ။ ပြောမှန်းသိကြတာနဲ့ လူမုန်းများပြီး ဘယ်သူမှ မနှစ်သက်ဘူး။ ပြောသူကိုယ်တိုင်လည်း စိတ်လက်မရှင်းဘဲ ဆင်းရဲစေပါတယ်။ နောင်တမလွန်ဘဝမှာလည်း အပါယ်လေးပါးသို့တိုင် ဆွဲငင်ခေါ်သွားစေတဲ့ ဝစီကံမကောင်းမှုတွေပါ။

လူတိုင်းနှစ်သက်တဲ့ ချိုသာတဲ့စကားပြောပြီး၊ လူတိုင်း လက်မခံချင်တဲ့ ကြမ်းတမ်းတဲ့စကားကို ရှောင်ရမှာပေါ့။ လျှာကြမ်း အာကြမ်းမျိုးတော့ ဘယ်သူမှ မနှစ်သက်ဘူးမို့လား။

မိဘနဲ့သားသမီး၊ ဆရာနဲ့တပည့်၊ လင်နဲ့မယား၊ ဆွေမျိုးမိတ်သဟာအချင်းချင်း လူမှုဆက်ဆံရေးအားလုံးမှာ သုဘာသိတဖြစ်အောင် ပြောကြ၊ ဆိုကြရင် နှစ်ဦးနှစ်ဖက် စိတ်ချမ်းမြေ့ကြရပါမယ်။ ပြေလည်ကြမယ်။ မင်္ဂလာဖြစ်ကြမယ်။

ရွှေဟင်္သာဆရာတော်ဘုရားကြီးကတော့ "နှုတ်ကောင်းလျှင် ပြည်စိုးတယ်" လို့တောင် ဆိုထားပါတယ်။ အကြောင်းအားလျော်စွာမှန်ကန်ပြေပြစ် အနှစ်အသားပြည့်ဝတဲ့ စကားကို ပြောဆိုတတ်သူဟာ ထူးကဲကြီးမြတ်တဲ့ ကောင်းကျိုးစီးပွားကို ရတတ်တယ်။ သူတစ်ပါးတို့ရဲ့ ယုံကြည်ကိုးစား အားထားခြင်းကိုလည်း ခံယူရတတ်တယ်။ ဩဇာအာဏာတည်မယ်။ မိမိ ပြောကြားတဲ့ စကား အရာရောက်တယ်။ စာရေးလို့ရှိရင်လည်း ကလောင်ထက် လက်ရာပြောင်မြောက်ပါသတဲ့။

ဒါ့အပြင် ပြောသင့်တဲ့စကား၊ မပြောသင့်တဲ့စကားဆိုတာ ရှိသေးတယ်။ အဲဒါတွေကတော့-

(၁) မဟုတ်မမှန် အကျိုးမရှိ၊ သူ မနှစ်သက်သောစကား။

(၂) မဟုတ်မမှန် အကျိုးမရှိ၊ သူ နှစ်သက်သောစကား။

(၃) ဟုတ်မှန် အကျိုးမရှိ၊ သူ မနှစ်သက်သောစကား။

(၄) ဟုတ်မှန် အကျိုးမရှိ၊ သူ နှစ်သက်သောစကား။

(၅) ဟုတ်မှန် အကျိုးရှိ၊ သူ မနှစ်သက်သောစကား။

(၆) ဟုတ်မှန် အကျိုးရှိ၊ သူ နှစ်သက်သောစကား။

"စကားခြောက်ခွန်း၊ လူ့ဩထွန်း၊ လေးခွန်းကိုမျှော၊ နှစ်ခွန်းပြော"လို့ ဆိုပါတယ်။

ပြောရမယ့်စကားနှစ်ခွန်းက နံပါတ် ၅ နဲ့ ၆ ဖြစ်တယ်။ နံပါတ် ၆ က အကောင်းဆုံးစကားဖြစ်ပြီး၊ နံပါတ် ၁ က အဆိုးဆုံးစကား ဖြစ်တယ်။

ပြောရမယ့် မင်္ဂလာစကားပါလို့ ဆိုထားတဲ့ နံပါတ် ၅ မင်္ဂလာစကားကို ပြောရတာ လူမှုဆက်ဆံရေးပိုင်းမှာ အဆင်မပြေတာများတယ် သားငယ်ရေ။ အမေက ကိုယ့်တပည့်တွေ ပညာပြည့်ဝ၊ နှလုံးလှကလေးတွေ ဖြစ်စေချင်တယ်မို့လား။ "ဆရာ မိဘပူပေါင်း တပည့်ပညာကောင်း" ဆိုတဲ့နည်းကို လက်တွေ့ကျင့်သုံးတယ်လေ။

အခြေအနေမှန်သိရင် ပြုပြင်လို့ရတယ်။ မိဘတွေနဲ့တွေ့ရင် တပည့်တွေရဲ့ အခြေအနေကို အရှိကိုအရှိအတိုင်း ပြောပြမိတယ်။ မိဘတွေက ကောင်းတာတွေကိုပဲ ကြားချင်ကြတယ်။ "စာ

http://www.dhammadownload.com

မကြိုးစားဘူး၊ စာမလိုက်နိုင်ဘူး၊ ကြိုးစားအောင်ပြောပြ၊ တိုက်တွန်းပါ"လို့ ဆိုလိုက်ရင် မကြိုက်ကြတော့ဘူး။ အမေ့ကို မတွေ့အောင် ရှောင်ကြပါလေရော။

တော်တာတောင် ထိပ်ဆုံးက အလွန့်ကို တော်ပါတယ်ဆိုလေမှ နှစ်သက်ကြတာ။ တွေ့တဲ့ မိဘကို အခြေအနေမှန်လေးကို ဖုံးကာဖိကာ၊ သူတို့ကြိုက်တဲ့ စကားလေးကို ဖြီးကာဖြန်းကာ ပြောလိုက်လို့ကတော့ လူမှုဆက်ဆံရေးပိုင်းမှာ စိုပြည်လို့ပါပဲ။ နောင် မဟုတ်မှန်း သိပြန်တော့လည်း ဘာမှမဖြစ်ဘူး။ ငါ့သား ငါ့သမီးလေးက တော်ပါရဲ့နဲ့လို့သာ အောက်မေ့ကြတာကွဲ့။

ဒီလို စိုပြည်မှုတွေ မြင်တွေ့နေပါရက်နဲ့ အမေကဖြင့် အဲဒီနည်းကို မသုံးဖြစ်ဘူး၊ မသုံးချင်ဘူး၊ သုံးကိုမသုံးပါဘူး သားငယ်ရယ်။ စိတ်ရှင်းရှင်း နေခဲ့ပါတယ်။

အမေ့မှာလာဘ်လာဘ မရှိရုံသာမက တပည့်လည်းရှား၊ မိဘလည်းရှောင်၊ လုပ်ဖော်ကိုင်ဖက် ဆရာအချင်းချင်းလည်း အပေါင်းအဖော်မလုပ်။ ဆက်ဆံရေး မပြေပြစ်တဲ့သူကို ဖြစ်လို့ကွဲ့။

ရွှေဟင်္သာဆရာတော်ဘုရားကြီးရေးခဲ့တဲ့ မင်္ဂလသုတ်လက်စွဲမှာ "ဝိဇ္ဇာပညာ၊ လက်မှု စက်မှု သိပ္ပံပညာများတတ်မြောက်ပြီး၊ လူကား စည်းကမ်းရှိသူ၊ ရဟန်းကား ဝိနည်းရှိသေသူဖြစ်ဦးတော့၊ မှန်ကန်ယဉ်ကျေး ချိုသာအေးဆိုတဲ့ နှုတ်မှုပညာမတတ်မြောက်ရင် မထူးချွန်နိုင်ပါဘူး၊ မအောင်မြင်နိုင်ပါဘူး"တဲ့။

မှန်လိုက်လေ သားငယ်ရယ်။ ချွေမှရံတယ်စကားက အမေ့အတွက် မဟုတ်သလိုပါပဲ။ နှုတ်၏ စောင်မခြင်း လက်၏စောင်မခြင်းဆိုတာလည်း လက်မနေးတတ်ပါဘူး။ သို့သော်ငြား အမေ့မှာ အပေါင်းအဖော်မရှိ၊ အမေ့ဆိုရင် ရှောင်ရှားကြတာ အခုမှ သဘောပေါက်တော့တယ်။ အဲဒါက အမေ မှန်တာကို ပြောတတ်ပေမယ့် ယဉ်ကျေးခြင်း၊ ချိုသာခြင်းကတော့ မရှိပေဘူးကိုး။ လိုအပ်ချက်က သုဘာသိတဝါစာ မင်္ဂလာရှိအောင် မပြောခဲ့လို့ပေါ့။

မှန်မှန်ကန်ကန် ယဉ်ယဉ်ကျေးကျေး ပြောဆိုဆက်ဆံတတ်ခြင်းဆိုတဲ့ နှုတ်မှုပညာကို တတ်မြောက်ထားခြင်းဟာလည်း ကြီးပွားချမ်းသာလိုသူတိုင်းမှာ ရှိထားရမယ့် အရည်အချင်းကောင်း တစ်ခုပါပဲ။

"ချစ်စေလို ခံတွင်း လက်လေးသစ်၊ မုန်းစေလို ခံတွင်း လက်လေးသစ်"ဆိုတဲ့ စကားပုံအတိုင်း မိမိကို ချစ်ခင်အောင် ပြုလုပ်ပေးတာလည်း နှုတ်ခံတွင်းဖြင့် ပြောရတဲ့စကား။ မိမိကို မုန်းအောင် ပြုလုပ်ပေးတာလည်း ဒီစကားပါပဲ။ ချိုသာစွာ စကားပြောတတ်ပါက ကိုယ့်အပေါ် အမြင်မကြည်သူများပင် ကိုယ့်ကို လေးစားလာရပါတယ်။ ရန်သူပင် မိတ်ဆွေ ဖြစ်လာရပါတယ်။

အခုခေတ်မှာ ဈေးရောင်းဈေးဝယ် လုပ်ငန်းသာမက ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းတို့ ရှိလာရုံမက၊ နိုင်ငံတကာ ဆက်ဆံရေးအပိုင်းအထိ ကျယ်ပြန့်လာတော့ သုဘာသိတဝါစာ မင်္ဂလာ စကားပြောတတ်ဖို့ အလွန့်ကို လိုအပ်နေပြီပေါ့။

ကမ္ဘာမှာ ကျော်ကြားထင်ရှားတဲ့ ရှေ့ဆောင်ခေါင်းဆောင်လူကြီးများက သုဘာသိတဝါစာ မင်္ဂလာနဲ့ ပြည့်စုံသူတို့ ဖြစ်ကြတယ်။ အပြန်အလှန်ပြောရရင် သုဘာသိတဝါစာမင်္ဂလာနဲ့ ပြည့်စုံရင်

http://www.dhammadownload.com

ကမ္ဘာမှာကျော်ကြား၊ ထင်ရှားသူဖြစ်မယ်။ ပစ္စုပ္ပန်မှာ ကြီးပွားရုံသာမက၊ သံသရာအတွက်ပါ အကျိုးများစေပါတယ်။ အဆုံးစွန်သောဘဝ၊ မဂ်ဖိုလ်နိဗ္ဗာန်ထိတိုင် ရောက်စေနိုင်ပါတယ်။

ဒါကြောင့် မှန်ကန်ယဉ်ကျေး ချိုသာအေး ဆိုရေးတတ်အောင် ကြိုးစားပါ သားငယ်။

မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေ။

http://www.dhammadownload.com

# မြင်းမိုရ်ရွှေတောင် မိဘကျေးကို
# ကောင်းစွာဆပ်ပေး ဝတ်ကျေကျေ

သားငယ် ဖွဲ

မိဘမေတ္တာ မနှိုင်းသာတည့်၊ မိဘကျေးဇူး ကြီးမားလှ၏။ မိဘကျေးဇူးဆပ်လို့ပင် မကုန်နိုင်ကြောင်း ကြားခဲ့ဖူး၊ ဖတ်ခဲ့ဖူး၊ စာစီစာကုံး ရေးခဲ့ဖူးပြီပေါ့နော်။

အဲဒီလို တစ်ဆင့်သိ စာသိ မဟုတ်ဘဲ နှလုံးသားထဲက မိဘနဲ့ပတ်သက်တဲ့ ခံစားသိလေးကို အမေသိချင်လိုက်တာကွယ်။

မာတာပိတု ဥပဋ္ဌာနံ၊ ဧတံ မင်္ဂလမုတ္တမံ။

မိဘကိုလုပ်ကျွေးပြုစုခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မိဘကို လုပ်ကျွေးပြုစုခြင်းသည် မြတ်သောမင်္ဂလာမည်၏။ လုပ်ကျွေးခြင်းနဲ့ ပြုစုခြင်း၊ ဒီအပိုင်းနှစ်ပိုင်းမှာ အမေက ပြုစုခြင်း အခွင့်မသာခဲ့ဘူး။ လုပ်ကျွေးခြင်းမင်္ဂလာကိုတော့ ရယူခဲ့ပါတယ်။

အမေက မိဘမေတ္တာကို သဘောပေါက်သိရှိတာ အချိန်နှောက်ကျတယ်ကွဲ့။ တစ်ဆင့်ကြားခဲ့ဖူးတဲ့ မိဘမေတ္တာ၊ စာထဲက မိဘမေတ္တာတွေနဲ့ အမေကြုံခဲ့ရတဲ့ မိဘမေတ္တာ မတူဘူးလို့ ငယ်စဉ်က တွေးခဲ့မိတယ်။

အဲဒီအတွေးတွေက အမေ့မှာ ဘာလို့ဝင်ခဲ့တာလဲလို့မေးရင် အမေငယ်စဉ်က နာကျင်စွာ ခံစားခဲ့ရတယ်။ အသိဉာဏ် မရင့်သေးတော့ အမှန်မမြင်တတ်ဘူး။ ဉာဏ်မျက်စိနဲ့ ကြည့်တတ်တော့မှ အမြင်မှန်ရခဲ့တယ်။

အမေ့ရဲ့မိဘတွေက ပညာတော်စေချင်ကြတယ်။ စာမေးပွဲ အောင်စေချင်ကြတယ်။ ဘွဲ့ရပညာတတ်ကြီးဖြစ်စေချင်ကြတယ်။ ဗိုင်းကောင်းကျောက်ဖိ ဖြစ်စေချင်ကြတယ်။ ဒါပေမယ့် စာကြိုးစားအောင် လှုံ့ဆော်ပေးရာမှာ အမေ့မိဘတွေရဲ့ အယူအဆက တစ်မျိုး ဖြစ်နေတယ်။ သားသမီးရဲ့အရွယ်ကို မေ့နေခဲ့ကြတယ်။

၁၉၅၇ ခုနှစ်၊ အမေ ၁၀ တန်းကျခဲ့တယ်။ ၁၉၅၈ ခုနှစ်ကျမှ ၁၀ တန်း အောင်မြင်ခဲ့တယ်။ နှစ်ကြိမ် ဖြေခဲ့ရတယ်ပေါ့။ အမေ့အသက် ၁၆ နှစ်ပဲ ရှိသေးတယ်။

အမေတို့ခေတ်က နှစ်ချင်းပေါက်အောင်တာ ရှားပါတယ်။ ဘာလို့လဲဆိုတော့ ၈ တန်း အောင်ပြီးရင် တက္ကသိုလ်ဝင်တန်းကို ခန့်ဖြေကြရတယ်။ စာမေးပွဲဂေဇက်မှာ ၁၀ တန်းအောင်၊ ၉ တန်းအောင်ဆိုပြီး ခွဲထွက်တာ။

http://www.dhammadownload.com

နှစ်ကြိမ်ဖြေလို့အောင်ရင် အမေကတော့ နှစ်ချင်းပေါက်အောင်တယ်လို့ သတ်မှတ်ခဲ့တာပဲ။ အမေ့ရဲ့မိဘတွေက မသတ်မှတ်ဘူးလေ။ စာမေးပွဲကျတဲ့နှစ်က ဂေဇက်ထွက်ခါစမှာ အကြီးအကျယ် ဆူတာပဲ။ ဆူတော့လည်း အပေါင်းအသင်းရှေ့မှာ၊ လူပုံအလယ်မှာ။ "ဆူလိုက်မှ၊ ရိုက်လိုက်မှ ရှက်ပြီး စာကြိုးစားမယ်"လို့ ထင်ခဲ့ကြတယ်။ ထင်တဲ့အတိုင်း လုပ်ခဲ့ကြတယ်။

"မိန်းကလေးဆိုတာ ဆုံးမနိုင်မှ တန်ရုံရှိတယ်။ မိဘကို ကြောက်ရမယ်။ ဒါမှ ပိပိရိရိ၊ မိန်းကလေးပီပီသသဖြစ်မယ်။ လိမ္မာယဉ်ကျေးမယ်"လို့ ယူဆခဲ့ကြတယ်။

မိဘတွေရဲ့ ဆုံးမနည်းအောက်မှာ အမေရှက်ခဲ့ရတာ အခါခါပေါ့။ တစ်ခြားသူနဲ့ယှဉ်ပြီး နှိမ့်ချ အပြောခံရတယ်။ ရင်မှာ နင့်နေအောင် ခံစားခဲ့ရတယ်။ လူ့ပြည်မှာ မနေချင်လောက်အောင် ဖြစ်ခဲ့မိဖူးတယ်။ တခြားမြို့မှာ အမေ ဆရာမအဖြစ် တာဝန်ထမ်းဆောင်ရတော့မှ အဆူအကြိမ်းခံဘဝက လွတ်တော့တယ်။

တစ်နေ့က မေတ္တာရှင် (ရွှေပြည်သာ) ရေးတဲ့ "မျက်ရည်မကျခင် သိစေချင်" စာအုပ်ဖတ်မိတယ်။ အဲဒီစာအုပ်ထဲမှာ–

"၁၉၈၂ ခုနှစ်က ပညာတတ်စေချင်လို့ တောရွာက မြို့ပေါ်ကျောင်းလာထားတဲ့ ၁၀ တန်း စာမေးပွဲကျတဲ့သမီးကို စာမကြိုးစားလို့ထင်ပြီး လူ့ရှေ့သူ့ရှေ့မှာ အဖေက ရိုက်နှက်ဆုံးမမိတယ်။ သမီးက အရှက်ရပြီး ဘာမိတွန်ဆေးပြားတွေ တစ်ပုလင်းလုံးသောက်ပစ်လိုက်လို့ ဆေးရုံတင်လိုက်ရတယ်။ သေကြောင်းကြံစည်တဲ့ မိန်းကလေးမှာ အပြစ်မရှိဘူး။ နလုံးသားထဲ ဘုရားတည်မပေးခဲ့တဲ့ သံဃာတွေနဲ့ မိဘတွေမှာ အပြစ်ရှိတယ်"လို့ စာရေးသူ မေတ္တာရှင် (ရွှေပြည်သာ) က ခံယူတယ်။

ခံယူတဲ့အတိုင်း လူနာအတွက် သွေးလှူတယ်။ ဒါတင် မကသေးဘူး။ "မစူးစမ်း မဆင်ခြင်ဘဲ လူ့ရှေ့သူ့ရှေ့မှာ ရိုက်နှက်ဆုံးမတတ်တဲ့ မိဘကို အဆုံးအမတတ်ဖို့ ရှေးဆရာများရဲ့ နည်းလမ်းတွေ ပြောပြတာဖတ်ရတယ်"သားငယ်။

တပည့်၊ သားသမီးကို အပြစ်ပြောပြီး ဆုံးမစရာရှိရင် ကွယ်ရာခေါ်ပြီး တိုးတိုးတိတ်တိတ် ဆုံးမရမယ်။ လူ့ရှေ့သူ့ရှေ့မှာဆိုရင်တော့ တပည့်သားသမီးကို ကောင်းကွက်ရှာပြီး ချီးမွမ်းပါတဲ့။

ဆရာတော်က သေလုမြောပါး ဝေဒနာခံစားနေရသော်လည်း မျက်နှာက တင်းမာခက်ထန် သယောင်ရှိနေတဲ့ လူနာမိန်းကလေးကိုလည်း မေတ္တာပို့ပြီး တရားဟောပြခဲ့တယ်။

လူ့ဘဝအပါအဝင် ရခဲခြင်းတရားငါးပါး၊ ဘဝတန်ဖိုး၊ ဘာသာတန်ဖိုး၊ ဘဝအနှစ်သာရ၊ ဘာသာအနှစ်သာရ၊ ပုထုဇဉ်တိုင်း အားကိုးအားထားပြုရမယ့် အပါယ်မလားစေတဲ့ ကုသိုလ်များ၊ သေခါနီး ဂတိကောင်းရန် စိတ်ထားပုံမှစလို့ တရားအလှူ ပေးလှူခဲ့တယ်။

လူနာမိန်းကလေးရဲ့ ဒေါသအရှိန်နဲ့ တင်းမာသယောင်ရှိတဲ့ မျက်နှာမှာ နူးညံ့ပျော့ပြောင်းလာပြီး ဝမ်းသာကြည်နူးလာတဲ့အသွင် ဖြစ်လာတယ်။ ပြီးမှ ဝမ်းနည်းကြေကွဲတဲ့ အသွင်ပြောင်း

http://www.dhammadownload.com

သွားပြီး မျက်ရည်များ ပိုးပိုးပေါက်ပေါက် လိမ့်ဆင်းလာတယ်တဲ့။ လူနာမိန်းကလေးရဲ့ အသက်ကိုတော့ မကယ်တင်နိုင်တော့ပါဘူး၊ ဆုံးပါးသွားရှာတယ်။

သားငယ်ရယ်၊ မိဘရဲ့မေတ္တာကြီးမားတာတော့ အမှန်ပါ။ ဒါပေမယ့် ကလေးဘဝမှာ မသိနိုင်ကြပါဘူး။ သားသမီးလေးတွေက ငယ်ရွယ်နုနယ်ကြသေးတယ်။ အသိဉာဏ်မရင့်သေးဘူး။ မိဘမေတ္တာ ကြီးမားကြောင်းလည်း မသိသေးဘူး။ ကျေးဇူးကြီးမားကြောင်းလည်း မသိသေးဘူး။ လက်ဦးဆရာဖြစ်ကြောင်း၊ သားသမီးတို့အပေါ်မှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ ဗြဟ္မစိုရ်လေးပါး အမြဲဖြစ်ပွားနေကြောင်းတွေကို ကိုယ်တိုင်မိဘဘဝရောက်မှ သိလာကြရတာပါ။

သားသမီးတွေရဲ့ နှလုံးသားထဲ မေတ္တာပုံရိပ် ထင်ဟပ်လာအောင် လုပ်တတ်ဖို့တော့ လိုတယ်နော်။

လုပ်ရမယ့်အလုပ်က အလွန်သိမ်မွေ့တယ်။ အရိပ်တကြည့်ကြည့်နဲ့ အမြဲလုပ်ဆောင်ရမယ့် ရေရှည်အလုပ်။ စိတ်ရှည်၊ သည်းခံ၊ ဖွဲသန်သန်နဲ့ လုပ်ရမယ့် မိဘတွေရဲ့အလုပ်လို့ အမေတော့ယူဆတယ်။ အမေတို့လည်း လုပ်တတ်ခဲ့ရဲ့လားလို့ ပြန်တွေးမိတယ်။

နိုင်ငံ့ဝန်ထမ်းဆိုတော့ သားငယ်တို့ကို နို့ဘူးနဲ့၊ ကလေးထိန်းနဲ့ အိမ်မှာ ချန်ရစ်ထားခဲ့ရတယ်။ ရင်မှာ နာကျင်ခံစားခဲ့ရပါတယ်ကွယ်။ ဒါကြောင့် အခုစာရဲ့ အစပိုင်းမှာ မိဘနဲ့ပတ်သက်တဲ့ နှလုံးသားခံစားသိကလေးကို အမေသိချင်တယ်လို့ ရေးလိုက်မိတာပေါ့။

အမေက စာဖတ်ဝါသနာပါတယ်။ အိမ်မှာနေစဉ်က ဖတ်ခွင့်မရပါဘူး။ တက္ကသိုလ်အဆောင်မှာ စာဖတ်ခွင့်ရခဲ့တယ်။ စာကောင်းတွေ ဖတ်မိခဲ့တယ်။ စာဖတ်ခြင်းရဲ့ကျေးဇူးက ကိုယ့်တာဝန်ကို ကျေရမယ်လို့ ခံယူထားနိုင်ခဲ့တယ်။

ဘွဲ့ရပြီး အလုပ်စဝင်ပြီးကတည်းက မိဘကိုထောက်ပံ့ခဲ့တယ်။ အိမ်ထောင်ကျတော့ ပိုပြီးထောက်ပံ့နိုင်တယ်။ အမေ့ရဲ့ လစာအားလုံး မိဘကို ထောက်ပံ့ခဲ့တာ။ မိဘများ ကွယ်လွန်ကြတဲ့အထိပါပဲ။ မိဘကို ၁၀ နှစ်ကျော် လုပ်ကျွေးခွင့် ရရှိခဲ့တယ်။

ကိုယ်တိုင်မိဘအဖြစ်ရလာတော့မှ မိဘရဲ့စေတနာ၊ မေတ္တာကို ရေးရေးမြင်နိုင်စွမ်း ရှိလာတယ်။

ကိုယ့်သားသမီးတွေကို ပညာပြည့်ဝ နှလုံးလှကလေးတွေဖြစ်အောင်၊ တိုင်းပြည်နဲ့လူမျိုးကို ချစ်မြတ်နိုးတတ်အောင်၊ ကျေးဇူးတရားသိပြီး ကျေးဇူးဆပ်တတ်တဲ့ ဗုဒ္ဓဘာသာဝင်ကောင်းတွေဖြစ်အောင် ဘယ်လိုပြုစုပျိုးထောင်ပေးရမလဲ၊ အမေ့မှာ အမြဲစဉ်းစားတွေးတောရတယ်။

ကလေးဘဝက ခံစားချက်တွေကို အောက်မေ့ဆင်ခြင်ပြီး၊ ရှောင်ရန်၊ ဆောင်ရန်တွေ ရွေးချယ်ရတယ်။ ဆရာမဘဝ နွေရာသီမှာ ဘာသာရပ် မွမ်းမံသင်တန်းတက်ရ၊ စာစစ်သွားရနဲ့ သားငယ်တို့ကို တခြားသူနဲ့ အိမ်မှာ ထားခဲ့ရတယ်။ ငယ်ရွယ်တဲ့ နှလုံးသားနုနုမှာ အဖုအထစ်ကလေးတွေများ ဖြစ်သွားလေမလားနဲ့ ပူပင်ရသေးတယ်။ တာဝန်ပိုင်းကလွဲရင် သားသမီးများနဲ့ ရင်အုပ်မကွာ အမေနေခဲ့ပါတယ်ကွယ်။

http://www.dhammadownload.com

ဒီတော့မှ အမေ့ရဲ့ မိဘတွေလည်း ဘွဲ့ရပညာတတ်ဖြစ်အောင် သူတို့ပြုစုတတ်သလို ပြုမှုခဲ့ကြတာဘဲလို့ နားလည်မိတော့တယ်။

တကယ်တော့ အမေ့ရဲ့အဖေက အထက်တန်းပြကျောင်းဆရာတစ်ဦးပါ။ သားသမီး ခုနစ်ယောက် ရှိတယ်။ အားလုံးကို ပညာသင်ကြားပေးခဲ့တာပါ။ သားသမီး ပညာရေးကြောင့် နှစ်များစွာ ချိုးခြံချွေတာခဲ့ကြရမှာပါ။ အလွန်ကို မေတ္တာတရား ကြီးမားလှပါတယ်။

အမေက အမေ့ရဲ့လစာအားလုံး ၁၀ နှစ်ကျော် ထောက်ပံ့ခဲ့လို့ မိဘကျေးဇူးဆပ်ခဲ့ပြီလို့ အောက်မေ့ခဲ့မိတယ်လေ။ ဘာသာရေးစာပေတွေဖတ်၊ အရှင်ဆန္ဒာဓိကရဲ့ "နို့နှစ်လုံးဖိုးကျေပါတယ်"စာအုပ်ဖတ်တော့မှ မိဘကျေးဇူး ကျေအောင်မဆပ်ခဲ့ရပါလားလို့ သိရတော့တယ်။

သားငယ်သိရအောင် ဖတ်ထားတာတွေ ရေးပြမယ်နော်။ မိဘကျေးဇူးဆပ်တဲ့နေရာမှာ လောကနည်းနဲ့ ဆပ်ခြင်း၊ ဓမ္မနည်းနဲ့ဆပ်ခြင်းလို့ ဆပ်နည်း နှစ်မျိုး ရှိတယ်။ မိဘရဲ့ ဝေယျာဝစ္စကိစ္စကြီးငယ်ကို လက်ရုံးအားနဲ့ ဆောင်ရွက်ပေးခြင်းနဲ့ မိဘရဲ့စားဝတ်နေရေး၊ ကျန်းမာရေးအတွက် ကိုယ်တတ်စွမ်းသမျှ ထောက်ပံ့ပေးခြင်းတို့ဟာ "ရုပ်ပိုင်းဆိုင်ရာ ကျေးဇူး ဆပ်နည်း"လို့ ဆိုနိုင်ပါတယ်။

မိဘကျေးဇူးဆပ်လို့ မကျေနိုင်ဘူးဆိုတာ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်တွေကိုပဲ ဖြည့်ဆည်းပေးတဲ့ လောကနည်း ကျေးဇူးဆပ်ခြင်းကို ရည်ရွယ်ပြီး ပြောတာပါကွဲ့။

စိတ်ထားမတတ်သေးတဲ့မိဘကို စိတ်ထားတတ်အောင်၊ စိတ်ထားတတ်ပြီးသားမိဘကို ပို၍ ပို၍ စိတ်ထားတတ်အောင် လမ်းညွှန်ဖေးမပေးရင်၊ ကုသိုလ်မလုပ်သေးတဲ့ မိဘကို ကုသိုလ်လုပ်အောင်၊ ကုသိုလ်လုပ်နေတဲ့မိဘကို ကုသိုလ် ပို၍ ပို၍ တိုးလုပ်နိုင်အောင် လမ်းညွှန်ဖေးမပေးရင်၊ တရားမရှိသေးတဲ့မိဘကို တရားရှိအောင်၊ တရားရှိပြီးသားမိဘကို ပို၍ ပို၍ တရားရှိအောင် စွမ်းဆောင်ဖြည့်ဆည်းပေးရင် "ဓမ္မနည်းနဲ့ ကျေးဇူးဆပ်ခြင်း" ပါပဲ။

ဓမ္မနည်းနဲ့ကျေးဇူးဆပ်တဲ့ သားသမီးအနေနဲ့ မိဘကျေးဇူးကို အကျေဆပ်ပြီးသား ဖြစ်သွားတယ်တဲ့။

တကယ်တော့ သားငယ်ရယ်၊ ကျေးဇူးကျေတာ မကျေတာကို အဓိကမထားဘဲ ကျေးဇူးဆပ်နေဖို့ အဓိကလို့ နှလုံးသွင်းပြီး လောကနည်းနဲ့ရော၊ ဓမ္မနည်းနဲ့ပါ မိဘကို အမြဲကျေးဇူးဆပ်နေဖို့ပဲ အရေးကြီးပါတယ်။ မိဘရဲ့ လိုအပ်ချက်ကိုသိနေဖို့၊ မိဘနဲ့ သဟဇာတဖြစ်နေဖို့က လိုရင်းပါကွယ်။

မိဘကို စိတ်ချမ်းသာအောင် ပြုစုဆောင်ရွက်တဲ့ သားသမီးတွေ ဘဝအနေ အလှဝေပါတယ်။ မိဘအပေါ် ရိုင်းပျစော်ကားသူကတော့ ဘဝမှာ မပြည့်မစုံနဲ့ ဆင်းရဲဒုက္ခမျိုးစုံ ကြုံရတတ်ပါတယ်ကွယ်။

တကယ့်ဖြစ်ရပ်မှန်ကို ရေးထားတဲ့၊ အမေဖတ်ဖူးတဲ့ အကြောင်းကလေးကို ပြောပြဦးမယ်။ သားအမိလေးယောက်ရှိကြရာမှာ အဖေကြီးက နေ့စဉ် အရက်အလွန်သောက်သတဲ့။ အရက်သောက်တဲ့ ဖခင်ကို သားအမိသုံးယောက်က မသောက်စေချင်ကြဘူး။

http://www.dhammadownload.com

အကြီးဖြစ်သူက အဖေအရက်သောက်ရင် ဆူပူကြိမ်းမောင်းလေ့ရှိတယ်။ တစ်နေ့မှာ အရက်မသောက်ဖို့ ပြောမရတဲ့အဆုံး အဖေ့ကို ကြိုးတုပ်ရိုက်သတဲ့။ လူကြားလို့မှ ကောင်းသေးရဲ့လား ကွယ်။

မိခင်က သားကြီးကို ဆွဲထားရတယ်။ အငယ်က အဖေကို ကြိုးဖြေပေးပြီး ဆေးလိမ်းပေးရတယ်။ လမ်းမှာ မူးလဲနေရင်လည်း ဖခင်ကို ဖေးမတွဲခေါ်ပြီး ပြုစုလေ့ရှိတယ်။ အရက်သောက်တာ မကြိုက်ပေမယ့် ဖခင်ကိုတော့ ကြင်ကြင်နာနာ ပြုစုလေ့ရှိတယ်။ ကျန်းမာရေးကြောင့် အရက်မသောက်ဖို့ ဖခင်ကို ချော့မော့ပြောပြတယ်။

ကြီးပြင်းတဲ့အခါ အငယ်က လူ့ဘဝမှာ မတောင့်မတ မကြောင့်မကြ ပြည့်စုံစွာ နေထိုင်ရတယ်။ သားသမီးရဲ့တာဝန်ကျေတော့ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတာပေါ့ကွယ်။ အကြီးမှာတော့ ဘဝမှာ ဆင်းရဲမွဲတေ ဒုက္ခပင်လယ်ဝေရသတဲ့။ မလုပ်သင့်တာ လုပ်ခဲ့မိတော့ ကျက်သရေမင်္ဂလာနဲ့ ဝေးရတယ်လေ။

သားငယ်ရေ မိဘမေတ္တာ၊ မိဘကျေးဇူး ကြီးမားလှကြောင်းကို အခု ကျောင်းသားဘဝကတည်းက မြင်တတ်အောင်လို့ အမေ ရေးပြနေတာပေါ့။

မိဘကို ကျေးဇူးဆပ်နည်း အသွယ်သွယ်ကိုလည်း ရေးပြပြီးပြီ။ အခုရှိနေမှာတော့ မိမိကိုယ်ကို ကောင်းအောင် ကြိုးစားပြီး မိဘကို စိတ်ချမ်းမြေ့စေခြင်းဟာ ကျေးဇူးဆပ်ရာ ရောက်ပါပြီကွယ်။ နိုင်ငံရပ်ခြားမှာ ပညာသင်ဆဲကျောင်းသားရဲ့ ကျေးဇူးဆပ်နည်းလို့ ပြောရမှာပေါ့နော်။

မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ။

http://www.dhammadownload.com

# ကြွေးသစ်ချကာ သားနှင့်မယားကို မြှောက်စားချီးမြှင့် ဝတ်ကုန်စေ

သားငယ် ဖွဲ့

ဘဝမှာ ရည်မှန်းချက်ပန်းတိုင်ထားရမယ်။ ပန်းတိုင်ဆီ အရောက်သွားရမယ်။ အမေ တို့ ခေတ်တုန်းကတော့ များသောအားဖြင့် ဘွဲ့တစ်ခုရပြီး သင့်လျော်ရာ အလုပ်တစ်ခု ရရမယ်။ ဒါလောက်ပဲ ရည်မှန်းချက်ထားတာ များပါတယ်။ လူနည်းစုကသာ နိုင်ငံရပ်ခြားထိ သွားရောက် ပညာသင်ယူကြတယ်။ ဘွဲ့လွန်တွေ တက်ကြတယ်။

အဖေနဲ့ အမေတို့လည်း ဘွဲ့တစ်ခုစီရပြီး အလုပ်ကိုယ်စီနဲ့ အမေတို့ ကိုယ့်ဘဝကို ကောင်းစွာ တည်ဆောက်ခဲ့ကြတယ်။ တည်ဆောက်နိုင်အောင်လည်း ကိုယ့်စိတ်ကို ငါးနှစ်ကျော်ကျော် ထိန်းချုပ်ခဲ့ရပါတယ် သားငယ်။

ပုတ္တဒါရဿ သင်္ဂဟော၊ ဧတံ မင်္ဂလမုတ္တမံ။

**သားမယားကို ချီးမြှင့်ထောက်ပံ့ခြင်းသည် မြတ်သောမင်္ဂလာမည်၏။**

သားသမီး ချီးမြှောက်ခြင်းဟူသည် မိဘဝတ္တရားကို မပျက်စေခြင်းပင်လို့ ဆရာတော်ကြီး အရှင်ဝါသေဋ္ဌာဘိဝံသက ပရိတ်ကြီးနိဿယသစ်မှာ ဖွင့်ဆိုတယ်။

ပုတ္တဒါရဿ သင်္ဂဟော မင်္ဂလာဆောင်ယူဖို့ ကိုယ့်ဘဝကို စတင်တည်ဆောက်ကတည်းက ကြိုးစားလာခဲ့တာ အခုထိကို ကြိုးစားနေရဆဲပါလား သားငယ်ရယ်။ အဖေ အမေတို့တောင် အသက် ၆၀ ကျော် ပင်စင်ယူပြီးကြပြီလေ။ ဒီလိုပါပဲ ဘဝတည်ဆောက်မှုဆိုတာ ပြီးဆုံးပြီရယ်လို့မှ မရှိဘဲကိုး။ သားသမီးဘဝတုန်းက သားသမီးတာဝန်ကျေလို့၊ မိဘဖြစ်လာတော့ မိဘတာဝန် ကျေရမယ်မို့လား။ တာဝန်ကိုယ်စီ ရှိနေကြတာချည်းပါပဲ။ သံသရာက လွတ်မြောက် မဂ်ဖိုလ်နိဗ္ဗာန် ရောက်မှ ပြီးဆုံးတော့မှာပေါ့။

အမေတို့ နှစ်ဖက်မိဘတို့အား ပြုစုလုပ်ကျွေးခြင်းဖြင့် ကျွေးဟောင်းကိုလည်း ဆပ်ခဲ့ပါတယ်။ သားငယ်တို့ကို ပြုစုပျိုးထောင်ပေးခြင်းဖြင့် ကျွေးသစ်ကိုလည်း ပြုခဲ့ပါပြီ။ လိုအပ်သူကို လိုအပ်ရာ စွမ်းနိုင်သမျှပေးကမ်း၊ အလှူဒါနပြုခြင်းဖြင့် ရွှေအိုးကိုလည်း မြှုပ်နှံခဲ့ပြီးပါပြီ။ လောက လူ့ကျင့်ဝတ်များ ဆောင်ရွက်ခဲ့ပြီမို့ အမေတို့ စိတ်ချမ်းသာရပါတယ်ကွယ်။

ဘဝခရီးစတင်တော့ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ ဘာသာရေးတွေအတွက် စာတွေ အများကြီး ဖတ်ခဲ့ရတယ်။ တတ်သိနားလည်သူတွေကို မေးရတယ်၊ မှတ်ရတယ်။ ဘာသာရေး၊ ကျန်းမာရေး အသိတွေကို လက်ဆင့်ကမ်း သယ်ဆောင်လာခဲ့တာတွေက အားမရစရာတွေ များတယ်ကွဲ့။

http://www.dhammadownload.com

အမေတော့ ပတ်ဝန်းကျင်က ပြောတာတွေ လက်မခံဘဲ ဆရာဝန်တွေရဲ့ ညွှန်ကြားချက်တွေအတိုင်း ကိုယ်ဝန်ဆောင်စကတည်းက သွားလာ၊ နေထိုင်ရေး၊ စားသောက်ရေး၊ အမေ လိုက်နာခဲ့တယ်။ မွေးဖွားပြီးတော့လည်း မိခင်ရော ကလေးပါ အာဟာရရှိတာတွေ စားတယ်၊ ကျန်းမာရေးနဲ့ ညီအောင် နေထိုင်တယ်။ ဒါမှ မိခင်ရော ကလေးပါ ကျန်းမာရွှင်လန်းပြီး တစ်အိမ်သားလုံး စိတ်ချမ်းသာရမယ်မို့လား။ ကလေးလည်း ဦးနှောက်ဖွံ့ဖြိုး အသိဉာဏ် ကြွယ်မယ်လေ။

မြတ်ဗုဒ္ဓကလည်း "နို့စို့ကလေးကအစ၊ ကိုယ်ဝန်သည်မိခင်၊ နို့တိုက်မိခင်တို့အတွက် အစားအသောက် အနေအထိုင် ကျန်းမာရေးအတွက် ညွှန်ကြားချက်တွေ ဟောကြားခဲ့တာ" တဲ့ ။ အမေတို့က ဗုဒ္ဓစာပေတွေနဲ့ ဝေးနေတော့ မသိခဲ့ဘူးပေါ့။

ဘာသာရေးအတွက်ကလည်း နေ့စဉ်ပရိတ်ကြီး ၁၁ သုတ်ကို စာအုပ်ကြည့် ရွတ်ဖတ်ပူဇော်တတ်တာလောက်ပဲရှိတယ်။ ဗောဓိမင်းသားရဲ့ မယ်တော်လိုတော့ ဘာသာရေးအတွက် သန္ဓေတည်ကတည်းက ဗုဒ္ဓဘာသာဝင်အဖြစ် မပြုလုပ်ခဲ့မိဘူး။

ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းမှာ မြတ်စွာဘုရား သီတင်းသုံးတော်မူစဉ် ဗောဓိမင်းသားရဲ့ မယ်တော်က သူမရဲ့ဝမ်းကြာတိုက်မှာရှိတဲ့ သတို့သား၊ သို့မဟုတ် သတို့သမီးကို ရတနာမြတ်သုံးပါး ဆည်းကပ်သူအဖြစ် အသက်ထက်ဆုံး မှတ်ယူပါလို့ မြတ်စွာဘုရားကို လျှောက်ထားတယ်။ ဒုတိယအကြိမ် ဗောဓိမင်းသားကို နို့ထိန်းသည် ပိုက်ချီစေပြီး ရတနာသုံးပါး ဆည်းကပ်သူအဖြစ် အသက်ထက်ဆုံး မှတ်ယူပါလို့ မြတ်စွာဘုရားကို လျှောက်ထားခဲ့တယ်တဲ့။

အမေတို့လည်း ဘဝတည်ဆောက်ရာမှာ လမ်းကြောင်းမှန်ချင်တယ်။ ဒီတော့ ဗုဒ္ဓစာပေတွေ ဖတ်ရတယ်။ ကိုယ်တိုင်လည်း ဖတ်တယ်။ သားငယ်တို့အတွက်လည်း ကြိုတင်ပြီးစာအုပ်တွေ စုဆောင်းထားတယ်။

သားငယ်တို့ စာဖတ်နိုင်ပြီဆိုတော့ စာဖတ်အလေ့အကျင့် လုပ်ပေးခဲ့တယ်။ စာပေနဲ့ ပျော်မွေ့စေခဲ့တယ်။ မိဘက မပေးနိုင်တဲ့ ဗဟုသုတတွေ၊ ပညာတွေ သားငယ်တို့ ရစေတာပေါ့။ အထူးသဖြင့် မကောင်းတဲ့ အလေ့အကျင့်တွေစွဲပြီး လမ်းမှားရောက်သွားမှာ အကြောက်ဆုံးပဲ။

အမေတို့လူမျိုးမှာ လက်ဆင့်ကမ်း သယ်ယူခဲ့ကြတဲ့ အယူသည်းမှု အစွဲတွေ အများကြီးရှိတယ်။ အဲဒါက ရက်ရွေးတာတွေ၊ အမြင်စွဲ၊ အကြားစွဲ၊ အနံ့စွဲတွေယူပြီး နိမိတ်ကောက်တာတွေနဲ့ ကိုးကွယ်ရာ များကြတာတွေပါ။ တခြားအယူဝါဒ ဓလေ့တွေ ရောထွေး နေတာကို ဗုဒ္ဓဘာသာလို့ အထင်မြင်မှားပြီး အတုနဲ့အစစ်ကို သိသူရှားပါးနေတယ်။

အမေတော့ သားသမီးတွေကို သမ္မာဒိဋ္ဌိလမ်းကြောင်းပေါ် တင်ပေးနိုင်ခဲ့တာကို ဝမ်းမြောက်ဆုံးပါပဲ။ ကိုးကွယ်ရာမများဘဲ ရတနာမြတ်သုံးပါးသာလျှင် ကိုးကွယ်ဆည်းကပ်ရာ အစစ်လို့ ယုံကြည်ပြီး ဗုဒ္ဓဘာသာဝင်ကောင်းများဖြစ်တာကို အကျေနပ်ဆုံးဖြစ်တယ်။ ဒါဟာ မိဘတွေရဲ့ အဓိက အကျဆုံး တာဝန်ဝတ္တရားလို့လည်း အမေယူဆတယ်။

http://www.dhammadownload.com

"ဗုဒ္ဓသာသနာကို ဦးထိပ်တင်ထားသောသူတစ်ဦးမှာ ဗုဒ္ဓရှင်တော်အဆုံးအမအတိုင်း လိုက်နာလျှင် လောကရေး၌လည်း စိတ်ချမ်းသာ၏။ တိုးတက်ကြီးပွား၏။ တကယ် ငြိမ်းချမ်းရေးလိုသောအခါလည်း မှီခိုရာ တကယ့်အေးရိပ်သာဖြစ်၏။ သို့ဖြစ်လျှင် မိမိတို့ရရှိထားသော ထိုအမွေကို သားသမီးများ တစ်သက်လုံး ထိန်းသိမ်းထားနိုင်အောင် မအပ်နှင်းဘဲ နေထိုက်ပါမည်လော"ဟု သပြေကန်ဆရာတော်ကြီး အရှင်ဝါသေဋ္ဌာဘိဝံသကလည်း ပရိတ်ကြီးနိဿယသစ်မှာ ရေးသားထားတယ်ကွဲ့။

ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက်ဖြစ်အောင် အမွေပေးနိုင်ဖို့ကလည်း အတော်ကို ကြိုးစားခဲ့ရပါတယ်။ သားငယ်တို့ ရင်ခွင်ပိုက်အရွယ်က အမေတို့က ရေနံမြေမှာ နေခဲ့ရတယ်။ ရေနံဌာနအိမ်တွေက မြို့ပြင်ဘက်မှာဆိုတော့ သံဃာတော်များ ဆွမ်းခံကြွလေ့ မရှိဘူး။ ကျောင်းပိတ်ရက်မှာ သံဃာတော်များကို ဆွမ်းခံကြွဖို့ ပင့်ဖိတ်လျှောက်ထားရတယ်။ ကလေးတွေဖြစ်ပေမယ့် သံဃာများ တန်းစီကြွလာတာကို ကြည်ညိုစေတယ်။ ဆွမ်းလောင်းလှူတာကို ကုသိုလ်ယူစေတယ်။ ဝါတွင်းသုံးလပတ်လုံး ဘုန်းကြီးကျောင်းသွားပြီး ဥပုသ်နေ့မှာ ဥပုသ်စောင့်နိုင်အောင် အားထုတ်ခဲ့ရတယ်။

အမေတို့ရဲ့ အမှုထမ်းဘဝ၊ တာဝန်ထမ်းဆောင်ချိန်ကလွဲရင် သားသမီးတွေအတွက် ဘာသာရေး၊ ကျန်းမာရေး၊ အသိပညာပေးရေးအတွက် ဦးစားပေးလုပ်ဆောင်ခဲ့ကြတယ်။

အခုတော့ အမေ့ရဲ့ သားသမီး သုံးယောက်စလုံး ရိုးရိုးသားသားနဲ့ ကြိုးစားအားထုတ်ခဲ့ကြလို့ ဘွဲ့အသီးသီးရပြီးကြပြီ။ မိမိကိုယ်သာ အားကိုးရာဟု သိမြင်ပြီး၊ ကံ၊ ဉာဏ်၊ ဝီရိယကို အခြေပြုလို့ ကိုယ့်ဘဝကို ကောင်းစွာတည်ဆောက်နေတာကို မြင်ရတာ သိပ်ကို ဝမ်းသာရတယ်။ တစ်နေ့အောင်မြင်ရမှာပါ သားငယ်၊ ဆက်ပြီး ကြိုးစားပါ။

သားငယ်ဆီရေးခဲ့တဲ့ ပထမဆုံးစာထဲမှာ သားငယ်က အသက်၂၀ ကျော်အရွယ်၊ လူပျိုလူလွတ်ဆိုတော့ သားသမီးချီးမြှောက်ရေး မင်္ဂလာဆောင်ယူဖို့ မလိုသေးပါဘူးလို့ ရေးခဲ့တယ်နော်။ အခု မလိုသေးပေမယ့် နောင်လိုအပ်မှာလေ။ ဒါကြောင့် သိထားရမှာတွေပါ။ အမေတို့က သားငယ်တို့ကို ကိုယ်တိုင်ပြုစုပျိုးထောင် ချီးမြှောက်မစ အရာရာစောင့်ရှောက်တာတွေ ရေးပြတော့ သားငယ်ဖတ်ပြီး ဝမ်းသာရမယ်။ အမေတို့ကို ပိုပြီးမေတ္တာထားလာမယ်။ မိဘကျေးဇူး အထူး အောက်မေ့ဆင်ခြင်မိလာမယ်။ သားငယ်ရဲ့စိတ်မှာ ကုသိုလ်စိတ်ဖြစ်ပြီး မင်္ဂလာရှိအောင်လို့ ရေးပြတာပါ သားငယ်။

မိဘက ပုတ္တဒါရဿ သင်္ဂဟမင်္ဂလာအရ သားသမီးကို ပြုစုပျိုးထောင်ခဲ့ရင် သားသမီးက မာတာပိတု ဥပဋ္ဌာနမင်္ဂလာအရ မိဘကို လုပ်ကျွေးပြုစုဖို့ တာဝန်ရှိလာပါတယ်။

ဘဘဦးသုခက သူ့ရဲ့ "အဖေနဲ့သား" ရုပ်ရှင်မှာ စာတန်းထိုးထားခဲ့တယ်။ "အဖေနဲ့သား။ နှစ်ဦးကြား။ ဝတ္တရားကိုယ်စီရှိကြသည်"တဲ့။ မိသားစုမှာ တာဝန်ကိုယ်စီ ရှိကြသည်။ ကိုယ့်တာဝန်ကို ကျေကြရင်ဖြင့် မင်္ဂလာရှိနေပါပြီ။ မင်္ဂလာရှိသူဖြစ်ပါစေလို့ အမေ ဆန္ဒပြုပါတယ် သားငယ်။

မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။

http://www.dhammadownload.com

# အလုပ်တာဝန် မလစ်ဟင်းစေနဲ့
# အပြစ်ကင်းအောင် လုပ်ပါလေ

သားငယ် ဖွဲ့

နေ့စဉ် နံနက်စာပြင်ဆင်မှုနဲ့ ထမင်းချိုင့်ထည့်ပေးရတဲ့ ကိစ္စကို လုံ့လစိုက်ပြီး အိပ်ရာက မထမိရင် အေးအေးဆေးဆေး သပ်သပ်ယပ်ယပ်ကို မဖြစ်ဘူး။ စိတ်ရောလူပါ ရှုပ်ရှုပ်ထွေးထွေး ဖြစ်ကုန်တော့တာပါပဲ။ အလုပ်သမားတွေ အလုပ်ခွင် ထွက်သွားချိန်မှာ မီးဖိုခန်းလည်း ရှုပ်ပွ ကျန်ရစ်ပါလေရော။

အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလမုတ္တမံ။

ရှုပ်ထွေးခြင်းကင်းသော အလုပ်ကိုလုပ်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

အလုပ်ကိုလုပ်ရမယ်။ အပြစ်ကင်းအောင် လုပ်ရမယ်။ ရှုပ်ထွေးခြင်းကင်းပြီး ရှင်းရှင်းလင်းလင်း လုပ်မှ မင်္ဂလာရှိတယ်လို့ မြတ်စွာဘုရားက ဟောပါတယ်။

ရှုပ်ထွေးခြင်းကင်းတဲ့အလုပ်ကို လုပ်နိုင်ဖို့ဆိုရင် အပျင်းမထူဖို့ လုံ့လဝီရိယရှိဖို့ လိုတယ်ကွဲ့၊ မြတ်စွာဘုရားကတော့ အလုပ်မရှုပ်ထွေးကြောင်း ငါးပါးရှိတယ်လို့ ဟောကြားထားတယ်။ မြတ်စွာဘုရား ဟောကြားချက်ကို ပရိတ်ကြီးနိဿယသစ်မှာ ဆရာတော်အရှင်ဝါသေဋ္ဌာဘိဝံသက "ချိန်ခါ သိသင့်၊ သင့်အောင်ပြုခြင်း၊ မပျင်းမရိ၊ လုံ့လရှိလျက်၊ မပျက်စီးစေ၊ အလုပ်တွေ၊ ရှုပ်ပွေမရှိရာ"လို့ ဆောင်ပုဒ် ပေးတော်မူထားတယ်။

ဒီ အနာကုလာစ ကမ္မန္တာမင်္ဂလာဟာ စီးပွားရေးနဲ့ပတ်သက်လို့ လမ်းညွှန်ပြထားတဲ့ မင်္ဂလာဆို ပေမယ့် ပညာရေး၊ ကျန်းမာရေး၊ အိမ်မှုကိစ္စပြုလုပ်ရေးတွေပါ အသုံးပြုလို့ ရပါတယ်။

ချိန်ခါသိသင့်ဆိုတာ အချိန်သိခြင်းပါ။ လုပ်ရမယ့်အချိန်ကို သိဖို့၊ သတ်မှတ်ထားတဲ့ အချိန်မှာ ပြီးဖို့ပါ။ အခုပဲကြည့်လေ၊ အိပ်ရာထနောက်ကျရင်ကို နံနက်စာ စားရေး၊ ထမင်းချိုင့်ပြင်ရေးကို တက်သုတ်ရိုက်ပြီး လုပ်ကြရတယ်မို့လား။ အလုပ်သွားသူလည်း ဟိုပစ္စည်းကျန်၊ ဒီပစ္စည်းမေ့။ အိမ်က လူလည်း ရှင်းစရာ တစ်ပုံတစ်ပင်နဲ့ အဆင်မပြေလှဘူး။

သားငယ်ရဲ့အစ်ကိုက လက်ကိုင်ဖုန်းမေ့ကျန်ရစ်တတ်တယ်။ အဲဒီနေ့ဆိုရင် အမေ့မှာ ဖုန်းသံ ကြားတိုင်း ထကိုင်ရတာ အလုပ်ရှုပ်ရော။ သူလည်း အလုပ်လစ်ဟင်းတယ်။

ဒါက အိမ်တွင်းကိစ္စလေ။ တခြားသူနဲ့ ဆက်ဆံရတဲ့ အလုပ်ကိစ္စဆိုရင် အချိန်လေးစားဖို့က အထူးလိုအပ်ချက်ပါပဲ။ အလုပ်လက်ခံထားရင်လည်း ကတိခံထားတဲ့အချိန်မှာ ပေးနိုင်ဖို့၊ ကျောင်း သားဆိုရင်လည်း စာကျက်မှတ်ခြင်းအလုပ်ဟာ စာမေးပွဲမတိုင်ခင် ပြီးဖို့ လိုတယ်လေ။

http://www.dhammadownload.com

သားငယ်တို့ ကျောင်းသားတွေ စာကို အချိန်ဇယားနဲ့ချပြီး ပြီးစီးအောင် ကျက်မှတ်ရမယ်။ စာမေးပွဲပြီးလို့ နောက်စာမေးပွဲ ဝေးချိန်မှာ ပြင်ပစာအုပ်တွေ ဖတ်ရမယ်။ ဗဟုသုတရှာမှီး လေ့လာရမယ်။ အချိန်အခါကြည့်ပြီး ပညာဗဟုသုတ ရှာရမှာပေါ့ကွယ်။

သင့်အောင်ပြုခြင်းဆိုတာက သင့်လျော်တဲ့လုပ်ငန်း၊ သင့်လျော်တဲ့နေရာ၊ သင့်လျော်တဲ့ပုဂ္ဂိုလ်စတာတွေကို ရွေးချယ်ပြီး ပြုလုပ်ရပါ့မယ်။ ကိုယ် ပိုင်နိုင် ကျွမ်းကျင်တဲ့ လုပ်ငန်းကို ရွေးချယ်ပြီး ပြုလုပ်ရပါမယ်။ စာမေးပွဲဖြေရာမှာကိုပဲ ရွေးစရာမေးခွန်းရှိလို့ကတော့ ပိုင်တဲ့မေးခွန်းကို ရွေးဖြေရတာပါ။ ရွေးစရာမေးခွန်းမပါခဲ့ရင် အပိုင်ဆုံးအပုဒ်ကို ပထမဆုံးဖြေဖို့ ဆရာများက အထပ်ထပ်မှာကြတယ်။ သားငယ် စာမေးပွဲဖြေရာမှာ ဒီအတိုင်း လိုက်နာခဲ့တာမို့လား။

မပျင်းမရိဆိုတာကတော့ ရှင်းပါတယ်၊ မပျင်းရဘူးပေါ့။ ဒီအပျင်းဓာတ်က လူတိုင်းမှာကိုရှိတယ်။ နည်းတာနဲ့ များတာပဲ ကွာပါလိမ့်မယ်။ အလုပ်ကို မဖြစ်စေတဲ့ စိတ်ဓာတ်၊ တက်လမ်းပိတ်စေတဲ့ စိတ်ဓာတ်ပါ။ ကောင်းကျိုးမှန်သမျှ လွဲစေတဲ့စိတ်ဓာတ်မို့ အသိဉာဏ်ယှဉ်ပြီး ကြိုးစားဖယ်ရှားရပါတယ်။ ဖယ်ရှားနိုင်လေ အကျိုးများလေပါသားငယ်။

ပညာရေးမှာလည်း မပျင်းမရိ ကြိုးစားအားထုတ်သူသာ အောင်ပန်းဆွတ်ခူးရတယ်မို့လား။ စီးပွားရေးမှာလည်း ထို့အတူပါပဲ။ ချမ်းသာကြွယ်ဝတဲ့ သူဌေးကြီးတွေဟာ ကံ၊ ဉာဏ်၊ ဝီရိယအခြေပြု အပတ်တကုတ် ကြိုးပမ်းအားထုတ်လာကြတဲ့ သူတွေချည်းပါ။ ပျင်းရိခြင်းကြောင့် ဆင့်ကဲဆင့်ကဲ မရရှိနိုင်တဲ့ အကျိုးတွေ၊ လောကနီတိမှာ ဒီလိုပြထားတယ်ကွဲ့။

"ပျင်းရိသောသူအား အတတ်အဘယ်မှာ တတ်အံ့နည်း။

အတတ်မရှိသော သူအား ဥစ္စာအဘယ်မှာ ရအံ့နည်း။

ဥစ္စာမရှိသောသူအား အဆွေခင်ပွန်း အဘယ်မှာရအံ့နည်း။

အဆွေခင်ပွန်းမရှိသောသူအား ချမ်းသာ အဘယ်မှာရအံ့နည်း။

ချမ်းသာမရှိသောသူအား ကောင်းမှု အဘယ်မှာပြုရအံ့နည်း။

ကောင်းမှုမရှိသောသူအား နိဗ္ဗာန်ကိုအဘယ်မှာရနိုင်အံ့နည်း။"

အမေကတော့ ကျန်းမာရေးအချက်တစ်ချက် ထပ်တိုးလိုက်ချင်တယ်။ ဥပမာကတော့ အမေ့ကိုပေးရမယ်။ အမေကိုယ်တိုင်ကိုက အပျင်းထူတယ်။ ကိုယ်လက်လှုပ်ရှား မလုပ်ဘူး။ လမ်းမလျှောက်ဘူး။ အိပ်ရင်းစာဖတ်၊ ထိုင်ရင်းစာဖတ်နဲ့ ပျင်းကြောဆွဲနေတော့ တစ်နေ့တခြား အဝတွေတိုးလို့ အသက်ရှူကြပ်ရတာနဲ့၊ ဒူးနာတာနဲ့ ဝေဒနာတွေ ခံစားနေရတယ်။ အစားရှောင်ရ၊ ဆေးသောက်ရ၊ ဆရာဝန်ပြရနဲ့ အလုပ်ကို ရှုပ်နေပါရောဲ။ ချမ်းသာ အဘယ်မှာရအံ့နည်းပါပဲ။

လုံ့လရှိလျက်ဆိုတာက လုံ့လရှိခြင်းကို ဆိုတာပါ။ ပျင်းရိခြင်းမရှိရင် လုံ့လရှိပြီပေါ့။ အဲဒီမပျင်းမရိ လုံ့လကို မိမိအလုပ်မှာ ဇောက်ချပြီး ကြိုးကြိုးစားစားလုပ်စေခြင်းဖြစ်တယ်။ မိမိအလုပ်မှတစ်ပါး အခြားအလုပ်ကို စိတ်မဝင်စားမိဖို့ ထပ်ပြရတာပါတဲ့။

http://www.dhammadownload.com

ဒီအချက်ကိုရေးပြရင်း အမေတော့ သားငယ်ရဲ့ဝမ်းကွဲ အစ်ကိုတစ်ယောက်ကို ပြေးမြင်ယောင်မိတယ်။ သူက အလုပ်ကို ကြိုးကြိုးစားစား သိပ်လုပ်တယ်။ ဒါပေမယ့် အလုပ်တစ်ခုကို ဇောက်ချမလုပ်ဘူး။ တစ်ခုပြီးတစ်ခု ပြောင်းလုပ်တယ်။ ပဲမျိုးစုံရောင်းတယ်။ ကားဝယ်ပြီး လိုင်းကားဝင်ပြေးတယ်။ ရွှေအရောင်းအဝယ် လုပ်ငန်းလုပ်တယ်။ တိတ်ခွေအငှားဆိုင်ဖွင့်တယ်။ အကျိုးတော်ဆောင်လုပ်ငန်း၊ အလှပြင်ဆိုင်၊ စတိုးဆိုင်၊ အလုပ်ကိုစုံလို့ပါကွယ်။ အလုပ်တစ်ခုကို ကြာကြာမလုပ်ဘူး။ အပြောင်းမြန်တယ်။ ဒီတော့ ကြိုးစားသလောက် အရာမရောက်ဘူးပေါ့။ လုပ်ငန်း လုပ်တာနှစ်ပေါင်း ၃၀ ကျော်ရှာမယ်။

**မပျက်စီးစေဆို**တာက မိမိကိုယ်ကို ထိန်းသိမ်းဖို့ပါ။ အပျော်အပါး၊ အရက်၊ လောင်းကစားစတာတွေနဲ့ လုပ်နေတဲ့အလုပ်၊ သင်ကြားနေတဲ့ ပညာရေး မပျက်စီးအောင် သတိထားရပါမယ်။

အခုခေတ် တစ်လုံး၊ နှစ်လုံး၊ သုံးလုံးတွေက လူတွေကို အထိနာစေတယ်။ ပညာတတ်စုံတွဲတွေကို နှစ်လုံးထိလို့ နေအိမ် တိုက်တာပေါင်ရတာတို့ ဈေးသည်တွေ ဆိုင်ပြုတ်၊ အရင်းပြုတ်တာတို့ တွေ့မြင်ကြားသိနေရတယ်ကွယ်။

ကိုယ်ကိုယ်တိုင် ရှင်းရှင်းလင်းလင်း ရှိရပါမယ်။ ရှုပ်ထွေးခြင်း ကင်းရပါမယ်။ ဒါမှသာ အနှောင့်အယှက်ကင်းတဲ့အလုပ် လုပ်ဖြစ်ပါမယ်။ အနှောင့်အယှက်ဆိုရာမှာ ကိုယ့်အပြုအမူကြောင့် တစ်ဖက်သားမှာ စိတ်အနှောင့်အယှက်မဖြစ်ဖို့၊ အကျိုးမထိခိုက်ဖို့ အထူးသတိထားရမယ်။

ကိုယ့်အတွက်လည်းရှင်းစေ၊ တခြားသူအတွက်လည်း အနှောင့်အယှက်ကင်းစေဆိုတဲ့ အဓိပ္ပာယ်ပါ။ ကိုယ်လုပ်တဲ့ အလုပ်တွေဟာ သူတစ်ပါးကို ထိခိုက်၊ နစ်နာစေတယ်။ စိတ်အနှောင့်အယှက်ဖြစ်စေတယ်ဆိုရင်လည်း ဘုရားအလိုကျ မဟုတ်ပြန်ပါဘူး။

သားငယ်က ပညာရှာဆဲဆိုတော့ ဆရာတော်ကြီးရဲ့ ဆောင်ပုဒ်အတိုင်း နေ့စဉ် ကိုယ့်ကိစ္စဆောင်ရွက်ရေး၊ ပညာရေးတွေမှာ အသုံးပြုနော်။ နောင်တစ်ချိန် စီးပွားရှာရာမှာလည်း အလေ့အကျင့်ကောင်းတွေ စွဲသွားပြီးဖြစ်စေတယ် သားငယ်။

ညမအိပ်ခင်ကတည်းက နောက်နေ့လုပ်ရမယ့် အလုပ်တွေ အကြမ်းစီစဉ်ထားလိုက်ပါ။ ဘယ်အချိန် အိပ်ရာက ထရမလဲဆိုတာ အတိအကျသတ်မှတ်ပြီး နှိုးစက်ပေးထားသင့်တယ်။ ကိုယ့်အစီအစဉ်အတိုင်း လုပ်ဖြစ်အောင်လုပ်ပါ သားငယ်။

မနက် အိပ်ရာကထ၊ ကိုယ်လက်သန့်စင်ပြီး အနန္တော အနန္တငါးပါးကို ရှိခိုးပါ။ မိမိနှင့်တကွသတ္တဝါအများကို မေတ္တာပို့၊ ကုသိုလ်အမျှပေးဝေပါ။ မေတ္တာစိတ်၊ ကြည်လင်လန်းဆန်းသောစိတ်ဖြင့် တစ်နေ့တာလုပ်ငန်း စတင် ဆောင်ရွက်ပေတော့ကွယ်။ အနာကုလာ စ ကမ္မန္တာမင်္ဂလာနဲ့ ပြည့်စုံမှာ အသေအချာပါ။

မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ။

http://www.dhammadownload.com

# သုံးတန်စေတနာ ဖြူစင်လန်းလို့
# ပေးကမ်းဝေမျှ လှူဒါန်းစေ

သားငယ် ဖွဲ

အညာမြေမှာနေတဲ့ အမေ့ရဲ့အစ်မကြီးက တူမရဲ့သားကို ရှင်ပြုမယ်၊ ရပ်ဝေးက မွေးချင်းများကို မဖိတ်တော့ဘဲ၊ တစ်မြို့ထဲနေ ဆွေမျိုးသားချင်းများ၊ ဆွေမျိုးများနဲ့အတူ ပင့်သံဃာ ၁၀ ပါးကို ဆွမ်းကပ်ပြီး လှူဖွယ်ဝတ္ထုများလှူဒါန်းကာ ဘုန်းကြီးကျောင်းမှာ ရှင်ပြုအလှူပြုမှာလို့ အစ်မကြီး က အမေ့ဆီ သတင်းစကားပို့တယ်။

ဒါနဥ္စ၊ ဧတံ မင်္ဂလမုတ္တမံ။

ပေးကမ်းလှူဒါန်းခြင်းသည် မြတ်သောမင်္ဂလာမည်၏။

ရှင်ပြုအလှူမင်္ဂလာ သတင်းစကားကြားရတာ ဝမ်းသာရမှာကို စိတ်ထဲတစ်မျိုးခံစားရတယ်။ ဘာကြောင့်ပါလိမ့်လို့ ဆန်းစစ်ကြည့်မိတယ်။

အစ်မကြီးတို့ ဇနီးမောင်နှံက အသက် ၇၀ ကျော်ကြပြီ။ လစာနည်းဝန်ထမ်း ပင်စင်စားတွေ လေ။ ပင်စင်ကိုလည်း ရောင်းပြီးပါပြီ။ အိမ်မှာ မီးခိုးတိတ်နေတာ ကြာပြီပေါ့။ မွေးချင်းအိမ်တွေ က သူတို့ရဲ့ စားအိမ်သောက်အိမ်ပါပဲ။

သားသမီးလည်း တစ်ယောက်မှ မထွန်းကားဘူး။ တူမအရင်းကို သားသမီးကဲ့သို့ ဘွဲ့ရသည့် အထိ ကျွေးမွေးပြုစု ပညာသင်ကြားပေးခဲ့ကြတယ်။ ဒေါက်တာဘွဲ့ရခဲ့တယ်။ နိုင်ငံခြားကို အခေါက်ခေါက်သွားရတော့ ကျွေးမိဘနှစ်ပါး၊ မွေးမိဘနှစ်ပါးတို့ကို ငွေသိန်းဂဏန်း ကန်တော့ တယ်။ အခု သမီးကန်တော့ငွေအားလုံး တူမရဲ့သားလေးကို ရှင်ပြုအလှူပေးမှာတဲ့။ အစ်မကြီးရဲ့ စေတနာသဒ္ဓါတရားကိုတော့ ချီးကျူးမိရုံမက အံ့သြမိတယ် သားငယ်။

အသက်အရွယ်ကြီးသူများအဖို့ ကျန်းမာရေးအတွက် ငွေမလိုပေဘူးလား။ နောင်ရေးအတွက် ငွေမချန်သင့်ဘူးလား။ အဲဒီလို အမေ တွေးမိတယ်။

မြတ်စွာဘုရားက သိင်္ဂါလသုတ်မှာ ဝင်ငွေသုံးစွဲနည်း ဟောထားတယ်။ ဝင်ငွေကို လေးပုံပုံ ရမယ်။ နှစ်ပုံကို အလုပ်မှာ ရင်းပါ။ တစ်ပုံကို အရေးကြုံတဲ့အခါ သုံးဖို့သိမ်းထားရမယ်။ တစ်ပုံကို သုံးစားရမယ်။ သုံးစားဖို့အပုံထဲကမှ ခွဲဝေလှူဒါန်းရမယ်လို့ စနစ်တကျ ပိုင်းခြားပေးထားတယ်။

မြတ်စွာဘုရားက ဒီလိုဟောထားပါတယ်လို့ အစ်မကြီးဆီ စာရေးမယ် ရည်ရွယ်ခဲ့သေးတယ်။ ဒါနဖြစ်ဖို့ စေတနာရယ်၊ ပစ္စည်းဝတ္ထုရယ်၊ အလှူခံပုဂ္ဂိုလ်ရယ်၊ ဒီအင်္ဂါ ၃ ပါးထဲမှာ စေတနာဖြစ်ဖို့ က အခက်ဆုံးဖြစ်တယ်။

http://www.dhammadownload.com

အမကြီးက အခက်ဆုံးစေတနာ ထက်သန်နေလေတော့ မွေးချင်းဆွေမျိုးတစ်စု၊ ပကာသန မဖက်တဲ့အလှူ၊ စိတ်ချမ်းမြေ့ ပျော်ရွှင်ရမယ့်အလှူ လှူဖြစ်တာကောင်းပါတယ်။ နောင်တစ်နေ့ အစ်မကြီးလိုအပ်တာကိုပဲ ကူညီထောက်ပံ့တော့မယ်လို့ အမေ ဆုံးဖြတ်လိုက်တယ်။

သာသနာတော်မှာ အလှူရဲရင့်တဲ့ အနာထပိဏ်သူဌေးကြီး အကြောင်းကိုလည်း သတိရမိတယ်။ မြတ်စွာဘုရားလက်ထက်က အနာထပိဏ်သူဌေးကြီးဟာ နေ့စဉ် သံဃာတော်များကို ဆွမ်းလှူဒါန်းတယ်။ သူဌေးကြီးရဲ့ ပစ္စည်းတွေလျော့ပါးပြီး ကုန်ခန်းပေမယ့်လည်း သံဃာတော်တို့အား ရှိသမျှပစ္စည်းကလေးနဲ့ လှူမြဲလှူတယ်။ သူ့အိမ်ရဲ့ တံခါးစောင့်နတ်က လှူဒါန်းမှုကို တားမြစ်တော့ သူဌေးကြီးက အလှူကို မရပ်ဘဲ တံခါးစောင့်နတ်ကိုသာ အိမ်က မောင်းထုတ်လိုက်တယ်။

တံခါးစောင့်နတ်ဟာ နေစရာမရှိတော့ သူ့အပြစ်ကာမိအောင် သူဌေးကြီးရဲ့အကြွေးတွေ၊ ပျောက်ဆုံးနေတဲ့ပစ္စည်းတွေ ပြန်ရအောင် လုပ်ပေးပြီး ပြန်နေခွင့်တောင်းရတယ်တဲ့။

သူဌေးကြီးလည်း ဆင်းရဲသွားရာက ပစ္စည်းတွေပြန်ရပြီး ချမ်းသာကြွယ်ဝလာတယ်။ သာသနာတော်မှာ အလှူရဲသော်လည်း မဆင်းရဲနိုင်ဘူး။ အခုခေတ်လည်း သာဓကတွေအများကြီးရှိပါတယ်။ ဒါကြောင့် အစ်မကြီးဆီ စာလည်း ရေးမပို့ဖြစ်ပါဘူးကွယ်။

"ရှင်ပြုအလှူလုပ်ချင်တာ၊ ငါ့မှာ သားယောကျ်ားကလေးလည်းမရှိ၊ လှူစရာငွေလည်းမရှိ၊ လှူချင်တဲ့စေတနာ၊ ဆန္ဒပဲရှိနေတယ်လို့ အောက်မေ့နေတုန်း၊ သမီးက ကန်တော့တာနဲ့ စိတ်ဆန္ဒပြည့်ဝ အောင်မြင်သွားတာ၊ မလှူစဖူး လှူရလို့ ဝမ်းသာလိုက်တာ"လို့ အစ်မကြီးရဲ့ ပျော်ရွှင်မင်္ဂလာသတင်း ကြားရတယ်။

အစ်မကြီးမှာ မလှူခင် ဖြူစင်စွာဖြစ်ပေါ်နေတဲ့ စေတနာ၊ လှူဆဲအခါ ဖြူစင်စွာ ဖြစ်ပေါ်နေတဲ့ စေတနာ၊ လှူပြီးနောက်ပိုင်းမှာ ဖြူစင်စွာဖြစ်ပေါ်နေတဲ့စေတနာ၊ စေတနာသုံးတန်စလုံး ထက်သန်တော့ ဒီစေတနာဓာတက သူ့ကို အကျိုးပေးမှာပါပဲ။

အလှူအကြောင်းပြောရင်းနဲ့ အလှူနဲ့ဆိုင်ရာ ဗဟုသုတဖြစ်အောင် အလှူခံပုဂ္ဂိုလ် တစ်ကျိပ်လေးယောက်ရှိတာ ရေးပြလိုက်မယ်နော်။

(၁) တိရစ္ဆာန်၊ (၂) သီလမရှိသူ ပုထုဇဉ်၊ (၃) သီလရှိသူ ပုထုဇဉ်၊ (၄) သာသနာပရသေ့၊ (၅) သောတာပန်ဖြစ်အောင် ကျင့်နေသူ၊ (၆) သောတာပန်ပုဂ္ဂိုလ်၊ (၇) သကဒါဂါမိဖြစ်အောင် ကျင့်နေသူ၊ (၈) သကဒါဂါမ်ပုဂ္ဂိုလ်၊ (၉) အနာဂါမ် ဖြစ်အောင်ကျင့်နေသူ၊ (၁၀) အနာဂါမ်ပုဂ္ဂိုလ်၊ (၁၁) ရဟန္တာ ဖြစ်အောင်ကျင့်နေသူ၊ (၁၂) ရဟန္တာပုဂ္ဂိုလ်၊ (၁၃) ပစ္စေကဗုဒ္ဓါ၊ (၁၄) မြတ်စွာဘုရား။

ဒါကြောင့်လည်း "အလှူခံတစ်ကျိပ်လေး၊ ခွေးတောင်ပါသေး"လို့ ပြောကြတာ သားငယ်ရဲ့။

ဒါနဆိုတဲ့ စကားလုံး အဓိပ္ပာယ်ကိုတော့ သိထားကြပါပြီ။ စေတနာပါပါနဲ့ စွန့်ကြဲပေးကမ်း လှူဒါန်းထောက်ပံ့ခြင်းပါ။

http://www.dhammadownload.com

လောကမှာ အစားအစာ၊ အဝတ်အထည်၊ နေရာစတဲ့ ပစ္စည်းပေးခြင်း "ပစ္စည်းအလှူ" နဲ့ အသိအလိမ္မာ ပညာပေးခြင်း၊ စာအုပ်စာတမ်းလှူဒါန်းခြင်း၊ ပညာသင်ကြား ပို့ချပေးခြင်း စတဲ့ တရားပေးခြင်း၊ "တရားအလှူ ဓမ္မဒါန" ဆိုပြီး အလှူနှစ်မျိုး ရှိတယ်။

ပစ္စည်းအလှူမှာ သံဃိကကျောင်းအလှူကအမြတ်ဆုံး။ ကောင်းကျိုးချမ်းသာအားလုံးကို လှူရာရောက်ပါတယ်။ ဇရပ်၊ တန်ဆောင်း၊ သိမ်၊ ကျောင်း၊ လိုဏ်ဂူ၊ မဏ္ဍပ်စတဲ့ နေထိုင်စရာ၊ ခိုနားစရာ၊ အဆောက်အအုံမှန်သမျှ ဘာပဲလှူလှူ ကျောင်းအလှူဆိုတဲ့အထဲ အကျုံးဝင်ကြောင်း၊ အလှူဒါနအားလုံးမှာတော့ တရားအလှူ ဓမ္မဒါနက အမြတ်ဆုံးဖြစ်ကြောင်း အရှင်ဆန္ဒာဓိက ရဲ့ အနှိုင်းမဲ့အလှူ ၂ မှာ ဖတ်ရတယ်ကွဲ့။

ဓမ္မဒါနဆိုတာ လူဝတ်ကြောင်တွေလည်း လုပ်ရမယ့် အလုပ်လို့ ဆရာတော်က ဟောပါတယ်။ သွားရင်း၊ လာရင်း၊ လုပ်ရင်း၊ ကိုင်ရင်း၊ ကြုံရင်ကြုံသလို တရားစကားပြောဆိုတာ၊ တရားစာပေ ပို့ချသင်ကြားပေးတာ၊ ရေးသားတာတွေဟာ ဓမ္မဒါနပါ။ တရားစာအုပ်လှူတာ၊ တရားတိပ်ခွေလှူတာ၊ အပြီးမလှူတောင်မှ ခေတ္တခဏငှားရမ်းတာ၊ တရားဟောပြောသူ၊ တရားစာ ရေးသားသူကို တတ်စွမ်းသမျှ ကူညီထောက်ပံ့တာ၊ တရားပွဲဖြစ်မြောက်ရေးအတွက် လှူဒါန်းတာ၊ လုပ်အားပေးတာ၊ ဒါတွေအားလုံးဟာ ဓမ္မဒါနတရားအလှူတွေ ချည်းပါပဲ။

တရားဓမ္မလွှမ်းခြုံတဲ့ လူ့ဘောင်လောကကြီး ဖြစ်ထွန်းလာဖို့အတွက် အရေးတကြီးလိုအပ်နေတဲ့ ဓမ္မဒါနနှစ်ခု ရှိပါတယ်။ "အိမ်တွင်းဓမ္မဒါန" နဲ့ "ကျောင်းတွင်းဓမ္မဒါန" လို့ ဆရာတော်က ဟောပါတယ်။

ဆရာတော်ဟောကြားသလို အိမ်တွင်းနဲ့ကျောင်းတွင်း နှစ်ဋ္ဌာနကို ဓမ္မဒါန အလေးအနက်ထား ပြုလုပ်သွားရင်ဖြင့် အိမ်တိုင်း သာယာအေးချမ်းတဲ့ သီရိဂေဟာလေးတွေဖြစ်မယ်။ ကျောင်းတိုင်း ဆရာရော တပည့်ပါ စာသင်ကြားရတာ ပျော်စရာ ကျောင်းတော်မဟာတွေဖြစ်မယ်ပေါ့။

ပညာသင်ဆဲ ကျောင်းသားတစ်ယောက်ဟာ ဝင်ငွေမှ မရှိဘဲ ဘယ်လိုဒါနပြုမလဲလို့ မေးချင်စရာနော်။ ဒါနပြုနည်း သိတော့လည်း လွယ်ပါတယ် သားငယ်ရဲ့။

ရွှေဟသ်ာဆရာတော်ဘုရားကြီးကတော့ ဒါနသည် အလွန်တရာကျယ်၏။ မိမိသည် ဒါနကို ပြုလုပ်နေသည်ဟူ၍ မသိဘဲလည်း ဒါနကို ပြုလုပ်လျက်ရှိနေကြ၏။ ပြုသမျှဒါနသည် အကျိုးကျေးဇူးရှိတန်သမျှ ရှိကြသည်သာလို့ မင်္ဂလသုတ်လက်စွဲမှာ ရေးထားတယ်ကွဲ့။

သိပ်ဟုတ်တာပေါ့ သားငယ်ရယ်။ အိမ်လခ မပေးနိုင်သူအတွက် အိမ်လခ ခေတ္တစိုက်ပေးတာ (အတိုးမဲ့)၊ ကိုယ်ပိုင်ဆိုင်တဲ့ အိမ်အလွတ်၊ အခန်းလွတ်တွေမှာ ခေတ္တခဏနေခွင့်ပေးတာ၊ ရပ်ဝေးရပ်နီး ဧည့်သည်ကို အိမ်မှာတည်းခိုခွင့်ပေးတာ၊ ဒါတွေအားလုံးဟာ မေတ္တာစေတနာ သန့်သန့်နဲ့ကူညီခဲ့ရင် အိမ်အလှူဖြစ်သွားတယ်တဲ့။ နေရာပေးလှူတာကိုး သားငယ်ရဲ့။ ဘတ်စ်ကားပေါ်မှာ သက်ကြီးရွယ်အိုတို့၊ ရဟန်းသံဃာတော်တို့ကို ထိုင်ခုံဖယ်ပေးတာကလည်း နေရာကို ဒါနပြုလုပ်လိုက်တာလို့ မသိလိုက်ဘဲ လုပ်မိနေတာပေါ့နော်။

http://www.dhammadownload.com

တရားစာအုပ်တို့ တရားတိပ်ခွေတို့ကလည်း လှူလေ့၊ ငှားလေ့ ရှိခဲ့ကြတာလေ။ ဒီတော့ ဓမ္မဒါနလည်း ပြုမိမှန်းတောင် မသိလိုက်ကြဘူးပေါ့။

ဒီလို ကိုယ်မသိလိုက်ဘဲ ဒါနမြောက်သွားတာရှိပေမယ့် ပစ္စည်းဝတ္ထုပေးလိုက်ငြားလည်း ဒါနလို့မခေါ်နိုင်တာလည်း ရှိသေးတယ်။ ချစ်သူရည်းစားကို လက်ဆောင်ပေးတာကိုတော့ ဒါန မမည်ဘူးတဲ့။ ချစ်လို့ပေးတာ၊ ကြောက်လို့ပေးတာ၊ လာဘ်မျှော်ပေးတာတွေက ဒါနမဟုတ်ဘူးလို့ ဆိုပါတယ်။

လှူတယ်ဆိုတာ ဥစ္စာပစ္စည်းရှိမှ မဟုတ်ပါဘူး။ သွေးလိုအပ်နေသူများအတွက် သွေးလှူနိုင်တယ်။ ရပ်ရေး၊ ရွာရေး၊ ကျောင်းကန်၊ ဘုရား၊ ဆေးရုံ၊ ဆေးခန်း၊ ပရဟိတအသင်းတွေမှာ လုပ်အားဒါနလှူနိုင်တယ်။ စာကြည့်တိုက်တွေမှာ စာအုပ်လှူနိုင်တယ်။ ဒါနပြုစရာတွေ အများကြီး ပါကွယ်။

အမေတို့ဆီမှာတော့ လမ်းဘေးမှာ ရေချမ်းစင်ထားပြီး ရေကုသိုလ်ယူလေ့ရှိကြတယ်။ အခု အညာမြေ မိုးနည်းဒေသ ကျေးရွာတွေမှာ စက်ရေတွင်း တူးလှူကြတယ်။ အလှူရှင်က ငွေလှူတယ်။ စည်ပင်သာယာဌာနက စက်ရေတွင်း တူးပေးတယ်။ ရပ်ရွာလူထုမှာ ရေကြည်၊ ရေသန့်၊ ရေကောင်း သုံးစွဲနိုင်သွားကြတယ်။ လက်တွေ့အကျိုးများတဲ့ ကောင်းမှုကုသိုလ်ပါ။

နီးစပ်ရာမိတ်ဆွေများကို ကြုံသလို ကူညီလိုက်တာ ကိုယ့်အိမ်လာတဲ့ဧည့်သည်ကို ကျွေးမွေးတာ၊ ဒါတွေကလည်း ဒါနအမှုချည်းပါပဲ သားငယ်။

ဆက်လက်ပြီး ကိုယ်စွမ်းနိုင်သမျှ စေတနာသန့်သန့်နဲ့ ကူညီပါ။ ပေးလှူပါ။ ကိုယ့်ဘဝမှာ နေရာကောင်းတွေနဲ့ချည်း တွေ့ကြုံဆုံဆည်းရမှာ မလွဲပါဘူးကွယ်။ ဒါနအကျိုးကျေးဇူးတွေက အကျိုးစီးပွားအားလုံးကို ပြီးမြောက်စေနိုင်ပါတယ်။

မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ။

http://www.dhammadownload.com

# ကိုယ်နှုတ်စိတ်ကြံ မဖိုက်မှားနဲ့ သုစရိုက်တရားကို ကျင့်ပါလေ

သားငယ် ဖွဲ

ရုံးဖွင့်ရက်နေ့တိုင်း အိမ်မှာအမေတစ်ယောက်ထဲ ကျန်ရစ်တယ်။ သံတံခါး၊ သစ်သားတံခါး၊ နှစ်ထပ် သော့ခတ်ပြီး အမြဲသတိယှဉ်ပြီးနေရတယ်။ ပစ္စည်းဥစ္စာလုံခြုံရေးပါ မကဘူး။ လူပါ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းစေရေးအတွက်ပေါ့။ အိမ်တိုင်း သက်ကြီးရွယ်အိုနဲ့ လူမမယ် ကလေး သူငယ်ပဲ ကျန်ရစ်ကြတယ်။ အိမ်မှာ လူပိုလည်း ခေါ်မထားကြဘူး။

ဓမ္မစရိယာ စ၊ ဧတံ မင်္ဂလမုတ္တမံ။

သုစရိုက်တရားကို ကျင့်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

ဓမ္မ တရားဖြင့်၊ စရိယ ကျင့်သုံးခြင်း၊ တရားဖြင့်နေခြင်းပေါ့။ ဘယ်လိုနေရမလဲ၊ မကောင်းမှု ဖြစ်တဲ့ ၁။ သတ်ဖြတ်ခြင်း ၂။ ခိုးခြင်း ၃။ သူများမယား ပြစ်မှားခြင်းဆိုတဲ့ ကာယဒုစရိုက် အပြစ် သုံးပါး။

၁။ လိမ်ပြောခြင်း ၂။ ကုန်းချောကုန်းတိုက်ပြုခြင်း ၃။ ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုခြင်း ၄။ အနှစ်သာရမရှိ၊ အကျိုးမဲ့သောစကား ပြောခြင်း ဆိုတဲ့ ဝစီဒုစရိုက်အပြစ် လေးပါး။

၁။ သူ့ဥစ္စာကို ရရန်ကြံခြင်း ၂။ သူတစ်ပါးပျက်စီးဖို့ ကြံခြင်း ၃။ အယူမှားခြင်းဆိုတဲ့ မနော ဒုစရိုက်အပြစ် သုံးပါး။

အဲဒီ ဒုစရိုက်တရားဆယ်ပါးမှ ကင်းအောင် ကျင့်သုံးရမယ်။ ဒါဟာ သုစရိုက်တရားကို ကျင့်ခြင်းပါပဲ။ သုစရိုက်တရားကို ကျင့်ခြင်းသည် မြတ်သောမင်္ဂလာလို့ မြတ်စွာဘုရားဟောကြား ထားတယ်။

မြတ်စွာဘုရားဟောတာကို လိုက်နာလို့ကတော့ ကောင်းကျိုးရတာချည့်ပါပဲ သားငယ်။ သုစရိုက်တရားကို ကျင့်သုံးသူဟာ ကိုယ့်ကိုယ်ကိုကြည်ညိုတယ်။ သူတစ်ပါးကလည်း ကြည်ညို တယ်။ မင်းပြစ်မင်းဒဏ်ကလည်း ကင်းဝေးတယ်။ တမလွန်ဘဝမှာ အပါယ်ရောက်ရမယ့် ဒုဂ္ဂတိ ဘေးကလည်း လွတ်တယ်။ အဲဒီအကျိုး လေးပါးရတယ်။ ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော ကောင်း ကျိုးများ ရစေတယ်ပေါ့။

ကာယဒုစရိုက် ၃ ပါးမှာ လူတိုင်း ရှောင်မလွတ်တတ်တာကတော့ ခိုးခြင်းအမှုပါပဲ။ ခိုးခြင်းက ၂၅ မျိုးတောင်ရှိတာဆိုတော့ တစ်ခုမဟုတ် တစ်ခုနဲ့ ငြိနေမှာလေ။

http://www.dhammadownload.com

အသေးအဖွဲ့ဆိုတာကလေးတွေက အများကြီးမှ အများကြီး။ ဥပမာပြရရင် ရုံးဝန်ထမ်း၊ ပညာရေးဝန်ထမ်းများအနေနဲ့ ရုံးရောက်ချိန်၊ ကျောင်းရောက်ချိန်၊ နာရီစောရေးမိပြီး ပြန်ချိန်နောက်ကျရေးတတ်တာတို့၊ ရုံးဖုန်းနဲ့ ကိုယ်ရေးကိုယ်တာကိစ္စကလေးတွေ မြို့တွင်း နယ်အဝေးဆက်မိကြတာတို့၊ အလုပ်ချိန်အတွင်း ကိုယ်အချင်းချင်း စကားပြောနေကြတာတို့ ခဏတဖြုတ်၊ ဈေးဝယ်ထွက်မိတာတို့၊ ရုံးသုံးစက္ကူစာရွက် ယူရေးမိကြတာတို့၊ ကိုယ့်တာဝန်အရ လုပ်ရမယ့် ကိုယ့်လုပ်ပိုင်ခွင့် အလုပ်ကို အချိန်ဆွဲပြီး လာဘ်ရအောင် ကြံဖန်တာတို့ ရေးပြလို့တောင် ကုန်နိုင်ဖွယ်မရှိပါဘူး သားငယ်ရယ်။

ဈေးဝယ်၊ ဈေးသည်ရော ကြည့်ဦးမလား။ အလေးချိန် မမှန်တာ၊ ပစ္စည်းမမှန်တာ၊ ဈေးမမှန်တာ၊ မမှန်တာတွေချည်း များတယ်။ ဈေးဝယ်ရင် ထောင့်အမျိုးမျိုးက စဉ်းစားပါရက်နဲ့ လိုအပ်ချက်က ရှိသွားသေးတယ်။

မိတ်ဆွေစာအုပ်ဆိုင်ရှင်က ပြောဖူးတယ်။ စာအုပ်ဆိုင်မှာ စာအုပ်တွေ ဆွဲယူမြည်းစမ်းဖတ်ကြည့်ပြီး လစ်တာနဲ့စာအုပ်တွေ ဆွဲယူသွားသူရှိသတဲ့။ ကြားရတာ အမေတော့ အံ့သြနေမိတယ်။

လျှပ်စစ်မီတာ မတက်အောင် လုပ်နည်းတို့၊ အခွန်ရှောင်နည်းတို့ကလည်း အမျိုးမျိုးရှိသတဲ့။ တယ်လီဖုန်းအသုံးနည်းတဲ့အိမ်မှာ အခွန်ငွေ အများကြီး ကျသင့်နေတာလည်းရှိတယ်။ ဘတ်စ်ကားစပယ်ယာတွေကလည်း လုံးဝ ပြန်မအမ်းတော့ဘူး။ အမ်းစရာမရှိရာက အကျင့်ပါသွားတယ် ထင်ပါရဲ့။

ဒါကြောင့် အမေကပြောတာ သားငယ်ရဲ့။ လူတန်းစား အလွှာအသီးသီးမှာ ခိုးခြင်းနဲ့မငြိတဲ့သူ၊ ကင်းတဲ့သူ ရှားပါးမှာပါလို့။

ကာမဂုဏ်အပျော်အပါး မလိုက်စားမိအောင် မိမိကိုယ်ကို ထိန်းချုပ်နိုင်သည့်အတွက် ကာလသားရောဂါ၊ AIDS ရောဂါ စသည့်ရောဂါများ မကပ်ရောက်ခြင်းအကျိုးရ၏လို့ လေးအိမ်စု ဆရာတော်အရှင်ဝိစိတ္တသာရကတော့ ကျန်းမာရေးအတွက် ကာယဒုစရိုက်ရှောင်ကြဉ်ခြင်း အကျိုးကို ရေးသားထားတယ်ကွဲ့။

အခုခေတ် ဒီအချက်က သိကိုသိရမယ့်အချက် ဖြစ်နေပြီ။ ရှောင်ကြဉ်လိုက်ရုံနဲ့ အင်မတန်ကြောက်စရာကောင်းတဲ့ ရောဂါဘေးကြီးက ကင်းဝေးသွားတော့ စိတ်အေးစရာပေါ့ကွယ်။

ဝစီဒုစရိုက် လေးပါးကလည်း လူ့ပတ်ဝန်းကျင်တစ်ခုလုံးကို သုံးစွဲနေပါတယ်လို့ ပြောရမလိုဖြစ်နေပြီ။ ဘာလို့လဲဆိုတော့ အိမ်ပတ်ဝန်းကျင်၊ ပတ်ဝန်းကျင်တိုင်းမှာ လိမ်ပြောရမှာ ဝန်မလေးကြဘူး။ အခုခေတ် လုပ်ကိုင်နေကြတဲ့ အကျိုးဆောင်လုပ်ငန်းဆိုတာတွေက မုသားတွေ လှိုင်လှိုင်သုံးနေကြတယ်။ အဲဒီဒဏ်တွေ ထိခံကြရသူတွေကလည်း အများအပြားပေါ့။

ကွန်ဒိုအဆောက်အအုံအချို့မှာလည်း ရောင်းချစဉ်က ပြောကြားခဲ့တဲ့ ဖြည့်ဆည်းရမယ့် ဝန်ဆောင်မှုတွေ မရတာတို့၊ မပါဝင်တဲ့ ဝန်ဆောင်မှုစရိတ်တွေ ပေးနေရတာတို့ကြောင့် ဝယ်ယူနေထိုင်သူတွေ အခက်ကြုံနေရတဲ့ သတင်းတွေက ကြားနေရတယ်။

http://www.dhammadownload.com

တစ်ယောက်နဲ့တစ်ယောက် အတို့အထောင်လုပ်ရမှာ၊ အဆင်းကို ဘီးတပ်ပေးရမှာ၊ အချုန်နဲ့မ ရမှာကို စိတ်ကူးနေကြတာ၊ တစ်ယောက်ရဲ့ကောင်းကျိုးကို တစ်ယောက်မလိုလားကြတာတွေ များနေတယ်။

သိမ်ဖျင်းတဲ့စကားပြောတတ်မှ စကားဝိုင်းဖြစ်နေတတ်တယ်။ ကြမ်းတမ်းတဲ့စကားလည်း ပြော တတ်ကြတယ်။ စာစောင်တွေထဲမှာကို စာနဲ့တိုက်ခိုက်နေကြသေးတယ်လေ။ မြန်မာရုပ်ရှင်၊ ဗီဒီယို ကားတွေထဲမှာလည်း ဒေါသတကြီးပြောဆို သရုပ်ဆောင်ပြနေကြလေရဲ့။ နေ့စဉ်နဲ့အမျှ ဝစီဒုစရိုက် ကို မရှောင်တမ်း ဖောဖောသီသီ သုံးစွဲနေကြတာတွေ မြင်တွေ့ကြားသိနေရတယ်။

မနောဒုစရိုက် ၃ ပါးကလည်း ခေတ်စားနေတယ်လို့ ပြောရမှာပဲ သားငယ်။ တစ်လုံး၊ နှစ်လုံး၊ သုံးလုံး စကားမပြောတတ်ရင် စကားဝိုင်းမှာ ဝင်လို့မရဘူး။ အေးမှာ နှုတ်ဆိတ်နေရတော့တယ်။ အဲဒီအလုံးတွေ ထိတဲ့သူတွေလည်း အများကြီးပဲ။ ဘဝပျက်တဲ့အထိပါပဲကွယ်။

ကိုးကွယ်မှုကလည်း များသလားမမေးနဲ့။ ပြည်တွင်းဖြစ် ဘိုးတော်တွေ၊ နတ်တွေနဲ့ မလုံ လောက်သေးဘူး။ တိုင်းတစ်ပါးသား အန်းကုန်းတို့ပါ ရောက်လာနေပြီ။ ဗုဒ္ဓဘာသာဝင်ဆိုပေမယ့် ရတနာမြတ်သုံးပါးသာ ကိုးကွယ်ဆည်းကပ်သူက လူနည်းစု ဖြစ်နေတယ်။ ဗုဒ္ဓဘာသာဆိုတာ နတ်ကိုးကွယ်မှု၊ ဘိုးတော်ဆည်းကပ်မှု၊ ဗေဒင်ယတြာချေမှုလို့တောင် ထင်ယောင်ထင်မှား ဖြစ်စရာ ဖြစ်နေပြီ။ သုစရိုက်တရားကို ကျင့်ခြင်းသည် မြတ်သောမင်္ဂလာလို့ မြတ်စွာဘုရား ဟောကြားချက်နဲ့ လမ်းလွဲနေတော့တာပေါ့။ ဒါကြောင့်လည်း ရောဂါတွေဆန်းပြား၊ သောကတွေများပြားနေကြရတာ ထင်ပါရဲ့။

ငါးရှောငါးဆယ် ဓမ္မပါလဇာတ်လာ ဓမ္မပါလရွာသားတွေ အကြောင်း ပြောပြဦးမယ်။ ဓမ္မပါလ ရွာတစ်ရွာလုံးဟာ သုစရိုက်တရား ၁၀ ပါးကို ကျင့်ကြံကြတယ်။ မကောင်းမှုလည်း မပြုကြတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ မသေကြဘူး။ သက်တမ်းစေ့မှသာ သေဆုံးကြတယ်။ အသက်အိုးအိမ် စည်းစိမ်အတွက် တစ်စုံတစ်ရာ စိုးရိမ်ကြောက်လန့်ဖွယ်မရှိတာကြောင့် တံခါးမပိတ်ဘဲ ညအိပ် နိုင်သတဲ့။ ပူပင်သောက ကင်းဝေးပြီး စိတ်အေးချမ်းကြတယ်။ အမေတို့မှာတော့ အိမ်မှာနေလည်း တံခါးတွေပိတ်မိရဲ့လား။ တံခါးခေါက်သံကြားရင်လည်း လူစိမ်းလား၊ လူကျက်လား၊ အမြဲတမ်း သတိနဲ့ နေရပါတယ်ကွယ်။

ခရီးထွက်ပြန်တော့လည်း ကိုယ့်ပစ္စည်း အိတ်ကလေး တကိုင်ကိုင်နဲ့ သတိယှဉ်နေရတယ်။ စိတ်ရဲ့အေးချမ်းမှု မရပါဘူးကွယ်။ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပြီး ကောင်းကျိုးလိုအင်ဆန္ဒများ တစ်လုံးတစ်ဝတည်း ပြည့်စုံပါစေလို့ ရှေးလူကြီးများ ဆုပေးလေ့ရှိ တာကို အမြဲသတိရမိတယ်။ အဲဒီဆုပဲ အမေတော့ ရချင်မိတော့တယ်။

ဒါကြောင့်လည်း ကောင်းမှုပြုနိုင်အောင်၊ မကောင်းမှုမပြုဖြစ်အောင် ကြိုးစားတယ်။ အမေတို့ အိမ်မှာ ညပိုင်း အိမ်သားများ စုဆုံပွဲမှာ ဓမ္မသာကစ္ဆာပွဲလေးရှိတယ်။ အဝေးရောက်နေတဲ့ သားငယ် ဆီကိုတော့ အခုလို အမေ စာရေးပို့တာပေါ့။

http://www.dhammadownload.com

ဈေးဝယ်တဲ့အခါလည်း ဈေးသည်လေးတွေကို "အလေးမှန်၊ ပစ္စည်းမှန်၊ ဈေးနှုန်းမှန်နဲ့ ရောင်းချဖို့၊ ဝယ်သူကို အဆင်ပြေအောင် ဆက်ဆံဖို့၊ ဒီရောင်းနည်းဟာ မြတ်စွာဘုရားရဲ့ အလိုတော်ကျ ဈေးရောင်းနည်း၊ ကုသိုလ်လည်းရ ဝမ်းလည်းဝတယ်လို့ ပြောပြမိတယ်" သားငယ်ရဲ့။

အသေးအဖွဲလေးတွေကစပြီး လိုက်နာပြုပြင်သွားရင် ကိုယ်ကျင့်သီလကောင်းသူ ဖြစ်သွားတာပါ။ စိတ်ရှင်းသန့် ကြည်လင်သွားစေတာပေါ့။

သားငယ်တို့ ကျောင်းသားတွေ နားလည်လွယ်အောင်ပြောရရင် စာကြိုးစားပြီး ရိုးရိုးသားသား ဖြေဆိုခဲ့လို့ စာမေးပွဲ အောင်မြင်ခဲ့သူနဲ့ စာခိုးချပြီး စာမေးပွဲအောင်မြင်ခဲ့သူတို့ရဲ့ စိတ်ခံစားမှု၊ ကြည်နူးမှု၊ ဂုဏ်ယူရမှု ရရှိတဲ့အကျိုးတွေ တူနိုင်ပါ့မလား။ အများကြီး ကွာတယ်နော်။

ကြိုးစားပြီးရခဲ့တဲ့ အောင်မြင်မှုက တစ်သက်လုံးကို ဝမ်းမြောက်ဝမ်းသာဖြစ်ရတာ၊ ပီတိဖြစ်လို့ကို မဆုံးဘူး။ ကြုံကြိုက်လို့ ထုတ်ဖော်ပြောရတာလည်း တင့်တယ်လို့။ အင်မတန်ဂုဏ်ရှိတဲ့ ကိုယ်ကျင့်သီလရဲ့ ရလဒ်ပါပဲ သားငယ်။

လူ့ဘဝရဲ့ အရေးများစွာတိုင်း ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး ဆောင်ရွက်တိုင်းမှာ အစဉ်သဖြင့် ကိုယ့်လုပ်ရပ်ဟာ ရှင်းသန့်နေဖို့၊ လိပ်ပြာသန့်နေဖို့ အရေးကြီးပါတယ်။

တစ်သက်တာ စိတ်ချမ်းသာစေတဲ့ ကိုယ်ကျင့်သီလရဲ့ ရလဒ်တွေရနေဖို့ ကြိုးစားနေထိုင်ပါ သားငယ်။ ဓမ္မပါလရွာသားတွေလို အသက်ရှည်စွာ အနာမဲ့ကြောင်း နေထိုင်သွားရမှာပါ။

မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ။

http://www.dhammadownload.com

# ဆွေမျိုးတွေကို ပြင်ပမထားနဲ့ သင်္ဂဟတရားနဲ့ ချီးမြှောက်လေ

သားငယ် ဖွဲ့

အမေတို့ခေတ်က ဘွဲ့ရပြီး အလုပ်တန်းရတယ်။ လစာ ၃၀ဝိ မပြည့်တာလေးကို အမေ့အတွက် အသုံးစရိတ်ချန်ပြီး မိဘကို ထောက်ပံ့နိုင်ခဲ့တယ်။

အလုပ်ရပြီး ၂ နှစ်အကြာ အမေအိမ်ထောင်ပြုခဲ့တယ်။ အမေက မိုခိုသူလည်းဖြစ်၊ သားငယ်ရဲ့ အဖေကလည်း သဘောထားကြီးစွာခွင့်ပြုတော့ အမေ့ရဲ့လစာအားလုံး မိဘဆီ ပို့နိုင်ခဲ့တယ်။ အမေ့ထက်အငယ် မောင်၊ ညီမ ၄ ယောက်တောင်ရှိတယ်။ အမေ့ရဲ့ အဖေကလည်း ကျောင်းဆရာ ပင်စင်စားဆိုတော့ မောင် ညီမတွေရဲ့ ပညာသင်ကြားခြင်း ပြီးဆုံးလို့ အလုပ်ကိုယ်စီရတဲ့အထိ ထောက်ပံ့ခဲ့ရတယ်။ အမေပီတိဖြစ်ပါတယ် သားငယ်။

ဉာတကာနဉ္စ သင်္ဂဟော၊ ဧတံ မင်္ဂလမုတ္တမံ။
ဆွေမျိုးတို့ကို ချီးမြှောက်ထောက်ပံ့ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

ဆွေမျိုးဆိုတာ သွေးသားဆွေမျိုး၊ ရပ်ဆွေရပ်မျိုးလို့ နှစ်မျိုးရှိတယ်။ တစ်အူထုံ့ဆင်း မောင်နှမ အရင်းအချာကတော့ သွေးချင်း၊ ဒါ့အပြင် သွေးသားဆွေမျိုးဆိုတာက အမိဘက်၊ အဖဘက်က တော်စပ်တဲ့ ဆွေမျိုး။ တကယ်တမ်း လေ့လာကြည့်တော့မှ ကိုယ်သွေးသားတော်စပ်တဲ့ ဆွေမျိုး ကွက်ကွက်ကလေးတင် မဟုတ်ပါပဲလား။ အမျိုးအနွယ်တူ၊ ဘာသာစကားတူ၊ အယူဝါဒတူ၊ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် နိုင်ငံသားအားလုံးဟာ ဆွေမျိုးဉာတကာလို့ မှတ်ရမှာကိုး သားငယ်ရဲ့။

ရှည်လျားလှစွာ ကျင်လည်လာခဲ့တဲ့ သံသရာတစ်ခွင်မှာ အမိအဖ၊ ညီအစ်ကို၊ မောင်နှမ စသည် မဖြစ်ဖူးသူ၊ မတော်စပ်ဖူးသူမရှိ၊ အားလုံးတော်စပ်ဖူးကြသည်ချည်းပင် ဖြစ်တယ်။ အားလုံး ဆွေမျိုးတွေချည်းပဲလို့ ယူဆလိုက်ရင် ကိုယ့်အမျိုးသားများအပေါ်မှာ စိတ်ထားကြီးသူများ ဖြစ်သွားတာပေါ့။

မြတ်စွာဘုရားက ဆွေမျိုးတွေကို ပြင်ပမထားဘဲ၊ သင်္ဂဟတရားလေးပါးနဲ့ ချီးမြှောက်ရမယ်လို့ ဟောထားတယ်။ စီးပွားဥစ္စာပျက်လို့ပဲဖြစ်ဖြစ်၊ မကျန်းမမာဖြစ်လို့ပဲဖြစ်ဖြစ်၊ ဘယ်လိုအကြောင်း ကြောင့်ပဲဖြစ်ဖြစ် အခက်အခဲဖြစ်နေတဲ့ ဆွေမျိုး နှစ်မျိုးလုံးအပေါ်ကို စွမ်းနိုင်သလောက် ထောက်ပံ့တာဟာ မင်္ဂလာတစ်ပါးဖြစ်တယ်လို့ ဆိုပါတယ်။

ကိုယ့်ညီအစ်ကို မောင်နှမအချင်းချင်း ကူညီရိုင်းပင်း ထောက်ပံ့နိုင်သူက ထောက်ပံ့ကြရမယ်။ အမေ့ရဲ့ ငယ်ဆရာတစ်ဦးဟာ သားသမီးတစ်ဒါဇင် ရှိတယ်။ ကြီးသူကနေပြီး ဆင့်ကဲဆင့်ကဲ

http://www.dhammadownload.com

ထောက်ပံ့သွားလိုက်တာ အကြီးဆုံးသမီး ၂ ယောက်ကလွဲရင် အားလုံးဘွဲ့ရပညာတတ်၊ အလုပ်ကိုယ်စီနဲ့ ဆရာဝန်၊ အင်ဂျင်နီယာ၊ ကျောင်းအုပ်ဆရာကြီးများအဖြစ် နိုင်ငံ့တာဝန် ထမ်းဆောင်နေကြပြီလေ။

ကျောင်းဆရာတစ်ဦးရဲ့ လစာနဲ့ သားသမီး ၁၂ ယောက်ကို ပညာသင်ပေးဖို့က ဘယ်လွယ်မလဲ။ ဉာတကာနဥ္စ သင်္ဂဟော မင်္ဂလာဆောင်လိုက်တော့ မောင်နှမတစ်စုလုံး ဘဝအခြေလှ၊ အနေတင့် အဆင့်မြင့်သွားကြရတယ်။ အမိနိုင်ငံတော်ကိုလည်း ကျေးဇူးဆပ်ရာရောက်တယ်။

သားချင်းအရင်းအချာမဟုတ်တဲ့ ဆွေမျိုးတွေကိုလည်း ငွေကြေးထောက်ပံ့နိုင်မှ မဟုတ်ပါဘူးကွယ်။ နယ်ကနေမြို့ပေါ်လာပြီး ကျူရှင်တက်တယ်၊ အလုပ်ရှာကြတယ်ဆိုပါတော့။ ကိုယ့်အိမ်မှာ နေထိုင်ခွင့်ပေးထားတာ၊ ပညာရေး၊ ကြီးပွားရေး ကူညီလမ်းညွှန်ပေးတာလည်း ကူညီစောင့်ရှောက်မှု တစ်မျိုးပါပဲ။

အမေ မန္တလေးတက္ကသိုလ်တက်စဉ်က ဘုန်းတော်ကြီး ကျောင်းမှာနေပြီး တက္ကသိုလ်ပညာသင်ယူခဲ့တဲ့ ကျေးလက်ဒေသက ကျောင်းသားအချို့ကို တွေ့ဖူးတယ်။ အဲဒီကျောင်းသားတွေလေ မြန်မာစာပါမောက္ခ၊ အထက်တန်းကျောင်းအုပ်၊ တက္ကသိုလ်ပါချုပ်၊ ဗိုလ်မှူးကြီးတို့ကို ဖြစ်သွားကြတယ်။ တချို့ကတော့ အနည်းဆုံးဘွဲ့ရ၊ အလုပ်တစ်ခုတော့ ရသွားကြပါတယ်။

ရပ်ကွက်ထဲမှာလည်း တတ်နိုင်သမျှ အားပေးကူညီမှု နှုတ်ရဲ့စောင်မမှု၊ လက်ရဲ့စောင်မမှုတွေ လုပ်ရမယ်။ ရပ်ကွက်သာရေး၊ နာရေးတွေမှာလည်း လက်မနှေးရင် ရပ်ကွက်မှာ နေထိုင်ရတာ အဆင်ပြေတယ်။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရတယ်။

ရပ်ကွက်မှမြို့ပြ၊ မြို့ပြမှနိုင်ငံအထိ ကိုယ်စွမ်းနိုင်သမျှ ဆွေမျိုးဉာတိ အသိုက်အဝန်း နယ်ပယ်ကို ကျယ်နိုင်သမျှ ကျယ်ဝန်းစေရမယ်။ ဒါမှသာ ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မယ်မို့လား။

"ရပ်ရွာအကျိုး၊ နိုင်ငံအကျိုး၊ ကိုယ့်လူမျိုးအကျိုး ဆောင်တာဟာ ဘုရားအလောင်းတော်တို့ရဲ့ ကျင့်စဉ်ပါ"။ မြတ်စွာဘုရားရဲ့ ပါရမီတော်တွေထဲမှာ စရိယ သုံးပါးဆိုတာပါတယ်။ ဉာတတ္ထစရိယဆိုတာ တစ်ပါးအပါအဝင်ဖြစ်တယ်။

ဉာတတ္ထစရိယဆိုတာက ဆွေမျိုးတွေ ဘေးကင်းဖို့၊ ကြီးပွားချမ်းသာဖို့၊ ပညာရေးတိုးတက်ဖို့ စသည်တို့အတွက် ကျင့်တော်မူခြင်းဖြစ်တယ်။ အမျိုးသားရေး(ဆွေမျိုးရေး)ကို အလေးထားတော်မူတဲ့ မြတ်ဗုဒ္ဓပါ။ ဗုဒ္ဓဝင်ဆိုင်ရာ သာဓကပြစရာလည်း ခိုင်ခိုင်မာမာရှိတယ်။ အလောင်းတော်ဘဝက ဆွေမျိုးတွေကို အသက်စွန့်ကယ်တင်ခဲ့တဲ့ ဇာတ်လမ်းတွေ ငါးရာငါးဆယ်ဇာတ်ဝတ္ထုတွေမှာ ရှိတယ်။

သားငယ်တို့လည်း သမိုင်းဘာသာရပ် သင်ကြားခဲ့ပြီး။ ကိုယ့်တိုင်းပြည်သမိုင်းကြောင်းကို အထူးပြောဖို့ မလိုပါဘူး။

ကိုယ့်ရှေ့က ခေါင်းဆောင်တွေက သူ့ကျွန်ဘဝက လွတ်မြောက်အောင်၊ လွတ်လပ်ရေးရရှိအောင် သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြတယ်။ နောက်တစ်ဆက် ခေါင်းဆောင်တွေက ရရှိပြီးတဲ့

http://www.dhammadownload.com

လွတ်လပ်ရေးကြီး မဆုံးရှုံးရလေအောင် သက်စွန့်ကြိုးပမ်း ကာကွယ်စောင့်ရှောက်ကြတယ်။ ကိုယ့်မျိုးဆက်ကျတော့ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်မှသာလျှင် ဉာတကာနဥ္စ သင်္ဂဟော မင်္ဂလာတရားတော်ကို လိုက်နာရာရောက်မယ်ပေါ့။

စစ်ကိုင်းရွှေဟင်္သာဆရာတော်ဘုရားကြီးကတော့ မင်္ဂလသုတ်လက်စွဲမှာ ဒီလို ရေးသားတော်မူထားတယ်–

"ဉာတိသင်္ဂဟ မင်္ဂလာနှင့်ပြည့်စုံသော မင်း၏တိုင်းပြည်သည် သာယာ၏။ ဝပြော၏။ အေးချမ်း၏။ လူဆိုးသူခိုး ကင်းရှင်း၏။ အသီးသီးသော လူတို့၏ နေရေး၊ စားရေး၊ ဝတ်ရေး လုံလောက်၏။ ကိုယ်စီကိုယ်င ထိုက်တန်သလောက် ပြည့်စုံကြသောကြောင့် သူတစ်ပါး ပစ္စည်းကို ခိုးဝှက် လုယက် တိုက်ခိုက်ခြင်းမရှိ။ သူတစ်ပါးကို မနှောင့်ယှက်ကြ။ မိမိတို့ လုပ်ငန်းနှင့်၊ မိမိတို့ သားမယားနှင့် အားလပ်ခွင့်ရရှိသောအချိန်တို့၌ ကြည်သာရွှင်လန်း ချမ်းမြေ့စွာ ခံစားကြရသည်။"

ဆရာတော်ဘုရားကြီးရေးသားထားတာ ဖတ်ရတော့မှ ဉာတိသင်္ဂဟကျင့်ဝတ် မင်္ဂလာတရားတော်ရဲ့ လက်ငင်းအကျိုးကျေးဇူးတွေကို သိရတော့တယ် သားငယ်ရယ်။

ဆရာတော် အရှင်သူမြတ်များဟာ မြတ်ဗုဒ္ဓရဲ့ သားတော်များပီပီ ပရဟိတစိတ်ဓာတ် အပြည့်အဝရှိကြပါတယ်။ ဉာတိသင်္ဂဟမင်္ဂလာ ဆောင်ထားသူများ ဖြစ်ကြပါတယ်။ အမေတို့ဆီမှာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေ၊ မိဘမဲ့၊ ခိုးကိုးရာမဲ့တွေကို ပြုစုစောင့်ရှောက်ထားကြတဲ့ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်း၊ သီလရှင်သင် ပညာရေးကျောင်းတွေ အများအပြား ရှိကြတယ်။ အဲဒီဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ သီလရှင်သင် ပညာရေးကျောင်းများကို နိုင်ငံခြားရောက် မြန်မာများကလည်း ချွေးနဲ့စာကလေးတွေကို စုပေါင်းပြီး လှူဒါန်းနေကြတဲ့ သတင်းကြားရတာ ဝမ်းမြောက်ဝမ်းသာ သာဓု ခေါ်မိပါတယ် သားငယ်။

ဒီမင်္ဂလာက တစ်မျိုးသားလုံး ကြီးပွားချမ်းသာကြောင်း အရည်အချင်းကောင်းတစ်ခုမို့ လူတိုင်း အမြဲဆောင်ထားသင့်ပါတယ်ကွယ်။ သားငယ်လည်း အမြဲဆောင်ထားပါလို့ အမေ တိုက်တွန်းလိုက်ပါတယ်နော်။

မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ။

http://www.dhammadownload.com

# သန့်စင်ပြစ်မျိုး၊ လူထုအကျိုး သယ်ပိုးဆောင်ရွက်စေ

သားငယ် ဖွဲ့

အမေ ပင်စင်ယူပြီးမှ အလုပ်တွေ ပိုများလာတယ်။ တစ်နေ့ ၂၄ နာရီ မလောက်ငလို့ အချိန်ကို ချေးငှားလို့ရရင် ချေးငှားလိုက်ချင်ပါရဲ့။

အိမ်မှာ အလုပ်တာဝန်ကိုယ်စီရှိကြသူတွေမို့ အလုပ်တာဝန်မရှိတဲ့ အမေက အိမ်မှုကိစ္စတွေ လုပ်ပြီး သူတို့အတွက် အစားအဆင်သင့်၊ အဝတ်အဆင်သင့်ဖြစ်အောင် လုပ်ပေးလိုက်တယ်။ ဒီအချိန်မှာ သားငယ်ကို သတိရမိတယ်။ မိဘနဲ့ ဝေးတစ်နေရာမှာနေရတော့ စားဝတ်နေရေးဟာ ကိုယ့်အားကိုယ်ကိုးချည်း လုပ်နေရရှာမှာလို့။

အိမ်မှုကိစ္စတွေပြီးတော့ ရှင်သာမဏေဓမ္မဗိမာန်၊ မင်္ဂလာဇေယျဟာတို့ကိုသွားပြီး ဗုဒ္ဓဘာသာ သင်တန်းတွေတက်တယ်။ အဲဒီဓမ္မာရုံတွေက လူငယ်များအတွက် ဖွင့်ထားတဲ့ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းတွေမှာ ကူညီပို့ချပေးတယ်။

တစ်နေ့က မဟာသရဏဂုံတော်ကြီးသင်တန်း ပြီးဆုံးသွားတယ်။ အခုအမေတို့ သင်တန်းသူ၊ သင်တန်းသားတွေက တစ်လတစ်ကြိမ် စုပေါင်းပြီး မဟာသရဏဂုံတော်ကြီးကို ဝတ်ရွတ်ပူဇော် ကြတယ်။ ဖိတ်ကြားသူရှိရင်လည်း ဖိတ်ကြားရာအိမ်လိုက်ပြီး ပူဇော်ပေးပါတယ်။

အမေ့မှာ အမေတို့မြို့နယ်အသင်းကိစ္စ၊ စာပေကိစ္စတွေနဲ့ မအားလပ်ပါဘူးကွယ်။ အခုလို ဗုဒ္ဓဝေယျာဝစ္စ၊ ဓမ္မဝေယျာဝစ္စ၊ သံဃဝေယျာဝစ္စ ဆိုတဲ့ သာသနာတော်ဆိုင်ရာ အမှုကိစ္စတွေကို ဆောင်ရွက်ခြင်း၊ အများအကျိုးသယ်ပိုးခြင်း၊ လူမှုရေးလုပ်ငန်းတွေလုပ်ခြင်းနဲ့ အချိန်ကုန်ရတာကို ပျော်မွေ့တယ်။ ပင်စင်နာဆိုတော့ ဘယ်လိုပါလိမ့်လို့ အောက်မေ့မိတယ်။

အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလမုတ္တမံ။

အပြစ်ကင်းသောအလုပ်တို့ကို ပြုလုပ်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

အနဝဇ္ဇကမ္မ အပြစ်ကင်းတဲ့အလုပ်ဆိုတာ လောကပြစ်၊ ဓမ္မပြစ်၊ ပစ္စုပ္ပန်ပြစ်၊ သံသရာပြစ် ကင်းတဲ့အလုပ်တွေပါ။

ကိုယ်ကျိုးစီးပွားမဖက်၊ အများအကျိုးအတွက် ဆောင်ရွက်တဲ့ ကောင်းမှုမှန်သမျှဟာ အန ဝဇ္ဇာနိ ကမ္မာနိ အပြစ်ကင်းတဲ့ အလုပ်များပါပဲ။ ဥပမာ ကျောင်းသားဖြစ်ရင် ကျောင်းကိစ္စအဝဝ ဆောင်ရွက်ခြင်း၊ ကိုယ်နေထိုင်တဲ့ရပ်ကွက်ကိစ္စ၊ သာရေး၊ နာရေး ဆောင်ရွက်ခြင်းတို့ဟာ ကုသိုလ် အမှုချည်းပေါ့ သားငယ်။

http://www.dhammadownload.com

အသေးစိတ်ပြောပြရရင်၊ အပြစ်ကင်းတဲ့ လူထုအကျိုးပြု အမှုကိစ္စများကို ပြုလုပ်ခြင်း၊ ကျောင်းကန်ဘုရား၊ စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်းတို့မှာ သန့်ရှင်းရေးပြုလုပ်ခြင်း၊ လုပ်အားပေးခြင်း၊ အများအတွက် ရေတွင်းရေကန်တူးခြင်း၊ ဇရပ်ဆောက်ခြင်း၊ တံတားခင်းခြင်း၊ ခရီးသွားများနားခိုရန် သစ်ပင်စိုက်ခြင်း၊ အပန်းဖြေရိပ်သာဆောက်ခြင်း၊ သွားရင်းလာရင်း ဒုက္ခတွေ့နေသူများကို ကူညီခြင်း၊ သတ္တဝါတို့၏ အသက်ကို ကယ်ဆယ်ခြင်းစတဲ့ ကောင်းမှုများပြုခြင်း၊အများကောင်းမှု အဆောက်အအုံများ၊ ပရိဘောဂများ၊ ယာဉ်ရထားများကို မပျက်စီးအောင် ထိန်းသိမ်းခြင်း၊ မသင့်မတော်ရေးခြစ်မှု မပြုခြင်း၊ မဖျက်ဆီးခြင်း စတဲ့ ကောင်းမှုများကို ပြုခြင်း။

အဲဒီလိုကောင်းမှုပြုခြင်းနဲ့ မကောင်းမှုမပြုခြင်းတို့ဟာ ကြီးပွားချမ်းသာကြောင်း အရည်အချင်းကောင်းများ ဖြစ်တယ်။ အနဝဇ္ဇနိ ကမ္မာနိ မင်္ဂလာချည်းပါပဲ။

ဒီစာရေးနေရင်းနဲ့ ကွမ်းစားသူများ မဆင်မခြင်ပြုကျင့်နေကြတဲ့ ဆိုးဝါးလှတဲ့ အကျည်းတန်မှုကို ရေးပြရဦးမယ်။

ကွမ်းစားကြသူတွေကလည်း အတော်ကို များတယ် သားငယ်ရဲ့။ ကွမ်းစားပြီး ထွေးချင်သလိုထွေးချလိုက်တာပဲ။ ကားစီးရင်း၊ ဆိုက်ကားစီးရင်းနဲ့လည်း လမ်းဘေးပစ်ကနဲ ထွေးတတ်ကြတယ်။ သွားရင်းလာရင်းနဲ့လည်းထွေးတယ်။ ထိုင်ရင်း၊ ရပ်ရင်းနဲ့လည်း ထွေးတယ်။ ဘယ်လိုအနေအထားမှာဖြစ်ဖြစ် ပါးစပ်ထဲက ကွမ်းကို ပစ်ကနဲ အဝေးကို လှမ်းထွေးတာ ဆင်ဆင်ခြင်ခြင်မဟုတ်ဘူး။ ကံဆိုးသူတော့ တိုက်ရိုက်တိုးလို့ပေါ့။ ရွံ့စရာကောင်းလိုက်တာကွယ်။ တကယ့်ကိုစာနာစိတ် မရှိကြတာပေါ့။

တိုက်ခန်းတွေတက်တဲ့ လှေခါးထောင့်၊ အများပြည်သူပိုင် အဆောက်အအုံ၊ ရုံး၊ ဆိုင်၊ အပန်းဖြေရိပ်သာ၊ ဘူတာရုံထောင့်တွေမှာ ကွမ်းတံတွေးတွေ ရဲရဲတောက်လို့ပါပဲ။ ဒီမြင်ကွင်းတွေဟာ ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းပြည်ရဲ့ ဂုဏ်သိက္ခာကို ကျဆင်းစေတယ်လေ။ အလွန်ရှက်စရာ ကောင်းတယ်။

ကောင်းတာလုပ်ရင် ကောင်းကျိုးရမယ်။ ဆိုးတာလုပ်ရင် ဆိုးကျိုးရမယ်လို့ ယုံကြည်တဲ့ သဒ္ဓါတရားရှိရင်ကိုပဲ ဒီလိုအရုပ်ဆိုးစေတဲ့ ကွမ်းတံတွေးထွေးခြင်းကို မလုပ်ဖြစ်ပါဘူး။

ပြုလုပ်စဉ် တစ်ခဏပေမယ့် ရုပ်ဆိုးခြင်းက ထာဝရ ဖြစ်သွားပါတော့တယ်။ ပတ်ဝန်းကျင် ရုပ်ဆိုးတာက မိုးရွာလို့ဖြစ်စေ၊ သန့်ရှင်းရေးပြုလုပ်လို့ဖြစ်စေ ပြေပျောက်သွားနိုင်ပါသေးတယ်။ ပြုလုပ်သူမှာတော့ပြုလိုက်တဲ့ "ကံ" က၊ နောင်ဘဝ ငါးရာအထိ ပါသွားပါတယ်။ အကျိုးပေးပါတော့တယ်။ ဘဝငါးရာ လူစဉ်မမီခြင်းနဲ့ အနာကြီးရောဂါ စွဲကပ်ခြင်း ခံရတယ်။

အရှင်မောဃရာဇ ရဟန္တာမထေရ်ဟာ နှစ်ဉ်ဘဝက ရွာတစ်ရွာရှိ ဇရပ်တစ်ခုမှာ မီးမွှေးတယ်၊ မီးခိုးမှိုင်းငွေ့များဖြင့် ဇရပ်ညစ်ပေသွားတယ်။ အဲဒီလို ညစ်ပေစေတာကြောင့် ငရဲကျသွားတဲ့အပြင် ဘဝငါးရာ လူစဉ်မမီခြင်းနဲ့ အနာကြီးရောဂါ စွဲကပ်ခြင်းခံရတယ်။ (မောဃရာဇထေရာပဒါနပါဠိတော်)

http://www.dhammadownload.com

ပြုမိတဲ့ကံက ကမ္မနိယာမအတိုင်း ဆက်အကျိုးပေးသွားတာပါ။ တားဆီးလို့ မရပါဘူး။ ဆိုးကံက ဆိုးကျိုးပေးသလို ကောင်းကံကလည်း ကောင်းကျိုးတွေပေးပါတယ်။

ကောင်းကံပြုတာကြောင့် 'ကောင်းလိုက်တာ၊ အေးလို့ဟဲ့'လို့ ပြောစမှတ်ပြုရတဲ့ ပတ်ဝန်းကျင်၊ နေချင်စရာ အေးရိပ်သာယာဖြစ်နေကြောင်း သားယယ်ကို ပြောပြရဦးမယ်။

အမေ ပင်စင်မယူခင် နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့တဲ့ ညောင်ဦးမြို့၊ အထက်တန်းကျောင်းဝင်းက အလွန်ကျယ်ဝန်းပါတယ်။ ကျောင်းအဝင်တံခါးပေါက်နဲ့ ကျောင်းအဆောက်အအုံနဲ့ အလွန်ဝေးပါတယ်။ ကျောင်းအထိ လာလမ်းတစ်လျှောက် သစ်ပင်ရိပ် မရှိပါဘူး။ ခြောက်သယောင်းတဲ့ မြေကြီးပေါ်မှာ နေပူပူလျှောက်လှမ်းလာကြရသူ အပေါင်းဟာ ချွေးတပြိုက်ပြိုက် ကျလို့ပေါ့။

ဒီမြင်ကွင်းကလေးကိုကြည့်ပြီး တစ်နှစ်သော မိုးရာသီ ဖွံ့ဖြိုးရေးအချိန်မှာ အမေ့အတန်းက ကျောင်းသား ကျောင်းသူများနဲ့အတူ တမာပင်တွေ စိုက်ခဲ့တယ်။ ဆရာတစ်ဦးကလည်း အမေ့နည်းတူ စိုက်တယ်။ သဒ္ဓါတရားတူ ဆရာတပည့်တစ်စုတို့ဟာ တမာပင်တွေ စိုက်လိုက်တော့ ကျောင်းကြီးရဲ့ရှေ့ နောက် ဝဲ ယာ အပြည့်ဖြစ်သွားပါတော့တယ်။

စိုက်ခဲ့တဲ့ နှစ်ပေါင်း နှစ်၂၀ ကျော်ခဲ့ပြီ။ ကျောင်းဝင်းတစ်ခုလုံးလည်း သစ်ပင်ရိပ်တို့ ဖုံးအုပ်ခဲ့ပြီ။ အဲဒီဆရာက ထပ်ဆင့်ပြီး သစ်ပင်တိုင်ရဲ့အခြေမှာ နားနေစရာ ထိုင်ခုံတွေ အလှူခံပြီး လုံ့လစိုက်ထုတ်လိုက်တော့ သစ်ပင်ရိပ်မှာ ချွေးသိပ်နားနေရာ ထိုင်ခုံနဲ့ အလွန့်ကို ပနံတင့်လှတယ်။ ဆရာကြီး၊ ဆရာဆရာမ၊ ကျောင်းသားကျောင်းသူများသာမက ကျောင်းဝင်းထဲ ဝင်လာကြသူအပေါင်းရဲ့ရင်ကို အေးမြစေတော့တယ်။

ကောင်းကံရဲ့ ပတ်ဝန်းကျင် အကျိုးပြုမှု မျက်မြင်သာဓကပေါ့ကွယ်။ မမြင်စွမ်းနိုင်တဲ့ ကောင်းကျိုးတွေကလည်း ဘဝဆက်တိုင်း ဆက်ကာဆက်ကာ ရသွားဦးမှာပေါ့။ အခု မျက်မြင်လက်တွေ့ အများအတွက် အေးမြစေတာကိုက ဝမ်းသာပီတိ ဖြစ်နေပါပြီ။ တွေးမိတိုင်း စိတ်ကြည်နူးရပါတယ် သားယယ်။

အရှင်ဆန္ဒာဓိက ဆရာတော်ကတော့ "ပရဟိတ စိတ်ဓါတ်ဆိုတာ ဘုရားရှိုးမွမ်းတဲ့ စိတ်ဓာတ်ပါ။ ပရဟိတအလုပ်ဆိုတာ ဘုရားအားပေးတဲ့ အလုပ်ပါ။ ပရဟိတ လူသားဆိုတာ ဘုရားလိုလားတဲ့ လူသားပါ"လို့ ပရဟိတ စိတ်ဓာတ်ဆောင်းပါးထဲမှာ ရေးထားတယ်။ သိပ်ကိုကောင်းတဲ့ စာပိုဒ်ပါ။ အမေ နှစ်သက်လွန်းလို့ ရေးထည့်လိုက်တယ်။

ပရဟိတလုပ်ရာမှာလည်း ကိုယ်ကျိုးစွန့်ပြီး မလုပ်ရပါဘူး။ ပုဂ္ဂိုလ် ၄ မျိုးရှိတယ် သားယယ်ရဲ့။

(၁) ကိုယ်ကျိုးသာ ကျင့်သူ၊

(၂) သူတစ်ပါးအကျိုးသာ ကျင့်သူ၊

(၃) ကိုယ်ကျိုး၊ သူကျိုး၊ နှစ်မျိုးလုံး ကျင့်သူ၊

(၄) နှစ်မျိုးလုံး မကျင့်သူ။

http://www.dhammadownload.com

(၁) ကိုယ်ကျိုးသာကျင့်သူမှာ ဥစ္စာ၊ ပညာ၊ ရာထူး ပြည့်စုံချင် ပြည့်စုံမယ်၊ စိတ်ချမ်းသာ ပျော်ရွှင်မှု အပြည့်အဝ မရနိုင်ဘူး။

(၂) သူတစ်ပါးအကျိုးသာကျင့်သူမှာ မိမိအကျိုးအတွက် သောကဖြစ်ရတတ်တယ်။

(၃) နှစ်မျိုးလုံးကျင့်သူမှာ သောကကင်းဝေး၊ အေးချမ်းသူဖြစ်မယ်။ ဘေးကင်း၊ ရန်ကင်း၊ စိတ်ချမ်းသာခြင်းဖြင့် အစဉ်မပြတ် အမြတ်ထွက်မယ်။ အမြဲကုသိုလ်ရနေမယ်။

(၄) နှစ်မျိုးလုံးမကျင့်သူမှာ လောက၌ ဆုံးရှုံးသောသူ တစ်ယောက်ဖြစ်တယ်တဲ့။

အဲဒီတော့ အမြဲကုသိုလ်ရနေတဲ့၊ ဘုရားလိုလားတဲ့ လူသားဖြစ်အောင် ကြိုးစားနေထိုင်ပါသားငယ်။ ဘဝခရီးမှာ ပျော်မွေ့ပြီး ရွှင်လန်းချမ်းမြေ့ပါလိမ့်မယ်။ ဘဝတစ်ခုရဲ့ နောက်ဆုံးအချိန်မှာ နိမိတ်ကောင်းထင်မှာ သေချာပါတယ်။

မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ။

http://www.dhammadownload.com

# မကောင်းမှုတွေ ဟူသမျှကို
# မတွေ့ခင်က ရှောင်ကြဉ်လေ

သားငယ် ဖွဲ့

မကောင်းတာဆို တွေးကိုမတွေးခြင်းက ကြီးပွားလိုသူတိုင်းမှာ ရှိထားရမယ်။ ကြီးပွား ချမ်းသာကြောင်း အရည်အချင်းကောင်းတစ်ခုဖြစ်တယ်။

အာရတိ ပါပါ၊ ဧတံ မင်္ဂလမုတ္တမံ။

**မကောင်းမှုများကို စိတ်ဖြင့်ရှောင်ကြဉ်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။**

အာရတိ ဝေးစွာရှောင်ကြဉ်ခြင်းဆိုတာ စိတ်ဖြင့်ရှောင်ကြဉ်ခြင်း၊ မတွေ့ခင်က ရှောင်ကြဉ်ခြင်း၊ သီလဆောက်တည်၍ ရှောင်ကြဉ်ခြင်း ဖြစ်တယ်။

အာရတိပါပါ မကောင်းမှုတွေကို စိတ်နဲ့ရှောင်ပါတဲ့။ စိတ်က အလွန်မြန်ပါတယ်။ ထိန်းချုပ်ရခက်ခဲပါတယ်။ မတည်ငြိမ်ပါဘူး။ ဘုရားရှိခိုးနေချိန်အတွင်းတောင်မှ စိတ်က အဝေးကို ထွက်ပြေးလွန်းလို့ ကြိုးစားပြန်ထိန်းရတယ်။ အမေ့ရဲ့အဖြစ်ကို ပြောတာလေ။

အတိတ်ကာလဆီ ပြန်ရောက်သွားတာ များတယ်။ ဒေါသစိတ်တွေဖြစ်လိုက်၊ လောဘစိတ်တွေဖြစ်လိုက်နဲ့ အကုသိုလ်စိတ်၊ မကောင်းတဲ့စိတ်တွေပဲ အဖြစ်များနေတတ်တယ်။ ဒါကြောင့်လည်း ဆရာတော်အရှင်ဆေကိန္ဒက လတ်လတ်ဆတ်ဆတ် စားသောက်ဖွယ်ကိုသာ စားသုံးပါ။ မလတ်ဆတ်တာတွေ မစားသုံးပါနဲ့လို့ တရားဟောရာမှာ မိန့်ကြားတယ်ကွဲ့။ နောက်ကြောင်းပြန် အတွေးရေယဉ်ကြောမှာ မျောတတ်ကြလို့ပါပဲ။ မကောင်းတာ တွေးနေတတ်တဲ့ အတွေးစိတ်ကို ရှောင်ကြဉ်ခိုင်းတာပါ။

မကောင်းမှုတွေကို မတွေ့ခင်ကတည်းက ရှောင်ပါဆိုတော့ မကောင်းမှုတွေကို သိထားရမယ်။

မကောင်းမှုတွေကတော့ ကာယဒုစရိုက် ၃ ပါး၊ ဝစီ ဒုစရိုက် ၄ ပါး၊ မနောဒုစရိုက် ၃ပါးပါ။

ကာယဒုစရိုက် ၃ ပါးက သတ်မှု၊ ခိုးမှု၊ ကာမဥ္စ မှားယွင်းမှုဆိုတဲ့ ကာယကံ ၃ပါး။ ဝစီဒုစရိုက် ၄ ပါးက လိမ်ညာမှု၊ သွေးခွဲမှု၊ ဆဲရေးမှု၊ အသိမ်အဖျင်း ပြောဆိုမှုဆိုတဲ့ ဝစီကံ ၄ ပါးပါ။ မနောဒုစရိုက် ၃ ပါးက သူတစ်ပါးစည်းစိမ် မတရားရယူရန် ကြံစည်မှု၊ သူတစ်ပါးပျက်စီးအောင် မကောင်းကြံစည်မှု၊ အယူအမြင်မှားမှုတို့ဟာ မနောကံ ၃ ပါးပါ။

ဒီကံသုံးပါးကို စိတ်နဲ့တောင်မပြစ်မှားဖို့ စောင့်ထိန်းခြင်းဟာ အာရတီမင်္ဂလာပြည့်စုံစေတာပါ။ ဥပမာ ခြင်ကိုက်သော်လည်း ခြင်ကို မသတ်ဘဲနေမယ်။ အရက်၊ ဘီယာ၊ ဒကာခံသူရှိသော်လည်း မသောက်ဘဲနေမယ်။ ဘယ်လိုကိစ္စပဲဖြစ်ဖြစ် မှန်သောစကားသာဆိုမယ်။ မလိမ်ဘူး။ မညာဘူး။

http://www.dhammadownload.com

ရိုးရိုးသားသား ကြိုးကြိုးစားစားနေမယ်။ ဒီလိုမကောင်းတဲ့စိတ် ဖြစ်မလာအောင် ကြိုတင်စိတ်ကူး ရှောင်ခြင်းမျိုးကို "အာရတီပါပါ" ခေါ်ပါတယ်။

ကျောင်းသားလောကမှာ စာတော်တဲ့ကျောင်းသားကို ဆရာဆရာမများက ချီးကျူးကြတယ်။ အရေးပေးကြတယ်။ အတန်းထဲမှာ မျက်နှာပန်းလှတာပေါ့။ စာမကြိုးစားချင်သူ၊ အပျင်းထူတဲ့ ကျောင်းသားတွေက မနာလို ဝန်တိုစိတ် ဖြစ်ကြရော၊ ဒါက သဘာဝ။

အဲဒီ မနာလိုဝန်တိုစိတ်က အတော်ဆိုးတယ်။ အဝင်ခံရတဲ့သူမှာလည်း အတော်ဆင်းရဲ ပင်ပန်းတယ်။ ကောင်းတာလည်း မဖြစ်စေဘူး။ အဲဒီ စိတ်ဆိုးစိတ်ညစ်ရှိနေသမျှ ကျောင်းသားဆိုရင် စာတတ်ဖို့၊ စာမေးပွဲအောင်မြင်ဖို့ ခက်ခဲတတ်တယ်။ ဆိုးကျိုးသာ ကြုံရတတ်တယ်။ တရားအားထုတ်သူဆိုရင်လည်း တရားမရနိုင်ဘူး။ မဂ်တား၊ ဖိုလ်တား ဖြစ်တယ်။

မဟာစည်ဆရာတော်ဘုရားကြီးက အညစ်အကြေးစိတ်ထား ပယ်ရှားနိုင်စေဖို့ "မနာလိုကင်း၊ ဝန်တိုရှင်း၊ လက်ငင်း ချမ်းသာမည်" ဆိုတဲ့ ဆောင်ပုဒ်ကို ချီးမြှင့်ထားတယ်။

မကောင်းတဲ့စိတ်ဖြစ်တာက အကုသိုလ်ပါ။ အကုသိုလ်စိတ်ကို အဝင်မခံဘဲ ဖယ်ရှားပစ်လိုက်ရမယ်။ ပုထုဇဉ်ပီပီ မကောင်းတဲ့စိတ်တွေ ဖြစ်နေတတ်ပါတယ်။ လူတော်လူကောင်းဖြစ်အောင် ကြိုးစားပြုပြင်ရင်ရပါတယ်။ "ရုပ်ကိုလည်းပြင်၊ စိတ်လည်းပြင်၊ ပြင်ဆင်တိုင်းရ၊ ပြုတိုင်းလှ၊ သုခနိဗ္ဗာန် တိုင်လိမ့်မယ်" လို့တောင် ဆိုထားသေးတယ်။

ရုပ်ကိုတော့ ပြင်လေ့ရှိကြတယ်။ စိတ်ပြင်ဖို့သာ လိုတာပါ။ စိတ်ကိုပြင်ရင် နိဗ္ဗာန်တောင် ရောက်နိုင်တာပါ။ အမေ မှတ်သားထားတဲ့ ကဗျာစာပိုဒ်လေး ရေးပြလိုက်မယ်။ "အလှဝန်တို၊ မငြင်ပြိုနဲ့၊ ဝန်တိုမှုသာ၊ မလှရာတည့်" တဲ့။

အရာရာကို ကိုယ်ချင်းစာစိတ်နဲ့ ငါပြုမူနေထိုင်မယ်။ တစ်ဖက်သားစိတ်ဆင်းရဲစေမယ့် အတွေးမျိုး၊ အပြောမျိုး၊ အပြုမျိုး၊ ငါမတွေးဘူး၊ ငါမပြောဘူး၊ ငါမပြုဘူးလို့ ကိုယ့်စိတ်ကို ပြုပြင်ရမှာပေါ့။ ကိုယ့်စိတ်ထားလေးတွေ မည့်စေနဲ့ မြင့်မြတ်နေပါစေ။ ဒါဆိုရင် စိတ်ရဲ့ငြိမ်းချမ်းမှုလေးတွေရပြီး စာမေးပွဲအောင်မြင်ခြင်းဆိုတာ အသေအချာ ရလာတယ်။ အာရတီမင်္ဂလာ ပြည့်စုံလာတယ်။

ကိုယ်တိုင်ကြိုးစားအားထုတ်တော့ မကောင်းတဲ့စိတ်တွေ မဖြစ်ပေါ်လာတော့ဘူး။ မကောင်းတာ မကြံမိဘူး။ ကောင်းတာတွေး၊ ကောင်းတာပဲ ကြံစည်မိတော့တယ်။

ကောင်းတဲ့ဓလေ့အထုံ စွဲမိတော့ ကိလေသာ၊ အညစ်အကြေးတွေ ကင်းစင်စေတယ်။ စိတ်ရှင်းသန့်ကြည်လင်စေတယ်၊ ဖြူစင်စေတယ်။ ဒီတော့ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာတယ်။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ၊ ကျန်းမာတော့ အသက်ရှည်၊ အဆင်းလှ၊ ဘဝသုခ ရစေတယ်ကွဲ့။

အဲဒီတော့ သားငယ်ရေ၊ မကောင်းတာဆို တွေးကိုမတွေးခြင်းက ကိုယ့်ဘဝ ကြီးပွားတိုးတက်စေခြင်းပါပဲကွယ်။

မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။

http://www.dhammadownload.com

# တွေကြုံလာလျှင် မလွန်ကျူးနဲ့ အထူးသဖြင့် စောင့်စည်းနေ

သားငယ် ဖွဲ့

၁၀ တန်းမှာ ရိုးသားကြိုးစားခဲ့လို့ ဂုဏ်ထူးတွေနဲ့ အောင်မြင်ခဲ့တဲ့ လူတော်လူကောင်း၊ အမေ့ရဲ့ တပည့်ကလေးတစ်ဦးအကြောင်းကို ပြောပြရဦးမယ်။

အဲဒီတပည့်ကလေးက ဘွဲ့ရပြီးအလုပ်လည်း ရနေပါပြီ။ သူ့ဌာနမှာ နာမည်ကောင်းလည်း ရပါတယ်။ နိုင်ငံရပ်ခြားလည်း အလုပ်တာဝန်နဲ့ သွားရတတ်ပါတယ်။ သို့သော်လည်း ဆေးလိပ်သောက်တဲ့ အကျင့်ကစပြီး မူးယစ်ဆေးစွဲသွားပါသတဲ့။ ဒီတော့ အလုပ်တာဝန်တွေလည်း လစ်ဟင်းကုန်တာပေါ့။ ကျန်းမာရေးလည်း ထိလာတဲ့အဆုံး၊ အနားယူလိုက်ရတဲ့အခြေအနေထိ ဖြစ်သွားတယ်။ မကောင်းမှုအတွေ့ကို ပျော်မွေ့သွားတာမို့၊ ဘဝပျက်ရရှာပေါ့လို့ ယူကျုံးမရစရာပေါ့ကွယ်။

ဝိရတိ ပါပါ၊ ဧတံ မင်္ဂလမုတ္တမံ။

**မကောင်းမှုများကို ကိုယ်နှုတ်ဖြင့်ရှောင်ကြဉ်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။**

အရင်စာထဲမှာ ရေးပြထားတဲ့ ကာယဒုစရိုက် သုံးပါး (ကာယကံ)၊ ဝစီဒုစရိုက် လေးပါး (ဝစီကံ)၊ မနောဒုစရိုက်သုံးပါး (မနောကံ)တို့ကို စိတ်နဲ့ရှောင်ပါ။ ကိုယ်နဲ့ နှုတ်နဲ့လည်း ရှောင်ပါလို့ ဆိုထားတယ်။ မကောင်းမှုကို စိတ်နဲ့ရှောင်တာက **အာရတီမင်္ဂလာ**၊ မကောင်းမှုကို ကိုယ်နှုတ်နဲ့ ရှောင်တာက **ဝိရတီမင်္ဂလာ**။

သားငယ်တို့ ပညာသင်ယူတဲ့ ကျောင်းသားတွေအနေနဲ့ သတ်မှု၊ ခိုးမှု၊ ကာမဋ္ဌမှားယွင်းမှုဆိုတဲ့ ကာယကံသုံးပါးထဲက သတ်မှုက မရှိသလောက်ဖြစ်မှာပါ။ အနည်းဆုံး ခြင်ရိုက်မိတာလောက် ရှိမှာပေါ့။

ခိုးမှုကလည်း သူ့ဥစ္စာခိုးခြင်းတော့ ကင်းပါလိမ့်မယ်။ စာမေးပွဲမှာ စာကူးချတာလောက် ရှိမှာပါ။ စာမေးပွဲအောင်ချင်ရင် ကိုယ်တိုင်စာကြိုးစား၊ အဲဒါက သေချာပေါက် အောင်တယ်။ အောင်ချင်ပြီး စာမကြိုးစားချင်ဘူး။ အပျင်းထူတော့ ထင်ကြေးတွေလိုက်တယ်။ ကူးချဖို့ ကြိုတင်ပြင်ဆင်နေတာနဲ့ အချိန်တွေ အလဟဿ ဖြစ်ကုန်တတ်တယ်။

အမေ ဆရာမဘဝက ကြုံဖူးတာကို ပြောရဦးမယ်။ အရင်တုန်းက ၁၀ တန်းစာမေးပွဲဆိုတာ စောင့်ကြပ်သူရော၊ စာဖြေသူပါ အင်မတန် အရေးထားရတဲ့ အတန်းပါ။ စည်းကမ်း အလွန်ကောင်းတယ်။ ဘယ်လိုက ဘယ်လို ဖြစ်လာတယ်မသိပါဘူး။ မကောင်းတဲ့ဓာတ်သဘောက အကူးအစက် မြန်တတ်တယ်တဲ့။ နယ်မြို့လေးတစ်မြို့မှ ၁၀ တန်း ဖြေမယ့်ဆဲဆဲ ကျောင်းသားလောကမှာ

http://www.dhammadownload.com

ရန်ကုန်ကပို့မယ့်ထင်ကြေးတွေ စောင့်မျှော်ပြီး ချုံ့ထားတဲ့ မိတ္တူတွေကို စုဆောင်းရေးလုပ်နေကြတော့တယ်။ လမ်းလွဲမှာ ကြိုးပမ်းနေလေတော့ တကယ်တမ်း အားထုတ်ရမယ့် ကာံ၊ ဉာဏ်၊ ဝီရိယပိုင်းမှာ လျော့ကုန်တယ်။

ဒီတော့ စာမေးပွဲအောင်စာရင်းထွက်ချိန်မှာ ကိုယ့်ရဲ့ အမှားကြိုးပမ်းမှုရလဒ်ကို ခံစားကြရတော့တာပေါ့။ ရိုးရိုးသားသား ကြိုးစားဖြေရင် ဂုဏ်ထူးလေးခုလောက်ထွက်မယ့် ကျောင်းသား၊ ဂုဏ်ထူးမပါတော့ဘူး။ အောင်ရုံပဲအောင်တယ်။ အောင်မယ့်ကျောင်းသားတွေ စာမေးပွဲကျရှုံးသွားကြတယ်။ သိပ်ကို နှမြောဖို့ ကောင်းတာပေါ့ကွယ်။

ကာမဂ္ဂုဏ် မှားယွင်းမှုဆိုတာကလည်း ကျောင်းသားတွေအနေနဲ့ မိန်းမပွေတယ်ဆိုတာက အနည်းစုပါ။ အများစုက ကွမ်းစားတာ၊ ဆေးလိပ်သောက်တာ၊ မူးယစ်ဆေးစွဲကြတာ၊ အရက်စွဲကြတာ များပါတယ်။ ဒါကလည်း အသေးအဖွဲ မဟုတ်ပေဘူး။ စွဲမိလို့ကတော့ ဘဝဆုံးရမယ့်အရေး။ အခုဆိုရင် အင်မတန် ကြောက်စရာကောင်းတဲ့ AIDS ရောဂါကြီးကပါ ခြိမ်းခြောက်နေပြန်တာလေ။ AIDS ဝင်ရောက်လာနိုင်တဲ့ လမ်းကြောင်းလည်း ဖြစ်နေလေတော့ မကောင်းတာဆို တွေးကိုမတွေးတာ အကောင်းဆုံးပေါ့သားငယ်။ တွေ့ကြုံလာရင်လည်း အထူးစောင့်စည်းနေပေါ့နော်။

ဝစီဒုစရိုက် လေးပါးဖြစ်တဲ့ လိမ်ပြော၊ ကုန်းချော၊ ဆဲရေး၊ သိမ်ဖျင်းတဲ့ စကားပြောခြင်းတွေကတော့ လူငယ် လူကြီး မလွတ်တမ်း ပြုမိတတ်ကြတယ်ကွဲ့။

အမေဈေးဝယ်ရင် အညာမိခံရတာ အခါခါပေါ့။ ကစ်စမီကွစ်အပင်ကလေးတွေက အပွင့်ကြီးကြီး အရောင်လှလှကလေးတွေနဲ့ အမြစ်ပါတယ်။ စိုက်လိုက်ရင် တန်းရှင်မှာ ဈေးကလည်း ချိုလို့ ဝယ်လာ မိပါတယ်။ အမြစ်နဲ့အပွင့်က ထိုးစိုက်ထားတာကိုး။ သမီးဆွဲထုတ်ပြမှ သိရတော့တယ်။

အညာမြေက ဈေးသည်တွေဆီက အညာကုန်ပစ္စည်းတွေ ဝယ်မိပြန်တော့ ဆေးဆိုးထားတဲ့ ငရုပ်သီးမှုန့်၊ ဆနွင်းမှုန့်တွေနဲ့ ဆုံပြန်ရော။ ညာတဲ့သူဆီက ဝယ်မိပေသကိုး။ သူတို့က ကိုယ့်ယာခင်းထွက် ငရုပ်သီး ကိုယ်တိုင်ထောင်းလာတာလို့တောင် ပြောလိုက်သေးတယ် သားငယ်ရဲ့။

အမေ ဆရာမဘဝတုန်းကလည်း ကျောင်းသားခပ်များများက အိမ်စာကို ကူးချလာကြတယ်။ စာတွေလည်း နားလည်ဟန်ဆောင်ကြတယ်။ စာကျက်ဟန်လည်း ဆောင်တာပဲ။ ဆရာမိဘကိုရော ကိုယ့်ကိုယ်ကိုရော မလိမ်ညာပဲသာ ကြိုးစားရင် ကိုယ့်အတွက် အများကြီး အကျိုးရှိသွားပြီ။ စာမေးပွဲအောင်ရုံမက ပညာပါရတာပေါ့။

တစ်ယောက်နဲ့တစ်ယောက် အတို့အထောင်ကလေးတွေကလည်း လုပ်တတ်ကြသေးတယ်။ မခံချင်အောင်စ၊ ပြောင်နောက်ရင်း အကျီစားသန် ရန်ဖြစ်တတ်ကြတယ်။ ရန်မဖြစ်ဘဲ နေလိုက်ရင် မကောင်းမှုကို ကိုယ်ဖြင့်ရှောင်ကြဉ်ရာရောက်တယ်၊ ဝိရတီမင်္ဂလာရတယ်ကွဲ့။

ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ ရုပ်ရှင်ကား၊ ဗီဒီယိုကား၊ ကိုးရီးယားကား၊ တေးဂီတ၊ မင်းသား-မင်းသမီးအကြောင်းတွေများ ပြောလို့ကို မဆုံးနိုင်ဘူး။ ဒါတွေက သိမ်ဖျင်းတဲ့ စကားတွေပဲပေါ့။ ဒါတွေမပြောဘဲ စာဆွေးနွေးကြရင် မကောင်းပေဘူးလား။ မင်္ဂလာရှိတဲ့ လုပ်ရပ်လေ။

http://www.dhammadownload.com

ကျောင်းသားဆိုတာ စာကြိုးစားဖို့က အဓိက တာဝန်ပါ။ ကိုယ့်တာဝန်ကိုယ်ကျေရင် စာတော်တယ်။ ထူးချွန်တယ်။ အခြား စာတော်သူကို ပျက်စီးအောင် မကောင်းကြံစည်ဖို့ မဟုတ်ပေဘူး။ စာမေးပွဲအောင်ဖို့ မေးခွန်းလိုက်တာတို့၊ စာမေးပွဲမှာ စာကူးချတာတို့လည်း မလုပ်အပ်ပေဘူး။ ကူးချမှ အောင်မြင်မှာလို့ယူဆရင် အဲဒီအယူအဆမှားနေပြီ။ စာမေးပွဲအတွက် သိဒ္ဓိတင်တာတွေ၊ နတ်တင်တာတွေ၊ ပွဲတင်တာတွေ၊ ဂါထာရွတ်ဖတ်တာတွေ၊ ယတြာချေတာတွေ အစုံလုပ်နေကြတာလည်း အယူအမြင် မှားနေကြတာပါပဲ။

အမှားတွေ မရှောင်ကြဉ်သမျှ ဝိရတီမင်္ဂလာမရပေဘူးပေါ့။ အမှားတွေကို အမှားတွေမှန်းသိပြီး မလုပ်ဘဲ ရှောင်ကြဉ်လိုက်တာ ဝိရတီ မင်္ဂလာပါ။

မကောင်းမှုဟူသမျှကို တွေ့ကြုံလာရင်လည်း ကံသုံးပါးနဲ့ မလွန်ကျူးမိစေဘဲ အထူး စောင့်စည်းနေရပါမယ်။ "မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင် စိတ်ကိုထား" တဲ့။ ဘဝမှာ ကြီးပွားချမ်းသာမှာ သေချာပါတယ်ကွယ်။

မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ။

http://www.dhammadownload.com

# အရက်သေစာ မသောက်စားနဲ့ မှောက်မှားတတ်တဲ့ အရာပေ

သားငယ် ဖွဲ

တစ်နေ့က သားငယ်ရဲ့ ဦးလေးဖုန်းဆက်တာ မူးနေတဲ့ အသံနဲ့ဆိုတော့ ကွဲကွဲပြားပြား နားမလည်လိုက်ဘူး။ မူးနေရင် အမေ့ဆီ ဖုန်းဆက်တတ်တယ်။ ဂျိုဂျောင်စကားတွေ ဗလုံး ဗထွေး ပြောတတ်တယ်။ မမူးတဲ့အချိန်မှာ ဖုန်းဆက်လေ့ မရှိဘူး။ ဘုရားရှိခိုးပြီး၊ ပုတီးစိပ်နေ တတ်တယ်တဲ့။

မဇ္ဇပါနာ စ သံယမော၊ ဧတံ မင်္ဂလမုတ္တမံ။

သေရည်အရက်သောက်ခြင်းမှ စောင့်စည်းခြင်းသည် မြတ်သော မင်္ဂလာမည်၏။

အရက်သေစာသောက်စားလို့ ဘဝမှာ ထိပ်ဆုံးရောက်ခါနီးမှ ပြုတ်ကျသွားပုံ လက်ညှိုးထိုးပြ လို့ အလွန်ကောင်းတဲ့သူဟာ သားငယ်ရဲ့ ဦးလေးပါပဲ။

ငယ်စဉ်က အလွန့်ကို လိမ္မာရေးခြားရှိတယ်။ ဆရာသမား၊ မိဘ၊ လူကြီးများရဲ့စကားကို နားထောင်တယ်။ အစ်မတွေကို အိမ်မှုကိစ္စတွေ ကူညီလုပ်ကိုင်ပေးပြီးမှ အိမ်စာတွေလုပ်တယ်။ စာကျက်တယ်။ စာလည်း ထူးချွန်တယ်။ ၄ တန်း၊ ၇ တန်း စကောလားရှစ်စာမေးပွဲတွေ အောင် တယ်။ အဲဒီတုန်းက ၄ တန်း စကောလားရှစ်အောင်ရင် လစဉ် ၁၀/–၊ ၇ တန်း စကောလားရှစ် အောင်ရင် လစဉ် ၁၅/– ရတယ်။ ဆုငွေအဖြစ် လစဉ်ရတဲ့ လစာကလေးကိုစုပြီး မိဘကိုအပ်တယ်။ အင်မတန် စနစ်ကျပြီး စည်းကမ်းတကျ နေတတ်ထိုင်တတ်တဲ့ ကလေးပါကွယ်။

နေ့စဉ်ဘုရားရှိခိုးရုံမကဘူး သက်သတ်လွတ်စားတယ်။ ဥပုသ်စောင့်တယ်။ အမေတို့က အာဟာရမရှိမှာစိုးလို့ ငါး၊ ပုဇွန်၊ ငါးပိ၊ ငံပြာရည်တော့ စားပါလို့ တိုက်တွန်းခဲ့ရတယ်။

ဘွဲ့ရပြီး အရာရှိငယ် လူပျိုဘဝမှာ ရုံးပိတ်ရက်ဆိုရင် ဝန်ထမ်းဘဝ တစ်မြို့စီနေရတဲ့ အမေ့ဆီ ရောက်လာတတ်တယ်။ အဲဒီအခါ သားငယ်တို့ မောင်နှမသုံးယောက်ကို ဂရုတစိုက် ထိန်းကျောင်း ပေးတယ်။ ခြံထဲမှာ စိုက်ပျိုးပေးတယ်။ ရှင်းလင်းပေးတယ်။ ဖူးပင်၊ ခဝဲပင်တွေအတွက် စင်တွေ ဆောက်ပေးတယ်။ လိုအပ်တာမှန်သမျှ မပြောရအောင်ကို လုပ်ကိုင်ပေးသွားတတ်တာကွဲ့။

အလုပ်ထဲမှာလည်း ရိုးသားမှု၊ ကြိုးစားမှု၊ ကူညီတတ်မှုတွေနဲ့ လူချစ်လူခင်လည်း များတယ်။ အထက်လူကြီးများရဲ့ နှစ်သက်သဘောကျမှုလည်း ခံရတယ်။ နိုင်ငံရပ်ခြားလည်း အခါခါ သွားရ တယ်။ အမေတို့ မွေးချင်းထဲမှာတော့ ပညာ၊ စိတ်ဓာတ်၊ စည်းကမ်း၊ ဘက်စုံတော်တယ်လို့ အမေဖြင့် ချီးကျူးပြီး ချစ်အားပိုခဲ့ရတာပေါ့ကွယ်။

http://www.dhammadownload.com

အိမ်ထောင်သည်ဘဝရောက်တော့လည်း မသောက်မစား၊ ရိုးရိုးသားသားနဲ့ ဇနီးမောင်နှံ နှစ်ယောက် ကျစ်ကျစ်လျစ်လျစ် စုဆောင်းတတ်တော့ ကုသိုလ်ရေး၊ ဆွေမျိုးရေး၊ လူမှုရေး ထောက်ပံ့နိုင်မှုတွေ ရှိခဲ့ကြတယ်။ သာယာအေးချမ်းတဲ့ ဘဝတစ်ခုမှာ စိတ်ချမ်းမြေ့စွာ ရပ်တည်နေနိုင်ကြလို့ အမေဖြင့် အဝေးကနေ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရတယ်လေ။ ကိုယ့်အိုးကိုယ့်အိမ်နဲ့ဆိုတော့ မောင်နှမချင်း အနေဝေးခဲ့ကြတယ်။

သားငယ်တို့ မောင်နှမသုံးယောက် ပညာရေးအတွက် ရန်ကုန်မှာထားရဖို့ကြံတော့ ဦးလေးရဲ့အိမ်မှာနေဖြစ်တော့မှ အရက်သောက်တတ်နေပြီဆိုတာ သိရတော့တယ်။

ယခုနဲ့ယခင် ပါစင်အောင်လွဲနေပြီလေ။ အရက်အကြောက် ကြီးတတ်ခဲ့သူက မူးပြီး အော်ဟစ်ကြုံးဝါးနေပြီ။

"ငါက.... မြို့သားကွ၊ မိုက်တယ်၊ လူသတ်ရဲတယ်" တကယ်ဆို အသံကြောင့်သေပွဲဝင်ရတဲ့ ဖားသူငယ်လို ဖြစ်မှာစိုးရတယ်။ အရည်ဝင်ရင် သွေးဆိုးပြီး ဆူပူအော်ဟစ်နေတာဆိုတော့ နေ့စဉ်နဲ့ အမျှ သူ့မိန်းမလည်း စိတ်ညစ်ရှာမှာပဲ။

ငယ်စဉ်က သီလစောင့်ထိန်းခဲ့ပါလျက် အခု အရက်စွဲနေပြီ။ သုရာမေရယသိက္ခာပုဒ် မလုံခြုံတော့ဘူး။ ဒီသိက္ခာပုဒ် မလုံခြုံသူဟာ အကုသိုလ် ဒုစရိုက်မှုအားလုံးတို့ရဲ့ အကြောင်းရင်း မူလကို ရင်ဝယ်ပိုက်မိထားသူပါ။

မကောင်းမှုမှန်သမျှကို မလုပ်ဝံ့တာမရှိ၊ အားလုံးကို လုပ်ဝံ့လာပြီ။ သူတော်ကောင်းတရားမှန်သမျှကို ဖျက်ဆီးတတ်ပြီ။ ဆင်ခြင်တုံတရားလည်း မရှိ၊ အကြောင်းကိုလည်း မသိ၊ အကျိုးကိုလည်း မသိ၊ အမှားအမှန် အကောင်းအဆိုး မခွဲခြားနိုင်။ ရမ်းကား၊ စော်ကား၊ ပြစ်မှား၊ ယော့ရမ်း၊ ကြမ်းတမ်းကာ ဆိုးသွမ်းလာတော့တယ်။

အရက်မူးနေသူဟာ မသင့်တော်တာ အကုန်လုပ်တော့တာပဲ။ အတ္တသမာပဏိဓိဆိုတဲ့ မိမိကိုယ်ကို မဆောက်တည် မထိန်းသိမ်းနိုင်တဲ့အတွက် ကျွန်မင်္ဂလာအားလုံး ပျက်ပါလေရော။

သားငယ်ရဲ့ ဦးလေးလည်း အရက်မှအရက်ဖြစ်နေတော့ အလုပ်တာဝန်တွေပျက်ကွက်၊ အမှားအယွင်းတွေဖြစ်နဲ့ အကြိမ်ကြိမ် သတိပေးခံရတယ်။ နေရာဒေသ အပြောင်းအရွှေ့ခံရတယ်။ ရာထူးတိုးမြှင့်ခြင်း ရပ်ဆိုင်းခြင်း ခံရတယ်။ အရက်မသောက်တော့ပါဘူးလို့ ကတိလက်မှတ်တွေ ထိုးရတယ်။ "ဆိုခဲစေ မြဲစေ" အကျင့်ရှိခဲ့သူဟာ ဘာကတိမှ မတည်တော့ဘူးလေ။ နောက်ဆုံးမှာ လုပ်သက် ၂၇ နှစ်နဲ့ ဌာနတစ်ခုရဲ့ အကြီးအကဲဖြစ်ရမယ့်သူဟာ ပင်စင်တောင်ခံစားခွင့်မရတော့ဘဲ အလုပ်ပြုတ်တဲ့ဘဝ ရောက်ရတော့တယ်။

ဘယ်လောက်နှမြောစရာကောင်းလဲ။ ကိုယ့်အတွက်၊ ကိုယ့်မိသားစုအတွက်၊ ကိုယ့်အလုပ်ဌာနအတွက်၊ ကိုယ့်တိုင်းပြည်အတွက်၊ အသိစိတ်ဓာတ်နဲ့ တာဝန်ကျေကျေထမ်းဆောင်ခဲ့တဲ့ သားငယ်ရဲ့ ဦးလေးဘဝကို အရက်ရဲ့ ဖျက်ဆီး ဝါးမျိုခြင်း ခံလိုက်ရတော့တယ်။ "လူကိုဖျက် အရက်"တဲ့ သားငယ်ရဲ့။

http://www.dhammadownload.com

ဘယ်သူ့အတွက်၊ ဘယ်အရာအတွက်မှ ကောင်းကျိုး မဖြစ်လာတော့ဘူး။ ဆိုးကျိုးတွေချည်း ဖြစ်လာပြီ။ အပေါင်းအသင်းတွေ၊ ဆွေမျိုးတွေကိုရှောင်ပြီး အရက်ကို အဖော်ပြုနေတော့တယ်။

အပေါင်းအသင်းတွေ၊ ဆွေမျိုးတွေကလည်း သူ့ကို ရှောင်ပြီပေါ့။ လူမှုရေးမှာ ဆုံးရှုံးနစ်နာသလို စီးပွားရေးလည်း ဆုံးရှုံးတော့တာပဲ။ ကျန်းမာရေးရော ဘာပြောစရာလိုလဲ။ ဆုံးရှုံးတာပေါ့။ မူးပါများလာရင် ရူးလာမယ်။ အသက်တိုလာမယ်။ မောဟအမှောင်ထုကြီး လွှမ်းမိုးမှုခံရလို့ ကုသိုလ်မှုကို မေ့လျော့မယ်။ အခုဘဝမှာ အရူးလိုဖြစ်ရုံမက နောက်ဘဝအဆက်ဆက် ဝမ်းတွင်းရူး၊ မွေးရာပါအရူးများဖြစ်တတ်တယ် သားငယ်ရဲ့။

ကြောက်စရာကောင်းလိုက်တာနော်။ အရက်ရဲ့ဆိုးကျိုးတွေ လူအများသိပြီး ရှောင်ရှားစေချင်လိုက်တာ။ ဒီစေတနာမျိုး သိကြားမင်းကြီးမှာရှိတယ်ကွဲ့။ လူပြည်လာပြီး ဘုရင်ကြီးရဲ့ရှေ့မှောက် သိကြားမင်းက လုလင်အသွင်ဖြင့် လာရောက်အရက်ရောင်းတယ်တဲ့။

"အရှင်မင်းကြီး၊ ဒီအရက်ဟာ ထောပတ်လည်း မဟုတ်ပါ။ တင်လဲလည်း မဟုတ်ပါ။ ပျားရည်လည်း မဟုတ်ပါ။ ဒီအရက်သောက်မိတဲ့သူဟာ

(၁) လမ်းသွားတိုင်း ယိမ်းယိုင်လဲကျတတ်ပါတယ်။

(၂) မစားသင့်တဲ့အစာကိုလည်း စားမိတတ်ပါတယ်။

(၃) စိတ်အစိုးမရ ဖြစ်တတ်ပါတယ်။

(၄) ကိုးကွယ်ရာမရှိသူလို ဟိုဟိုဒီဒီ သွားလာတတ်ပါတယ်။

(၅) သီချင်းလည်း အော်ဆိုတတ်ပါတယ်။ ကလည်း ကတတ်ပါတယ်။

(၆) တဏ္ဍတွန်းလို အဝတ်မဝတ်ဘဲ သွားလာတတ်ပါတယ်။

(၇) တွေတွေဝေဝေနဲ့ အကြာကြီးလည်း အိပ်တတ်ပါတယ်။

(၈) လက်တုန်ခြေတုန်လည်း ဖြစ်တတ်ပါတယ်။

(၉) မီးလောင်သလို ပူပူလောင်လောင်နဲ့ အိပ်ရတတ်ပါတယ်။

(၁၀) သူတစ်ပါးတို့ရဲ့ ထိုးကြိတ်ခြင်းကိုလည်း ခံရတတ်ပါတယ်။

(၁၁) လူများရှေ့မှာလဲ မပြောသင့်တဲ့စကားကိုလည်း ပြောတတ်ပါတယ်။

(၁၂) ကိုယ့်အန်ဖတ်တွေနဲ့ ကိုယ်အိပ်ရတတ်ပါတယ်။

(၁၃) ငါ့လောက်မိုက်တဲ့သူမရှိဘူးလို့လည်း ကြွေးကြော်တတ်ပါတယ်။

(၁၄) မျက်စိတွေလည်း နီလာတတ်ပါတယ်။

(၁၅) လိုအပ်တာထက်ပိုပြီး မာန်တက်တတ်ပါတယ်။

(၁၆) ငြင်းလည်းငြင်းခုံတတ်ပါတယ်။

(၁၇) ရုပ်ရည်အဆင်းတွေလည်း လျော့လာပြီး အိုလွယ်တတ်ပါတယ်။

http://www.dhammadownload.com

(၁၈) သူခိုးတွေရဲ့ နေရာဒေသကိုလည်း ရောက်တတ်ပါတယ်။

(၁၉) စည်းစိမ်ဥစ္စာတွေလည်း ကုန်တတ်ပါတယ်။

(၂၀) မိဘ၊ ယောက္ခမစသည်ကိုလည်း ဆဲရေးမိတတ်ပါတယ်။

(၂၁) ချွေးမ စသည်ကိုလည်း မှားယွင်းပြီး ကိလေသာဖြစ်တတ်ပါတယ်။

(၂၂) မိန်းမရဲ့ဆဲရေးခြင်းကိုလည်း ခံရတတ်ပါတယ်။

(၂၃) ရဟန်း၊ ပုဏ္ဏားတို့ကိုလည်း ရိုက်ပုတ်မိတတ်ပါတယ်။

(၂၄) ငွေပေးပြီး မဟုတ်မမှန်ထွက်ဆိုဖို့၊ သက်သေလိုက်နိုင်း ခံရတတ်ပါတယ်။

(၂၅) တစ်ခုခုနိုင်းလိုက်ရင်လည်း လေးဖင့်နေတတ်ပါတယ်။

(၂၆) မြေကြီးပေါ်မှာလည်း အိပ်တတ်ပါတယ်။

အရှင်မင်းကြီး၊ ကျွန်ုပ်လက်ထဲမှာရှိတဲ့ အရက်ဟာ အဲဒီလိုစွမ်းအင်တွေ ရှိပါတယ်။ ဝယ်တော်မူပါ။

ဘုရင်လည်း လုလင်ရဲ့ အရက်ရောင်းသံအဆုံးမှာ အရက်အိုးအားလုံးကို ရိုက်ခွဲနိုင်းလိုက်ပါတယ်။ (ငါးရာငါးဆယ်ဇာတ်ဝတ္ထု၊ ကုမ္ဘဇာတ်)။

လူဖြစ်ဖို့၊ လူ့ဘဝရဖို့ အလွန်ခက်ခဲတယ်။ ယောကျ်ားဘဝကိုလည်း ရခဲတယ်။ ခြေလက်အင်္ဂါ စုံပြီး၊ ဉာဏ်ရည်ထက်မြက်သူ့ဘဝကိုလည်း ရခဲတာပဲ။ ကံအားလျော်စွာ ရခဲတဲ့အချက်တွေ အားလုံးပြည့်စုံနေတဲ့ဘဝ၊ ကောင်းမှုကုသိုလ်များသူတို့သာ ရရှိနိုင်တဲ့ဘဝမှာ ကိုယ့်ဘဝကို ဖျက်ဆီးနေတဲ့ မောင်ငယ်ကို သတိတရားရအောင် ဘယ်လို ဟောပြောရမလဲဆိုတာ အမြဲတွေးနေမိတယ်။

လူဖြစ်ရတဲ့ တန်ဖိုးကိုသိပြီး တန်ဖိုးရှိတဲ့ လူသားဖြစ်စေချင်တယ်။ အနာဂတ်သံသရာဘဝကို အရှပ်ဆိုး၊ အကျည်းတန် မလှမပဘဝ မဖြစ်စေချင်ဘူး။

သားငယ်ရေ အရက်ကို စမသောက်မိစေနဲ့နော်။ ဘီယာကလည်း အရက်တဲ့။ အရက်ဟာ ကာမဂုဏ်အရသာ တစ်မျိုးဖြစ်တော့၊ ဆားငန်ရည်လို သောက်လေသောက်လေ ငတ်မပြေဖြစ်ပြီး မထိန်းနိုင် မသိမ်းနိုင် သောက်ပြီးရင်း သောက်ချင်ရင်း ဖြစ်တတ်တာ တွေ့နေရလို့ပါ သားငယ်။

ကုသိုလ်ရေး၊ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ အိမ်ထောင်ရေးများကို ဖျက်ဆီးတတ်တဲ့ သေရည်သေရက်၊ ဆေးခြောက်၊ ဘိန်း စတဲ့ မူးယစ်ဆေးဝါးများကိုမမှီဝဲ၊ မသုံးစွဲမိအောင် စောင့်ထိန်းပါ။ ဘုရားရှင်ဟောကြားတဲ့ အဆိပ်ရေကို ကောင်းစွာရှောင်ကြဉ်ခြင်းဖြင့် မင်္ဂလာအပေါင်းကို ရယူနိုင်ပါစေ။

မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ။

http://www.dhammadownload.com

# လုပ်ကိုင်ပြောကြား သတိထား
# တရားမမေ့စေ

သားငယ် ဖွဲ

"အပ္ပမာဒေန သမ္ပာဒေထ" ဆိုတဲ့စကား မှတ်မိမှာပါနော်။ ဘုန်းတော်ကြီးများထံက သီလခံယူ ဆောက်တည်တဲ့အခါ နိဂုံးချုပ် မိန့်ကြားလေ့ရှိတဲ့ စကားလေကွယ်။

မိမိခံယူဆောက်တည်ထားသော သီလကို မမေ့မလျော့၊ မပေါ့မဆသော သတိတရားနဲ့ ပြည့်စုံကြလော့ဆိုတဲ့ အဓိပ္ပာယ်ပါ။ အပ္ပမာဒတရားဆိုတာ သတိတရားပါပဲ။

အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလမုတ္တမံ။

ကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

အရာရာမှာ သတိတရား လက်ကိုင်ထားခြင်း၊ ကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်းတို့ဟာ ကြီးပွားလိုသူတိုင်းမှာ ရှိထားရမယ်။ ကြီးပွားချမ်းသာကြောင်း အရည်အချင်းကောင်းတစ်ခု၊ မင်္ဂလာတစ်ပါးဖြစ်တယ်ကွဲ့။

ကုသိုလ်တရားတို့၌ မမေ့မလျော့သူကို လူရှင်၊ မေ့လျော့သူကို လူသေလို့ မြတ်စွာဘုရားက ဟောထားပါတယ်။ ဒါကြောင့်၊ အပ္ပမာဒေါ စ ဓမ္မေသု မင်္ဂလာနဲ့ ပြည့်စုံသူဟာ လူရှင်ဖြစ်ပြီး၊ မပြည့်စုံသူက လူသေ၊ အမင်္ဂလာကောင်ကြီး ဖြစ်တယ်။ ဓမ္မအရ ကုသိုလ်တရားက ၁၀ မျိုးရှိတယ်။

(၁) ဒါန၊ စွန့်ကြဲပေးကမ်းလှူဒါန်းမှု။

(၂) သီလ၊ ကိုယ်နှုတ်နှစ်ပါး စောင့်ထိန်းမှု။

(၃) ဘာဝနာ၊ တရားပွားများအားထုတ်မှု။

(၄) အပစာယန၊ အရိုအသေပေးမှု။

(၅) ဝေယျာဝစ္စ၊ အမှုကြီးငယ်ဆောင်ရွက်ပေးမှု။

(၆) ပတ္တိဒါန၊ အမျှဝေမှု။

(၇) ပတ္တာနုမောဒနာ၊ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်မှု။

(၈) ဓမ္မဿဝန၊ တရားနာမှု။

(၉) ဓမ္မဒေသနာ၊ တရားဟောမှု။

(၁၀) ဒိဋ္ဌိဇုကမ္မ၊ အယူအမြင်ဖြောင့်မှန်မှု။

အဲဒါတွေက ကုသိုလ်ရရေးတွေပါပဲ။ ကုသိုလ်ရေးကို မမေ့လျော့ရင် ကုသိုလ်တွေရတယ်။ မေ့လျော့ရင် ကုသိုလ်မရနိုင်ဘူးပေါ့။

http://www.dhammadownload.com

ကုသိုလ်ရတယ်ဆိုတာ စိတ်ချမ်းသာစေခြင်း၊ စိတ်ဓာတ်ခိုင်မာစေခြင်း၊ လောကဓံကို ခံနိုင်ရည်ရှိခြင်း၊ အမှတ်အသားကောင်းလာရခြင်း၊ အတွေးအခေါ်အယူအဆ ကြွယ်ဝလာခြင်း၊ အသိဉာဏ် ရင့်သန်လာခြင်းစတဲ့ အကျိုးတွေရတယ်။ အထူးကြိုးစားရင် မဂ်ဖိုလ်ထိ ရနိုင်တာပါ။

ထို့အတူ စီးပွားရေးကို မေ့လျော့ရင် စီးပွားရေး မတိုးတက်နိုင်။ ပညာရေးကို မေ့လျော့ရင် ပညာတတ် မဖြစ်နိုင်။ ကျန်းမာရေးကို မေ့မေ့လျော့လျော့နေပြီး အိပ်လိုက်စားလိုက်နဲ့ မလှုပ်မရှား လေ့ကျင့်ခန်းမလုပ်ရင် လေးလံထိုင်းမှိုင်းဝဖြိုးလို့ အလှမတိုးဘဲ သွေးတိုးပြီး ကျန်းမာရေး မကောင်းနိုင်။ လူမှုရေးမှာ မေ့လျော့ရင် အပေါင်းအသင်း မဆန့်နိုင်။ မိသားစုရေးမှာ မေ့လျော့ရင် အိမ်တွင်းရေး မသာယာနိုင်။ မေ့ပါများတော့ သက်ဆိုင်ရာဆုံးရှုံးမှုများ ကြုံရတတ်တာပေါ့ကွယ်။

တချို့ဆုံးရှုံးမှုက ကိုယ့်ဘဝသာမက တခြားသူများရဲ့ ဘဝတွေကိုပါ ပျက်စီးစေတတ်တယ်ကွဲ့။ ဥပမာ မော်တော်ကားမောင်းသူက သတိတစ်ချက်လစ်လိုက်ရင် ကားတိုက်မှုဖြစ်မယ်။ ကားမှောက်မယ်။ ကားပေါ်မှာ ပါလာသူများ သေကြေပျက်စီးမယ်။ ထိခိုက်ဒဏ်ရာရကြမယ်။ အနိဋ္ဌာရုံတွေချည်း ဖြစ်ကုန်ရော။

စစ်မြေပြင်မှာ ကင်းသမားပေါ့လျော့ရင် ရန်သူက အငိုက်ဖမ်းနိုင်တယ်။ တစ်တပ်လုံးပြုတ်နိုင်တယ်။ ပေါ့ဆမီးကြောင့် တစ်ရပ်ကွက်လုံးမီးလောင်၊ တစ်မြို့လုံးပြာကျ၊ ဖြစ်တတ်တယ်မို့လား။ ဒါတွေက တစ်ဦးတစ်ယောက် သတိတစ်ချက်လစ်လိုက်တာနဲ့ အများသူငါ ပျက်စီးကြတာလေ။

မေ့လျော့ပေါ့ဆခြင်းဆိုတာ သတိတရားနည်းပါးမှု သတိတရား ကင်းကွာမှုကို ပြတာပဲ။

ကိုယ့်အလုပ်ကို စိတ်မဝင်စား၊ အခြားအပျော်အပါး အားကစားတို့ကိုသာ လိုက်နေသူ၊ လက်ဖက်ရည်ဆိုင်မှာ တစ်နေကုန်ထိုင်နေသူ၊ အလုပ်ပျင်းသူ၊ လုံ့လမရှိသူ၊ တစ်လုံး၊ နှစ်လုံးထိုးသူတွေဟာ မေ့လျော့သူတွေလို့ ပြောရမယ်။ ကိုယ့်အလုပ်ကို စိတ်ဝင်စား၊ ကြိုးစားလုပ်ကိုင်နေသူတွေ၊ ပညာကို ကြိုးစားကျက်မှတ်နေသူတွေက မမေ့မလျော့ သတိရှိကြသူတွေလို့ ဆိုရမယ်။

သားငယ်တို့ နိုင်ငံရပ်ခြားမှာ နေထိုင်ကြသူတွေက ပိုပြီး သတိရှိဖို့ လိုအပ်တယ်မို့လား။ Pass Post လုံခြုံအောင် သိမ်းထားရမယ်။ ကတ်ထဲပိုက်ဆံရှိ မရှိ စစ်ရမယ်။ ကတ်ပါမှ ဘတ်စ်ကား စီးဖြစ်မယ်။ ရထား MRT စီးဖြစ်မယ်။ တစ်နေ့တာအတွက် လိုအပ်ချက်တွေစဉ်းစားပြီး အိတ်ထဲ ထည့်ရတယ်။ အိမ်သော့ကလည်း ကျန်ခဲ့လို့လည်းမဖြစ်၊ ကျပျောက်လို့လည်းမဖြစ်၊ ဘာမှ မေ့လို့ မဖြစ်ဘူးလေ။ မေ့တာနဲ့ ကိုယ့်အတွက် အဆင်မပြေမှုတွေ ဆုံးရှုံးမှုတွေက တစ်သီကြီးဖြစ်ကုန်ရော။

အဲဒါတွေ "သတိ" လိုတာ ထားလိုက်ပါဦး။ အမေတို့ အိမ်ရှင်မအလုပ်တွေကလည်း "သတိ" လိုလိုက်တာများ၊ သတိမေ့လို့ကတော့ ဟင်းတောင်အရသာရှိရှိ မစားရဘူးလေ။ အမေ့လွန်လို့ တူးခြစ်ကုန်ရင် အလဟဿ ဖြစ်ကုန်တယ်။

အချက်အပြုတ်မှာ သတိရှိရသလို ဈေးဝယ်ရာမှာလည်း သတိလစ်လို့ မရဘူးကွဲ့။ ပစ္စည်းလတ်လတ်ဆတ်ဆတ်ရဖို့၊ အလေးမှန် ဈေးမှန်ရဖို့၊ သတိနဲ့စောင့်ကြည့်ဝယ်ရတယ်။ ဝယ်ရမယ့်

http://www.dhammadownload.com

သားငါး၊ အသီးအရွက်ကိုလည်း မေ့မကျန်ရအောင် မှတ်ရဝယ်ရသေးတယ်။ အိမ်ရောက်မှ လိုအပ်တာကို တစ်ခေါက်ပြန်ဝယ်ဖို့ဆိုတာ မလွယ်ဘဲကိုး။ အိမ်နဲ့ဈေးဝေးရင် ပိုခက်သေး။

ဒါကြောင့် လူတိုင်းအတွက် "သတိရှိဖို့ လိုတာပေါ့။ အရာရာတိုင်းမှာကို သတိရနေရမှာ။ ရှေးပညာရှိတွေက သွား သတိ၊ လာ သတိ၊ စား သတိ၊ အရာရာ သတိရှိနေကြဖို့ ဆုံးမခဲ့ကြတာပေါ့။ သတိရလို့ ပြောရအုံးမယ်။ အမေတို့ သာကေတ ကမ်းလွန်ရေနံ အခြေစိုက်စခန်းဝန်းထဲ နေတုန်းက မြွေကအလွန်ပေါတော့ ပညာရှိဆုံးမစကားအတိုင်း တစ်သဝေမတိမ်း လိုက်နာနေခဲ့ကြရတယ်လေ။

ကောင်းမှုကောင်းရာကို ပြုလုပ်ဆောင်ရွက်ကြရာမှာ မေ့လျော့ပေါ့တန်မှုမရှိ၊ သတိရှိခြင်းကို "အပ္ပမာဒ"လို့ ခေါ်တာပါတဲ့။

ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ လောကအရေးမှန်သမျှမှာ "အပ္ပမာဒဆိုတဲ့ သတိတရား" အရေးကြီးလှပါတယ်။ လောကမှာ ကြီးပွားတိုးတက်နေသူများဟာ သတိရှိသူ သတိမလစ်သူများဖြစ်ပြီး၊ ဆုတ်ယုတ်ပျက်စီးနေသူများဟာ မေ့လျော့သူ၊ သတိမရှိသူများလို့ ဆိုရမယ်။

အပ္ပမာဒတရားကို မြတ်စွာဘုရားက အထူးသဖြင့် ကျယ်ဝန်းစွာကို ဟောတော်မူခဲ့တယ်။ "ယခုဘဝအကျိုး၊ နောင်ဘဝအကျိုး နှစ်မျိုးလုံးကို ရယူတတ်သောတရားမှာ အပ္ပမာဒဖြစ်ကြောင်း၊

အားသန်၍ အပြေးမြန်သော မြင်းကောင်းသည် အားမရှိ ချိနဲ့သော မြင်းပိန်ပိန်ကို ချန်ထားခဲ့၍ ရှေ့သို့တက်သွားသကဲ့သို့ မေ့သူ၊ အိပ်ပျော်သူ လူများစုတွင် မမေ့သူ၊ နိုးကြားသူ၊ ပညာရှိက ထိုသူတို့ကို ချန်ထား၍ ရှေ့သို့တက်သွားကြောင်း" ဟောတော်မူခဲ့တယ်။

ဒါ့အပြင် မြတ်စွာဘုရားက နေ့စဉ် ဆွမ်းခံအပြန် ခြေဆေးခုံမှာရပ်ကာ "အပ္ပမာဒေန သမ္ပာဒေထ"လို့ အမြဲဟောတယ်။ နောက်ဆုံး ပရိနိဗ္ဗာန်စံခါနီးမှာတောင်မှ "အပ္ပမာဒေန သမ္ပာဒေထ"ကို နိဂုံးချုပ် နောက်ဆုံး တရားလက်ဆောင်အဖြစ် ပေးခဲ့သေးတယ်။

သတိလက်လွတ်ဖြစ်တဲ့အခါ စိတ်ကဟိုရောက်ဒီရောက်နဲ့ သားငယ်ဆီ ရောက်လိုရောက်၊ ဟိုငယ်စဉ်ဘဝကိုရောက်နဲ့ အာရုံတွေ များနေတော့တာပဲ။ ကုသိုလ်စိတ်ကို ဖြစ်မလာဘူး။ကိုယ့်စိတ်ကို သတိနဲ့ ပြန်ထိန်းချုပ်ရတယ်။

သတိဆိုတာ ပိုတယ်မရှိ၊ လိုတယ်သာရှိတာမို့ မမေ့မလျော့ မပေါ့မဆသော သတိတရားနဲ့ ပြည့်စုံအောင် ကြိုးစားပါလို့ တိုက်တွန်းလိုက်ပါတယ်ကွယ်။

မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။

http://www.dhammadownload.com

# အသက်ဂုဏ်ဝါကိုယ်ထက်ကြီးက
# ဆည်းကပ်ခစား ရိုသေလေ

သားငယ် ခွဲ

ရိုသေထိုက်သောသူတို့ကို ရိုသေခြင်းသည်လည်း မင်္ဂလာပါပဲလို့ ဗုဒ္ဓမြတ်ဘုရားက ဟော ကြားတော်မူပါတယ်။ လူဟာ ရိုသေထိုက်တဲ့လူကို ရိုသေဖို့လိုပါတယ်။

ဂါရဝေါ စ၊ ဧတံ မင်္ဂလမုတ္တမံ။

**ရိုသေထိုက်သူကို ရိုသေခြင်းသည် မြတ်သော မင်္ဂလာမည်၏။**

ဘယ်လိုလူတွေကို ရိုသေရမလဲ။ သိရမယ်နော်။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယသာဝက၊ ဆရာ၊ မိဘ၊ အစ်ကိုကြီး၊ အစ်မကြီးတို့ဖြစ်တယ်။ ဒါက တိုက်ရိုက်အဓိကကျတဲ့ ရိုသေရမယ့် လူတွေ၊ ဆွေကြီးမျိုးကြီး၊ သက်ကြီးဝါကြီး၊ ဂုဏ်ကြီးသူ၊ ကျေးဇူးပြုဖူးသူ၊ ကိုယ့်အထက် လူကြီး တို့ဟာလည်း ရိုသေထိုက်သူတွေပါပဲ။

ရိုသေထိုက်သူများကို ရိုသေသမှု အလေးမပြုသူကို သူတော်ကောင်းများ မနှစ်သက်ဘူး။ တယ်ရိုင်းစိုင်းတဲ့သူလို့ ကဲ့ရဲ့တတ်ကြတယ်။ ရိုသေတတ်၊ အလေးပြုတတ်သူကိုတော့ လိုလား နှစ်သက်ကြတယ်။ တယ်လိမ္မာတဲ့သူပဲလို့ ချီးမွမ်းကြတယ်။

ကြုံကြိုက်လို့ ပြောရဦးမယ်။ စင်ကာပူကို ရောက်တုန်းရောက်ခိုက် သားငယ်က အမေ့ကို ဆေးစစ်ဖို့လိုက်ပို့တော့ အမေ့ကို ဂရုတစိုက်ဖေးမတွဲခေါ်ပေးတဲ့ သားငယ်ကို ဆရာဝန်၊ ဆရာမ တွေက နှစ်သက်သဘောကျနေကြတာ၊ ပြုံးပြုံးကြည့်လို့။ သူတို့စိတ်ထဲမှာ ချီးမွမ်းနေကြမှာ သေချာတယ်။ ဂါရဝရဲ့ မင်္ဂလာအဖြစ်က ထင်ရှားနေတာပေါ့။

စာထဲမှာ ရိုသေရမယ့် ဂါရဝ ၁၀ ပါးကို ပြထားတယ်။ အဲဒီ ၁၀ ပါးက–

(၁) ဗုဒ္ဓဂါရဝ = ဘုရား၌ ရိုသေခြင်း

(၂) ဓမ္မဂါရဝ = တရား၌ ရိုသေခြင်း

(၃) သံဃဂါရဝ = သံဃာ၌ ရိုသေခြင်း

(၄) သိက္ခာဂါရဝ = ကျင့်ဝတ်သိက္ခာ၊ ဥပဒေ၊ စည်းမျဉ်း၌ ရိုသေခြင်း

(၅) သမာဓိဂါရဝ = သမာဓိ၌ ရိုသေခြင်း

(၆) အပ္ပမာဒဂါရဝ = အပ္ပမာဒခေါ် သတိ၌ ရိုသေခြင်း

(၇) ပဋိသန္ထာရဂါရဝ = ဧည့်ဝတ်ပြုမှု၌ ရိုသေခြင်း

(၈) ဟိရိဂါရဝ = ရှက်ရမည့်အရေး၌ ရိုသေခြင်း

http://www.dhammadownload.com

(၉) ဩတ္တပ္ပဂါရဝ = ကြောက်ရမည့်အရေး၌ ရှိသေခြင်း
(၁၀) အညမညဂါရဝ = အထက်အောက် လူကြီးလူငယ် အချင်းချင်း ရှိသေခြင်းတို့ ဖြစ်တယ်။

ဂါရဝ ၁၀ ပါးအကြောင်းသိရအောင် အကျဉ်းချုပ်လေးတွေတော့ ရေးပြမယ်နော်။ ဖတ်ရတာ ပျင်းစရာကြီးလို့ မထင်နဲ့ဦး။

ဘုရားကို ကြည်ညိုသူ၊ တရားတော်ကို လေးစားသူ၊ သံဃာတော်ကို ရှိသေသူတို့ဟာ အများအားဖြင့် ကိုယ်၊ နှုတ်၊ စိတ်ထား ထူးခြားကောင်းမွန်သူများ ဖြစ်တတ်တယ်။ အဲဒီ အကောင်းပေါ်ကို ဓမ္မဋ္ဌိဖြစ်စေ၊ သဒ္ဓါစေတနာအရှိန်များ ဆင့်လိုက်ရင် ကျက်သရေအမျိုးမျိုး၊ အကျိုးအထွေထွေကို ဆွဲဆောင်နိုင်တဲ့ ဓာတ်အဖြစ် ရောက်လာတယ်။

ဗုဒ္ဓ၊ ဓမ္မ၊ သံဃဆိုတာ ရတနာမြတ်သုံးပါးပါ။ ရတနာမြတ်သုံးပါးကို တစ်စုံတစ်ယောက်က မျှ ဒုက္ခပေးလို့မရနိုင်သလို ရတနာမြတ်သုံးပါး ကိန်းဝပ်သူကိုလည်း မည်သူကမျှ ဒုက္ခမပေးနိုင်ဘူး။ ဒါကြောင့် ဗုဒ္ဓဂါရဝ၊ ဓမ္မဂါရဝ၊ သံဃဂါရဝအမှုကို သေတစ်ပန် သက်တစ်ဆုံး ပြုကိုပြုရမယ် သားငယ်ရဲ့။

သိက္ခာဂါရဝဆိုတာက မိမိတို့နဲ့ဆိုင်ရာ ကျင့်ဝတ်သိက္ခာ ဖြစ်တဲ့လူ့ဝိနည်း၊ လူ့စည်းကမ်း ပါပဲ။ အကျင့်ကောင်းမှ စည်းကမ်းကောင်းမှ ကောင်းကျိုးချမ်းသာရလာမှာပါ။ ကိုယ့်သိက္ခာ၊ ကိုယ့်စည်းကမ်းကို ကိုယ်တိုင်ရှိသေရမှာပါ။

သမာဓိ မရှိဘူးဆိုရင်လည်း လူမလေး ခွေးမခန့်ဆိုတာကို ကြည်ညိုလေးစား ယုံကြည်ခြင်း မခံရနိုင်ဘူး။ သမာဓိကိုလည်း ရှိသေလေးစားကြရမယ်။ သမာဓိဂါရဝ ရှိရပါ့မယ်။

အပ္ပမာဒဂါရဝ ဆိုတာက သတိရှိရမှာပါ။ သတိက တံခါးရွက်နဲ့တူတယ်။ တံခါးရွက်သာ မရှိလို့ကတော့ ကိုယ့်ဆီကို အကုသိုလ်ရန်သူများ အလစ်ဝင်လာနိုင်ပါတယ်။ သတိဂါရဝမရှိသူများ ဆေးလိပ်၊ ကွမ်းယာမှအစ အသောက်အစား၊ မူးယစ်ဆေး စွဲသွားကြတယ်။ အပျော်အပါး၊ အာရုံထွေပြား၊ မှောက်မှားသွားတတ်တယ်။ အဲဒါတွေကို သတိနဲ့ ထိန်းချုပ်ရပါလိမ့်မယ်။ မကောင်းတာတွေရှောင်ပြီး ကောင်းတာတွေဆောင်နိုင်အောင် သတိထားရပါမယ်။ ဒါမှ ရခဲလှတဲ့ လူ့ဘဝကို လူပီပီသသ နေထိုင်နိုင်သွားမယ်။

ပဋိသန္ထာရဂါရဝကတော့ လူမှုရေး၊ ပညာရေး၊ စီးပွားရေးတွေမှာ အလွန်လိုအပ်တဲ့ လောက ကျင့်ဝတ်တစ်ပါးလို့ ပြောသင့်တယ်။ တစ်ဦးနဲ့တစ်ဦး၊ တိုင်းပြည်တစ်ပြည်နဲ့တစ်ပြည် ပဋိသန္ထာရကို အလေးအမြတ်ပြုကြရတယ်။

ပဋိသန္ထာရဆိုတာက တစ်ဦးနဲ့တစ်ဦး မေတ္တာမပျက်စေဖို့ အဆက်အသွယ် အဆက်အစပ် ပြုခြင်း၊ ပြေပြစ်ချောမောအောင် ပြုမူဆောင်ရွက်ခြင်းဖြစ်တယ်။ ဆောင်ရွက်ပုံ နှစ်မျိုး ရှိတယ် သားငယ်။ ပစ္စည်းဖြင့် ပြေပြစ်အောင်ပြုခြင်းနဲ့ သွန်သင်ဆုံးမ နည်းပေး လမ်းပြခြင်းဖြင့် ပြုခြင်း ဖြစ်တယ်။ လောကမှာ နှုတ်၏စောင်မခြင်း၊ လက်၏စောင်မခြင်းလို့ လူသိများကြတယ်။

http://www.dhammadownload.com

အလုပ်ရှင်နဲ့အလုပ်သမား၊ အထက်လူကြီးနဲ့ လက်အောက်ငယ်သားများ အဆင်ပြေပြေနဲ့ လုပ်ငန်းခွင်မှာ အလုပ်ဖြစ်ထွန်းပြီး တိုးတက်ကြီးပွားအောင် ပဋိသန္ထာရပြုနည်း နှစ်မျိုးစလုံး သုံးကြရတယ်။

ဥပမာ ကိုယ်က အလုပ်ရှင်ဆိုရင် အလုပ်ပိတ်ရက်မှာ လူကြီးတွေအတွက် ဘုရားဖူးပို့ပေးတာ၊ သင်္ကြန်တွင်းမှာ စုပေါင်းဒုလ္လဘရဟန်းခံပေးတာ၊ စုပေါင်းသီလရှင်ဝတ်ပေးတာ၊ စုပေါင်း တရားစခန်းဝင်ဖို့စီစဉ်ပေးတာ၊ အလှူဒါနပြုချင်တယ်ဆိုပါက ငွေထုတ်ပေးပြီး ကူညီဆောင်ရွက်ပေးတာ။

လူငယ်တွေအတွက် အခွင့်အခါသင့်တဲ့အခါ စာရေးဆရာတွေဖိတ်ပြီး အတွေးအခေါ်မြင့်မားစေဖို့၊ စာရိတ္တကောင်းစေဖို့၊ သတ္တိရှိစေဖို့၊ ဟောပြောပွဲတွေလုပ်ပေးတာ၊ ပညာရည်ချွန်ဆုပေးတာ၊ ပညာသင်ထောက်ပံ့ကြေးပေးတာ စသည်ဖြင့်ပေါ့။ ပညာရေး၊ ကျန်းမာရေးတွေ ဆောင်ရွက်ပေးတာတွေဟာ တစ်ဖက်ကကြည့်ရင် အလုပ်ရှင်အတွက် ကုသိုလ်တွေဖြစ်နေသလို တစ်ဖက်ကကြည့်ပြန်ရင်လည်း ကိုယ့်အလုပ်သမား၊ ကိုယ့်ဆီမှာ မြဲနေအောင် ဆွဲဆောင်စည်းရုံးပြီးသားလည်း ဖြစ်နေတယ်။

ပဋိသန္ထာရက ဒါနတစ်မျိုးပါပဲ။ အလုံးစုံသောကောင်းကျိုး ပြီးမြောက်စေတာမို့ အလုပ်ရှင်တိုင်း၊ ဌာနဆိုင်ရာအကြီးအကဲတိုင်း အာရုံပြုထားဖို့ကောင်းတဲ့ ဂါရဝတစ်ခုပေါ့။

ဟိရိဂါရဝဆိုတာက မကောင်းမှု မကောင်းတဲ့အလုပ်ကို ပြုလုပ်မယ်ဆိုရင် မိမိသိက္ခာ၊ သမာဓိကို မိမိရှက်ခြင်း၊ သူတော်ကောင်းတို့အား ရှက်ခြင်း၊ မိဘသားချင်း၊ ဆွေမျိုးဉာတိတို့အား ရှက်ခြင်း၊ အနီးအနား၌ရှိနေသော နတ်တို့အား ရှက်ခြင်းဟာ ဟိရိမည်ပါ၏။

ဟိရိကို ရိုသေလေးစားခြင်းဖြင့် မကောင်းမှု၊ မကောင်းတာ လုပ်ခြင်းကင်းလို့ ချမ်းသာခြင်းမင်္ဂလာ ရစေတယ်။

ဩတ္တပ္ပဆိုတာက အစုဘဝမှာ ခံယူရမယ့် ဘေးဒုက္ခ၊ သေပြီးနောက်ခံယူရမယ့် အပါယ်စသောဘေး ဒုက္ခတို့ကို ဆင်ခြင်ကြောက်ရွံ့ခြင်းဖြစ်တယ်။

"ဟိရိနဲ့ဩတ္တပ္ပနှစ်ပါး ချို့ငဲ့ကင်းမဲ့သောသူသည် တိရစ္ဆာန်နှင့်ထပ်တူပင်ဖြစ်ပေသည်။ လူ့လောက လူ့ကမ္ဘာကြီး ပျက်စီးဆုတ်ယုတ်ကြသည်မှာ ဟိရိဩတ္တပ္ပကင်းမဲ့ခြင်းသည် အကြောင်းရင်းဖြစ်သည်"ဟု ရွှေဟသာ်ဆရာတော်ဘုရားကြီးက မင်္ဂလသုတ်လက်စွဲမှာ ရေးသားတော်မူခဲ့တယ်။

ဘေးရန်ခပ်သိမ်းကင်းငြိမ်းပြီး ကျန်းမာ၊ ချမ်းသာ အသက်ရှည်စွာဖြင့် မိမိတို့ရဲ့သာသနာ၊ ဘာသာ၊ ယဉ်ကျေးမှု မပျက်မစီး မပျောက်ကွယ်စေဖို့၊ ဟိရိဂါရဝနဲ့ ဩတ္တပ္ပဂါရဝကို ရိုသေလေးစားကြရပါလိမ့်မယ်။ ယဉ်ကျေးမှု မပျောက်ကွယ်ရေးအတွက် အလွန်လိုအပ်တာပေါ့။

အညမညဂါရဝဆိုတာက အတူတကွ နေဖော်နေဖက်ချင်း၊ မိဘနဲ့သားသမီး၊ ဆရာနဲ့တပည့်၊ ရဟန်းနဲ့ဒကာ၊ အလုပ်ရှင်နဲ့အလုပ်သမား၊ ညီအစ်ကို မောင်နှမအချင်းချင်း၊ လုပ်ဖော်ကိုင်ဖက်ချင်း၊ စာသင်ဘက်အချင်းချင်း၊ ခရီးအတူသွားဘက်ချင်း၊ နိုင်ငံအချင်းချင်း၊ တစ်ဦးကိုတစ်ဦး လေးစားကြရပါမယ်။ ရိုသေကြရပါမယ်။

http://www.dhammadownload.com

တချို့မိဘများဟာ ကိုယ့်သားသမီး ကိုယ်ဆုံးမတာပဲဆိုပြီး လူကြားထဲမှာ ဆူပူကြိမ်းမောင်း၊ ရိုက်နှက်တတ်ကြတယ်။ မေတ္တာရှင် (ရွှေပြည်သာ)ရေးတဲ့ "မျက်ရည်မကျခင်သိစေချင်" ဆောင်းပါးထဲမှာ လူကြားထဲရိုက်နှက်ဆုံးမခံရတဲ့သမီးက ရှက်လွန်းလို့ ဘာမီတွန်ဆေးပြား အလွန်အကျွံသောက်ပြီး သေကြောင်းကြံသွားတယ်။ သမီးလည်း အသက်ဆုံးရတယ်။ အဖေလည်း ယူကျုံးမရနောင်တရလို့ပါ။ အညမညဂါရဝ မရှိလိုက်တော့ ဘယ်လောက် အဖြစ်ဆိုးလိုက်လဲ။

မိဘ၊ ဆရာ၊ ရဟန်းတို့က မိမိတို့ရဲ့ သားသမီး၊ တပည့်၊ ဒကာဆိုပြီး မထီမဲ့မြင်မပြုခြင်း၊ အထင်အမြင်မသေးခြင်း၊ သားသမီး၊ တပည့်၊ ဒကာတို့ရဲ့ ကြည်ညိုမြတ်နိုးမှုကင်းစေတဲ့ အပြောအဆို၊ အပြုအမူ၊ စိတ်နေစိတ်ထားတို့မှ ရှောင်ခြင်းနဲ့နေကြပြီး သားသမီး၊ တပည့်၊ ဒကာတို့ကလည်း လူကြီးမိဘတို့ကို ရိုသေလေးစားလို့၊ ရဟန်းသံဃာများကို ကြည်ညိုလေးစားလို့နေကြရင် အလွန်ယဉ်ကျေးဖွယ်ရာကောင်းတဲ့ လောကကြီးကို မြင်ကြရ၊ တွေ့ကြရမှာပါ။

ခုခေတ်မှာ ဆရာနဲ့တပည့်၊ မိဘနဲ့သားသမီး၊ အလုပ်ရှင်နဲ့အလုပ်သမား၊ အတွဲလေးတွေမှာ အညမညဂါရဝ လျော့နည်းနေပြီလို့ အမေယူဆတယ်။ လျော့နည်းရာမှာလည်း တပည့်၊ သားသမီး၊ အလုပ်သမားဘက်က ပိုပြီး လျော့နည်းလာကြတယ်။

အမေတို့ တပည့်ဘဝက ဆရာကို သိပ်ရိုသေရတယ်။ စာသင်ခန်းထဲ ဆရာရောက်မလာခင်ကတည်းက စကားမပြောရဲဘူး။ စာသင်ယူဖို့ အဆင်သင့် အနေအထားမှာနေကြတယ်။ လမ်းမှာ ဆရာနဲ့တွေ့ရင်လည်း နှုတ်မဆက်ရဲဘူး။ လမ်းဘေးမှာ ရို့ရို့ကလေး ရပ်နေလေ့ ရှိကြတယ်။

အမေ ဆရာမဘဝရောက်တော့ စာသင်ခန်းထဲဝင်ရင် စကားပြောသံ ညံနေတာကြားရတယ်။ စာသင်တော့မယ်၊ စာအုပ်ဘောပင် ထုတ်ဖို့ပြောရတယ်။ စာသင်ယူဖို့ အဆင်သင့် မရှိကြဘူး။ စာသင်ခန်းအပြင်ဘက် ဝရံတာမှာ သူတို့ကို မတိုးမိ၊ မတိုက်မိအောင် ရှောင်ရတယ်။

အမေတို့ သားသမီးဘဝက နေ့စဉ်မိဘကို နှင်းနှိပ်ပေးရတယ်။ ထမင်းပွဲ ပြင်ဆင်ပေးရတယ်။ သနပ်ခါး သွေးပေးရတယ်။ ပုဆိုး၊ အင်္ကျီအဆင်သင့် ထုတ်ပေးရတယ်။ အခုတော့ အမေတို့မှာ ကိုယ့်ကိစ္စ၊ ကိုယ်တိုင်ဆောင်ရွက်ရရုံမက အလုပ်သွားမယ့် သားသမီးကို ထမင်းချိုင့်ပါ ပြင်ဆင်ပေးနေရသေးတယ်။ ဒါကလည်း ခေတ်အခြေအနေမတူလို့ ထင်ပါရဲ့လို့ အောက်မေ့မိတယ်။ အမေ့သားသမီးကလေးတွေအားလုံး ဂါရဝရှိကြလို့ အမေ စိတ်ချမ်းသာပါတယ်။

တချို့က ဂါရဝနဲ့ ဖားတာ မကွဲပြားကြဘူး။ အလုပ်ခွင်မှာ အထက်လူကြီးကို ဂါရဝပြု ကိုယ့်အလုပ်ကိုတာဝန်ကျေတာကို ဖါးတာလို့ထင်ကြတယ်။ ဂါရဝ မလုပ်ကြဘူး။ လုပ်တဲ့သူကိုလည်း ကဲ့ရဲ့ကြပြန်တယ်။ ဂါရဝမှုကို အောက်ကျတယ်လို့ ထင်နေကြတာ။ အလွန်မွန်မြတ်တဲ့ တရား တစ်ခုဖြစ်မှန်း မသိကြဘဲကိုး။ ပြုသမျှ၊ လုပ်သမျှ အဂါရဝချည်း လုပ်ကြတော့ မင်္ဂလာနဲ့ ဝေးကြ ရတာပေါ့ကွယ်။

ဂါရဝပြုခြင်းကြောင့် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်းဆိုတဲ့ အကျိုးတရားလေးပါး ရတယ်။ အခုဘဝမှာ ရနိုင်တာတဲ့။

http://www.dhammadownload.com

အသက်ရှည်ခြင်းဆိုတာ သတ္တန္တရကပ်ကြောင့်ဖြစ်စေ၊ ရောဂန္တရကပ်ကြောင့်ဖြစ်စေ ဖြစ်ပေါ်နိုင်တဲ့ မိမိအသက်အန္တရာယ်ကို ကာကွယ်စောင့်ရှောက်ပေးနိုင်တယ်။ အဆင်းလှခြင်းဆိုတာက မိမိမှာမျက်နှာပန်းလှနိုင်တယ်။ ချမ်းသာကြီးခြင်းဆိုတာက ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲစရာများမှ ကင်းဝေးစေနိုင်တယ်။ ခွန်အားကြီးခြင်းဆိုတာက စီးပွားရေး၊ ကြီးပွားရေး၊ တိုးတက်ကြီးပွားဖို့ အထောက်အပံ့ အင်အားရနိုင်တယ်။ ဒါကြောင့် အညမညဂါရဝရှိရင် အစုဘဝမှာကို အကျိုးလေးပါးရတယ်လို့ ပြောနိုင်တာကွဲ့။

ဒီဂါရဝမင်္ဂလာက အယုတ် အလတ် အမြတ်မရွေး၊ အနိမ့်အမြင့် အဆင့်မရွေး လူလူချင်းလေးစားနိုင်အောင် လမ်းညွှန်တာပေါ့။ ကြီးပွားလိုသူတိုင်းမှာရှိထားရမယ့် အရည်အချင်းကောင်းတစ်ခု၊ မင်္ဂလာတစ်ပါးမို့ ရှိနိုင်အောင် ကြိုးစားပါကွယ်။

မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။

http://www.dhammadownload.com

# မာနတံခွန် ဂုဏ်မကြွနဲ့ ကိုယ့်ကိုနှိမ့်ချအမြဲနေ

သားငယ် ဖွဲ့

မိမိကိုယ်ကို နှိမ့်ချခြင်း၊ ပုံမှန်နေခြင်း၊ အနေမှန်ခြင်းတို့ဟာ ကြီးပွားလိုသူတိုင်းမှာ ရှိရမယ်။ ကြီးပွားချမ်းသာကြောင်း အရည်အချင်းကောင်းတစ်ခုပါပဲ။

မိမိကိုယ်ကို နှိမ့်ချတယ်ဆိုတာ မာနထောင်လွှား မပလွှားဖို့ပါ။ အောက်တန်းကျကျနေရမယ်။ တွေ့သမျှလူကို အောက်ကျို့ခယရမယ်ဆိုတဲ့ အဓိပ္ပာယ်မဟုတ်ပါဘူး။

နိဝါတော စ၊ ဧတံ မင်္ဂလမုတ္တမံ။

မိမိကိုယ်ကို နှိမ့်ချခြင်းသည် မြတ်သော မင်္ဂလာမည်၏။

နိဝါတဆိုတဲ့သဘောက ကိုယ်ကိုနှိမ့်ချခြင်းထက် စိတ်ကို နှိမ့်ချရခြင်းပါ။ စိတ်ကိုနှိမ့်ချခြင်း မရှိသမျှ ကိုယ်ကိုနှိမ့်ချခြင်း မပြုနိုင်ဘူး။ စိတ်မနှိမ့်ချသမျှ ကာလပတ်လုံး ဂါရဝမဖြစ်နိုင်ဘူး။

မာန်မာနကို ချိုးနှိမ်နိုင်ဖို့ လိုအပ်တယ်။ မာနကြီးပြီဆိုရင် ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ ကြမ်းတမ်းလာတော့တာ။ နှုတ်ထွက်စကားလုံးလည်း ရင့်သီးလာတယ်။ တစ်ဖက်သားကို အထင်သေးတယ်။ အရေးမစိုက် မထီမဲ့မြင်ပြုတယ်။

အာဏာရှိသူက အာဏာမာန်ယစ်တယ်။ ပစ္စည်းဥစ္စာ ကြွယ်ဝသူက ပစ္စည်းမာန်ယစ်တတ်တယ်။ ပညာတတ်သူက ပညာမာန်ယစ်တတ်တယ်။ ရာထူးရှိသူက ရာထူးမာန်ယစ်တတ်တယ်။ မျိုးရိုးဇာတိ၊ ဆွေမျိုး၊ အသိုင်းအဝန်း အထက်တန်းကျသူကလည်း မျိုးရိုးဇာတိ၊ ဆွေမျိုးအသိုင်းအဝိုင်း မာန်တတ်ပြန်တယ်။ လှပသူကလည်း အလှမာန်ယစ်တတ်ပြန်တယ်။

လူမပြောထားနဲ့ တိရစ္ဆာန်၊ မြွေတောင်မှ အဆိပ်မပါတဲ့ မြွေက လူသံကြားရင် လျှောကနဲ ပြေးလိုက်တာ။ မြင်တောင် မမြင်ရဘူး။ အဆိပ်ပါတဲ့ အကောင်ကသာ အဆိပ်အားကိုးနဲ့ ပါးပြင်းထောင် ရန်မူတတ်တာလေ။ ကျားတို့၊ ခြင်္သေ့တို့ရော ကိုယ့်ရဲ့ အားခွန်ဗလ၊ အစွယ်အားကိုးနဲ့ ရန်မူတတ်ကြတယ်မို့လား။

အမေ ကလေးဘဝတုန်းက အမေတို့အညာမြို့နယ်မှာ မြို့ရဲ့အရှေ့ဘက်တစ်လွှားက သူကြီး၊ မြို့ရဲ့မြောက်ဘက်တလွှားက သူကြီး၊ မြို့ရဲ့အနောက်ဘက်တစ်လွှားက သူကြီး၊ နံမည်ကြီး သူကြီး သုံးယောက်ရှိတယ်ကွဲ့။ နာမည်ကြားရုံနဲ့ ဖိမ့်ဖိမ့်တုန်အောင် ကြောက်ကြရတယ်။

ကိုယ့်နယ်မှာတော့ ဘုရင်တစ်ဆူပေါ့။ ကိုယ်ပိုင်လုံခြုံရေးတပ် ကိုယ်စီလည်း ရှိကြတယ်။ ဗိုလ်ကျစိုးမိုးတာချင်းလည်း တူကြတယ်။ မူးယစ်သောက်စား စည်းစိမ်ခံကြတာချင်းလည်း တူကြ

http://www.dhammadownload.com

တယ်။ အနောက်ပိုင်းနယ်က သူကြီးက မယားအများကြီးယူတဲ့ အချက်တောင် သာသေးတယ်။ ရွာရဲ့ကွမ်းတောင်ကိုင် ပန်းတောင်ကိုင်ဆိုရင် သူကြီးက တော်ကောက်သတဲ့။ တစ်ခေတ်တည်း အာဏာချင်းပြိုင်၊ စည်းစိမ်ချင်းပြိုင်၊ တန်ခိုးချင်းပြိုင်နေခဲ့ကြတာ အာဏာမာန်၊ စည်းစိမ်မာန်တွေ အပြိုင်အဆိုင် ယစ်နေကြတာပေါ့။ ရွာသူရွာသားတွေ တုတ်တုတ်မျှ မလှုပ်ရဲကြဘူး။

တန်ခိုးထွားကြတဲ့အချိန်က မကြာလိုက်ပါဘူး။ မမြဲတဲ့ တရားသဘောအတိုင်း မြောက်ဘက်နယ်သူကြီးက အိပ်ယာထဲ ဘုန်းဘုန်းလဲကျပြီး လေဖြတ်လို့ မလှုပ်နိုင်ဘူး။ ထက်လှတဲ့ အာဏာစက်လည်း ပျောက်ကွယ်သွားပြီပေါ့။

ကျန်သူကြီးနှစ်ယောက်ကတော့ သူတစ်ပါး လုပ်ကြံသတ်ဖြတ်တာကို ခံလိုက်ကြရတယ်။ မုန်းတီးမှု၊ နာကျည်းမှုဒဏ်တွေ ခံကြရတာလေ။ ကိုယ်ပြုခဲ့တဲ့ ရက်စက်မှုဒဏ်တွေ ဝဋ်ပြန်ခံကြရတာပါ။ သူကြီး သုံးဦးစလုံး တန်ခိုးထချိန်၊ တန်ခိုးကျချိန်ဟာ မရှေးမနှောင်းပါပဲတဲ့။

အဲဒီလို နိဝါတမင်္ဂလာမရှိခဲ့ကြတဲ့ သူကြီးအဖြစ်မျိုးတွေက မပြောင်းမလဲ ရှိတတ်စမြဲကွဲ့။ အမေ မှတ်မိတာပြောရရင် ဖဆပလခေတ် တချို့အမတ်မင်းများလည်း ထိုနည်းလည်းကောင်းပါပဲ။ သူ့ခေတ်နဲ့သူ မာန်တွေ ယစ်ခဲ့ကြတယ်။

ခေတ်တွေပြောင်းသော်လည်း သဘာဝဓမ္မ၊ တရားသဘောက မပြောင်းလဲ၊ အတူတူပဲမို့လား။ ဘဝင်ရောက်နေတဲ့ မာန်မာနကြီးသူတွေလည်း ပြိုလဲကျဆင်း ကုန်ဆုံးကြရတာပါ။ ပျက်စီးကြောင်းပါ။

တကယ်ဆိုရင် သူတို့ရဲ့ အာဏာ၊ စည်းစိမ်၊ အောင်မြင်မှုစတဲ့ စွမ်းအင်တစ်ခုခုကို အမှီပြုပြီး ကိုယ့်ဝန်းကျင်အတွက် စွမ်းနိုင်သလောက် ကျေးဇူးပြုခဲ့ရင်၊ ကျောင်း၊ ကန်၊ ဘုရားတွေ ပြုပြင်တည်ဆောက်ခဲ့ရင်၊ အရိပ်အာဝါသအတွက် အညာမြေမှာ ဖြစ်ထွန်းလွယ်တဲ့ တမာ၊ မကျည်းပင်တွေ စိုက်ခဲ့မယ်ဆိုရင် အများအတွက် အကျိုးရှိတာပေါ့။ သားစဉ်မြေးဆက် နာမည်ကောင်းကျန်ရစ်မှာပါ။

တန်ခိုးကြီးထွားတဲ့အချိန်အခါ မကြာလိုက်ပါဘူး။ အခု အမေဆိုရင် အသက် ၆၀ ကျော်ပြီ။ ၇၀ ဘက်တောင် ရွေ့လာနေပြီ။ ငယ်သူငယ်ချင်းတွေလို့ ငယ်ဘဝအတိုင်း စကားပြောရတာ သိပ်အရသာရှိတာပဲကွယ်။ ငယ်ဘဝရောက်သွားရသလို၊ သိပ်ကို ပျော်ရွှင်မိတယ်။

ပျော်ရွှင်ခြင်းဖြစ်ရတာက နှစ်ဦးစလုံး၊ ပစ္စည်းဂုဏ်၊ ရာထူးဂုဏ်၊ ပညာဂုဏ်တွေ ဖယ်ထားပြီး သူငယ်ချင်းစိတ်ထားနိုင်ကြလို့ နိဝါတမင်္ဂလာရှိကြလို့ ပျော်ရွှင်ကြရတာပေါ့။

အခု ရှင်သာမဏေမွေ့ရာ့ရဲ့တို့၊ မင်္ဂလာဈူဟာ အသင်းတိုက်တို့မှာ ဓမ္မစာပေသင်တန်းတက်ရတာ၊ သိပ်ကို စိတ်ချမ်းမြေ့တယ်။ ဓမ္မမိတ်ဆွေအချင်းချင်းလည်း ရင်းနှီးချစ်ခင်ကြတယ်။ လေးစားကြတယ်။ အသက်ငယ်ရွယ်သူတွေက အသက်ကြီးသူတွေရဲ့ ဝေယျာဝစ္စတွေ လုပ်ကိုင်ဆောင်ရွက်ပေးကြတယ်။ ဒါတွေက ဂုဏ်ပကာသန အရေခွံတွေ ခွာချခဲ့ကြပြီး၊ တကယ့်စိတ်ရင်းနဲ့ တရားဓမ္မလေ့လာဆည်းပူးကြသူချင်း စိတ်ကို နှိမ့်ချထားကြတော့ စိတ်ချမ်းမြေ့ ပျော်ရွှင်ကြတာပေါ့ကွယ်။

http://www.dhammadownload.com

စိတ်ကို နှိမ့်ချခြင်း၊ ကိုယ်ကို နှိမ့်ချခြင်းဆိုတဲ့ နိဝါတမင်္ဂလာမရှိကြရင် ဘယ်ပျော်မလဲ။ ငြိမ်းငွေ့စရာ၊ ပျင်းရိစရာဖြစ်မှာပဲ။ အမေ့မိတ်ဆွေတစ်ဦးဆိုရင် ထိပ်ဆုံးရာထူးအဆင့်ရောက်နေတော့ လူကြားမှာ ပြောမနာ၊ ဆိုမနာ သူငယ်ချင်းတွေနဲ့တွေ့မှာ ကြောက်တယ်တဲ့။ ငယ်ဘဝကလို နှုတ်ဆက်လိုက်မှာ စိုးရွံ့နေတာကိုး။ နိဝါတမင်္ဂလာ မထားနိုင်ရှာတော့ စိတ်ပင်ပန်းရှာတာပေါ့ကွယ်။

ကမ္ဘာကျော်တဲ့ အိန္ဒိယပြည်က အမျိုးသားခေါင်းဆောင်ဂန္ဒီကို သားငယ်သိမှာပါ။ အမေသိထားတဲ့ ဂန္ဒီအကြောင်းကို ပြောရဦးမယ်။ တစ်နေ့မှာ ဂန္ဒီကြီးက မီးရထားအဆင်း နေအိမ်ပြန်မလို့တဲ့။ အဲဒါ အမျိုးသမီးတစ်ယောက်က အလုပ်သမားထင်ပြီး သူ့ပစ္စည်းကို သူ့အိမ်ကိုလိုက်ပို့ခိုင်းတယ်။ ဂန္ဒီကြီးကလည်း ဘာမျှမပြောဘဲ အိမ်အရောက်လိုက်ပို့ပြီး လုပ်အားခမယူဘဲ ပြန်ခဲ့တယ်တဲ့။ အမျိုးသမီးက နောက်တော့မှ ဂန္ဒီမှန်းသိတယ်။ တကယ့်ကို မာန်မာနမရှိ၊ နိဝါတမင်္ဂလာနဲ့ ပြည့်စုံသူပါပဲကွယ်။

အမေ ဆရာမဘဝတုန်းက အတန်းထဲမှာ အမြဲပြောခဲ့တယ်။ မိဘရဲ့ အရှိန်အဝါ၊ ဂုဏ်ပကာသနတွေ စာသင်ခန်းထဲ ယူမလာဘဲ ပညာသင်ယူမယ့် ကျောင်းသားကျောင်းသူအဖြစ် စိတ်ထဲမှာခံယူပါ။ ဆရာမလည်း မင်းတို့ကို စာသင်ကြားပေးသူ ဆရာအဖြစ်ပဲ စိတ်ထဲမှာရှိတယ်လို့။

လူ့လောကမှာ မာနကြီးတစ်ခွဲသားနဲ့နေရင် ဘယ်သူကမျှ မချစ်ကြသလို အခြေအနေအရ ဆက်ဆံနေရပေမယ့် မဆက်ဆံချင်ကြဘူး။ အလုပ်ခွင်မှာရော၊ ကိုယ်နေထိုင်ရာအရပ်ထဲမှာရော လူမှုဆက်ဆံရေး အဆင်မပြေလှဘူး။ ဆက်ဆံတာ ပေါ့ပေါ့ပါးပါး မရှိဘူးလေ။ မာနထားတဲ့သူဟာ တဖြည်းဖြည်းနဲ့ မိတ်ကောင်းဆွေကောင်းတွေ ရှားလာတတ်တယ်။ အပေါင်းအဖော်မရှိ အထီးကျန်ဖြစ်တတ်တယ်။

သားငယ်ကတော့ အပေါင်းအသင်း ပေါသလားမမေးနဲ့။ ကျောင်းပိတ်ရက် အိမ်ပြန်လာတာကို မိဘနဲ့ စကားပြောချိန်မရှိဘူး။ English Major အဖွဲ့၊ ခြေလျင်နဲ့ တောင်တက်အသင်းအဖွဲ့၊ အလုပ်ခွင်ကအဖွဲ့၊ များပြားတဲ့ အဖွဲ့တွေ၊ Hand Phone နဲ့ စကားပြောရတာကို နားရတယ်မရှိဘူး။

သားငယ်မှာ မာနမရှိတာကိုတော့ အမေဝမ်းသာပါတယ်။ မာန်မာနရှိသူဟာ လောကမှာ အရုပ်အဆိုးဆုံး၊ လူမုန်းအများဆုံးပဲ။ နှိမ့်ချတဲ့စိတ်က ချစ်ဖွယ်ကောင်းသလောက် မောက်မာထောင်လွှားတဲ့စိတ်က မုန်းဖွယ်ကောင်းလှတယ်။ မာနမရှိတဲ့သူကိုမှ လူချစ်လူခင် များကြတယ်။ လူ့ဘဝနေကြရခိုက် ချစ်ချစ်ခင်ခင် ပျော်ပျော်ပါးပါး နေသွားကြရတာ ကောင်းပါတယ်။ တရားသဘောနဲ့ကြည့်ပြန်ရင်လည်း နောက်ဆုံးတော့ လက်ချည်းဗလာ သေပွဲဝင်ကြရတာပါ။

မာနထောင်လွှားသူက ဒီဘဝ လူမုန်းများပြီး ပျက်စီးကျဆုံးတတ်ရုံမကဘူး၊ နောင်ဘဝအတွက် မကောင်းကျိုးဖြစ်သေးတာက ယုတ်နိမ့်တဲ့အမျိုးမှာ ဖြစ်ရတတ်တယ်။

နိဝါတမင်္ဂလာရှိသူကတော့ မြင့်မြတ်တဲ့အမျိုးမှာ ဖြစ်ရတတ်တယ်။ ဒါက မြတ်စွာဘုရားဟောတော်မူခဲ့တာ။ စူဠကမ္မဝိဘင်္ဂသုတ်မှာ သုဘလုလင်ကို ဟောတော်မူခဲ့တာကွဲ့။

http://www.dhammadownload.com

ဒီတော့ မကောင်းကျိုး ဆိုးမွေအစဉ်အဆက် ပေးဝေတတ်တဲ့ မာန်မာနကို လုံးဝမထားဘဲ ရိုးရိုးကျင့် မြင့်မြင့်ကြံ၊ စိတ်စေတနာမှန်မှန် ဖြူစင်စွာထားပါ သွားငယ်။

မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ။

http://www.dhammadownload.com

# လောဘအပို လိုမလိုက်နဲ့ ကိုယ်ထိုက်တာနဲ့ ကျေနပ်လေ

သားငယ် ဖွဲ့

မိမိလုပ်အားနဲ့တန်ရုံ ရရှိလာသမျှနဲ့ ရောင့်ရဲနိုင်ခြင်းဟာ ကြီးပွားလိုသူတိုင်းမှာ ရှိထားရမယ့် ကြီးပွားချမ်းသာကြောင်း အရည်အချင်းကောင်းတစ်ခု၊ မင်္ဂလာတစ်ပါးဖြစ်တယ်။

သန္တုဋ္ဌိ စ၊ ဧတံ မင်္ဂလမုတ္တမံ။

**ရောင့်ရဲလွယ်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။**

သန္တုဋ္ဌိဆိုတာ ရောင့်ရဲခြင်း၊ ရရှိသလောက်ထက် အလွန်အကျွံ ပို၍ မလိုချင်အောင် စိတ်ကို ထိန်းချုပ်ခြင်းပဲ။

ဒါဖြင့် ရသလောက်ဝင်ငွေကလေးနဲ့ စားဝတ်နေမှုပြုရမယ်၊ ကျေနပ်နေရမယ်၊ ကြိုးစားရှာဖွေဖို့ မလိုဘူးလို့ဆိုလိုတာ မဟုတ်ပေဘူး။ လောကလူ့ဘောင် အိမ်ရာတည်ထောင်နေကြတဲ့ လူတို့အဖို့ မိသားစုတာဝန်၊ အမျိုးသားတာဝန်၊ တိုင်းပြည်တာဝန်စတဲ့ လူမှုရေးတာဝန်တွေ သာသနာရေး တာဝန်တွေအတွက် ပစ္စည်းရှာရမယ်။ ဘဝတိုးတက်အောင် ကြိုးစားရမယ်။ ကြီးပွားချမ်းသာဖို့ အလုပ်လုပ်ရမယ်။

သို့သော် အလုပ်လုပ်တဲ့အခါ၊ စီးပွားရှာတဲ့အခါ လောဘတကြီး မမှန်ကန်တဲ့ ဖြတ်လမ်း နည်း၊ အမြတ်ကြီးစား မတရားစီးပွားရှာတာမျိုး မလုပ်ရဘူး။ နည်းမှန်လမ်းမှန် စနစ်မှန်နဲ့ ကံ၊ ဉာဏ်၊ ဝီရိယ အခြေပြု ကြိုးစားအားထုတ်ပြီး စီးပွားရှာရမယ်။ အလုပ်လုပ်ရမယ်။ စနစ်တကျ သုံးရမယ်။ စည်းကမ်းရှိရမယ်။ အများအကျိုးအတွက် သုံးစွဲရမယ်။ မဖြုန်းရဘူးပေါ့။

တရားသဖြင့် ကြိုးစား၊ စီးပွားရှာတာကို မြတ်စွာဘုရားက ချီးမွမ်းတော်မူပါတယ် သားငယ်ရဲ့။ လူတချို့ဟာ လောဘကြီးလွန်းပြီး တရားတာ မတရားတာကို မဆင်ခြင်ကြတော့ဘဲ ကောက် ကျစ်ယုတ်မာပြီး လူမှုဝတ္တရား၊ မင်းဥပဒေတို့ကို ချိုးဖောက်တတ်ကြတယ်။

လူသားအကျိုးမပြုတဲ့ပစ္စည်းတွေ ရောင်းဝယ်ဖောက်ကားလာကြတယ်။ ဥပမာ အရက် သေစာကစ မူးယစ်ဆေးဝါး၊ လက်နက်ပစ္စည်းတို့ပေါ့။ ဘယ်သူသေသေ ငတေမာရင်ပြီးရော ဆိုတဲ့ စကားမျိုး "ရသာရင်၊ ဘနဖူး သိုက်တူးမယ်" ဆိုတဲ့ စကားမျိုးနဲ့ "တစ်ယောက်ချမ်းသာ၊ ကိုယ့်ဖို့ ရှာ၊ သတ္တဝါအပေါင်း ဆင်းရဲကြောင်း"လုပ်နေရင် အပြစ်မကင်းဘူး၊ မင်္ဂလာမရှိဘူး။ သန္တုဋ္ဌိ မင်္ဂလာပျက်ရာက စခဲ့တဲ့ မကောင်းမှုတွေပေါ့။

နေ့ချင်းညချင်း ကြွယ်ဝချမ်းသာလာချင်တယ်။ နှစ်လုံးထိုး၊ သုံးလုံးထိုး၊ သူဌေးဖြစ် ပုံအော တတ်ကြတယ်။ စည်းစိမ်ဥစ္စာ တိုးမလာတဲ့အပြင် ရှိသမျှစည်းစိမ်ပြုတ်လို့ ဘဝပျက်ရတာမျိုး။

http://www.dhammadownload.com

လုပ်ငန်းကျွမ်းကျင်အောင် မကြိုးစားဘဲ၊ ရာထူးတက်ဖို့ ခတ်ရိုက်ခတ်ဆင်၊ ယတြာချေ အလုပ်များကိုသာ ယုံကြည်ကိုးစားလုပ်နေတာကြောင့် ရာထူးမတက်ဘဲ ငွေကုန်လူပန်း ဖြစ်ရတာမျိုး။

အိမ်ထောင်ဦးစီးဟာ မိမိရဲ့ဇနီးနဲ့ မရောင့်ရဲဘဲ အငယ်အနှောင်းထားရင် အိမ်ထောင်ရေးပြိုကွဲမှု၊ ခိုက်ရန်ဖြစ်မှု၊ သားသမီးတို့ရဲ့ ပညာရေးထိခိုက်မှု စတဲ့ ဆိုးကျိုးတွေရတာမျိုး။ အမျိုးသမီးငယ်တွေလည်း အဝတ်အစား မရောင့်ရဲနိုင်ရင် အသစ်အဆန်း ဝတ်ဆင်နိုင်ရေးအတွက် ကိုယ့်ကျင့်တရားမရှိဘဝပျက်စီးတတ်တာမျိုး။

ဌာနဆိုင်ရာ အရာရှိဟာ မိမိလစာနဲ့ မျှဟအောင်မသုံးရင် မိမိရဲ့လုပ်ပိုင်ခွင့်ကို အလွဲသုံးစားလုပ်မိမယ်။ လာဘ်စားမိမယ်။ ဒီတော့ အလုပ်ပြုတ်၊ နာမည်ပျက်၊ အချုပ်အနှောင်ခံရတာမျိုး၊ ကျောင်းသူ ကျောင်းသား တစ်ယောက်ဟာ ရိုးသားကြိုးစားမှု မလုပ်ခဲ့ဘဲ စာမေးပွဲအောင်ချင်တော့ ခိုးချဖြေမယ်ဆိုရင် နာမည်ပျက်မယ်၊ ကျောင်းထုတ်ခံရမယ်၊ မိဘ ဆရာ ကျောင်းရဲ့ ဂုဏ်သိက္ခာထိခိုက်ခံရတာမျိုး။

အဲဒီလို လူတန်းစားအသီးသီးမှာ ရောင့်ရဲမှုမရှိရင်၊ ရိုးသားမှုမရှိရင်၊ ဆိုးကျိုးတွေနဲ့ ရင်ဆိုင်ရတတ်တယ်ကွဲ့။ ရောင့်ရဲမှုရှိရင် လူဆင်းရဲပင်လျှင် ရောင့်ရဲမှုမရှိတဲ့ လူချမ်းသာထက် ပြည့်စုံမှုရှိတယ်လို့ ဆိုနိုင်တယ်တဲ့။

အမေ့ရဲ့ အညာမြေက ဇာတိမြေမှာ လွန်ခဲ့တဲ့ နှစ် ၅၀ ကျော်ကပေါ့။ အတန်းကျောင်းမထားမီ လိမ္မာယဉ်ကျေးပြီး၊ ဘုရားရှိခိုးတတ်အောင်လို့ဆိုပြီး ကိုယ့်သားသမီးကလေးတွေကို ဦးဘလှိုင်ကျောင်းကို ပို့လေ့ရှိတယ်။ အဲဒီကျောင်းမှာ နှစ်နှစ်လောက်နေပြီးမှ အတန်းကျောင်း ပြောင်းထားလေ့ရှိကြတယ်။

အခုခေတ်စကားနဲ့ပြောရရင် ဆရာဦးဘလှိုင်ကျောင်းက မူကြိုကျောင်းပေါ့ကွယ်။ ဆရာဦးဘလှိုင်က လူပြန်တော်ဖြစ်တယ်။

သားငယ်၊ လူပြန်တော်ဆိုတာရော သိရဲ့လား။ ရဟန်းဘဝက လူဝတ်ကြောင်း ပြောင်းထားသူပေါ့။ ဘုန်းကြီးလူထွက်လို့လည်း ခေါ်တယ်။ ဆရာက လူပျိုကြီး၊ မိခင်အိုကြီးကို ကျွေးမွေးစောင့်ရှောက်နေသူပါ။ သပ်သပ်ရပ်ရပ်၊ သန့်သန့်ပြန့်ပြန့် နေလေ့ရှိတယ်။ အရပ်မြင့်မြင့်၊ ပိန်ပိန်ပါးပါး၊ သျှောင်ထုံးကြီးနဲ့ အလွန်ခန့်ညားတဲ့ ရှေးမြန်မာအမျိုးသားကြီးရဲ့ ဟန်အပြည့်နဲ့၊ ဆရာ့ကြည့်ရတာ ရှင်းသန့်နေတာပဲ။

ကျောင်းလခကိုပြောရင် သားငယ် အံ့သြလိမ့်မယ်။ တစ်လအတွက် တစ်ကျပ်ပေးရတယ်။ တစ်ယောက်အတွက် တစ်ကျပ် မဟုတ်ဘူးနော်။ မွေးချင်းအရင်းအချာ နှစ်ယောက်တွက်လည်း တစ်ကျပ်။ သုံးယောက်ဆိုလည်း တစ်ကျပ်ပါပဲ။

ကျောင်းလခကို အရစ်ကျပေးလည်းရတယ်။ တစ်ပတ်ကို တစ်မတ်ပေးရင်လည်းရတယ်။ လဝက်ရောက်မှ ငါးမူးပေးရင်လည်းရတယ်။ နောက်ဆုံးပြောရရင်ကွယ် မပေးဘဲကျောင်းတက်လည်းရတယ်။ ဆိုပါတော့ တစ်လလုံးမှ ဆရာ့ရဲ့ဝင်ငွေက ၂၅ ကျပ်။ ရလှမှ ၃၀ ကျပ်ပါ။

http://www.dhammadownload.com

ဒါလောက် ဈေးနှုန်းချို၊ သက်သာလွယ်ကူတဲ့ ပညာပြည့်ဝ နလုံးလှအောင် သင်ကြားပေးတဲ့ ကျောင်း။ သားငယ် ကြားဖူးရဲ့လား။ တွေ့ဖူးရဲ့လား။

အဲဒါ အမေတို့မြို့က၊ အမေတို့ခေတ်က အမေတို့နေခဲ့ဖူးတဲ့ ကျောင်းပေါ့။ အမေက အဲဒီ ကျောင်းထွက်လေ။ အမေတို့မြို့မှာတော့ အမေတို့အရွယ် အတော်များများက အဲဒီကျောင်းထွက် တွေပါပဲ။

အမေတို့ ကလေးဘဝက အလွန်ပျော်ရွှင်ခဲ့ရတဲ့ ကျောင်းပါ။ ပျော်စရာလည်း ကောင်းပါတယ်။ ဇာတ်တော်ကြီးတွေကို ပုံဝတ္ထုပြောပြသလို ပြောပြတယ်။ နေ့လယ်မှာ အိပ်ရတယ်။ မုန့်ကျွေးတယ်။ ကစားရတယ်။ ဆရာက ကလေးတွေကို လွတ်လွတ်လပ်လပ် ပျော်ရွှင်စေတယ်။ တစ်နေ့ ဘုရား နှစ်ကြိမ် ရှိခိုးရတယ်။

ကျောင်းဆင်းခါနီး ဘုရားရှိခိုးပြီးရင် ဆရာက အမှာစကားပြောတယ်။ အိပ်ရာထရင် မျက်နှာ သစ်ရမယ်။ ဘုရားရှိခိုးရမယ်။ အစာစားပြီးမှ ကျောင်းကို လာခဲ့ရမယ်။ တစ်ကိုယ်ရေ သန့်ရှင်းရေး ကို ကလေးတွေ နားလည်အောင် ပြောပြတယ်။

ကျောင်းလာတဲ့လမ်းမှာ အမှိုက်မပစ်ရဘူး။ လမ်းမှာတွေ့တဲ့ ဆူးခက်၊ အမှိုက်၊ ဖယ်ရှား ခဲ့ရမယ်။ ပတ်ဝန်းကျင် သန့်ရှင်းရေးပြုလုပ်တဲ့ အလေ့အကျင့် စွဲစေတယ်။

ဆရာ၊ မိဘ၊ လူကြီးများရှေ့မှာ ကုန်းပြီးရို့ရို့ကလေးသွားဖို့၊ စကားပြောရင် ယဉ်ယဉ်ကျေး ကျေး ပြောဖို့၊ လူကြီးကခေါ်ရင် "ရှင်"၊ "ခင်ဗျာ" ထူးဖို့ကအစ သင်ကြားပေးတယ်၊ ဦးဘလှိုင် ကျောင်းထွက်ဆိုရင် ကလေးတို့တတ်အပ်တဲ့ အပြုအမူ အလေ့အကျင့် တတ်ပြီးပြီလို့ ယူဆလေ့ ရှိတယ်။

ကလေးဘဝမှာ ဦးဘလှိုင်ကျောင်းလိုက်ရမယ်ဆိုရင် ပျော်နေကြတယ်။ မိဘတွေကလည်း သုံးနှစ်လောက်ရှိရင်ကို ထည့်လွှတ်လိုက်ကြတာလေ။ အကြီးက တွဲခေါ်သွားနိုင်ရင် ကျောင်းအပ်ပြီး ဖြစ်သွားတာပါ။ အထူးမအပ်ရပါဘူး။ ဝင်ကြေးလည်းရှိတာမှ မဟုတ်ဘဲကိုး။

ရသမျှဝင်ငွေ ၂၅ ကျပ်လောက်နဲ့ သားအမိနှစ်ယောက် မျှမျှတတစား၊ သန့်သန့်ပြန့်ပြန့် ဝတ်ဆင်ရုံမက ကျောင်းသား ၅၀ အတွက် သောက်ရေကိုလည်း နေ့စဉ်အပြည့်ဖြည့်နိုင်တယ်။ နီးစပ်ရာ လူများက လာပို့ထားသမျှ ခွေး၊ ကြောင်၊ ကြက်တူရွေး၊ သာလိကာ၊ သမင်ကအစ ကျွေးမွေးလိုက်သေးတယ်။

အခါအားလျော်စွာ ကလေးများကို မုန့်၊ ငှက်ပျောသီး၊ ထန်းလျက်ခဲပေးသေးတယ်။ ရေနွေး ကြမ်းအိုးနဲ့ ထန်းလျက်တစ်ပန်းကန် အဆင်သင့်ထားပြီး လာသမျှဧည့်သည်ကိုလည်း ဧည့်ဝတ်ပြု လေ့ရှိတယ်။

ဆရာဟာ ရောင့်ရဲစွာနေတဲ့အတွက် ဝင်ငွေ ၂၅ ကျပ်လောက်နဲ့ ကြွေးမြီကင်းရှင်းပြီး အလှူ ရေစက် လက်နဲ့မကွာ စိတ်အေးချမ်းသာစွာ ကလေးများကို ပြုစုပျိုးထောင်ပေးနိုင်တယ်။ ကျန်းမာ စွာနဲ့ အသက်ရှည်စွာ နေသွားနိုင်ခဲ့တယ်။ သန္တုဋ္ဌိမင်္ဂလာ ပြည့်စုံခဲ့သူပါပဲ။

http://www.dhammadownload.com

အခုခေတ်မှာ ပစ္စည်းဆန်းတွေလည်း ပေါမှပေါ။ ဈေးနှုန်းတွေကလည်း မြင့်မှမြင့်။ ကိုယ့်စိတ်ကို မချုပ်တီးပဲ ပေါ်သမျှ၊ ဆန်းသမျှ ဝယ်သုံးရရင်တော့ ထွက်ငွေတွေ များကုန်တော့မှာပေါ့နော်။ ဒါဆို သန္တုဋ္ဌီမင်္ဂလာနဲ့ ဝေးသွားနိုင်တယ်။

"ရောင့်ရဲခြင်းဟာ ရုပ်လှကြောင်း"လို့ စာမှာဆိုထားပါတယ်။ ရောင့်ရဲတော့ ပူပန်သောက ကင်းတယ်။ စိတ်အေးချမ်းသာတယ်။ ဒီတော့ ရုပ်အဆင်းဟာ ကြည်လင်ဝင်းပ နေတာပေါ့။ လူပလိုသူတိုင်း စားမှု၊ ဝတ်မှု၊ နေမှု၊ ထိုင်မှုတို့မှာ သန္တုဋ္ဌီမင်္ဂလာကို နှလုံးသားမှာ စွဲမြဲအောင် ကြိုးစားရလိမ့်မယ်နော်။

ဒါပေမယ့် ပညာရှာရာ၊ စီးပွားရှာရာ၊ တရားရှာရာမှာတော့ ရောင့်ရဲလို့ မဖြစ်ဘူး။ တရားတဲ့ နည်းနဲ့ရှာတဲ့ အလုပ်မှန်သမျှ ဝီရိယကို လျှော့မချရပါဘူး။ သန္တုဋ္ဌီမင်္ဂလာလည်း ရှိနေပါတယ်။

အခုခေတ်က ပညာ၊ ဥစ္စာ၊ အထူးလိုအပ်တယ်မို့လား။ ပညာရေးမှာ ဘွဲ့တစ်ခုတည်းနဲ့ ဘဝရပ်တည်မှု မခိုင်မာဘူး။ မမြင့်မားဘူး။ ငယ်ရွယ်တုန်း အချိန်ရှိခိုက် လုံ့လစိုက် ပညာရှာကြရပြန်တယ်။ ကြိုးစားကြရပြန်တယ်။

သားငယ်ရဲ့အစ်ကိုကြီးတောင် အသက် ၄၀ နားကပ်နေတာကို၊ ညနေအလုပ်ဆင်းရင် Master of Business Administration (MBA) သင်တန်း၊ အပြေးအလွှား သွားတက်နေရသေးတယ်။ အမေလည်း အသက် ၆၀ တော်တော်ကျော်တာတောင် ထေရဝါဒဗုဒ္ဓဘာသာ မွေသင်တန်းတွေ တက်တုန်း၊ စာမေးပွဲ ဖြေတုန်းလေ။

ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုးစားနေခြင်းဟာ သန္တုဋ္ဌီမင်္ဂလာမပျက်ပါဘူး။ မင်္ဂလာရှိနေတာပါ။ ဒီတော့ သားငယ် အခုတက်နေဆဲ Bachelor of Information Technology (BIT) ပညာရေးဘွဲ့အတွက်၊ အားသွန်ခွန်စိုက် ကြိုးစားလိုက်ပေတော့ကွယ်။

မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။

http://www.dhammadownload.com

# ကိုယ့်ပေါ်ပြုဖူး သူ့ကျေးဇူး
# အထူးသိတတ်စေ

သားငယ် ဖွဲ့

သူ့ကျေးဇူးကိုသိခြင်း၊ ပေးဆပ်နိုင်ခြင်းဟာလည်း ကြီးပွားချမ်းသာလိုသူတိုင်းမှာ ရှိထားရမယ့် အရည်အချင်းကောင်းတစ်ခု၊ မင်္ဂလာတစ်ပါးပါပဲ။

ကတညုတာ၊ စေတံ မင်္ဂလမုတ္တမံ။

ပြုခဲ့ဖူးသည့် ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

ကတညုတာပုဒ်ရဲ့ အဓိပ္ပာယ်က နည်းနည်းများများ တစ်စုံတစ်ခုနဲ့ ကိုယ့်အပေါ် ကျေးဇူးပြုခဲ့တာကို သိရှိ သတိရနေခြင်းပါ။

ကတညုတ သူတစ်ပါးကျေးဇူးပြုထားသည်ကို သိသူ။ ကတဝေဒီ သိသည့်အားလျော်စွာ ထုတ်ဖော်ပြောကြားသူ။

အဲဒီလိုပေါင်းပြီး ကတညုတ ကတဝေဒီ၊ သူပြုဖူးသည့် ကျေးဇူးကို သိတတ်၊ ထုတ်ဖော်တတ်သူလို့ ဆိုကြတယ်။

ကိုယ်က ကတဝေဒီပုဂ္ဂိုလ် မဖြစ်နိုင်သေးရင်တောင်မှ ကတညုတ ပုဂ္ဂိုလ်အဆင့်လောက် အထိတော့ ရှိထားသင့်တယ်ကွဲ့။

ကျေးဇူးတရားသိမှ သူတော်ကောင်း။ ကျေးဇူးမသိသူက လူမိုက်။ မသိရုံက တော်သေးတယ်၊ ကျေးဇူးကန်းရင်ဖြင့် အမိုက်ဆုံး ဆိုရမှာပေါ့ကွာ။ အခုဘဝကိုပဲ သူများအကဲ့ရဲ့ခံရတတ်တယ်။ နောင်ဘဝမှာလည်း ငရဲကျရောက်နိုင်တယ်။

"ကျေးဇူးရှိမှန်းသိသူ၊ ကျေးဇူးရှိကြောင်း ထုတ်ဖော်ပြောဆိုရဲသူ၊ အခါအခွင့်သင့်ရင် ကျေးဇူးဆပ်တတ်သူကို လောကမှာတွေ့နိုင်ခဲ၊ ကြုံနိုင်ခဲ၊ ရနိုင်ခဲတယ်"လို့ မြတ်ဗုဒ္ဓက မိန့်ကြားတော်မူခဲ့တယ်။

ကျေးဇူးတရား မကင်းရာ မကင်းကြောင်းတွေက အများကြီးရှိတယ်။ သက်ရှိအချင်းချင်း ဖြစ်စေ၊ သက်မဲ့အရာဝတ္ထုက သက်ရှိအရာဝတ္ထုသို့ဖြစ်စေ ကျေးဇူးတရားနဲ့ မကင်းနိုင်ကြဘူး။

ပတ်ဝန်းကျင်အချင်းချင်း ကျေးဇူးပြုမှု၊ ဆရာနဲ့ တပည့်အချင်းချင်း၊ သားသမီးနဲ့မိဘ အချင်းချင်း၊ ညီအစ်ကိုမောင်နှမအချင်းချင်း၊ ရဟန်းသံဃာအချင်းချင်း၊ သီလရှင်အချင်းချင်း၊ လူဝတ်ကြောင်နဲ့ သာသနာ့ဝန်ထမ်းအချင်းချင်း၊ ကျေးဇူးပြုမှုတွေက များမှများပါ သားငယ်။

http://www.dhammadownload.com

ရတနာမြတ်သုံးပါးနဲ့ ဆရာ၊ မိဘတို့ရဲ့ ကျေးဇူးတရားကတော့ အဆုံး အပိုင်းအခြားမရှိ အောင် မည်ရွေ့မည်မျှလို့ ရေတွက်လို့ မရလောက်အောင် ကျေးဇူးတရား ကြီးမားကြတယ်။

ရတနာမြတ်သုံးပါးရဲ့ ဂုဏ်ကျေးဇူးကို သိတယ်ဆိုရင် ရတနာမြတ်သုံးပါးသာလျှင် ဆည်း ကပ် ကိုးကွယ်ဖို့ပါပဲ။ တခြားကိုးကွယ်ရာ မများရဘူး။ ကိုးကွယ်မှု စင်ကြယ်သန့်ရှင်းစေရပါ့မယ်။ မြတ်စွာဘုရားရဲ့ အလိုကျ ကျင့်ကြံနေထိုင်သွားဖို့ပါ။ ပညာရှာရာ၊ စီးပွားရှာရာ၊ လူမှုဆက်ဆံရာ၊ အရာရာတိုင်းမှာ ရိုးသားကြိုးစား ကိုယ့်အားကိုယ်ကိုးရင်ဖြင့် ဘုရားဟောကြားချက်ကို လိုက်နာပြီး ဖြစ်သွားတာပဲကွဲ့။

ဆရာတို့ရဲ့ကျေးဇူးဆပ်ဖို့ရာလည်း ဆရာကို ရိုသေလေးစားပြီး ဆရာရဲ့ ဆုံးမစကား နား ထောင်ရင် ဆရာ့ကျေးဇူးဆပ်ရာ ရောက်ပါတယ်။ အမေဖြင့် ဆရာမလုပ်သက်တစ်လျှောက်လုံး ရိုးသားပြီး စာကြိုးစားသူကို ပိုပြီး နှစ်သက်သဘောကျမိတယ်။ ကိုယ့်ကို နှုတ်မဆက်ချင်နေ၊ မကန်တော့ချင်နေ ကျေနပ်နေတာပဲ။

မိဘတို့ရဲ့ကျေးဇူးက များလွန်းလို့ မိဘစကားနားထောင်ရုံ၊ အဝတ်အထည်၊ နေအိမ်၊ တိုက် တာ၊ ကားစတဲ့ လူ့အသုံးအဆောင်ပစ္စည်းထောက်ပံ့ရုံ၊ အစားအသောက်ကျွေးမွေးရုံ၊ ဝေယျာဝစ္စ လုပ်ကိုင်ပေးရုံစတဲ့ လောကနည်းနဲ့ ကျေးဇူးဆပ်ခြင်းက မိဘကျေးဇူး အကျေမဆပ်နိုင်သေးဘူးတဲ့။

ဘယ်လိုမှ မိဘရဲ့ကျေးဇူး အကျေဆပ်နိုင်မလဲဆိုတော့ ဓမ္မနည်းနဲ့ဆပ်မှသာ၊ မိဘကျေးဇူး အကျေဆပ်နိုင်တယ်။ ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကရဲ့ "နို့နှစ်လုံးဖိုး ကျေပါတယ်" စာအုပ်ထဲမှာ အသေးစိတ် ရေးပြထားတာ အမေဖတ်ရတယ်။

ဓမ္မနည်းကတော့ သဒ္ဓါတရားမရှိတဲ့ မိဘကို သဒ္ဓါတရားနဲ့ပြည့်စုံအောင်၊ သီလမရှိတဲ့ မိဘကို သီလနဲ့ပြည့်စုံအောင်၊ မပေးရက်မလှူရက်၊ နှမြောဝန်တိုတဲ့မိဘကို စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းနဲ့ ပြည့်စုံအောင်၊ နတ်တွေ၊ ဘိုးတော်တွေကို အထင်ကြီးကိုးကွယ်နေတဲ့ မိဘကို ဘုရား၊ တရား၊ သံဃာ၊ ရတနာမြတ်သုံးပါးသာ ကိုးကွယ်ရာအစစ်ဖြစ်ကြောင်းသိအောင်၊ ကံကို မယုံတဲ့မိဘကို ကံအကြောင်းရှင်းပြခြင်း၊ ပညာဉာဏ်မရှိတဲ့မိဘကို ပညာဉာဏ်နဲ့ ပြည့်စုံအောင် ဆောင်ရွက်ပေးခြင်း စတဲ့ ဓမ္မနည်းနဲ့ ကျေးဇူးဆပ်မှသာ မိဘကျေးဇူး အကျေဆပ်နိုင်တာ။

ကျေးဇူးကျေတာ မကျေတာကို အဓိကမထားဘဲ ကျေးဇူးဆပ်နေဖို့က အဓိကလို့ နှလုံးသွင်း ပြီး လောကနည်းနဲ့ရော၊ ဓမ္မနည်းနဲ့ပါ မိဘကို အမြဲကျေးဇူးဆပ်နေဖို့ပဲ အရေးကြီးပါတယ်လို့ ဆရာတော်က ရေးထားတယ်။ ကူညီစောင့်ရှောက်ကြတဲ့ အစ်ကို၊ အစ်မ၊ ဆွေမျိုးသားချင်းများ၊ မိတ်ဆွေသူငယ်ချင်းများရဲ့ ကျေးဇူးဆိုတာက ကင်းနိုင်ကြတာ မဟုတ်ဘူး။ အခွင့်သင့်တဲ့အခါ ကိုယ်တတ်နိုင်ရင် အကူအညီပေးဖို့ လက်မနှေးနဲ့ပေါ့ကွယ်။

အကူအညီပေးကြတဲ့ တိရစ္ဆာန်များနဲ့တကွ မိမိနေထိုင်ရာ ပတ်ဝန်းကျင်တို့ရဲ့ ကျေးဇူးက လည်း ရှိတာပဲ။ "သက်ရှိတွေ ကျေးဇူးပြုမှုကတော့ ထားပါတော့ အမေရယ်။ သက်မဲ့အရာဝတ္ထု တို့၊ ပတ်ဝန်းကျင်တို့က ဘယ်လိုကျေးဇူးရှိတာလဲ"လို့ သားငယ်က မေးချင်မှာပဲနော်။

http://www.dhammadownload.com

ကျေးဇူးကို သိတတ်ဖို့ ဆုံးမစကားရှိတယ်မို့လား။ "အရိပ်နေနေ၊ အခက်ချိုးချိုး"တဲ့။ သစ်ပင်ရိပ်ကို ခိုမိရင်၊ အဲဒီအပင်ရဲ့အကိုင်းကို မချိုးရဘူးလေ။ အေးမြစေတဲ့၊ အပူဒဏ်ကင်းပစေတဲ့ သစ်ပင်ရိပ်ရဲ့ ကျေးဇူးကိုသိရမယ်။

ပတ်ဝန်းကျင်က သန့်ရှင်းနေမယ်၊ အမှိုက်သရိုက် ကင်းစင်နေမယ်ဆိုရင် စိတ်ကို ကြည်နူးစေတယ်။ သာယာချမ်းမြေ့စေတယ်။ ဒါက သက်မဲ့ပတ်ဝန်းကျင်က ကိုယ့်ကို ကျေးဇူးပြုနေတာ။ ကိုယ်ကလည်း ညစ်ပေသွားအောင် ကွမ်းတံတွေး ထွေးချတာတွေ၊ အမှိုက်ပစ်ချတာတွေ မလုပ်ဘဲ ပတ်ဝန်းကျင်ရဲ့ကျေးဇူးကို ပြန်ဆပ်ရမယ်။ မြင်ရသူအပေါင်းရဲ့စိတ်ကို ကြည်နူးသာယာစေတဲ့ ပင်လုံးကျွတ်ပွင့်နေတဲ့ ပိတောက်ပင်၊ ချယ်ရီပင်၊ စိန်ပန်းပြာပင်၊ ကံ့ကော်ပင်တို့ကိုလည်း အရုပ်ဆိုး၊ အကျည်းတန်သွားအောင် ချိုးဖဲ့ဖျက်ဆီးခြင်း မပြုသင့်ဘူးပေါ့နော်။ လှမြဲအတိုင်းနေစေတာက ပတ်ဝန်းကျင်ကို ကျေးဇူးဆပ်ခြင်းတစ်မျိုးပါပဲ။

လူလူချင်းမပြောနဲ့ အမေတို့ မြန်မာလူမျိုး တောင်သူလယ်သမားတွေကလည်း ကိုယ့်ရဲ့ ကျွဲနွားတွေကို သားသမီးလို သဘောထားကြတာပါ။ အိုသွားလို့ အလုပ်မလုပ်နိုင်ရင် အငြိမ်းပေးပြီး ကောင်းမွန်စွာ ကျွေးမွေးထားကြလေ့ရှိတယ်။

တစ်နေ့က မြန်မာ့အလင်းသတင်းစာမှာ ဒေါက်တာနီလာသိန်းရေးတဲ့ "နှစ်သစ်ကို အလင်းတံခါးဖွင့်လို့ ကြိုဆိုပွဲ၊ ရေနံ့သာမြို့မှာ ဆင်ကာနွှဲ"ဆောင်းပါးဖတ်လိုက်ရတယ်။ ရေနံချောင်းမြို့ ဇာတိသားတို့ရဲ့ ဒုတိယအကြိမ်၊ ဇာတိရပ်ရွာကို ပြန်လည်ကျေးဇူးဆပ်ပွဲအကြောင်းပါ။

အတွင်းတိမ်လူနာ ၂၈၈ ဦး၊ အသေးစားခွဲစိတ်မှု ၂၈ ဦး၊ ပေါင်း ၃၁၆ ဦးကို အောင်မြင်စွာ ခွဲစိတ်ပေးပြီး ပြင်ပလူနာ ၂၅၀၇ ဦး ကြည့်ပေးနိုင်ခဲ့ကြောင်း၊ လာသမျှ လူနာတိုင်းအား လိုအပ်တဲ့ မျက်စဉ်းများ၊ စားဆေးများ လှူဒါန်းကြောင်း ဖတ်ရတယ်။

စီစဉ်သူ၊ ကုသသူ၊ ဆေးဝါးလှူသူတွေ ဟာ ရေနံချောင်းမြို့ ဇာတိတွေပါ။ သူတို့တစ်တွေ ဦးဆောင်မှုဖြင့် ပေါင်းစုပြီး အင်အားတစ်ရပ် ဖြစ်သွားရတယ်။ ဇာတိမြို့နယ်တစ်ရပ်လုံးကို ကျေးဇူးဆပ်ကြပုံ ဖတ်ရတာ လှိုက်လှဲစွာကို သာဓု အကြိမ်ကြိမ် ခေါ်မိတော့တယ်ကွယ်။

ကိုယ်လုပ်နိုင်တာနဲ့ ကျေးဇူးဆပ်တာ မင်္ဂလာပါပဲ။ အမေတို့မြို့သားတွေရဲ့ မင်္ဂလာသတင်းလွှာကို ပြောပြရဦးမယ်။ အမေတို့ နွားထိုးကြီးမြို့သား ရန်ကုန်မှာ ကြီးပွားချမ်းသာနေတဲ့ ဖန်ထည်လုပ်ငန်းပိုင်ရှင် ဦးအောင်ခြည်ဆိုတာ ရှိတယ်။ တကယ့် ကတညုတ၊ ကတဝေဒီပုဂ္ဂိုလ်ပါပဲကွယ်။ ဦးလေးခြည်မိသားစုက နွားထိုးမြို့မှာ ပြန်လှူတာမှ အများကြီး။

ဦးလေးခြည်က သူ့ပညာရင်နို့ သောက်စို့ခဲ့ရာ အစိုးရ ကျောင်းကလေးမှာ သိန်းတစ်ရာကျော်တန် ကျောင်းဆောင်ဆောက်လုပ်တယ်။ မြို့ရဲ့ အနောက်ဘက်မှာရှိလို့ အဲဒီကျောင်းကို "အနောက်ကျောင်း" လို့ ခေါ်ကြတယ်။ အခုတော့ "မြို့မအလယ်တန်းကျောင်း"လို့ ခေါ်ကြတယ်။ တွဲဘက် အထက်တန်းကျောင်းထိတောင် တိုးမြှင့်သွားပါပြီ။

ရုပ်ပိုင်းဆိုင်ရာဘက်တင် လှူဒါန်းတာ မဟုတ်သေးဘူး။ နွားထိုးကြီးမြို့နယ် တစ်နယ်လုံးမှာ ရှိတဲ့ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသားအားလုံးကို ကျောင်းဖွင့်စမှာ နှစ်စဉ်

http://www.dhammadownload.com

ဗလာစာအုပ် လှူတယ်။ တန်ဖိုးအားဖြင့် သိန်းကိုးဆယ် ရှိလိမ့်မယ်။ ၁၀ တန်း ဂုဏ်ထူးရ ထူးချွန် ကျောင်းသားအားလုံးကိုလည်း ဆုချီးမြှင့်တယ်။ နှစ်စဉ် ချီးမြှင့်သွားမယ်လို့လည်း ဦးလေးခြည်က ဝမ်းသာလှိုက်လှဲစွာ ဆိုပါတယ်။

ဘုန်းတော်ကြီးကျောင်း၊ အလယ်ကျောင်းမှာလည်း သိန်းရာကျော်ကုန် ဓမ္မာရုံကြီး ဆောက် လှူတယ်။ ဘုရားစေတီ၊ အိုမင်းယိုယွင်းနေတာတွေကိုလည်း ပြုပြင်ဖို့ မှန်းဆထားတယ်ဆိုပဲ။ ဦးလေးခြည်လို ပုဂ္ဂိုလ်မျိုးရှိတာ အမေတို့ ဝမ်းသာရတယ်ကွဲ့။ ဂုဏ်လည်းယူတယ်၊ အားလည်း ကိုးတယ်ပေါ့။ အမေတို့မြို့သား အခြားလေးငါးဦးလည်း ရှိသေးတယ်။

ကတညုတ၊ ကတဝေဒီ ပုဂ္ဂိုလ်ဆိုတာ များလေကောင်းလေပဲပေါ့။

အဲဒီပုဂ္ဂိုလ်များလို ငွေကုန်ကြေးကျ ဘာများကြီး အကုန်မခံနိုင်သော်လည်း ရန်ကုန်မြို့ရောက် နေတဲ့ အမေတို့ မြို့သူမြို့သားတွေက ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းစာကို အထောက်အပံ့ဖြစ်မယ့် စာအုပ်တွေ၊ ဗဟုသုတဖြစ်စရာ စာအုပ်၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းတွေ၊ စဉ်ဆက်မပြတ် ပို့ပေးနေခဲ့တယ်။

နိုင်ငံတော်ဘွဲ့တံဆိပ်တော်ရ ဆရာတော်များကိုလည်း ထပ်ဆင့်ဂုဏ်ပြုပူဇော်တယ်။ လူပုဂ္ဂိုလ် နိုင်ငံတော်ဘွဲ့တံဆိပ်ရများ၊ ဘွဲ့လွန်ရသူများကိုလည်း ဂုဏ်ပြုတယ်။ သက်ကြီးပုဂ္ဂိုလ်များကိုလည်း ပူဇော်တယ်။ ပညာရည်ထူးချွန်သူများကိုလည်း ဆုချီးမြှင့်တယ်။ ပညာတော်ပြီး ဆက်လက် ပညာသင်ကြားရေး ခက်ခဲနေသူများကိုလည်း ပညာဆက်သင်နိုင်အောင် ဆောင်ရွက်ပေးတယ်။

အမေတို့ခေတ်က မရခဲ့တဲ့ အခွင့်အရေးတွေ မျိုးဆက်သစ်ကလေးတွေရရှိအောင် ကြိုးစား လုပ်ဆောင်နေကြတာလေ။ အမေတို့ငယ်စဉ်က ပြည်တွင်းငြိမ်းချမ်းရေး မရသေးတော့ မြို့ကြီး ပြကြီးလည်း မပေါက်ရောက်နိုင်ခဲ့ဘူး။ စာအုပ်စာပေဆိုတာလည်း ဝေလာဝေး၊ အစိုးရပညာသင် ကျောင်း မရှိဘူး။ ကျောင်းအဆောက်အအုံကတော့ ရှိပါရဲ့။ ကျောင်းကလေးက ရဲဘော်ဖြူတို့ရဲ့ အိပ်ဆောင်တန်းလျားဖြစ်နေတယ်။"

ကျောင်းဆရာတွေက လစာရဖို့လို့ရတာ မဟုတ်ပေမယ့် ကလေးတွေစုစည်းပြီး ပညာသင် ပေးနေတာ။ မြို့လူကြီးတွေက ကြိုကြားလို ကလေးတွေကို ဆုံးမပဲ့ပြင် ထိန်းချုပ်သွားကြတာ၊ ဘုန်းတော်ကြီးများကလည်း ဥပုသ်နေ့တိုင်း ဇာတ်တော်ကြီးဆယ်ဘွဲ့နဲ့ ၅၅၀ ဇာတ်နိပါတ်များ ဟောပြောခဲ့ကြတာ။

အမေတို့က ဘုန်းတော်ကြီးများ၊ မြို့မိမြို့ဖ၊ ဆရာသမားများရဲ့ ဆုံးမပဲ့ပြင်မှုအောက်မှာ ကြီးပြင်း ခဲ့ကြရတာဆိုတော့ အမေတို့မြို့ရဲ့ ပတ်ဝန်းကျင်ဟာ အမေတို့ရဲ့ ကျေးဇူးရှင်ပါပဲ။ ပတ်ဝန်းကျင်ရဲ့ ကျေးဇူးရှိတယ်ဆိုတာ မြင်တတ်ရင်တော့ သိသာပါတယ်ကွယ်။

သားငယ်တို့မှာ ပညာသင်ကြားဖို့၊ ဗဟုသုတရှာမှီးဖို့ဆိုတာ လိုလေသေးမရှိ၊ အပြည့်အစုံ ရှိတယ်။ ကမ္ဘာတစ်ဝန်း လှမ်းဆက်သွယ်လို့ရနေတာမို့လဲ သိချင်တာဆို ခလုတ်နှိပ်လိုက်ရုံနဲ့ တန်းကနဲသိနေပြီ။ ဒါကြောင့် ပညာကိုအစွမ်းကုန် ကြိုးစားသင်ယူခြင်းဖြင့် ဆရာ၊မိဘ၊ မြို့ပြနိုင်ငံ

http://www.dhammadownload.com

ကို ကျေးဇူးဆပ်ရာရောက်ပါစေလို့ အမေ တိုက်တွန်းလိုက်ပါတယ်ကွယ်။ ဒါဟာ သက်မဲ့ရော သက်ရှိပါ နှစ်မျိုးစလုံးကို ကျေးဇူးဆပ်ရာ ရောက်ပါတယ်။

မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ။

http://www.dhammadownload.com

# ကောင်းကျိုးဆင့်ပွားမြတ်တရား နာကြားမပြတ်ပေ

သားငယ် ဖွဲ့

သင့်လျော်တဲ့အခါ တရားစာဖတ်ခြင်း၊ တရားနာနိုင်ခြင်းကလည်း ကြီးပွားချမ်းသာလိုသူတိုင်းမှာရှိထားရမယ့် ကြီးပွားချမ်းသာကြောင်း အရည်အချင်းကောင်းတစ်ခုပါပဲ။

တရားနာဖို့ မသင့်လျော်တဲ့အခါ၊ မသင့်လျော်တဲ့ နေ့ရက်ရယ်လို့မရှိ၊ တရားဟောပုဂ္ဂိုလ် အခန့်သင့်ရှိလို့ မိမိက အခွင့်သာတဲ့အခါ တရားနာဖို့ သင့်မြတ်တယ်လို့ ဆိုပါတယ်။

ကာလေန ဓမ္မဿဝနံ ၊ ဧတံ မင်္ဂလမုတ္တမံ။

သင့်လျော်သောအခါ၌ တရားနာခြင်းသည် မြတ်သောမင်္ဂလာမည်၏။

လူတစ်ယောက်မှာ ဘဝတစ်လျှောက်လုံး ပညာရေး၊ လူမှုရေး၊ ပေါင်းသင်းဆက်ဆံရေး၊ စီးပွားရေးစတဲ့ အရေးများစွာတွေက အစဉ်အမြဲ အဆင်ပြေ၊ ချောမွေ့နေတာရယ်လို့ မရှိနိုင်ဘူး မို့လား။

အဆင်မပြေလို့ လိုအင်ဆန္ဒ မပြည့်တဲ့အခါ စိတ်ဓာတ်ကျပြီး ဝမ်းပမ်းတနည်း၊ အရှုံးပေးလက်မြှောက်ချင်တဲ့စိတ် ဖြစ်လိုဖြစ်နဲ့ ပူပန်သောက ရောက်ကြရတယ်။ အဲဒီအချိန်မှာ စိတ်ကိုဖျောင်းဖျဆုံးမ အားပေးနိုင်တာက မိတ်ဆွေကောင်း၊ ဆရာသမားကောင်းများရဲ့ ဓမ္မတရား၊ ဆုံးမစကား၊ စာပေကျမ်းဂန်ထဲက ဓမ္မအသိကလွဲလို့ ဘာမှ မရှိပါဘူး။ သားငယ်က မိဝေး၊ ဖဝေး၊ နိုင်ငံရပ်ခြားမှာ ပညာသင်ယူနေရတာဖြစ်လို့ ကိုယ့်ရဲ့အသိတရားကိုပဲ အားကိုးအားထား ပြုရမယ်လေ။

အမေက စာမေးပွဲကျရှုံးခဲ့ဖူးတယ်။ လူ့ဘဝမှာ မနေချင်လောက်အောင် စိတ်ညစ်ခဲ့တယ်။ ရှက်စိတ်နဲ့ ပတ်ဝန်းကျင်ကိုလည်း ရင်မဆိုင်ရဲဘူး။ စိတ်ဓာတ်အင်အားလည်း အများကြီးကျခဲ့တယ်။ ဆယ်ကျော်သက်အရွယ်ဆိုတော့ အသိဉာဏ်ကလည်း နည်းသေးတာကိုး။ ခံစားမှုဒဏ်ချက် ပြင်းခဲ့တာပေါ့။

အဲဒီအခါ အမေ့ရဲ့ဆရာက "ဒီအတိုင်းနေသွားရင် ဘဝတစ်လျှောက်လုံး အရှုံးကို ပွေ့ပိုက်ထားရာ ရောက်မှာပေါ့။ ငယ်သေးတာပဲ၊ ကြိုးစားရင် အောင်မြင်မယ်။ အောင်မြင်သွားရင် ရှုံးတဲ့ကိစ္စ ပျောက်ကွယ်သွားလိမ့်မယ်" တဲ့။ ဆရာ့စကားကြောင့် အမေလည်း အင်အားသစ်နဲ့ စာကြိုးစားခဲ့တယ်။ ဘွဲ့ရတဲ့အထိ အောင်မြင်မှုရခဲ့တယ်။ အလုပ်ခွင်ထဲရောက်တော့လည်း အဆင်မချောတာတွေကို ရင်ဆိုင်ရဲတဲ့သတ္တိနဲ့ ဖြတ်သန်းနိုင်ခဲ့တယ်။

http://www.dhammadownload.com

ကိုယ့်ရဲ့စိတ်ဓာတ် အရည်အသွေးတွေ မြင့်သထက်မြင့်လာဖို့၊ အာရုံတစ်ခုနဲ့ တွေ့တဲ့အခါ မှန်မှန်ကန်ကန် နှလုံးသွင်းနိုင်ဖို့၊ လောကဓံနဲ့တွေ့တဲ့အခါ ရင်ဆိုင်နိုင်ဖို့၊ မေတ္တာကရုဏာ ထားတတ်ဖို့၊ လူကိုလူလိုမြင်တတ်ဖို့၊ ကိုယ်ချင်းစာစိတ်မွေးတတ်ဖို့၊ ပြဿနာတစ်ခုဖြစ်လာတဲ့အခါ အမှန်ကန်ဆုံး ဆုံးဖြတ်နိုင်ဖို့၊ ဒီအသိတရားတွေကို ကိုယ့်ဆီရောက်လာဖို့အတွက် တရားနာမှု၊ တရားစာဖတ်မှုကိုပဲ အားကိုးရမှာပါ။

အခုခေတ်၊ စာတတ်ပေတတ် ခေတ်ပညာတတ် ဦးဇင်းတွေက စာအရေးအသား များလာကြတယ်။ လူငယ်တွေ နားလည်အောင်လည်း ရေးတတ်ကြတယ်။ လူငယ်တွေကလည်း နှစ်သက်ကြတယ်၊ လက်ခံကြတယ်။ လောကကြီးပွားချမ်းသာရေးအတွက် မြတ်စွာဘုရားရဲ့ ဟောကြားချက်တွေကို လူငယ်တွေကြားမှာ ပျံ့နှံ့စေတယ်။ ဦးဇင်းတို့ ရေးသားတာတွေဖတ်ရမှ မြတ်စွာဘုရားက အရွယ်စုံ၊ အလွှာစုံအတွက် လူမှုရေး၊ ပေါင်းသင်းဆက်ဆံရေးကစလို့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ကြီးပွားရေးအတွက် အကြောင်းအရာစုံ ဟောပြည့်ကြားထားချက်တွေကို သိလာရတာ။ တရားထဲက သိလာတဲ့ အသိတွေကို လက်တွေ့အသုံးချနိုင်လို့ကတော့ အကျိုးတရားများစွာကို ရလာမှာပါ သားငယ်။

ဦးဇင်းမေတ္တာရှင် (ရွှေပြည်သာ)၊ အရှင်ဆန္ဒာဓိက၊ ရဝေနွယ် (အင်းမ) တို့ရဲ့ စာအုပ်တွေဆိုရင် အရောင်းရသွက်တဲ့ စာရင်းဝင်တယ်ကွဲ့။ အရှင်ဆေကိန္ဒ၊ မေတ္တာရှင်(ရွှေပြည်သာ)၊ အရှင်ဆန္ဒာဓိက၊ ကိုးဘွဲ့ရအရှင်အာစာရလင်္ကာရတို့ဆိုရင် ကလေးတရားပွဲ သီးသန့်ဟောပြောကြတယ်။ ကလေးတွေလည်း နားလည်ကြတယ်။ စာလည်းရေး၊ တရားလည်းဟောကြတဲ့ ဦးဇင်းတွေက အများကြီးရှိလာကြတယ်။ စာတွေကလည်း ကောင်းကြတယ်။ ဟောပြောတာတွေကလည်း ကောင်းကြတယ်။ ဖတ်သူတွေ၊ တရားနာသူတွေကလည်း များကြတယ်။ တရားပွဲတွေဆီ လိုက်နားထောင်ဖို့မှမလိုတော့ဘဲ။ အားလပ်တဲ့အချိန် တရားခွေဖွင့်နာလို့ ရနေပြီကိုး။ ဒါလည်း တရားနာတာပဲပေါ့။

တရားနာ၊ တရားစာဖတ်ရင်၊ အကျိုးတရား ငါးပါး ရတယ်–

(၁) မကြားဖူးတာ ကြားရခြင်း၊ မဖတ်ဖူးတာ ဖတ်ရခြင်း

(၂) ကြားဖူးပြီးသား ရှင်းလင်းသွားခြင်း

(၃) ယုံမှားသံသယ ကင်းပျောက်သွားခြင်း

(၄) အတွေးအမြင်၊ အယူအဆ ဖြောင့်မှန်လာခြင်း

(၅) စိတ်ကြည်လင်ခြင်း။ အဲဒီ အကျိုးတရား ၅ ပါး ရတယ်။

သူတော်ကောင်းတရားကို ကြားနာရမှ သူတော်ကောင်းစိတ် ပေါ်ပေါက်တတ်တယ်။ သူတော်ကောင်းကျင့် ကျင့်တတ်တယ်။ သူတော်ကောင်းရဲ့ နည်းနိဿယကိုရပြီး စနစ်ကျကျ၊ နည်းကျကျ သူတော်ကောင်းတစ်ယောက် ဖြစ်နိုင်တယ်။ အကျင့်ကောင်းတွေ ကိုယ့်ဆီကို ကူးစက်လာတာပေါ့ကွယ်။ စွဲမြဲသွားအောင် အသိတရားနဲ့ယှဉ်ပြီး ထိန်းသိမ်းရမှာပေါ့။ ဒါကြောင့်လည်း "ကောင်းကျိုးဆင့်ပွား၊ မြတ်တရား၊ နာကြားမပြတ်ပေ"လို့ ဆိုထားတယ်မို့လား။

http://www.dhammadownload.com

ရပ်ကွက်ထဲမှာ ဆဲသံ၊ ဆိုသံ ကြားရဖန်များလာရင် ကလေးတွေ ဆဲတတ်သွားတယ်လေ။ ပတ်ဝန်းကျင်တို့၊ ဖတ်မိတဲ့ စာအုပ်တို့က အများကြီး အဓိကကျတယ်။ မကောင်းတဲ့အကျင့်က ကူးစက်မြန်တယ်ကွဲ့။

တချို့ လူငယ် လူလတ်တွေ၊ မွေးရာပါဗီဇက ဝီရိယနဲ့ စိတ်ကောင်းရှိကြပါလျက် လူညံ့၊ လူယုတ်တို့နဲ့ ပေါင်းသင်းမိသူတို့ရဲ့ စကားကိုသာ ကြားရ၊ နားရ၊ စာညံ့စာဖျင်းတို့ကိုသာ ဖတ်ကြရ၊ ပတ်ဝန်းကျင်ကောင်းနဲ့ မကြုံဆုံကြရတော့ လမ်းလွဲလိုက်မိသွားကြရော။ ဒီအခါ လူဆိုး၊လူမိုက် ဖြစ်ကုန်ကြရတယ်။

အဲဒီလူငယ်တွေသာ သူတော်ကောင်းတရားစကားတွေကို ကြားရ၊ နာရ၊ ဖတ်ရရင် အဖိုးတန် လူကောင်းကလေးတွေ၊ အများကျိုးသည်ပိုးထမ်းရွက်တဲ့ လူ့အဖိုးတန်ကလေးတွေ ဖြစ်မှာကွဲ့။

ဒါကြောင့်၊ သူတော်ကောင်းတို့ထံမှ တရားစကားကို ကြားနာရမှုက အရေးကြီးလှတဲ့ ကိစ္စလို့ ဆိုပါတယ်။

ဘဝမှာ အရှုံးနဲ့ရင်ဆိုင်ရလို့ ပူပန်သောကတွေကို တရားစကား၊ တရားအသိနဲ့ ပြေပျောက်သွားစေပြီး အားမာန်သစ်တွေရနိုင်သလို၊ အောင်မြင်မှုတွေရပြီး ပျော်ရွှင်ကြည်နူးနေရင်လည်း အဲဒီသုခချမ်းသာကို ထိန်းသိမ်းထားနိုင်ဖို့ တရားစကား၊ တရား အသိရှိဖို့ လိုအပ်တာပါပဲ။

တစ်နေ့က အမေရိကန်ပြည်ကို တမိသားစုလုံး ပြောင်းရွှေ့သွားတဲ့ တူမ နွယ် (သားငယ်ရဲ့ မမတစ်ဝမ်းကွဲလေ) အိမ်ကို ရောက်လာတယ်။ မြန်မာပြည်မှာ ကျန်ရစ်ခဲ့တဲ့ အဖေကို ကန်တော့ဖို့နဲ့ ညီမရဲ့အလှူမင်္ဂလာပွဲကို တစ်ယောက်တည်း လာခဲ့တာ။ သုံးပတ်ပဲ နေနိုင်မယ်တဲ့။ ဟိုမှာရောက်စက ကြုံတွေ့ရတဲ့ဒုက္ခက ပြောလို့မဆုံးနိုင်အောင်ကို များတာ။ မြန်မာပြည် ပြန်ပြေးလာချင်အောင်ကို ဖြစ်မိတာတဲ့။ အဘိဓမ္မာတရားတော်ကို သင်ကြားခဲ့တာရယ်၊ မြတ်စွာဘုရားရဲ့တရားတော်တွေကို နာကြား၊ ကျင့်ကြံအားထုတ်သွားခဲ့တာကြောင့် စိတ်ဓာတ်ကြံ့ခိုင်ပြီး အခက်အခဲဟူသမျှ ရင်ဆိုင်ကျော်လွှား ဖြတ်သန်းနိုင်ခဲ့တယ်။ အခုတော့ သားသမီး သုံးယောက်လည်း ကျောင်းတက်နေကြပြီ။ မိဘနှစ်ပါးလည်း အလုပ်ကိုယ်စီနဲ့ အဆင်ပြေနေကြပြီ။ နှစ်နှစ် သက်တမ်း ကာလမှာ နေသားတကျ ရှိနေပြီဖြစ်ကြောင်း ပြောပြသွားတယ်။

တရားအသိနဲ့ စိတ်ဓာတ်ကြံ့ခိုင် မြင့်မားမှုကြောင့် မိသားစုရဲ့ဘဝ အဆင်ပြေ ချောမွေ့သွားစေတာပေါ့ကွယ်။ ဒီတော့ အချိန်ကလေးသတ်မှတ်ပြီး တရားတွေနာဖြစ်ဖို့၊ တရားစာအုပ်တွေ၊ အတွေးအခေါ်စာအုပ်တွေ ဖတ်ဖြစ်ဖို့ လိုတယ်။ အခုခေတ်က တရားစာအုပ်တွေကလည်း ပေါမှပေါ။ တရားခွေတွေ၊ အမ်ပီသရီး၊ ဗီစီဒီ၊ စီဒီချပ်တွေဆိုတာ ပေါပါတယ်ကွယ်။ ဖတ်ဖြစ်၊ နာဖြစ်ဖို့သာ လိုပါတယ်။

စိတ်ကြည်လင်နေချိန်မှာ တရားစကားနာရ၊ ကြားရ၊ ဖတ်ရရင် ကိုယ့်ရဲ့စိတ်ဓာတ် အရည်အသွေးတွေ မြင့်သထက်မြင့်လာမယ်။ စိတ်အေးလက်အေးဖြစ်တဲ့အချိန်မို့ အကျိုးထူးရနိုင်တယ်။ တစ်ဆင့်တက်ပြီး ကျင့်ကြံအားထုတ်နိုင်ရင် မဂ်ဖိုလ်နိဗ္ဗာန်ထိတောင် တက်လှမ်းနိုင်တာပါ။

http://www.dhammadownload.com

"ဘုရားစသော သူတော်ကောင်းတို့၏ တရားစကားသည် ယခုဘဝ၊ နောက်ဘဝ၊ နှစ်ဌာနၶ မိမိကောင်းကျိုး၊ သူတစ်ပါးကောင်းကျိုး နှစ်ပါးကို ပြီးစီးစေသည်။ သူရောက်ယ်ပါ ချမ်းသာစေသည်" လို့ ရွှေဟင်္သာဆရာတော်ဘုရားကြီး ရေးသားထားတဲ့ မင်္ဂလသုတ်လက်စွဲမှာ အမေ ဖတ်ရတယ်ကွဲ့။

နေ့စဉ်အချိန်ယူလို့မရရင် တစ်ပတ်မှာတစ်ချိန်၊ ဒါမှမယူ နိုင်သေးရင် တစ်လမှာ တစ်ချိန် သတ်မှတ်ပြီး နှစ်သက်ရာ တရားစာအုပ်၊ တရားခွေကို ရွေးချယ်ဖတ်ဖြစ်အောင်ဖတ်၊ နာဖြစ်အောင်နာပါ သားငယ်။ ဖတ်ချင်တဲ့ တရားစာအုပ်၊ တရားခွေကိုလည်းမှာပါ၊ အမေပို့ပေးမှာပါ။

မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ။

http://www.dhammadownload.com

# ဝတ်စားနေထိုင် ရန်ခပ်သိမ်း
# စိတ်ကိုချုပ်ထိန်း သည်းခံလေ

သားငယ် ဖွဲ့

တစ်နေ့ညက၊ အမေ့ခြေထောက် နှစ်ဖက်စလုံးမှာ မတော်တဆ အပူလောင်သွားခဲ့ တယ်။ နည်းနည်းပါ၊ မများပါဘူး။ အနာမရင်းအောင် သွားသွားလာလာ မလုပ်ဘဲ ငြိမ်နေရတာပါ။

နေ့စဉ်အိမ်မှုကိစ္စအဝဝ လုပ်လေ့လုပ်ထရှိတဲ့ အမေ့မှာ အိပ်ရာပေါ်နေရတဲ့ဒုက္ခက တယ်ကြီး ပါလားကွယ်။ အသင့်အတင့် နှလုံးသွင်းပြီး စိတ်ကို ထိန်းချုပ်နေရတယ်။

ခန္တီစ၊ တော် မင်္ဂလုတ္တမံ။

သည်းခံခြင်းသည် မြတ်သောမင်္ဂလာမည်၏။

အရာရာမှာ သည်းခံစိတ်ရှည်ခြင်း၊ စိတ်မတိုခြင်းကလည်း ကြီးပွားလိုသူတိုင်းမှာ ရှိထား ရမယ့် ကြီးပွားချမ်းသာကြောင်း အရည်အချင်းကောင်းတစ်ခု၊ မင်္ဂလာတစ်ပါးပါ။ သည်းခံခြင်းက အမျိုးမျိုးရှိတယ်ကွဲ့။

သူတစ်ပါးက စော်ကားမော်ကား ဆဲဆိုပြောဆိုကျူးလွန်လာတာကို သည်းခံခြင်းကတစ်မျိုး။

ထို့အတူ အဝတ်အစား၊ အနေအထိုင်၊ ရောဂါဝေဒနာ ခံစားခြင်း၊ အချမ်းအပူနှိပ်စက်ခြင်းမှာ သည်းခံခြင်း၊ ကိုယ်ဖြစ်ချင်တာ မဖြစ်တာမျိုး၊ ကိုယ်မဖြစ်ချင်တာ ဖြစ်တာမျိုးကို ဒေါသမဖြစ်ဘဲ စိတ်ရှည်ရှည်ထား သည်းခံခြင်းက တစ်မျိုး။

အဆင်းအာရုံ၊ အသံအာရုံ၊ အနံ့အာရုံ၊ အရသာအာရုံ၊ ကိုယ်အတွေ့အာရုံ ကာမဂုဏ်တို့မှာ သည်းခံခြင်းစတဲ့ သည်းခံခြင်းအမျိုးမျိုးရှိရာမှာ ဘယ်အမျိုးအစားကိုပဲ သည်းခံသည်းခံ၊ သည်းခံ ခြင်းက မြတ်သောမင်္ဂလာပါပဲကွယ်။ ကိုယ့်အတွက် အကျိုးရှိစေတာချည်းပါ။

သားငယ် မှတ်မိသေးလား။ အမေတို့နယ်မှာနေစဉ်က ကိုယ့်ခြံဝန်းကို အုတ်တံတိုင်းကာဖို့ ကိစ္စ၊ တစ်ဘက်ခြံက အော်ဟစ်ပြောဆို ဆဲရေးသမျှ သည်းခံပြီး သူတို့ရဲ့အလိုကျ လိုက်လျော လုပ်ကိုင်လိုက်မှ အုတ်တံတိုင်း ကာနိုင်သွားခဲ့တော့တယ်ကွယ်။

ငယ်စဉ်ကတည်းက စာမေးပွဲအောင်မြင်ရေးသာ အဓိက ထားခဲ့တော့ ပျော်ပွဲရွှင်ပွဲ၊ ဘုရားပွဲ၊ ရုပ်ရှင်တွေကို စာမေးပွဲနားနီးရင် ရှောင်ကြဉ်သည်းခံခဲ့ရတာပါ။ တက္ကသိုလ်ရောက်စနှစ်က Home Sick အိမ်ကိုလွမ်းတဲ့ဒဏ်ကစပြီး သည်းခံခဲ့ရတာလေ။ သားငယ်လည်း အခုတော့ Home Sick ဒဏ်ကျော်လွန်ခဲ့ပြီပေါ့နော်။

စားဝတ်နေရေးမှာလည်း အမေတို့က ဝန်ထမ်းပီပီ တိုင်းထွာသုံးတဲ့အကျင့်ရလာပြီးမို့ စိတ်အေးချမ်းသာခဲ့ရပါတယ်။ များသောအားဖြင့် ဆင်းရဲသားများကို လေ့လာကြည့်ရင် ဘာကိုမှ သည်းမခံနိုင်တာကို တွေ့ရမယ်။ အစား၊ အဝတ်၊ ပွဲလမ်း၊ ရုပ်ရှင်၊ အခု ဗွီဒီယိုပေါ့ကွယ်။ အဲဒါတွေအတွက် အတိုးကြီးနဲ့ အိုးခွက်၊ ပန်းကန်ပေါင်နှံပြီး စားကြတယ်၊ ဝတ်ကြတယ်၊ ကြည့်ကြတယ်။ ဒီတော့ ဆင်းရဲတွင်း ပိုနက်လာကြတော့တယ်လေ။

ခန္တီမင်္ဂလာဆိုတာက စားရေး၊ ဝတ်ရေး၊ နေရေးတို့မှာ ဖြစ်စေ၊ လူမှုဆက်ဆံရေးမှာဖြစ်စေ မိမိရဲ့ စိတ်တိုင်းကျ မဖြစ်ပေမယ့် အသင့်အတင့် နှလုံးသွင်းပြီး မိမိစိတ်ကို ထိန်းသိမ်းချုပ်တည်းထားမှုသဘောပါပဲ။

သည်းခံရင်ဘယ်လိုအကျိုးတွေရမလဲဆိုရင် "ချစ်ခြင်းရန်ကင်း၊ မှားကင်းမတွေ၊ ရောက်လေသုဂတိ ငါးစုရှိ၊ ရအံ့ သည်းခံကျိုး"တဲ့ ။

လူချစ်လူခင်များခြင်း၊ ရန်မများခြင်း၊ အမှားနည်းခြင်း၊ မတွေမဝေ သေရခြင်း၊ သေလျှင်ကောင်းရာသုဂတိရောက်ခြင်းဆိုတဲ့ အကျိုးငါးပါးရမယ်။

သည်းမခံရင် အဲဒီအကျိုးရဲ့ ပြောင်းပြန်အကျိုး၊ ဆိုးကျိုးတွေရမယ်လေ။

အခုခေတ် ဘတ်စ်ကားစီးရတာကွယ်၊ ဘုရားတ နေရတယ်။ တစ်စင်းနဲ့တစ်စင်း ဖိုက်ကြတာတဲ့။ မရမက ကျော်တက်လိုတက်၊ အပြိုင်မောင်းလိုမောင်း၊ သူတို့ချင်း ပြိုင်မောင်းနေရင် မှတ်တိုင်မှာ ရပ်မပေးတော့ဘူး။ ခရီးသည်တွေမှာ ကိုင်စရာကို မြဲမြဲကိုင်ထားရတယ်။ ရပ်ပေးတဲ့မှတ်တိုင်မှာပဲ ဆင်းကြရတယ်၊ တက်ကြရတယ်။ သည်းခံစိတ် မထားကြတော့ တစ်ခါတစ်ရံကားချင်းတိုက်မိတာတို့၊ ကားမှောက်တာတို့ မဖြစ်သင့်တာတွေ ဖြစ်ကုန်ရော။ အသေးအမွှားကလေးကို သည်းမခံလိုက်တော့ အကြီးအကျယ် ဒုက္ခရောက်ကုန်ရတယ်။

သည်းခံတယ်ဆိုတာ သတိရှိမှုဖြစ်တာ။ ထောင်းခနဲ ထလာတဲ့ မခံချင်စိတ်ကို ကိုယ်က ဦးအောင်သတိလိုက်နိုင်မှ သည်းခံနိုင်တာပဲ။ ကိုယ့်စိတ်ကိုကိုယ် သည်းခံနိုင်မှ သူတစ်ပါးကို သည်းခံနိုင်တာတဲ့။

ဒီနှစ်နွေရာသီ ရန်ကုန်မှာလည်း နှစ်တိုင်းကထက် ပူနေတယ်။ ယခင် အညာနွေလိုကို ပူတယ်။ အမေက အညာသူဆိုတော့လည်း အပူဒဏ်လောက်တော့ အပျော့ပေါ့ကွယ်။ အခြေအနေအရ လိုက်လျောညီထွေနေတတ်ပါပြီ။ လျှပ်စစ်မီး မလာတော့လည်း ပရိတ်တော်များနဲ့ မဟာသရဏဂုံတော်ကြီးတို့ကို ရွတ်ဖတ်ပူဇော်နေလိုက်တာပေါ့။

သည်းခံရင် အမြတ်ဆုံးပန်းတိုင် နိဗ္ဗာန်တိုင်ရောက်တယ်ဆိုတော့ ဘယ်လိုရောက်နိုင်တာလဲ၊ ဆင်ခြင်ကြည့်ရမယ်။ ငါးဖြာအာရုံ၊ ကာမဂုဏ်တို့ကို ရှောင်ကြဉ်ခြင်းဖြင့် သည်းခံနေတော့ သီလကုသိုလ် ရတယ်။ သမာဓိဖြစ်အောင် သမထတရားကို အားထုတ်ကြတဲ့အခါ ညောင်းညာလာတာ၊ နာကျင်လာတာတွေကို သည်းခံ အားထုတ်ခြင်းဖြင့် သမာဓိကုသိုလ်ရတယ်။

http://www.dhammadownload.com

ဝိပဿနာတရားအားထုတ်တဲ့အခါ အအေးအပူ၊ ရာသီဥတုဒဏ်သည်းခံရခြင်း၊ မှက်၊ ခြင်၊ ယင်ကိုက်ခြင်းတို့ကို သည်းခံရခြင်း၊ ဆာလောင်ခြင်းဒဏ်၊ သူတစ်ပါးတို့က မကောင်းပြောဆိုခံရခြင်းဒဏ်၊ ရောဂါဝေဒနာဒဏ်တွေသည်းခံပြီး အားထုတ်တော့ ဝိပဿနာဉာဏ် ကုသိုလ်များရတယ်။

ဒီတော့ သည်းခံခြင်းက သီလကုသိုလ်၊ သမာဓိကုသိုလ်၊ ဝိပဿနာကုသိုလ်များ ပြည့်စုံလာခြင်းရဲ့ အခြေခံအကြောင်းရင်းဖြစ်တယ်။ အမြတ်ဆုံးအကျင့်ဖြစ်တယ်လို့ ဆိုတယ်။ ဒီနည်းနဲ့ နိဗ္ဗာန်ရောက်နိုင်တယ်။

အမေတို့အရွယ်ကတော့ အရွယ်က အိုလာပြီကိုး။ နောက်တော့ နာလာတော့မယ်လေ။ ကိုယ့်ခန္ဓာဝန် မသယ်ပိုးနိုင်တဲ့ဘဝရောက်ရင် ဘယ်လောက် ဒုက္ခဆင်းရဲရောက်လိုက်မလဲနော်။ တွေးကြည့်ရုံနဲ့ ကြောက်စရာကောင်းလှတယ်။ ဒီတော့ ငယ်ရွယ်စဉ်ကတည်းက ခန္ဓာရော၊ စိတ်ရော၊ ကျန်းမာကြံ့ခိုင်အောင် ကြိုးစားလုပ်ဆောင်ထားသင့်တယ်။ ဒီလိုကြိုးစားနိုင်အောင် တစ်ခြားအသောက်အစား အပျော်အပါးတွေကို သည်းခံရှောင်ရှားကြရမယ်။

လောကီလူမှုရေးရာ အဖြာဖြာလည်း ရာသီဥတုပူခြင်း၊ အေးခြင်း၊ ပင်ပန်းဆင်းရဲခြင်း၊ ဆာလောင်ခြင်း၊ ကဲ့ရဲ့ရှုတ်ချ စော်ကား ဆဲရေးပြောဆိုခြင်း၊ ခြိမ်းခြောက်ခံရခြင်းတို့ကို အောင့်အည်းသည်းခံနိုင်ရင် မိမိရည်မှန်းထားတဲ့ ပန်းတိုင်ရောက်မှာ သေချာပါတယ်ကွယ်။

တစ်ခုတော့ရှိတယ်။ နေရာဟာကာ မှားမှားမှန်မှန် ခေါင်းငုံ့သည်းခံနေရမှာတော့ မဟုတ်ပါဘူး။

"ကိုယ့်ရဲ့ ကိုယ်ကျင့်သီလ၊ ကိုယ့်ကျင့်သိက္ခာနဲ့ပတ်သက်ပြီး မဟုတ်မမှန် ပြောဆိုလာရင်တော့ သည်းခံနေရင် ဝန်ခံရာရောက်မှာဖြစ်လို့ မဟုတ်မမှန်ရင် မဟုတ်မမှန်တဲ့အကြောင်း ချေဖျက်ပေးရမယ်"လို့ စာမှာ ဆိုထားတယ်။

သားငယ်ရေ၊ တကယ်တော့လည်း နေ့စဉ်ကြုံတွေ့နေရတာတွေကို သတိနဲ့ ဆင်ခြင်လုပ်သင့်တာကို လုပ်ဖြစ်အောင်၊ မလုပ်သင့်တာကို မလုပ်ဖြစ်ဘဲနေနိုင်အောင် ကြိုးစားသည်းခံဖို့ ကိုယ့်စိတ်ကလေးကို သတိကပ်ပြီး ထိန်းချုပ်လိုက်နိုင်ဖို့ပါပဲ။

မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။

http://www.dhammadownload.com

# ကျိုးကြောင်းပြည့်စုံ ဆုံးမစကားကို ပြောကြားလာက နာလွယ်စေ

သားငယ် ဖွဲ့

ဆိုဆုံးမလွယ်တာဟာ ဆိုဆုံးမသူရော ဆုံးမစကား နားထောင်သူပါ နှစ်ဦးနှစ်ဖက် အကျိုးသက်ရောက်ပြီး စိတ်ချမ်းသာစေပါတယ်။ ဒါကြောင့်လည်း ကြီးပွားလိုသူတိုင်းမှာ ရှိထားရမယ့် ကြီးပွားချမ်းသာကြောင်း အရည်အချင်းကောင်းတစ်ခုဖြစ်တယ်။

သောဝစဿတာ၊ ဧတံ မင်္ဂလမုတ္တမံ။

ပြောဆိုဆုံးမ လွယ်ကူခြင်းသည် မြတ်သော မင်္ဂလာမည်၏။

မိဘတွေက စားဝတ်နေရေးအတွက် စီးပွားရှာကြရတယ်။ လူမှုရေး၊ ကုသိုလ်ရေးတွေလည်း ဆောင်ရွက်ကြရတယ်။ သားသမီးပြုစု ပျိုးထောင်ရေးတွေလည်း နေ့စဉ်ပြုလုပ်ကြရတယ်။

သားသမီးတွေရဲ့ ဘေးရန်အန္တရာယ်ကင်းရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးတွေအတွက် အရွယ်အဆင့်ဆင့် ပြောဆိုဆုံးမကြရတယ်မို့လား။ ဆိုဆုံးမစကား နားထောင်ကြတဲ့ သားသမီးတွေ ဘေးရန်ကင်းပြီး ပညာရည်ထူးချွန်ကြတယ်။ မိမိရဲ့ဘဝအတွက်၊ မိဘအတွက်၊ ကျောင်းအတွက်၊ နိုင်ငံအတွက်၊ ဆင့်ကဲဆင့်ကဲ ဂုဏ်ဆောင်သွားနိုင်ကြတယ်။ မိသားစုမှာ ကျက်သရေမင်္ဂလာ အဖြာဖြာနဲ့ စိတ်ချမ်းမြေ့ကြရတယ်။

ဆိုဆုံးမ မလွယ်ကြရင်၊ ပြောစကား နားမထောင်ကြရင် မူးယစ်ဆေးဝါး စွဲမိကြမယ်။ လောင်းကစား ပြုမိကြမယ်။ ပညာမသင် လေလွင့်ကြမယ်။ ဘယ်သူ့အတွက်မှ ဂုဏ်မဆောင်နိုင်ကြရုံမက မိမိဘဝအတွက်ပါ ကောင်းစွာမထူထောင်နိုင်ကြဘူးမို့လား။ ရခဲလှတဲ့ လူ့ဘဝကို တန်ဖိုးရှိရှိ အသုံးမချနိုင်ဘဲ အသက်တိုတို ဆုံးပါးသွားကြရမယ်။ မိဘများလည်း စိတ်ဆင်းရဲကြမယ်။ ဆိုဆုံးမ မလွယ်ကူတဲ့ရလဒ်ဟာ ဘယ်သူ့အတွက်မှ ကောင်းကျိုးမရှိပါဘူး။

ဆရာတွေကလည်း တပည့်များ ပညာရေး၊ လိမ္မာရေးခြားရှိရေးတို့အတွက် ပြောဆိုဆုံးမကြတယ်။ ဆရာ့စကား နားထောင်ကြရင်း ကျောင်းသားလိမ္မာကလေးတွေဖြစ်ပြီး ပညာပြည့်ဝ နှလုံးလှသူကလေးတွေ ဖြစ်ကြမယ်။ ဘဝမှာ ရင်ဆိုင်ဖြေရှင်းရဲတဲ့ သတ္တိရှိလာမယ်။ ထက်မြက်တဲ့ နိုင်ငံသားကောင်းများ ဖြစ်လာကြမယ်။ မင်္ဂလာရှိကြသူများဖြစ်လို့ သေလွန်ပြီး ကောင်းရာသုဂတိ ရောက်နိုင်တယ်။ ဆရာများကတော့ " ပီတိစား၊ အားရှိသူများ " ပဲ ဖြစ်တယ်။

ဆိုဆုံးမစကား နားမထောင်ကြရင် ပြောင်းပြန်ဆိုးကျိုးတွေ ရကြမယ်။ ပြောဆိုဆုံးမခက်သူတွေဟာ ဒေါသဓာတ်ခံရှိကြသူများ ဖြစ်ကြတယ်တဲ့။ အခုဘဝ ချမ်းသာကြီးပွားမှု မရှိရုံမက သေလွန်ပြီး နောက်ဘဝမှာ ငရဲသို့တိုင် ကျနိုင်တယ်။ မင်္ဂလာမရှိ ဖြစ်ကြရတယ်။

http://www.dhammadownload.com

အမေ ဆရာမဘဝ နှစ် ၃၀ ကျော် သက်တမ်းမှာ ဆို ဆုံးမလွယ်သူနဲ့ ခက်ခဲသူ၊ နှစ်မျိုး နှစ်စား အမြဲတွေ့ရတယ်။ ခက်ခဲသူက အများစု၊ ဆုံးမလွယ်သူက လူနည်းစု ဖြစ်တယ်။ အဲဒီ လူနည်းစုမှာကို နှစ်မျိုးကွဲပြန်တယ်။ တချို့က ပညာသင်ကြားပေးနေတုန်းသာ ဆုံးမစကား နားထောင်တယ်။ သူတို့ကို မသင်ကြားရတော့ရင် နားမထောင်ကြတော့ဘူး။ ဥပမာ မူလတန်း တုန်းက တပည့်၊ ၁၀ တန်းလည်းရောက်သွားရော၊ မူလတန်းက ဆရာ့စကား မနာယူချင်တော့ ဘူးလေ။

ဆိုဆုံးမလွယ်သူဆိုတဲ့ စကားမှာ ဆုံးမ၊ ဝေဖန်၊ အကြံပေးခြင်းဆိုတဲ့ အဓိပ္ပာယ်တွေပါ အကျုံး ဝင်လိမ့်မယ်ကွဲ့။ ဘာဖြစ်လို့လဲဆိုတော့ "ဆုံးမ" ဆိုတဲ့စကားလုံးရှေ့က "ဆို"ဆိုတဲ့ စကားလုံးက ပါသေးတယ်လေ။

ကိုယ့်ထက် အသက်၊ ပညာ၊ ဝါ၊ သိက္ခာကြီးတဲ့ ဆရာသမားများက ပြောတာကို ဆုံးမတယ် လို့ ပြောရမှာပေါ့။ ကိုယ်နဲ့သက်တူ၊ တန်းတူများက ပြောတာကျတော့ ဝေဖန်တယ်လို့ ပြောရမလား၊ အမှားကို ထောက်ပြပေးတယ် ပြောရမလားပဲ။ အကြံပေးတယ်လို့လည်း ယူဆလို့ရတယ်။

ဝေဖန်တာ၊ ထောက်ပြတာ၊ အကြံပေးတာ ဘယ်လိုပဲခေါ်ခေါ်ပါ။ စေတနာအရင်းခံနဲ့ အကျိုး ကို လိုလားပြီး ထောက်ပြ ပြောဆိုလာရင်တော့ မှန်ကန်အကျိုးရှိမယ့်စကားမို့ သူငယ်ချင်း မိတ်ဆွေ ရဲ့ စကားကိုလည်း လိုက်နာသင့်တယ်။

အမေတို့မြို့နယ် အသင်းသူ၊ အသင်းသားများရဲ့ အစည်းအဝေးပွဲမှာ ကိုယ့်မြို့နယ်ကို ကောင်း ကျိုးပြုလုပ်ငန်းအဖြစ် ကိုယ့်အိမ်က ဖတ်ပြီးဂျာနယ်၊ မဂ္ဂဇင်းများ စုပေါင်းပြီး စာသင်ကျောင်းများ သို့ ပို့ကြခြင်းဖြင့် နယ်က ကျောင်းသား ကျောင်းသူများ စာဖတ်စရာ စာအုပ်များ ရသွားကြမယ်။ စာဖတ်အလေ့အထ ပြုလုပ်ပေးရာရောက်လို့ ကောင်းကျိုးဖြစ်စေတယ်လို့ အမေက အကြံပြု ပြောခဲ့တယ်။

မြို့နယ်အသင်းရဲ့ ဥက္ကဋ္ဌကြီးနဲ့တကွ အမှုဆောင်များက လက်ခံသဘောတူကြတယ်။ သက် တမ်း နှစ်နှစ်အတွင်း ဆန်အိတ်ခွံနဲ့ စာအုပ်ထုပ်ပေါင်း ၂၀ ကျော် ပို့ပေးခဲ့တယ်။

အခုတော့ အမေတို့မြို့ရဲ့ မြို့နယ်ပညာရေးမှူး၊ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများ ကပါ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြပြီ။ စာအုပ်ထုပ်ကို စောင့်မျှော်ဖတ်နေကြပြီ။ အသင်းဥက္ကဋ္ဌ ကြီးက အကြံပြုချက်ကို လက်ခံလွယ်ပြီး အားကြိုးမာန်တက် စာအုပ်တွေ စုစည်းတယ်၊ ပို့ဆောင် တယ်ဆိုတော့ သောဝစသသတာ မင်္ဂလာရှိသွားတာပေါ့။

မြို့နယ်အသင်းရဲ့ အမှုဆောင်များလည်း ကုသိုလ်ဒါန အောင်မြင်ထမြောက်သွားတယ်။ ဝမ်းသာပီတိတွေ ဖြစ်ရတယ်။ နယ်က လူငယ်တွေလည်း စာဖတ်ဖြစ်သွားကြတယ်။ စာဖတ် တယ်ဆိုရင် စာပေက အသိပညာ၊ ဗဟုသုတတွေရမယ်။ အသိဉာဏ်တွေ မြင့်သထက် မြင့်လာ မယ်။ စိတ်ဓာတ်အရည်အသွေးတွေ ကောင်းလာမယ်။ နှစ်ဦးနှစ်ဖက် မင်္ဂလာရှိကြတယ်။ အကျိုး ကျေးဇူး ရှိကြတယ်။

http://www.dhammadownload.com

ဒီအကျိုးတရားက ရပ်တန့်သွားမှာမဟုတ်ဘဲ ဆင့်ကဲဆင့်ကဲ ကျယ်ပြန့်သွားမှာပါ။ ကန်ရေပြင်ထဲ ခဲတစ်လုံးချလိုက်တော့ ရေလှိုင်းကလေးတွေ ကျယ်ကျယ်သွားပြီး ကမ်းစပ်ထိ ရိုက်ခတ်သွားသလိုပေါ့။

စိတ်ဓာတ်အရည်အသွေး၊ အသိဉာဏ်မြင့်မားမှုက ဘယ်အထိ အကျိုးသက်ရောက်နိုင်သလဲ ဆိုရင် တိုင်းဆလို့ကို မရပါဘူး။ ကျင့်ကြံအားထုတ်သွားနိုင်ရင် မဂ်ဖိုလ်ထိတောင် လောကုတ္တရာအကျိုး ရတဲ့အထိ ရရှိသွားနိုင်တာပါ။

အမေက ပရဟိတလုပ်ငန်းကို ဝါသနာပါတယ်။ အကျိုးပြုလုပ်ငန်းဆိုရင် အင်မတန်လုပ်ချင်တယ်။ အကြံဉာဏ်ပေးချင်တယ်။ ပေးတဲ့အကြံဉာဏ်လည်း အသုံးပြုစေချင်တယ်ဆိုတော့ ကိုယ့်ရဲ့အကြံဉာဏ်ဟာ လိုက်နာနိုင်တဲ့ အကြံပြုချက်ဖြစ်ရဲ့လား။ လိုက်နာလွယ်သူရောဖြစ်ရဲ့လားဆိုတာတော့ ချင့်ချိန်ရတာပေါ့။

ဒါကြောင့် စာမှာဆိုထားတဲ့ အင်္ဂါငါးပါးကိုတော့ သတိပြုရမယ်ကွဲ့။

(၁) မသင့်လျော် မလျောက်ပတ်တဲ့အခါ မပြောပြသေးဘဲ၊ မဆုံးမသေးဘဲ သင့်လျော်လျောက်ပတ်တဲ့အခါကျမှ ပြောပြပေးခြင်း၊ ဆုံးမပေးခြင်း

(၂) မဟုတ်မမှန်သောစကားကို ဖယ်ရှားပြီး၊ ဟုတ်မှန်တဲ့ စကားနဲ့သာ ဆုံးမခြင်း

(၃) ကြမ်းတမ်းခက်ထန် နားမခံနိုင်ဖွယ်စကားကို ဖယ်ရှားပြီး၊ သိမ်မွေ့နူးညံ့တဲ့ စကားနဲ့သာ ဆုံးမခြင်း

(၄) အကျိုးမရှိတဲ့ စကားကို ဖယ်ရှားပြီး၊ အကျိုးရှိတဲ့ စကားနဲ့သာ ဆုံးမခြင်း

(၅) အမျက်ဒေါသ မပါစေဘဲ၊ မေတ္တာနဲ့သာ ဆုံးမခြင်း

ဒီအင်္ဂါငါးပါးကို ချိန်ပြီး ပြောသင့်တာပါ။ "မင်္ဂလာထဲမှာသောဝစသသတာမင်္ဂလာကိုအရှိချင်ဆုံးပဲ"လို့ ဆရာတော်ကြီးတစ်ပါးက မိန့်ကြားဖူးတယ်ကွဲ့။ ဒီမင်္ဂလာရှိရင် အကျိုးကျေးဇူးတွေက ကျယ်ပြန့်သွားပြီး အများကြီး ရလာပါတယ်ကွယ်။

ကိုယ်ကိုယ်တိုင် ဆုံးမလွယ်သူဖြစ်ရမှာဖြစ်သလို ဘဝခရီးမှာ ကြုံလာရင် တန်းတူကိုအကြံပြု၊ ငယ်သူကိုဆုံးမ၊ လမ်းပြမှုကို ပြုသင့်ပါတယ် သားငယ်။

မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ။

http://www.dhammadownload.com

# သူမြတ်ပုဂ္ဂိုလ် ဟူသမျှကို မကြာခဏ တွေ့ဆုံလေ

သားငယ် ဖွဲ့

ဣန္ဒြေငြိမ်သက်ပြီး ကိလေသာ အပူစာတ်ငြိမ်းပြီးတဲ့ ရဟန်းသံဃာများကို သွားရောက်ဖူးမြော်နိုင်ခြင်းကလည်း ကြီးပွားလိုသူတိုင်းမှာ ရှိထားရမယ့် ကြီးပွားချမ်းသာကြောင်း အရည်အချင်းကောင်းတစ်ခု၊ မင်္ဂလာတစ်ပါးဖြစ်တယ်။

သမဏာနဉ္စ ဒဿနံ၊ ဧတံ မင်္ဂလမုတ္တမံ။

ရဟန်းတော်တို့ကို ဖူးမြင်ရခြင်းသည် မြတ်သော မင်္ဂလာမည်၏။

သမဏ ရဟန်းဆိုတာ "ကိလေသာအပူ အေးငြိမ်းပြီးသူ၊ အေးငြိမ်းအောင် ကြိုးစားအားထုတ်နေသူများ" ဖြစ်တယ်။ "ကိလေသာအညစ်အကြေးမှ ကင်းဝေးသန့်စင်သူ၊ ပူဇော်အထူးကို ခံတော်မူထိုက်သောသူ" လို့ အဓိပ္ပာယ်ရတယ်။ ဒဿန ဖူးမြင်ခြင်းဆိုတာက သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ အကျင့်သိက္ခာဂုဏ်တို့ကို အာရုံပြု၍ တွေ့ဆုံဖူးမြော်ခြင်းပါ။

သံဃာတော်၊ ရဟန်းတော်များကို ဆည်းကပ်ခြင်း၊ လုပ်ကျွေးပြုစုခြင်း၊ သံဃာ့ဂုဏ်ကို အောက်မေ့ဆင်ခြင်ခြင်း၊ သီလရှိတဲ့ ရဟန်းတော်များရဲ့ သတင်းစကားကို ကြားရခြင်းများကလည်း သမဏာနဉ္စ ဒဿန မင်္ဂလာဖြစ်တယ်ကွဲ့။

အမေက ဆရာမမို့ ကျောင်းပိတ်ရက်ရှိပေမယ့် အဖေက ခွင့်မရတာနဲ့ မိသားစု ဘုရားဖူးထွက်ရတယ် မရှိပါဘူး။ သားငယ် ၈ တန်းဖြေပြီး ရှားရှားပါးပါး တစ်ကြိမ်တည်း မိသားစု ၅ ယောက် ခရီးထွက်ခဲ့ကြတယ်။ မင်းကွန်းဘက်ရောက်သွားတော့ မင်းကွန်းဆရာတော်ကြီးကို အမှတ်မထင် ဖူးမြော်ခွင့်ရခဲ့တယ်။

ဆရာတော်ဘုရားကြီး ဘွဲ့တံဆိပ်တော် အပြည့်အစုံက ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ။

ဆရာတော်ကြီးကို ညောင်ဦးပုန်းရည်ကြီးထုပ်ပဲ ကပ်လှူခဲ့ရတယ်။ စိတ်ထဲကတော့ မကောင်းလှဘူး။ လှူချင်တဲ့သဒ္ဓါတရားသာပေါ်နေတယ်။ လှူဖွယ်ပစ္စည်းကမပါ၊ တစ်ခုခုဝယ် မလာမိကောင်းလားနဲ့ ကိုယ့်ဘာသာကိုယ် အပြစ်တင်နေမိတယ်။

ဆရာတော်ကြီးက ပကတိရိုးစင်းလိုက်တာကွယ်။ ရိုးရိုးသစ်သားကုတင်လေးပေါ်မှာ သီတင်းသုံးနေတော်မူတယ်။ အေးချမ်းလိုက်တာ။ ဆရာတော်ကြီးကို ဖူးမြော်လိုက်ရတာ စိတ်ကို ကြည်လင်ချမ်းမြေ့သွားတာပဲ။

http://www.dhammadownload.com

တစ်ဆက်တည်း သားငယ်ကို ပြောပြရဦးမယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်ကကွယ်၊ ညွှေသည် တွေကို ပုဂံမြို့ သီရိပစ္စယာဟိုတယ်ကို အမေလိုက်ပို့ရတယ်။ တည်းခိုဆောင်တစ်ခုအနားရောက် တော့ စန္ဒကူး (နံ့သာဖြူ) အမွှေးနံ့က ကြိုင်သင်းလို့နေတယ်။ သင်းပျံ့ပျံ့အမွှေးနံ့ကလေး။ အမေနဲ့ ညွှေသည်တွေလည်း အမွှေးနံ့ကလေးရှူပြီး အနံ့ခံလိုက်သွားလိုက်တာ တည်းခိုဆောင်ပေါ် ရောက် သွားတော့တယ်။ တည်းခိုဆောင်ပေါ်မှာ စန္ဒကူးအမွှေးနံ့က ပိုပြီးသင်းပျံ့နေတယ်။ ကုံလုံဆရာတော် ဘုရားကြီး သီတင်းသုံးတော်မူနေတာကို ဖူးတွေ့ရတော့တယ်။

ကံကောင်းလိုက်တာ သားငယ်ရယ်။ နံနက် ၇ နာရီလောက် ရှိသေးတာဆိုတော့ ဖူးမြော်သူ လည်း ရှင်းနေတယ်။ အားရပါးရ တစ်ဝကြီးကို ဖူးမြော်ရတယ်ကွယ်။ ဆရာတော်ကြီးကို ဖူးမြော် လိုက်ရတာ ထိန်ထိန်သာတဲ့ လမင်းကြီးကို ကြည့်လိုက်ရသလို ကိုယ်စိတ်နှစ်ဖြာအေးမြတဲ့ ချမ်းသာ သုခကို ရစေတယ်။ နှလုံးစိတ်ဝမ်း အေးချမ်းသွားခဲ့တယ်။

အသားအရေတော်ကလည်း နူးညံ့လိုက်တာ။ မျက်နှာတော်ကလည်း ဖြူစင်ဝင်းပနေတယ်။ ခဏနေတော့ ဆရာတော်ကြီးကို ဖူးတွေ့ဖို့ တဖွဲဖွဲရောက်လာကြတာနဲ့ ပြန်လှည့်ထွက်ခဲ့ရတယ်။

ဆက်ပြောရဦးမယ်ကွယ်။ ဒီနှစ် ၁၃၆၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်က အမေ့ရဲ့ ၆၅ နှစ်ပြည့်မွေးနေ့၊ မွေးနေ့နံနက်စောစော မန်းတက္ကသိုလ်တုန်းက သူငယ်ချင်းကလာခေါ်လို့ သူငယ်ချင်းနှစ်ယောက် တိပိဋကဓရ ယောဆရာတော်ရဲ့ ၆၄ နှစ်ပြည့် မွေးနေ့ပူဇော်ပွဲ မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ်၊ နန္ဒဝန်လမ်း၊ ဗဟန်း၊ ရန်ကုန်မြို့ကို သွားခဲ့ကြတယ်။ ကြိုတင်စီစဉ်ထားတာ မဟုတ်ဘူး။

အမေကတော့ တစ်နှစ်မှ မသွားခဲ့ဖူးပါဘူး။ သူငယ်ချင်းကျေးဇူးကြောင့် ဒီနှစ်ရောက်သွားရ တာပါ။ ဆရာတော်ရဲ့ ဘွဲ့အပြည့်အစုံက တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ ယောဆရာတော်ဖြစ်တယ်။

သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တွေနဲ့ ပြည့်စုံတဲ့ ဆရာတော်ကြီးများကို မမျှော်လင့်ဘဲ ဖူးမြော်ရတာချည်းဆိုတော့ မယ်မယ်ရရ လှူဒါန်းစရာ ပါမသွားခဲ့ဘူးကွဲ့။ ဒီတစ်ခါတော့ အိမ် မှာရှိတဲ့ လှူဖွယ်ဝတ္ထု ဆွဲသွားခဲ့တယ်။ အညာချည်ထည် လက်သုတ်ပုဝါ ၅ ထည် ဆရာတော်ကို ကပ်လှူလိုက်တော့ ချည်ထည်မို့ အမေ့စိတ်ထဲ သိမ်ငယ်စိတ်ဝင်နေတုန်း ဆရာတော်က "ကောင်းပါ့ ဗျာ" လို့ မိန့်လိုက်တယ်။

အမေ့မှာ ပျော်ရွှင်သွားလိုက်တာ။ ဆရာတော်ရဲ့အသံ၊ နားမှာ စွဲနေတော့တယ်။ တကယ့်ကို ကုသိုလ်ကောင်းမှုပြုရတဲ့၊ မင်္ဂလာရှိတဲ့ မွေးနေ့ပါပဲကွယ်။ သားငယ်ကို ကုသိုလ်အမျှပေးဝေပါ တယ်။ သာဓုခေါ်ပေတော့နော်။

လူကိုယ်တိုင် ဖူးမြင်ရတာမဟုတ်သေးဘဲ တီဗွီမှာ ဖူးမြင်ရတာကိုပဲ စိတ်ရွှင်လန်း ချမ်းမြေ့ လှတယ်ကွယ်။ မြဝတီရပ်သံက ဆရာတော်ဦးယောသိတ၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရတို့ကို အမေ အမြဲဖူးမြော်တယ်။

http://www.dhammadownload.com

အပွမာဒမဂ္ဂဇင်း၊ ဘာသာရေး ဓမ္မမဂ္ဂဇင်းတို့မှာပါတဲ့ ဆရာတော်ဘုရားများနဲ့ ဦးဇင်းများရဲ့ ပုံတော်တွေကိုလည်း ဖူးမြော်ရတယ်။ အမေဖြင့် သိပ်ကြည်ညိုမိတယ်။ အခု တရားနာ ဖိတ်ကြားလွှာတွေမှာ တရားဟောကြားတဲ့ ရဟန်းတော်တို့ရဲ့ ပုံတော်တွေပါ ပါနေတော့ ဖိတ်စာကလေးတွေကို ရိုရိုသေသေ သိမ်းထားရတယ်ကွဲ့။

အမေတို့ ချောက်ရေနံမြေမှာနေတုန်းက ရေနံဌာနက အိမ်တွေက မြို့အပြင်ဘက် ကုန်းတွေပေါ်မှာ သီးခြားရှိနေကြတယ်။ ပဲပြုတ်သည်လည်း ရောက်မလာကြဘူး။ ရဟန်းသံဃာတွေလည်း ဆွမ်းခံမကြွလာကြဘူး။ ရဟန်းသံဃာများကို ဖူးမြော်ရခြင်းရဲ့ ကုသိုလ်မင်္ဂလာကို သားငယ်တို့ကို ရစေချင်တယ်။ မင်္ဂလာသာစည်ကျောင်းတိုက် ဆရာတော်ကြီးကို ဆွမ်းအလှူခံရပ်ဖို့ သွားရောက် ပင့်ဖိတ် လျှောက်ထားရတယ်။ နေ့စဉ် မလောင်းလှူနိုင်ပေမယ့် တစ်လ နှစ်ကြိမ်တော့ လောင်းလှူဖြစ်တယ်။

နံနက်စောစော ဣန္ဒြေရရနဲ့ ညီညီညာညာ ကြွရောက်လာကြတဲ့ ရဟန်းသံဃာများကို ဖူးမြော်ရတာ၊ ဆွမ်းလောင်းလှူရတာ စိတ်ကို ကြည်လင်သွားစေတယ်။ သဒ္ဓါတရားလည်း ထက်သန်စေတယ်။ စိတ်ရွှင်မြူး ကြည်နူးရတယ်။ ရင်ကို ကိုင်လှုပ်စေတဲ့ မြင်ကွင်းပါ။ အမေတို့ ဗုဒ္ဓဘာသာဝင်တွေမှ ဒီခံစားမှုဖြစ်ပေါ်စေတာ မဟုတ်ဘူး။ ဘာသာခြား၊ လူမျိုးခြားတွေလည်း ဣန္ဒြိယသံဝရသီလနဲ့ ပြည့်စုံတဲ့ ရဟန်းသံဃာတန်းကြီးကို မြင်တွေ့လိုက်ရရင် စိတ်လှုပ်ရှားခံစားမှု ဖြစ်ပေါ်စေပါသတဲ့။

ရဟန်းသံဃာများကို ဖူးမြော်ရင် ဘယ်လိုအကျိုးရမလဲဆိုတော့–

(၁) ဘဝတစ်ထောင် မျက်စိရောဂါကင်းခြင်း

(၂) ပူပန်မှု ငြိမ်းအေးခြင်း

(၃) မျက်စိ ကြည်လင်ခြင်း

(၄) ရတနာဗိမာန်၌ ဖွင့်ထားသော ပတ္တမြားပြတင်းပေါက်နှင့်တူခြင်း

(၅) ကမ္ဘာတစ်သိန်း နတ်စည်းစိမ်ခံစားရခြင်း၊ ဒီအကျိုးများကို ရစေတယ်။

ရဟန်းသံဃာများကို လှူဒါန်းခွင့်၊ ရှိခိုးခွင့်မသာရင် ကြည်ညိုမြတ်နိုးတဲ့ မျက်လုံးများနဲ့ ဖူးမြင်ရုံဖြင့်ပင် ဘဝများစွာ မျက်စိရောဂါ အပြစ်အနာကင်းပြီး မျက်လုံးလှပစေတယ်။ အဲဒီ အကျိုးများရကြောင်း အမေ ဖတ်ဖူးသမျှ ဖောက်သည်ချလိုက်ခြင်းပါ။

လူငယ်တချို့က "ဘုန်းကြီးနဲ့ စကားမပြောတတ်ဘူး" ဆိုပြီး ဘုန်းတော်ကြီးများကို ရှောင်လေ့ရှိကြတယ်။ ဘုန်းတော်ကြီးကျောင်းကို မသွားချင်ကြဘူး။ ရဟန်းတော်တွေကို ဖူးမြော်ရခြင်းဟာ မြတ်သောမင်္ဂလာမို့ တွေ့ကြုံရင် ရှောင်ကြဉ်မသွားဘဲ ဖူးမြော်လိုက်ပါ။ ရိုရိုသေသေ လေးလေးမြတ်မြတ် ရှိခိုးဝတ်ချ ကန်တော့လိုက်ပါ သားငယ်။

မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ။

http://www.dhammadownload.com

# သဘာဝတွေး မှန်ကန်ရေး
# ဆွေးနွေးမပြတ်ပေ

သားငယ် ဖွဲ

ညစာထမင်းဝိုင်းကတော့ မိသားစု စကားလက်ဆုံ ပြောမကုန်တဲ့ စကားဝိုင်းပါပဲကွယ်။ "စာမေးပွဲမှာ ပထမ၊ ဒုတိယရအောင် ကြိုးစားရရင် ကလေးဘဝ ပျော်ရွှင်မှုတွေ ဆုံးရှုံးကုန်မှာပေါ့"ဆိုတဲ့ သားငယ် ၅ တန်းကျောင်းသားဘဝတုန်းက ပြောခဲ့တဲ့စကားကို သတိရမိနေသေးတယ်။

ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလမုတ္တမံ။

**သင့်လျော်သောအခါ တရားဆွေးနွေးခြင်းသည် မြတ်သော မင်္ဂလာမည်၏။**

သင့်လျော်တဲ့အခါ တရားဆွေးနွေးတာ မင်္ဂလာလို့ဆိုပါတယ်။ မြတ်စွာဘုရားက "ဘဝ သံသရာက လွတ်မြောက်ကြောင်း လမ်းတစ်သွယ်၊ သံသရာတွင်း ကြီးပွားချမ်းသာစွာနဲ့ လည်ပတ်ကြောင်း လမ်းတစ်သွယ်" ရယ်လို့ လမ်းနှစ်သွယ် ဟောကြားထားခဲ့တယ်။

လောကကြီးပွားရေးတရားများကို ဆွေးနွေးတိုင်ပင်ခြင်းဟာ ဗုဒ္ဓမြတ်စွာ ဟောကြားထားတဲ့ မဆုတ်ယုတ်ကြောင်း၊ ကြီးပွားကြောင်း အပရိဟာနိယတရားမှာပါဝင်လို့ ဓမ္မပင်ဖြစ်တယ်ကွဲ့။

ဒီတော့ လောကီအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ရပ်ရေး၊ ရွာရေးစတဲ့ လောကကြီးပွားရေးအတွက် အခါအားလျော်စွာ မကြာခဏ ဆွေးနွေးတိုင်ပင်ခြင်းဟာလည်း ကာလေန ဓမ္မသာကစ္ဆာ မင်္ဂလာပါလို့ ဆိုနိုင်တာပေါ့။

ဆွေးနွေးပွဲတွေဟာ အိမ်တွင်း မိသားစုက စရမှာပါ။ တစ်နေကုန် အလုပ်အသီးသီးဆီသို့ သွားကြ၊ လုပ်ကြဆိုတော့ ညစာထမင်းဝိုင်းဟာ ဆွေးနွေးလို့ အကောင်းဆုံးအချိန်ပါပဲ။ မိဘနဲ့ သားသမီး၊ ရင်းနှီးချစ်ခင်စေပြီး နွေးထွေးတဲ့ ဆွေးနွေးပွဲကလေးတွေပါ၊ အခွင့်အလမ်းကောင်းများ အများကြီးရစေတယ်။ ဘာတွေလဲဆိုတော့ တစ်နေ့တာ တွေ့ကြုံခဲ့ရသမျှတွေ ပြောပြကြမယ်။ မိဘတွေက နားထောင်ကြပြီး အကြံဉာဏ်ကောင်းတွေ ပေးခွင့်ရတယ်။ ပြုပြင်စရာတွေ ပြုပြင်ပေးခွင့် ရကြတယ်။

သားသမီးများကို ကောင်းတာကြံစည်၊ ကောင်းတာပြော၊ ကောင်းတာလုပ်စေဖို့ လမ်းကြောင်းတည့်မတ်ပေးကြတယ်။ ကိုယ့်အားကိုယ်ကိုး ရိုးသားကြိုးစားစေဖို့ ဆုံးမသွန်သင်ပေးကြတယ်။ ကိုးကွယ်ရာ မများဖို့၊ ရတနာမြတ်သုံးပါးသာလျှင် ကိုးကွယ်ရာ၊ ဆည်းကပ်ရာဖြစ်ကြောင်း လမ်းကြောင်းမှန်ပေါ် တင်ပေးကြတယ်။

http://www.dhammadownload.com

ဒါဆိုရင် သရဏဂုံသုံးပါးကို ကောင်းစွာဆောက်တည်ပြီးသူ၊ ကံဉာဏ်ဝိရိယကို အခြေပြုပြီး ကြိုးစားသူ၊ ရိုးသားသူ၊ ကံသုံးပါးကို လုံခြုံသူဖြစ်ပြီပေါ့ကွယ်။

ဒါက မိသားစုဆွေးနွေးပွဲကရလာတဲ့၊ တန်ဖိုးမဖြတ်နိုင်တဲ့ အကျိုးတရားတွေလေ။ မျက်မှောက်ခေတ်မှာ အရေးတကြီး လိုအပ်နေတဲ့ အိမ်တွင်းဓမ္မဒါနနဲ့ ကျောင်းတွင်းဓမ္မဒါန။ ဒီ ဓမ္မဒါန နှစ်ခုကသိပ်ကိုအရေးကြီးတယ်။ နေ့စဉ်နဲ့အမျှလုပ်ရမယ်လို့ ဆရာတော်အရှင်ဆန္ဒာဓိကက မိန့်ကြားတယ်။ ဓမ္မဒါနဆိုတာလည်း လောကရေးရာ၊ ဓမ္မရေးရာ၊ သိသင့်တာတွေ ပြောပြဖြန့်ဝေပေးတာပါ။

မူကြိုကစပြီး အထက်တန်းအောင်မြင်သည်အထိ ဓမ္မဒါနစကားဝိုင်းကနေ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ စိတ်ကို စင်ကြယ်အောင်ထားစေဖို့၊ အမျိုးအကျိုး သယ်ပိုးတတ်စေဖို့၊ ကိုယ်ကျိုးစွန့် အနစ်နာခံတတ်ဖို့၊ မျှဝေသုံးစွဲတတ်စေဖို့၊ ကိုယ့်လူမျိုး ကိုယ့်နိုင်ငံကို ချစ်တတ်စေဖို့၊ ဇာတိသွေး ဇာတိမာန်တက်စေဖို့၊ ဘာသာသွေး နွေးစေဖို့တွေ ပြုစုပျိုးထောင်ပေးရင် ကောင်းတဲ့ခေတ်သဘောတွေ လူငယ်တွေဆီ တစိမ့်စိမ့် ပျံ့နှံ့ကူးစက်သွားမှာပါ။

တကယ်တော့ အနာဂတ်ကို လူငယ်တွေရဲ့လက်ထဲ ထားခဲ့ကြရမှာဆိုတော့ လူငယ်တွေရဲ့ အတွေးအခေါ် အယူအဆတွေကို အခြေခံပြီး စဉ်ဆက်မပြတ် တစ်သားတည်း ဆွေးနွေးကြတာဟာ အကောင်းဆုံးပါပဲ။

မိဘက တင်ပေးလိုက်တဲ့ လမ်းကြောင်းမှန်ပေါ် ရောက်သွားတဲ့ကလေးကို ကျောင်းမှာ ဆရာက ဆက်လက် လက်တွဲခေါ်သွားကြရင် ပညာပြည့်ဝ နှလုံးလှတဲ့ လူတော်လူကောင်းကလေးတွေဖြစ်ပြီး အောင်မြင်မှုပန်းတိုင်ဆီ မလွဲမသွေ ရောက်သွားတော့တာပါ။

မိသားစုစကားဝိုင်းနဲ့ ကျောင်းတွင်းဆွေးနွေးပွဲတွေကို ဖြတ်သန်းလာခဲ့ရတဲ့ လူငယ်တွေဟာ ကောင်းတဲ့ခေတ်တွေ ထုံမွမ်းပြီးတာမို့ မိဘနဲ့ဝေးရာ နိုင်ငံရပ်ခြား ရောက်သွားတော့လည်း ကိုယ့်စိတ်ကို ထိန်းသိမ်းနိုင်စွမ်းရှိသွားပြီ။ အလုပ်ခွင် အသီးသီးဆီ ရောက်သွားကြတော့လည်း ရိုးသားကြိုးစားစွာ အလုပ်လုပ်ကြတဲ့ နိုင်ငံအတွက် လုပ်သားကောင်းတွေ ဖြစ်သွားကြတယ်။

မိသားစုဆွေးနွေးပွဲမှာ မိဘက ဦးဆောင်တယ်။ ကျောင်းတွင်းဆွေးနွေးပွဲမှာ ဆရာက ဦးဆောင်တယ်။ မိဘနဲ့ဆရာကတော့ အရွယ်ကွာဟမှုကို နားလည်ပြီးဖြစ်တယ်။ စေတနာ၊ ကရုဏာ၊ မေတ္တာထားမှုကလည်း ပြည့်စုံပြီးသားဆိုတော့ ဒီဆွေးနွေးပွဲတွေက ရရှိလာတဲ့ အကျိုးတရားဟာ သားသမီး၊ တပည့်တွေအတွက် တန်ဖိုးမဖြတ်နိုင်ပါဘူး။ ကိုးကွယ်ရာ မှန်ကန်သွားစေခြင်းက ဘဝတစ်သက်တာမက တစ်သံသရာအတွက်ပါ ကောင်းစေတယ်။ လောကီ၊ လောကုတ္တရာ နှစ်ဖြာစလုံး အကျိုးတရားတွေ ရတာပါ။

သားငယ်ရေ။ မိဘ၊ ဆရာ၊ သားသမီး၊ တပည့်တို့အတွက်တင် မကပါဘူး။ အလေးအနက် တွေးမြင်ကြည့်ရင် ဗုဒ္ဓသာသနာအတွက်ပါ အကျိုးများတယ်။ ကိုးကွယ်ရာမများဘဲ ကိုးကွယ်ရာ မှန်တော့ ဗုဒ္ဓဘာသာဝင်ကောင်းတွေ ဖြစ်လာကြတယ်။ ဗုဒ္ဓရဲ့သာသနာ အရှည်သန့်ရှင်း၊ တည်တံ့ ပြန့်ပွားစေတယ်ကွဲ့။ သာသနာအတွက် အဓိကအချက်ပဲ။

http://www.dhammadownload.com

ကျောင်းမှာ ဆရာနဲ့ဆွေးနွေးမှ မဟုတ်ပါဘူး။ ကျောင်းသား၊ ကျောင်းသူအချင်းချင်း ဆွေးနွေးတာ၊ ကျောင်းစာအပြင် အလှန်ဆွေးနွေးတာလည်း မင်္ဂလာဖြစ်တယ်။ ကျောင်းသားဘဝကတော့ တစ်ယောက်နဲ့တစ်ယောက် ဖြူစင်ကြတယ်။ မေတ္တာစေတနာ အရင်းခံနဲ့ ဆက်ဆံကြတာ၊ ပြောဆိုကြတာများတာကိုး။

သားငယ်တို့ အခု သူငယ်ချင်းတွေနဲ့ စုပေါင်းပြီး တိုက်ခန်းငှားနေကြတယ်၊ မိသားစုသဘောဖြစ်သွားပြီလေ။ နေရေးထိုင်ရေး၊ စားရေး၊ သောက်ရေး၊ စုပေါင်းညှိနှိုင်းကြရတယ်။ ဆွေးနွေးကြရတယ်မို့လား။ ညီညွတ်စွာ ဆွေးနွေးတိုင်ပင်နေထိုင်သမျှ ကာလပတ်လုံး ပျော်ရွှင်စွာ နေထိုင်ကြရမယ်။ စိတ်ချမ်းမြေ့စရာ သီရိဂေဟာလေးပေါ့ကွယ်။

တခြားအလုပ်ခွင်ဆွေးနွေးပွဲ၊ ဌာနဆိုင်ရာဆွေးနွေးပွဲတွေကတော့ စေတနာမှန်ဖို့ လိုသေးတယ်နော်။ အစွမ်းပြလိုတဲ့မာန၊ ရှုတ်ချလိုတဲ့ဒေါသနဲ့ ဆွေးနွေးရင်တော့ ငြင်းခုံရာ မခံချင်စိတ်ဖြစ်ပြီး မင်္ဂလာမဖြစ်ဘဲ အမင်္ဂလာဖြစ်တတ်တယ်။

သင့်လျော်တဲ့အခါ တရားဆွေးနွေးတာ မင်္ဂလာဆိုတော့ စာသံပေသံပေါက်နေတယ်။ အရပ်သုံးစကားနဲ့ပြောရရင် အလုပ်အားတဲ့အခါ အတူနေထိုင်ကြသူ အချင်းချင်း၊ ကျောင်းတက်ကြသူအချင်းချင်း၊ အလုပ်လုပ်ဖော် အချင်းချင်း၊ တိုင်တိုင်ပင်ပင်ရှိကြတာ၊ ညှိညှိနှိုင်းနှိုင်းရှိကြတာ၊ ဆွေးနွေးကြတာဟာ မင်္ဂလာဖြစ်တယ်လို့ ဆိုလိုရင်းပါပဲ။

မပြောမဆို ကိုယ့်သဘောနဲ့ကိုယ် လုပ်ကြရင် အဆင်မပြေ ကြတော့ဘူးလေ။ ကသိကအောင့်တွေ ဖြစ်ကုန်ကြရော၊ ဘယ်မှာ ပျော်ရတော့မလဲ၊ မင်္ဂလာ မရှိတော့ဘူးပေါ့။

အတူတူနေထိုင်ကြတဲ့သူချင်းက ပိုအရေးကြီးတယ်။ တစ်နေ့တာ အစီအစဉ်ကအစ၊ တစ်ယောက်နဲ့တစ်ယောက် အသိပေးကြ၊ ပြောကြဆိုကြရင် အကူအညီလိုရင်လည်း တန်းကနဲ ကူညီနိုင်ကြတယ်။ အခက်အခဲမရှိ ပြေလည်ကြတော့ စိတ်ချမ်းမြေ့ကြရတယ်။ စိတ်ဓာတ်တွေ ကျဆင်းလို့ ဝမ်းနည်းစရာ ကြုံတွေ့နေရင်လည်း စိတ်ခွန်အားသစ်ဖြစ်စေဖို့ တစ်ဦးနဲ့တစ်ဦး ရင်ဖွင့်ကြ၊ အကြံဉာဏ်ပေးကြ၊ စည်းဝေးတိုင်ပင်ကြရင် စိတ်ပေါ့ပါး ရွှင်လန်းစေတယ်။

ဒီတော့ အချိန်ရတိုင်း စည်းဝေးကြတာ၊ နွေးနွေးထွေးထွေးရှိတာဟာ စုပေါင်းညီညာ အောင်ကြောင်းဖြာစေပါတယ်ကွယ်။

မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။

http://www.dhammadownload.com

# လောကီအာရုံ ဇိမ်ယစ်မှုးလို့ အပျော်မကြူးနဲ့ ခြိုးခြံလေ

သားငယ် ဖွဲ့

မင်္ဂလာတရားတော်ကို ရေးလာလိုက်တာ လောကီအတွက် မင်္ဂလာ ၃၀ ပြီးသွားခဲ့ပြီနော်။ တပေါ် စ မင်္ဂလာကစလို့ နောက်ပိုင်း မင်္ဂလာ ၈ ပါးဟာ နိဗ္ဗာန်ရရေးကို ဦးတည်သွားပါပြီ။

နိဗ္ဗာန်ကို လိုချင်တဲ့သူဟာ လောကီကာမဂုဏ်၊ အာရုံတွေကို ရှောင်ရှားရမှာပါ။ နိဗ္ဗာန်မရချင်သေးဘူး၊ သံသရာထဲမှာပဲ ပျော်ပျော်ကြီး ကျင်လည်နေချင်သေးတယ်ဆိုရင်တောင်မှ ခြိုးခြံကျင့်ရမှာပါ။ ဒါမှ ကြီးပွားချမ်းသာမှာပေါ့။

တပေါ် စ၊ ဇတံ မင်္ဂလမုတ္တမံ။

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ကို ကောင်းစွာ စောင့်စည်းခြင်း (ခြိုးခြံခြင်း) ဟုဆိုအပ်သော ဣန္ဒြိယသံဝရကိုကျင့်ခြင်းသည်မြတ်သောမင်္ဂလာမည်၏။

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ကို သတိဖြင့် ကာကွယ်တားဆီးခြင်းကို ဣန္ဒြိယသံဝရ ဣန္ဒြေတို့ကို စောင့်စည်းခြင်းလို့ခေါ်တယ်။ စောင့်စည်းရာမှာ သည်းခံခြင်း သတိ၊ ဝီရိယ တရားတို့ကို လက်ကိုင်ပြုရတယ်။

စိတ်ကို ခြိုးခြံစွာကျင့်ခြင်းဟာ ကြီးပွားချမ်းသာကြောင်း အရည်အချင်းကောင်းတစ်ခုလို့ ဆိုပါတယ်။ ဒီအရည်အချင်းကောင်းတွေ ကလေးတွေရရှိဖို့၊ စွဲမြဲသွားစေဖို့ မိဘဆရာတွေ ကိုယ်တိုင် ခြိုးခြံစွာ ကျင့်ရမယ်။ ကလေးတွေကို လေ့ကျင့်ပေးရမယ်။ ဆွဲဆောင်ယူရမှာပါ။ ဥပမာ ကွန်ပျူတာဂိမ်းမှာချည်း အချိန်မဖြုန်းဘဲ စာကျက်ခိုင်းရပါ့မယ်။ စာမေးပွဲအောင်ရင် နာရီဝယ်ပေးမယ်၊ ပထမရရင် စက်ဘီးဝယ်ပေးမယ် စသည်ဖြင့် သားသမီး နှစ်သက်မယ့်ပစ္စည်းကို ဆုချပြီး ဆွဲယူရမှာပေါ့နော်။

နှစ်ဖက်လှဆရာကြီး ဦးကျော်လွင် ပြောသွားတဲ့စကား အမေ မှတ်မိနေသေးတယ်။ အလေ့အကျင့်ကောင်းဆိုတာ ပြုစုပျိုးထောင်ယူရတယ်။ ရှင်သန်ကြီးထွားအောင် လုံ့လစိုက်ထုတ်ကြိုးစားရတယ်။ မကောင်းတဲ့ အလေ့အကျင့်ကတော့ ပေါင်းပင်လိုဟာမျိုး မစိုက်ပျိုးရဘဲ အလေ့ကျ ပေါက်ရောက်ဖြစ်ထွန်းတယ်။ ကြိုးစားပြီး ပယ်နှုတ်ရှင်လင်းရတယ်တဲ့။

ပညာသင်ချိန်မှာ ပညာသင်ယူ ကျက်မှတ်လေ့လာခြင်းနဲ့ အချိန်ကုန်လွန်စေရမှာပေါ့။ ရံဖန်ရံခါ စိတ်အပန်းဖြေရုံ ကြည့်ရှုတာကလွဲလို့ ရုပ်ရှင်၊ ဗီဒီယို၊ ဘောလုံးပွဲ၊ ကွန်ပျူတာဂိမ်းဆိုင်တွေမှာ အချိန်မဖြုန်းမိအောင် စောင့်စည်းပြီး စာကျက်ချိန်မှာ စာကျက်တာ၊ သီချင်းနားထောင်ပြီး အချိန်

http://www.dhammadownload.com

ဖြုန်းမနေဘဲ စာကျက်တာ၊ စိတ်ကို တွေးချင်တိုင်း မတွေးမိအောင် စိတ်အာရုံကို စုစည်းပြီး စာကျက်တာ၊ ဒီလို မျက်စိ၊ နား၊ စိတ်၊ စောင့်စည်းမှုရှိမှသာ စာမေးပွဲ အောင်မြင်တယ်။

သားငယ်လည်း မိဘနဲ့ ရပ်ဝေးမြေခြားမှာ ပညာသင်ယူနေပြီမို့ စောင့်စည်းမှု၊ သည်းခံမှု အလေ့အကျင့် အတော်အတန် ရပြီထင်ပါရဲ့နော်။

ပညာရေးမှာမှ မဟုတ်ပါဘူးကွယ်။ ကျန်းမာရေး၊ စီးပွားရေး စတဲ့ လူမှုရေးတွေမှာလည်း ဒီလိုမြိုးခြံကျင့်မှ ကောင်းမြတ်တဲ့ ရလဒ်ကို ရရှိခံစားရတာပါ။ လျှာအလိုလိုက်ပြီး အစားအသောက်ကို အတိုင်းအဆမရှိစား၊ မလှုပ်မရှား အားကစားမလုပ်ရင် တစ်နေ့တစ်ခြား ဝဖြိုးလို့ သွေးတိုးရောဂါ၊ နှလုံးရောဂါ ရလာနိုင်တယ်။ သတိမမူခဲ့လို့ ရောဂါတွေ ရလာတယ်။ ဒီ့ထက် သတိလက်လွတ်ဖြစ်လို့ ဆေးလိပ်သောက်မယ်၊ ကွမ်းစားမယ်၊ သေရည်အရက်ကို အဆက်မပြတ် သောက်စားမူးယစ်နေပြန်ရင် လူ့ဘဝ သက်တမ်းစေ့အောင်တောင် နေခွင့်ရမှာ မဟုတ်ဘူး။

မြိုးခြံကျင့်ရမယ်ဆိုသော်လည်း အလွန်အကြူးကျင့်ဖို့ မဟုတ်ပါဘူး။ အားချိန်ရတဲ့အခါ၊ စာမေးပွဲဝေးတဲ့အခါ ရုပ်ရှင်လည်းကြည့်၊ သီချင်းလည်း နားထောင်၊ ဘောလုံးပွဲလည်းကြည့်၊ ကိုယ်ဝါသနာပါရာနဲ့ စိတ်အပန်းဖြေနိုင်တယ်လေ။ ကိစ္စမရှိပါဘူး။ စိတ်အာဟာရလည်း ကျွေးသင့်ပါတယ်။ ကိုယ်ကျန်းမာအောင်လည်း မပျင်းမရိ အားကစား လုပ်ရပါ့မယ်။ အချိန်ပြည့် အပျော်မကြူးဘဲ ဘဝအတွက် လုပ်သင့်တာတွေကိုလည်း ကြိုးစားလုပ်ရမယ်လို့ ဆိုလိုတာပါ။

စားဝတ်နေရေး၊ ပညာရေး၊ စီးပွားရေး၊ ဘယ်အရေးပဲ ဖြစ်ဖြစ်ပါ။ သတိ ဝီရိယ ရှိသူနဲ့မရှိသူ အများကြီး ကွာခြားတယ်။ ဘယ်နေရာမှာ ကွာခြားသွားပြီလည်းဆိုရင် သတိဝီရိယရှိသူ ကျောင်းသား ကျောင်းသူဟာ စာမေးပွဲဖြေချိန်မှာ လွယ်ကူချောမောစွာ ဖြေနိုင်တယ်။ စာမေးပွဲ အောင်မြင်တယ်။ သတိဝီရိယမရှိသူတွေက စိတ်လှုပ်ရှားစွာနဲ့ အရှုံးကို ရင်ဆိုင်ကြရတယ်။

သတိဝီရိယရှိသူ ဝန်ထမ်းဟာ အငြိမ်းစားယူတဲ့အခါ ပြင်ဆင် စီစဉ်ပြီးဖြစ်လို့ ဣန္ဒြေရရ နေနိုင်တယ်။ ထို့အတူ စီးပွားရေးသမားလည်း ကြီးပွားပြီးဖြစ်လို့ စိတ်အေးချမ်းသာ နေနိုင်တယ်။

သားငယ်ရေ၊ အမေ တွေ့မြင်ဘူးတဲ့ မိသားစုတွေရဲ့ သဘာဝကို ပြောပြဦးမယ်။ အချို့ ဌာနဆိုင်ရာ အရာရှိတွေဆိုရင် ရေမီးအစုံနဲ့ အဆင့်အလိုက်၊ အိမ်၊ ကား အားလုံး ပေးထားတယ်။ ဝန်ထမ်းတွေလည်း သူ့အဆင့်နဲ့သူပေါ့။ လစာနဲ့လည်း လောက်ငကြတယ်။ အသုံးအစွဲ စနစ်ကျသူများမှာ ပိုလျှံကြသေးတယ်။ တာဝန်ထမ်းဆောင်ဆဲမှာတော့ စားဝတ်နေရေး၊ စိတ်အေးကြရတယ်လေ။

တချို့မိသားစုက ပေါ့ပေါ့စား၊ ပေါ့ပေါ့နေကြလေ့ရှိတယ်။ မိဘကလည်း နောင်ရေးအတွက် စုဆောင်းခြင်း မရှိဘူး။ သားသမီးကလည်း ပညာကြိုးစားသင်ယူလေ့ မရှိကြဘူး။ လက်ရှိ အရာရှိအဆင့်မှာ ပြည့်စုံမှုကို ယစ်မူးနေကြတယ်။ သတိမေ့လျော့နေကြတယ်။ အိမ်ထောင်ဦးစီးဖြစ်သူက အငြိမ်းစားလည်း ယူလိုက်ရော၊ နေစရာအိမ်ကို မရှိတော့တာ။ ဒီတော့မှ သားသမီးများက ရရာအလုပ် ဝင်လုပ်ရရော။ ဒီအခါ စားဝတ်နေရေး ရင်လေးစရာ ကြုံရတော့တယ်။

http://www.dhammadownload.com

သတိဝီရိယရှိတဲ့ မိသားစုကတော့ ကျစ်ကျစ်လျစ်လျစ် စုဆောင်းတယ်။ သားသမီးကို ပညာတတ်ဖြစ်အောင်လည်း သင်ယူစေတယ်ဆိုတော့ လက်ရှိနေမြဲအဆင့်ထက် မလျော့တော့ဘူး။ ပိုပြီး အဆင့်မြင့်မြင့်တောင် နေထိုင်ရတယ်။ ဥပမာ မိဘလက်ထက်က အလုပ်သမားတန်းလျားမှာ နေရပေမယ့် သားသမီးလက်ထက် အရာရှိအိမ်မှာ နေနိုင်သွားတယ်။ အငြိမ်းစားယူချိန်မှာ ကွာခြားမှုက သိသာစေတယ်။

အခြားလောက မိသားစုတွေလည်း ဤနည်းလည်းကောင်းပါပဲ။ လောကီအာရုံ ဒိမ်ယစ်မူးလို့ အပျော်ကြူးမိကြရင်ဖြင့် မိဘလက်ထက် ချမ်းသာကြွယ်ဝသော်လည်း သားသမီးလက်ထက် ဘာမျှမရှိ ဖြစ်သွားတာပါ။ "ရှေးသရောအခါ ပြည်ဇာရာဝယ် ..." ဆိုပြီး သားငယ်ကျက်မှတ်ခဲ့ဖူးတဲ့ စာထဲက ပြည်ဇာရာက သူဌေးသားလို ခွက်လက်စွဲ တောင်းစားရတဲ့ ဘဝနဲ့ အသက်ဆုံးခဲ့ရတဲ့ ခေတ်သစ်သူဌေးသားတွေလည်းရှိတယ်။ မယုံမရှိနဲ့ တကယ့်ကို ရှိတာကွဲ့။

သတိလက်လွတ်ပြီး စိတ်ကို မစောင့်စည်းနိုင်ကြလို့ လူတွေရူးရောက်၊ ဂတ်ရောက် ဖြစ်ကြရတယ်။ ထောင်တန်းကျသွားကြရတယ်။ ဒါက ပစ္စုပ္ပန်ခံရတဲ့ အပြစ်တင်ရှိသေးတာ။ သံသရာမှာ ခံရမယ့် အပြစ်တွေလည်း ရှိသေးတယ်။ ဒုက္ခဆင်းရဲက ဘဝအဆက်ဆက် ပါသွားတယ်။ လက်ရှိ ဘဝမှာလည်း ပြုသူတစ်ယောက်သာမက မိသားစုဆွေမျိုး အသိုင်းအဝိုင်းကိုပါ ဂယက်ထသွားစေတာပါ။

"စိတ်ကိုနိုင်ရင် လောကကြီးကို နိုင်တယ်"တဲ့။ စိတ်ကို စောင့်စည်းလိုက်ရင်ပဲ ကျန်တဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ဆိုတဲ့ ဒွါရတွေကိုလည်း စောင့်စည်းပြီးသား ဖြစ်သွားတယ်။ ဒီတော့ အောင်မြင်မှုတွေ ရတယ်။ ကြီးပွားချမ်းသာ သုခတွေ ရတယ်။ ဘဝသက်ဆုံးတိုင် စိတ်အေးချမ်းမှုတွေရတယ်။ တရားဘာဝနာ ပွားများရင်း ဘဝနေဝင်ချိန်ကို အေးဆေးစွာ စောင့်ကြိုနိုင်တယ်လေ။

လိုရင်းတိုရှင်းပြောရရင်တော့ သတိနဲ့ထိန်းလို့ ပျော်သင့်သလောက်ပျော်ပါ။ ကြီးပွားရာ ကြီးပွားကြောင်းကို ဝီရိယနဲ့ ကြိုးစားအားထုတ်ပါ။ နေ့စဉ် လူမှုကိစ္စတွေဆောင်ရွက် ကြိုးစားလုပ်ဆောင်ရင်းနဲ့ ကိုယ့်ကျင့်သီလ စောင့်ထိန်းရမယ်။ အများအကျိုးကို ဆောင်ရွက်နိုင်ရမယ်။ ကုသိုလ်တရားတွေ တစ်ပါတည်း ယူနိုင်ရမယ်။ ကိုယ့်ဘဝ ကိုယ့်ပတ်ဝန်းကျင် ပိုပြီး ကောင်းမွန်စေသူ ဖြစ်ရမယ်။

"ဝီရိယကို အရင်းတည်မှသာ လိုရင်းကိုရောက်တယ်"လို့ ဆိုပါတယ်။ ဒီအကျင့်ကောင်းကလေးတွေဟာ လောကီရေးရာ အဖြာဖြာမှာ အောင်မြင်မှု မုချရသလို လောကုတ္တရာရေးရာမှာလည်း မဂ်ဖိုလ်နိဗ္ဗာန်တိုင် ရနိုင်တဲ့ အခြေခံလမ်းကြောင်းပါ သားငယ်။

မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။

http://www.dhammadownload.com

# မေတ္တာပြဟ္မစိုရ် လက်ကိုင်သုံးလို့
# သူမြတ်ကျင့်ထုံး ယှင်းမသေ့

သားငယ် ဖွဲ့

အသက်အရွယ်အလိုက် လောကီ လောကုတ္တရာ နှစ်ဖြာအတွက် မင်္ဂလာတရား တော်တွေကို မြတ်စွာဘုရား ဟောကြားထားခဲ့တယ်။ အခု မင်္ဂလာကတော့ လောကမှ ထွက်မြောက်ရေးမင်္ဂလာဖြစ်တယ်။ သားငယ်တို့ အရွယ်နဲ့ဆို အဆင့်မြင့်နေပြီ။

ဗြဟ္မစရိယဉ္စ၊ ဧတံ မင်္ဂလမုတ္တမံ။

ယုတ်နိမ့်သော မေထုန်အကျင့်ကို ရှောင်ကြဉ်၍ မြင့်မြတ်သောတရားကို အားထုတ်ခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

မေထုန်အကျင့်ဆိုတာ အာရုံငါးပါး ကာမဂုဏ်တရားတို့၌ ခံစားခြင်း၊ နှစ်သက်မွေ့လျော်ခြင်း၊ လိုလားတောင့်တခြင်း စသည်တို့ ဖြစ်တယ်။

ဗြဟ္မစရိယဉ္စ မြတ်သောအကျင့်ကို ကျင့်ခြင်းဆိုတာ မေထုန်အကျင့်မှ ရှောင်ကြဉ်ခြင်း၊ ဗြဟ္မစိုရ်တရား ပွားများခြင်း၊ သမထ၊ ဝိပဿနာတရား ပွားများအားထုတ်ခြင်း ဖြစ်တယ်။

ဒီစာပိုဒ်ဖတ်ပြီးတာနဲ့ သားငယ်အနေနဲ့ ငါလက်လှမ်းမမှီတော့ဘူးလို့ ယူဆလေမလားပဲ။ ဒါပေမယ့် ဆက်ဖတ်ပါဦးကွယ်။ ဗုဒ္ဓမြတ်စွာရဲ့ တရားတော်က ကျင့်လို့ရနိုင်တာက အစဖျိုးတာပါ။

သားငယ်ကို ကလေးဘဝကတည်းက ကာယကံ၊ ဝစီကံ၊ မနောကံ၊ ကံသုံးပါးကို လုံခြုံစေခဲ့တယ်။ သရဏဂုံသုံးပါးကို မပျက်မစီး၊ မညှိုးမနွမ်းအောင် ဆောက်တည်စေခဲ့တယ်။ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံအောင် စောင့်ထိန်းဖို့ သွန်သင်ခဲ့တယ်။ မြတ်ဗုဒ္ဓရဲ့ တရားတော်ရိပ်မှာ ကြီးပြင်းစေခဲ့တယ်။ ဘာသာတရားနဲ့ ဆရာမိဘတို့ရဲ့ ဆိုဆုံးမမှုကို နာယူလေ့ရှိတဲ့ အမေတို့မြန်မာလူမျိုးတို့ရဲ့ ယဉ်ကျေးမှုဓလေ့ကို စွဲမြဲစေခဲ့တယ်။ ဒါတွေက ကိုယ်ခံအားကောင်းအောင် လုပ်ပေးခဲ့တာပေါ့။

ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ သာသနာနဲ့ မကိုက်ညီတဲ့ အမူအကျင့်တွေ၊ သရုပ်ပျက် သဘာဝမကျတဲ့ အလေ့အထတွေ ဝင်ရောက်ကပ်ငြိနိုင်ခြင်းမရှိ၊ ရှုမှန်းစရာအဖြစ် မြင်တတ်အောင် ကြိုတင်ကာကွယ်ထားခဲ့တယ်။ ဒီတော့၊ ပညာရှာနေဆဲ သားငယ်ကို မေထုန်အကျင့်ကို ရှောင်ကြဉ်ပါလို့ ပြောစရာ မလိုတော့ဘူးပေါ့နော်။

မြတ်သောအကျင့်တစ်ခုက ဗြဟ္မစိုရ်တရားပွားများခြင်းဆိုတော့ ဗြဟ္မစိုရ်တရားဆိုတာ ဘာလဲလို့ သိထားရမယ်။

http://www.dhammadownload.com

ဗြဟ္မစိုရ်တရား လေးပါးရှိတယ်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတဲ့။

(၁) မေတ္တာ = သတ္တဝါအားလုံးကိုချစ်ခင်ခြင်း၊

(၂) ကရုဏာ = ဒုက္ခိတသတ္တဝါများကို သနားကြင်နာခြင်း၊

(၃) မုဒိတာ = သုခိတသတ္တဝါများကို ဝမ်းမြောက်ခြင်း၊

(၄) ဥပေက္ခာ = သတ္တဝါအားလုံးကို မုန်းချစ်မပြု လျစ်လျူရှုခြင်း။

မေတ္တာသဘောကို အလွယ်ကူဆုံး အဓိပ္ပာယ်ဖွင့်ရရင် "ကောင်းကွက်ရှာတာမေတ္တာပါ" ပဲ။ ဘယ်သူနဲ့ပဲဖြစ်ဖြစ် ကောင်းတဲ့အချက်ရော ဆိုးတဲ့အချက်ရော၊ ကိုယ်မနှစ်သက်တာရော၊ နှစ်သက်တာရော တွဲနေမှာပါ။ ဒီထဲက ကောင်းတာကလေး ရွေးယူလိုက်ရင် နှစ်ဦးနှစ်ဖက် အဆင်ပြေသွားတယ်။ လူမှုဆက်ဆံရေး အဆင်ချောသွားပြီပေါ့။

တိပိဋကဓရ ယောဆရာတော်ရဲ့ ဆောင်ပုဒ်ကတော့ "မေတ္တာနှလုံးအလှဆုံးကြောင့်ရွှင်ပြုံး ကြည်သာ၊ အေးမြကာ၊ ကောင်းစွာသန့်ရှင်းရ"တဲ့။ ဗြဟ္မစိုရ်တရားလေးပါး ပွားများနေသမျှ လူသားချင်း အလွှာမရွေး၊ အဆင့်မရွေးဘဲ သင့်မြတ် အဆင်ပြေတယ်။ နှလုံးစိတ်ဝမ်း အေးချမ်းစေတယ်။ ငြိမ်းချမ်းရေး အစစ်ရတယ်။

ရဟန်းတရားဆိုတာက သမထနဲ့ ဝိပဿနာတရားပါ။ ရဟန်းတရားလို့ အမည်ရပေမယ့် ရဟန်းတို့သာမက လူဝတ်ကြောင်၊ သူတော်၊ သီလရှင်တို့လည်း အားထုတ်နိုင်တယ်တဲ့။ အားထုတ်တဲ့ပုဂ္ဂိုလ်ရဲ့ ဉာဏ်၊ ဝီရိယအားလျော်စွာ ချာန်၊ မဂ်၊ ဖိုလ်၊ အကျိုးကျေးဇူးရတယ်။ ရဟန်း၊ လူ၊ ခွဲခြားမှုမရှိပါဘူး။ ပါရမီပါတဲ့သူ၊ ကျင့်ကြံအားထုတ်သူတွေ တရားထူး တရားမြတ်ရတယ်။

အမေရေ့ သမထ၊ ဝိပဿနာတွေ ရေးမပြနဲ့၊ သားတို့နဲ့ ဝေးသေးတယ်လို့ အောက်မေ့မှာပဲ။

တရားပညာဆိုတာ ဦးနှောက်ရဲ့ အသိဉာဏ်နဲ့ ဆင်ခြင် လေ့လာ မှတ်သားရ၊ သုံးသပ်ရ၊ ရှုမြင်ကြည့်ရှုရတဲ့ ပညာဖြစ်တယ်။ ပညာသင်ယူဆဲ လူငယ်များနဲ့ ပိုပြီး အံဝင်ခွင်ကျတယ်။ သားငယ်တို့ ဉာဏ်ရည်ဉာဏ်သွေး မြင့်မားဖို့၊ စိတ်ကြည်လင်ရွှင်ပျဖို့၊ စာကျက်လို့ မြန်မြန်ရစေဖို့ စိတ်ဓာတ်လေ့ကျင့်ခန်းတော့ ရေးပြချင်တယ်။

ဒီစိတ်ဓာတ်လေ့ကျင့်ခန်းက လူတိုင်းနဲ့ သင့်လျော်တယ်။ အထူးသဖြင့် ကျောင်းသား ကျောင်းသူနဲ့ အသင့်လျော်ဆုံးပါပဲ။ ကမ္မဋ္ဌာန်းဆိုရင် စိတ်မဝင်စားမှာစိုးလို့ စိတ်ဓာတ်လေ့ကျင့်ခန်းလို့ ဦးဇင်း အရှင်ဆန္ဒာဓိက သုံးသလို သုံးလိုက်တာပါ။

တကယ်တော့ ဒီစိတ်ဓာတ်လေ့ကျင့်ခန်းကို အာနာပါန ကမ္မဋ္ဌာန်းလို့ခေါ်တယ်။ အာနာပါန ဆိုတာ အာနရယ်၊ အပါနရယ်၊ ပုဒ်နှစ်ပုဒ် ပေါင်းထားတာပါ။ အာနဆိုတာက ဝင်လေ၊ အပါန ဆိုတာက ထွက်လေ၊ အာနနဲ့ အပါန၊ နှစ်ခုပေါင်းလိုက်တော့ ဝင်လေ၊ ထွက်လေ။

နံနက်စောစော အိပ်ရာထ နောက်ကျတာနဲ့ ကျောင်းသွားရမှာ အချိန်မရဘူးဆိုရင် အိပ်ခါနီး ၁၀ မိနစ် အချိန်ယူလိုက်ပါ။ တစ်နေ့လုံး ပင်ပန်းလာတာ ဘုရားရှိခိုးရှည်ရှည် ပူဇော်ရမှာ ဝန်လေး တယ်ဆိုရင် "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" လို့ ကန်တော့ပြီး

http://www.dhammadownload.com

ငါးပါးသီလဆောက်တည်လိုက်ပါ။ ဘုရားရှိခိုး၊ တရား ဘာဝနာ ပွားပြီး အိပ်တော့မှာဆိုတော့ တစ်ညလုံး သီလမကျိုးမပေါက်တော့ဘူး။

တရားထိုင်တဲ့အခါ အိပ်ရာစုတင်ပေါ်မှာလည်း ထိုင်နိုင်ပါတယ်။ တင်ပျဉ်ခွေ၊ ခါးမတ်မတ်ထား၊ မျက်စိမှိတ်ထားပြီး အာရုံတွေ မပျံ့လွင့်အောင် စိတ်ကို တည်တည်ငြိမ်ငြိမ် ထားလိုက်ပါ။

လေကို ပုံမှန်အတိုင်းရှူပါ။ လေရှူလိုက်ရင် နှာသီးဝကို လေကလေးထိပြီးတော့ ဝင်သွားလိမ့်မယ်။ လေထွက်သွားလို့ရှိရင်လည်း နှာသီးဝကို လေထိပြီး ထွက်သွားပါလိမ့်မယ်။ လေကလေးထိသွားတဲ့နေရာမှာ စိတ်ကိုကပ်ထားပြီးတော့ လေဝင်လို့ရှိရင် ဝင်တယ်၊ လေထွက်လို့ရှိရင် ထွက်တယ်လို့မှတ်ပြီး လေဆုံးသွားလို့ ပြန်ရှူရင်လည်း ဝင်တယ်၊ ပြန်ထွက်လို့ရှိရင်လည်း ထွက်တယ်။ ဝင်တယ်၊ ထွက်တယ်ဆိုတဲ့ အမှတ်လေးနဲ့ပဲ သတိကပ်ပြီးတော့ အသက်ရှူပါ။

နေ့စဉ် ၁၀ မိနစ် ဝင်လေ၊ ထွက်လေ ရိုးရိုးရှင်းရှင်းကလေးပဲ ရှုလိုက်ပါ။ သိသိသာသာ စိတ်ကြည်လင်လန်းဆန်းလာလိမ့်မယ်။ ထက်မြက်လာလိမ့်မယ်။ စိတ်ကူးစိတ်သန်းတွေ ကောင်းလာစေတယ်။ သားငယ်တို့ ကျောင်းသားတွေ အသုံးပြုသင့်တဲ့ 'ကမ္မဋ္ဌာန်း' ဒါမှမဟုတ် စိတ်ကို ရှင်းသန့်စေတဲ့ 'စိတ်ဓာတ်လေ့ကျင့်ခန်း' လို့ ယူဆနိုင်တယ်။

ကဲ စိတ်ဓာတ်လေ့ကျင့်ခန်းက မခက်ခဲဘူး မဟုတ်လား။ အသက်ရှူတဲ့ အလုပ်ဆိုတာ ဘယ်သူမဆို လုပ်နေရတဲ့ အလုပ်ပါ။ နီးစပ်ရာ ဘာသာမတူ လူမျိုးခြား၊ မိတ်ဆွေများကိုတောင် ဖြန့်ဝေပေးနိုင်ပါသေးတယ်။ မေ့ဒါန ကုသိုလ်ရပါတယ်။

"တတိယအရွယ်မှာ တရားရှာ" လို့ပဲ အမေက သိလာခဲ့တော့ အငြိမ်းစားယူပြီးမှ တရားအားထုတ်မိတော့တယ်။ ကျန်းမာရေး သိပ်မကောင်း၊ မှတ်ဉာဏ်စွမ်းအားကလည်း ကျဆင်းဆိုတော့ တရားအသိအမြင်ရဖို့က အတော်ကြိုးစားအားထုတ်ရတော့မယ်။

ကိုယ်တွေ့အရ ကိုယ်စိတ်နှစ်ပါး ကျန်းမာရေးအကောင်းဆုံးအချိန်မှာ လောကီပညာ၊ လောကုတ္တရာပညာ တွဲပြီးလေ့လာ ဆည်းပူးသင့်တယ်လို့ ခြင်လာတယ်။ မြတ်စွာဘုရားကလည်း "တရားအားထုတ်ရန် အကောင်းဆုံးအရွယ်မှာ ပျိုမျစ်နုနယ်ငယ်ရွယ်၍ မည်းနက်သော ဆံပင်ရှိသော ပထမအရွယ် ဖြစ်တယ်" လို့ ဟောတယ်ကွဲ့။

ဒီတော့ ပထမအရွယ်ကတည်းက လောကုတ္တရာပညာကိုပါ စတင်လေ့လာ ဆည်းပူးကျင့်ကြံသင့်တယ်လို့ ပြောချင်တယ်။ ဒုတိယအရွယ်မှာ စီးပွားရှာရင်း ပထမအရွယ်က လေ့လာထားတဲ့ လောကုတ္တရာပညာကို စာတွေ့၊ လက်တွေ့ ဆက်လက်ကျင့်သုံးရမယ်။ တတိယအရွယ်ရောက်တော့ တရားမေ့ကိုသာ လုံးဝဓောက်ချ ကျင့်သုံးပြီး တရားအားထုတ်ပေတော့။

အမေရေးခဲ့တဲ့ စိတ်ဓာတ်လေ့ကျင့်ခန်းက အာနာပါန ကမ္မဋ္ဌာန်း၊ သမထပါပဲ။ မဝေးပါဘူးလေ။ လက်လှမ်းမီတယ် မဟုတ်လား။ သားငယ်ကို တရားလမ်းကြောင်းပေါ် တင်ပေးလိုက်တယ်။ နေ့စဉ် ၁၀ မိနစ်၊ အာနာပါနကမ္မဋ္ဌာန်း ရှုမှတ်ပါကွယ်။ ပထမအရွယ်တတည်းက သမထဘာဝနာ ပွားများကျင့်ရအောင်လေ။

မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။

http://www.dhammadownload.com

# လေးပါးသစ္စာ ဉာဏ်မြင်ကြည့်လို့
# အမှန်သိအောင် ကြိုးစားလေ

သားငယ် ဖွဲ့

အရိယသစ္စာတို့ကို သိမြင်နိုင်ခြင်း မင်္ဂလာနဲ့ပြည့်စုံတာနဲ့ တစ်ပြိုင်နက် လောကီနယ် ကို လွန်မြောက်လို့ လောကုတ္တရာနယ်၊ ငြိမ်းချမ်းရေးနယ်မြေသို့ ရောက်ရှိသွားပါပြီ။

အရိယသစ္စာန ဒဿနံ၊ ဧတံ မင်္ဂလမုတ္တမံ။

**အရိယာသစ္စာလေးပါးကိုသိမြင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။**

အရိယသစ္စာန ဒဿနံ အရိယသစ္စာတို့ကို သိမြင်ခြင်း ဆိုတာ ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂ လို့ဆိုတဲ့ အရိယသစ္စာ တရား ၄ ပါးကို မဂ်ဉာဏ်နဲ့ ပိုင်းခြားထိုးထွင်း ထင်းလင်းစွာ သိမြင်ခြင်း ဖြစ်တယ်။

သားငယ် ဆက်ဖတ်ကြည့်ပါနော်။ သုတမယဉာဏ်ရအောင်လို့ ရေးပြဦးမယ်။ ဒုက္ခသစ္စာ ဆိုတာ ရုပ်တရားနဲ့ လောကီနာမ်တရား အားလုံးပင်ဖြစ်တယ်။ သမုဒယသစ္စာဆိုတာ နာမ်တရား အစုမှာ ပါဝင်တဲ့ တဏှာတရားပင်ဖြစ်တယ်။ နိရောဓ သစ္စာဆိုတာ ရုပ်နာမ်ခပ်သိမ်း ချုပ်ငြိမ်းရာ အသခ်တဓာတ် နိဗ္ဗာန်တရားဖြစ်တယ်။ မဂ္ဂသစ္စာဆိုတာ နာမ်တရားစုမှာပါဝင်တဲ့ လောကုတ္တရာ မဂ္ဂင်ရှစ်ပါးပင်ဖြစ်တယ်။

သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာဖြစ်တယ်။ မဂ္ဂသစ္စာပွားမှ နိရောဓသစ္စာဆိုက်တယ်။ ဆိုလို ရင်းက တဏှာကြောင့် သတ္တဝါဖြစ်ရတယ်။ မဂ္ဂင်ရှစ်ပါးကို ပွားများမှ တဏှာပြတ်တယ်။ တဏှာ ပြတ်ရင် နိဗ္ဗာန်ချမ်းသာသို့ရောက်တယ်။

နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင် ၈ ပါးတရားက–

(၁) သမ္မာဒိဋ္ဌိ = မှန်ကန်သော အသိအမြင်

(၂) သမ္မာသင်္ကပ္ပ = မှန်ကန်သော အတွေးအကြံ

(၃) သမ္မာဝါစာ = မှန်ကန်သော အပြောအဆို

(၄) သမ္မာကမ္မန္တ = မှန်ကန်သော အလုပ်အကိုင်၊ အပြုအမူ

(၅) သမ္မာအာဇီဝ = မှန်ကန်သော အသက်မွေးမှု

(၆) သမ္မာဝါယာမ = မှန်ကန်သော ကြိုးစားအားထုတ်မှု

(၇) သမ္မာသတိ = မှန်ကန်သော အောက်မေ့မှု၊ အသိကပ်မှု

(၈) သမ္မာသမာဓိ = မှန်ကန်သောတည်ကြည်ငြိမ်သက်မှု

http://www.dhammadownload.com

"မြင်၊ ကြား၊ ပြော၊ လုပ်၊ မွေး၊ ထုတ်၊ ကပ်၊ တည်၊ ဤရှစ်လီ၊ ခေါ်သည် မင်္ဂလမှတ်" အဲဒီလို အတိုကောက် မှတ်ထားမှ မှတ်မိပေလိမ့်မယ်။

အရိယသစ္စာလေးပါး ထိုးထွင်းသိမြင်နိုင်ဖို့ဆိုရင် ဝိပဿနာတရားကို အားထုတ်မှရမှာပါပဲ။ ဗြဟ္မစရိယမင်္ဂလာမှာ အာနာပါနကမ္မဋ္ဌာန်း၊ သမထအကြောင်း ရေးခဲ့တယ်။ တစ်နေ့ ၁၀ မိနစ် အားထုတ်ဖို့လည်း တိုက်တွန်းခဲ့တယ်နော်။ လုပ်ဖြစ်ရဲ့လား။

အာနာပါနကမ္မဋ္ဌာန်းကို သမထလို့ပဲ မှတ်ထားခဲ့မိတယ်။ တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရရဲ့ "ဗုဒ္ဓဘာသာ ဗုဒ္ဓဒေသနာ" စာအုပ် ဖတ်မိတော့မှ ဝိပဿနာဖြစ်အောင် ရှုပွားလို့လည်းရတယ်။ သမထဖြင့် ရှုပွားရင် သမထ၊ ဝိပဿနာဉာဏ်ဖြင့် ရှုပွားရင် ဝိပဿနာဖြစ်တယ်။ နှစ်ဖက်ရ ကမ္မဋ္ဌာန်းဖြစ်ကြောင်း သိလာရတယ်။

ဝိပဿနာစကားလုံးတွေ ပါလာပြီဆိုတော့ ဝိပဿနာအကြောင်း ရေးပြဦးမယ်။ ဝိပဿနာက သုံးမျိုးသာရှိတယ်။

အနိစ္စဆိုတာ အားလုံးသော သက်ရှိ၊ သက်မဲ့၊ နတ်၊ လူ၊ ဗြဟ္မာ၊ သတ္တဝါအားလုံး၊ အရာဝတ္ထုအားလုံး၊ ရုပ်နာမ်အားလုံး ဘာမျှ မမြဲတာ။ ဘာမှ အမြဲမရှိကြဘူးဆိုတဲ့ အဖြစ်မှန် သဘာဝအကျဆုံးတရား။ ဖြစ်ပြီး ပျက်နေတဲ့တရား။

ဒုက္ခဆိုတာ အားလုံးသော သက်ရှိသတ္တဝါတွေ၊ ဖြစ်တည်ကျင်လည်သွားလာ လှုပ်ရှားနေကြရသူတွေ၊ အားလုံးသော ရုပ်နာမ်တရားတွေဟာ ချမ်းသာတယ်ရယ်လို့မရှိ၊ အမှန်စင်စစ် ရုပ်နာမ်အားလုံး ဖြစ်ပျက်ဆင်းရဲရချည်းပဲဆိုတဲ့ တရား။

အနတ္တဆိုတာ အဆိုပါသတ္တဝါတို့ ဖြစ်တည်၊ ကျင်လည်ကြရတာတွေအားလုံး ဘာမှ အစိုးမရတာ။ ဖြစ်လိုက်ပျက်လိုက်နဲ့ သဘာဝအတိုင်း သူ့သဘောသူဆောင်နေကြခြင်းသာ ဖြစ်တယ်ဆိုတဲ့တရား။

အနိစ္စ အမြဲမရှိခြင်း၊ ဒုက္ခ ဆင်းရဲခြင်း၊ အနတ္တ အစိုးမရခြင်းဆိုတဲ့ လက္ခဏာနဲ့တင်ပြီး ရှုမြင်ကြည့်တာ ဝိပဿနာပါပဲ။

အာနာပါနကမ္မဋ္ဌာန်းက သားငယ်ကို ပြောပြပြီးမို့ သမထ ရှုပွားနည်းတော့သိပြီနော်။ ထွက်လေဝင်လေကိုသာ စူးစိုက်ပြီး သမာဓိရအောင် ရှုပွားရင် သမထကမ္မဋ္ဌာန်း ဖြစ်တယ်။

အခု ဝိပဿနာအဖြစ် ပွားတတ်အောင် ရေးပြဦးမယ်။ ထွက်လေမှာပါသော ရုပ်သဘောတရားကိုလည်းကောင်း၊ ဝင်လေမှာပါသော ရုပ်သဘောတရားကိုလည်းကောင်း၊ ထိုရုပ်သဘောတရားများကို အာရုံပြုနေသော နာမ်တရားများကိုလည်းကောင်း မမြဲသော အနိစ္စလက္ခဏာအားဖြင့် ရှုမြင်ဆင်ခြင်ပွားရင် အာနာပါန ဝိပဿနာ ဖြစ်သွားတယ်။

ဝင်လေ၊ ထွက်လေကို ရှုမှတ်ကျင့်ရခဲ့ပြီဆိုတော့ "မမြဲဘူး အနိစ္စပဲ" လို့ ထပ်မှတ်ဖို့ မခက်ခဲတော့ပါဘူး။ တစ်ဆင့်တိုးမှတ်ကြည့်ပါဦးကွယ်။ ဒီတော့ ဝိပဿနာဆိုတာလည်း ပညာသင်ဆဲငယ်ရွယ်သူတွေအတွက် အလှမ်းမဝေးတော့ပါဘူး။ ဝိပဿနာအထုံလေး ပါသွားတာပေါ့။

http://www.dhammadownload.com

ကောင်းတဲ့အလေ့အကျင့်စွဲသွားရင် ကိုယ့်အတွက် ကောင်းတာဖြစ်စေတယ်။ ရှေ့ကောင်းမှုက နောက်ကောင်းမှုကို ကျေးဇူးပြုတယ်။ "ကောင်းကျိုးများများလိုချင်ရင် ကောင်းတာများများ လုပ်ပေးရမယ်"တဲ့။

ငယ်စဉ်က အဖြစ်ကလေးတွေကို သားငယ် မေ့ကောင်း မေ့နေလိမ့်မယ်။ အမေလည်း သတိရ မိလို့ အစဖော်ပေးလိုက်ဦးမယ်။

သားငယ် ၇ တန်းတုန်းက အမေနဲ့အတူ တရားနာခဲ့တယ်။ သောတာပန်ဖြစ်ဖို့ အခြေခံ အချက်တွေ ကြားနာပြီး အိမ်ပြန်ရောက်တော့ 'သားငယ်တော့ သောတာပန်ဖြစ်ပြီ ထင်တာပဲ'လို့ ပြောခဲ့ဖူးတယ်။ သားငယ်ရဲ့စကားကြားရသူ အိမ်သားများ ရယ်ခဲ့ကြရတာပေါ့။

"ငါ" ဆိုတာတော့ ရှိရဦးမယ်။ "ငါ"မရှိလို့ မဖြစ်ဘူးလေလို့ ထပ်ဆင့်ပြောလိုက်တော့ အဲဒီနေ့ ကစပြီး သားငယ်ကို 'ငါစွဲ မပြုတ်တဲ့ သောတာပန်'လို့ အိမ်သားတွေက ခေါ်ခဲ့ကြတယ်လေ။ သားငယ် မှတ်မိသေးလား။

သားငယ်ရေ၊ ကောင်းကျိုးပေးတတ်တဲ့ ကုသိုလ်ကြောင့် လူ့ဘဝရောက်လာရတာဖြစ်တယ်။ လူ့ဘဝမှာ ကောင်းမှုကုသိုလ် ပြုလုပ်နိုင်တဲ့ အခွင့်ထူးတွေ အများကြီးရှိတယ်။ အရိယသစ္စာ လေးပါး သိမြင်နိုင်တယ်။

ယခုဘဝမှာ အရိယသစ္စာလေးပါး ထိုးထွင်းမသိမြင်နိုင်သေးရင်တောင်မှ အပါယ်လေးပါး မလားရအောင် ကုသိုလ်ကောင်းမှုတွေ ပြုရမယ်။ ဒါမှ သုဂတိတစ်ခုခုမှာ ရောက်မှာကိုး။ နေ့စဉ် တရားအမှတ်ကလေးနဲ့ နေစမ်းကြည့်ပါကွယ်။

မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ။

http://www.dhammadownload.com

# ဒုက္ခလွတ်ကင်း နိဗ္ဗာန်ရှုဦး
# အလင်းပေါက်နိုင်စေ

သားငယ် ဖွဲ

နိဗ္ဗာနသစ္ဆိကိရိယာ စ မင်္ဂလာပြည့်စုံရင် ဗုဒ္ဓဘာသာဝင်တို့ရဲ့ ပန်းတိုင်၊ နိဗ္ဗာန်သို့ ရောက်ပေပြီ။ ဒီနေရာမှာ နိဗ္ဗာန်ဆိုတာ အရဟတ္တဖိုလ်ကို ဆိုလိုတယ်လို့ အဋ္ဌကထာက ဆိုတယ်။ ကိလေသာ အပူမီးဟူသမျှ အငွေ့အသက်ပါမကျန်အောင် ချုပ်ငြိမ်းအေးမြစေတတ်တဲ့ အရဟတ္တဖိုလ်ကို နိဗ္ဗာန်လို့ ဆိုထားခြင်း ဖြစ်တယ်။ အသင်္ခတနိဗ္ဗာန်က အရိယသစ္စာန ဒဿနမင်္ဂလာမှာ ပါခဲ့ပြီးပြီလေ။

နိဗ္ဗာနသစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလမုတ္တမံ။

**နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းသည် မြတ်သော မင်္ဂလာမည်၏။**

နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းဟာ ချမ်းသာကြောင်း မင်္ဂလာတစ်ပါးဖြစ်တယ်။ နိဗ္ဗာန်မျက်မှောက်ပြုခြင်းဆိုတာ ရဟန္တာအဖြစ်သို့ ရောက်ခြင်းဖြစ်တယ်။ ရဟန္တာအဖြစ်သို့ ရောက်ခြင်းကို 'အရဟတ္တဖိုလ်သို့ ရောက်ခြင်း' လို့ ခေါ်တယ်။

သားငယ်၊ လောကုတ္တရာပညာ ဗဟုသုတရှိအောင် ရေးပြတာပါ။ လောကီနယ်မှ လွတ်မြောက်ချင်စိတ်ဆိုတာ တစ်ချိန်ချိန်မှာ ဖြစ်ပေါ်လာနိုင်တယ်။ မဖြစ်ပေါ်သေးရင်တောင်မှ လောကီနယ်မှာ တရားနဲ့အတူနေရင် ချမ်းသာရတယ်။

အရဟတ္တဖိုလ်ရဖို့ဆိုရင် ဝိပဿနာနဲ့ပဲ သွားရမှာပါ။ ဝိပဿနာတရားဆိုတာ အလုပ်မရွေး၊ အချိန်မရွေး၊ နေရာမရွေး၊ ဣရိယာပုထ်မရွေး အားထုတ်လို့ရတယ်။ အားထုတ်ရင်းပဲ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားနိုင်တယ်။

အရင်စာထဲမှာ အာနာပါနကမ္မဋ္ဌာန်း ဝိပဿနာအဖြစ် ရှုပွားနည်းကို ရေးပြခဲ့တယ်။ အခုစာမှာ တိပိဋကဓရ၊ ယောဆရာတော်ရဲ့ "အေးမြရွှင်ပြုံး လူ့နှလုံး"တရားစာအုပ်ထဲက စာပိုဒ်ကို ရေးပြလိုက်တယ်။ အရှယ်မရွေး၊ အားထုတ်နိုင်တဲ့ ဝိပဿနာ နည်းလမ်းကောင်းလေးပါ။

နေ့စဉ် ထမင်းနဲ့ စားသောက်ဖွယ်တွေ စားနေကြတာကိုပဲ ကြည့်ပါ။ မနက်စားလိုက်တော့ ညနေဆာတယ်။ ညနေစားလိုက်ပြန်တော့ မနက်မှာ ဆာပြန်တယ်။ ဒါတွေဟာ ကြည့်တတ်ရင် ဝိပဿနာပဲ။ ကုန်သွားလို့ ဆာတယ်ဆိုတော့ ကုန်တာ၊ ပြောင်းလဲ ဖေါက်ပြန်တာဟာ "အနိစ္စ" ပဲ။ ဆာတာဟာ "ဒုက္ခ"ပဲ။ ခန္ဓာက ကိုယ့်အလိုမလိုက်၊ ကိုယ်ကသာ ခန္ဓာနောက်လိုက်ပြီး ကျွေးရ၊ စားရမှာဖြစ်လို့ "အနတ္တ"ပဲ။

အမှိုက်ပုံးထဲ နေ့စဉ်အမှိုက်ပစ်နေကြတာဟာ ကြည့်တတ်ရင် ဝိပဿနာပဲ။ သုံးမဖြစ်အောင် အမှိုက်ထဲ ပစ်လိုက်ရအောင် ပြောင်းလဲဖောက်ပြန်သွားတာဖြစ်လို့ အနိစ္စ ရှုရုံပဲ။ ဖြစ်ချင်တာ

http://www.dhammadownload.com

မဖြစ်၊ မဖြစ်ချင်တာဖြစ်သွားလို့ ဒုက္ခပေါ့။ "ဟဲ့ အမှိုက်တွေ၊ ပစ္စည်းကောင်းတွေ ပြန်ဖြစ်ကြစမ်း"လို့ ခိုင်းလို့မရ၊ ကိုယ့်အလို သူမလိုက်နိုင်တော့ အနတ္တဆိုတာ ရှင်းလို့ပဲ။

နေ့စဉ် ထမင်းဟင်း ချက်ပြုတ်နေကြတဲ့အခါ ဆန်က ထမင်းဖြစ်သွားပုံတွေ၊ သား၊ ငါး၊ ဟင်းသီးဟင်းရွက်တွေက ဟင်းအဖြစ် ပြောင်းလဲသွားပုံတွေ၊ စားလိုက်တော့ ကုန်သွားပုံတွေဟာ ကြည့်တတ်ရင် ဝိပဿနာပါပဲ။

နေ့စဉ် လူတွေ လုပ်နေကြတဲ့ စားဝတ်နေရေး၊ စီးပွားရေး၊ လူမှုရေးတွေ အားလုံးဟာ အသိ၊ သတိ ခေါင်းတွဲတပ်ဆင်ပေးလိုက်ရင် ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာ စွမ်းအားတွေချည်းပါပဲ။ အသိ၊ သတိအားကောင်းသူအတွက်တော့ ဒါတွေဟာ "အား" တွေချည်းပါပဲ။

ယောဆရာတော်ရဲ့ တရားစာဖတ်ပြီး အမေတော့ အိမ်မှုကိစ္စလုပ်ရင်း ဝိပဿနာအမှတ်ကလေး နဲ့ လုပ်ကြည့်မိတယ်။ တကယ်သိမြင်အောင် အတော့်ကို ကြိုးစားအားထုတ်ရဦးမှာပါ။

အညတရထေရီဝတ္ထုထဲက ထေရီကာဆိုတဲ့ အိမ်ရှင်မဟာ အမေတို့အိမ်ရှင်မတွေအတွက် အတုယူစရာ၊ အားကျစရာကောင်းတယ်။ ထေရီကာဟာ ချက်ရင်းပြုတ်ရင်း လန်းလန်းဆန်းဆန်း ဟင်းရွက်ကလေးတွေ မီးအပူကြောင့် နွမ်းသွားတာကို စဉ်းစားဆင်ခြင်ကြည့်မိသွားတယ်။ ကိုယ့်ရဲ့ ခန္ဓာဘက်ကို ပြောင်းပြီး၊ ဖြစ်မှုပျက်မှုတွေကို ရှုလိုက်တာ၊ အနာဂါမိဖိုလ် တည်သွားတယ်။ တရား ဆက်ကျင့်လိုက်တော့ အရဟတ္တဖိုလ်ရောက် ရဟန္တာဖြစ်သွားတယ်။

ကြုံကြိုက်လို့ ရေးပြဦးမယ်။ အမေတို့ သားအမိလေးဦးနဲ့ အဖေက သီးခြားခွဲနေကြတာ။ အနှစ် ၂၀ ကျော်တယ်။ အဖေက မန်းရေနံမြေမှာ တာဝန်ထမ်းဆောင်ရတာ လေးလကြာလို့လည်း ပြန်မလာနိုင်။ ခြောက်လကြာမှ အိမ်တစ်ခေါက် ပြန်လာနိုင်တယ်။ အလုပ်က အရေးကြီးလို့၊ လူစားကမရှိ၊ လိုအပ်ရင်ပြန်ရမှာဆိုတဲ့ အသိနဲ့ ဖြောင့်ဖြောင့်တန်းတန်း စိတ်အေးလက်အေး နားခွင့် မရပါဘူး။

သားငယ်ရဲ့ အဖေ ပြန်လာမယ့်ရက်မျှော်ရတာ ပြန်သွားရမယ့်ရက်ရောက်လာလို့ စိတ်ပင်ပန်း ရတာတွေက နှစ်များစွာ ခံစားရလာတော့ အတော်စိတ်ဆင်းရဲခဲ့တယ်။ အိမ်ပြန်ရောက်နေချိန်မှာ ဘယ်နေ့ပြန်မှာလဲလို့ တစ်ဦးတစ်ယောက်ရဲ့ မေးသံကြားလိုက်ရရင်ကိုပဲ မေးသူကို စိတ်ဆိုးတာ ရော၊ ပြန်မယ့်ရက် မရောက်စေချင်တာရော၊ မကျေနပ်မှုတွေ ရောထွေးပြီး အမေ့ရင်ထဲမှာ ဒေါသမီး တွေ ဟုန်းဟုန်းတောက်လောင်ခဲ့ပါတယ်ကွယ်။ လောင်မြိုက်ခံစားရတာတွေက အကြိမ်ကြိမ်ပေါ့။

ဒီတော့ သတိတစ်ချက် ဝင်လာတယ်။ ရက်ဆိုတာ သူ့ဟာသူ ရောက်လာတာပဲ။ မြန်မြန် ရောက်စေချင်လို့လည်း ရောက်မလာ။ မရောက်ပါစေနဲ့ဆိုတော့လည်း ရောက်လာပြန်ရော။ ကိုယ်မှ မပိုင်တာကိုး။ သူ့သဘော သူဆောင်တာလို့ ယောနိသော မနသိကာရ သဘောသွင်းလိုက်နိုင်တော့ မှ သက်သာရာ ရတော့တယ်။

နောက်ပိုင်း သားသမီးတွေ တစ်ယောက်ပြီးတစ်ယောက် တက္ကသိုလ်သွားကြတော့ အမေ့ တစ်ယောက်တည်း နေတတ်သွားခဲ့တယ်။ အခု သားငယ်ကို ဝေးနယ်မြေမှာ ခွဲခွာထားရတော့ လည်း စိတ်မပင်ပန်းတော့ဘူး။

http://www.dhammadownload.com

နိဗ္ဗာန်ရောက်ကြောင်း နည်းလမ်းကောင်းတွေကို လောကီရေးမှာ အသုံးပြုရင်လည်း လောကမှာ နေတတ် ထိုင်တတ်သွားစေတယ်။ စိတ်ချမ်းသာ ကိုယ်ကျန်းမာစေတယ်။ ကိုယ်စိတ်နှစ်ပါး ကျန်းမာ၊ ချမ်းသာမှတော့ တရားအားထုတ်ဖို့ အခွင့်သာနေပါပြီ။ တစ်ဆင့်တက်လှမ်း ကြိုးပမ်းရုံပါပဲ။

ဒါကြောင့် သားငယ်လည်း အလုပ်နဲ့ မေ့မ တွဲမိ၊ ပေါင်းမိအောင် ကြိုးစားစေချင်တယ်။ ပညာရှာရင်း မေ့မ တွဲစပ်သွားနိုင်ရင် စိတ်ရွှင်လန်းစွာနဲ့ လိုအင်ဆန္ဒ တစ်လုံးတစ်ဝတည်း ပြည့်စုံလာမှာပါ။ ကြိုးစားကြည့်ပါ သားငယ်။

မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ။

http://www.dhammadownload.com

**ဆင်းရဲချမ်းသာ သဘာဝ တွေကြုံနေကြ လူတိုင်းပေ။**
**ကောင်းဆိုးနှစ်တန် အစုံတွဲလို့ တစ်လဲစီလှည့် အမြဲနေ။**
**လောကဓံကြုံ မဖြုတ်မပေါ့ မတုန်စမ်းနဲ့ စိတ်ခိုင်စေ။**

သားငယ် ဖွဲ့

လောကဓံတရားတို့နဲ့ တွေ့ကြုံပေမယ့် စိတ်မတုန်လှုပ်ခြင်းဟာ ရဟန္တာပုဂ္ဂိုလ်တို့ရဲ့ အရည်အချင်းကောင်းတစ်ခုပါပဲ။ ရဟန္တာအရှင်မြတ်တို့ရဲ့ စိတ်တော်က ကိလေသာ၊ အာသဝေါ လုံးဝကင်းစင်နေလို့ လောကဓံတရားတို့နဲ့ တွေ့ကြုံသော်လည်း ဝမ်းသာဝမ်းနည်း တုန်လှုပ်မှု မရှိတော့ဘူး။

ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။

လောကဓံတရားရှစ်ပါးနှင့် တွေ့ကြုံရသည့်အခါ စိတ်ကိုမတုန်မလှုပ်အောင် နေနိုင်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

လူတိုင်းလောကဓံတရားလို့ သုံးစွဲနေကြတယ်။ လောက လူသားတိုင်း တွေ့ကြုံရင်ဆိုင်ရမြဲဖြစ်တဲ့ အကောင်းအဆိုးတရားများကို "လောကဓံ"လို့ ခေါ်တာပါ။ မြတ်စွာဘုရားရှင်က–

၁။ လာဘ = လာဘ်ရခြင်း
၂။ အလာဘ = လာဘ်မရခြင်း
၃။ ယသ = အခြွေအရံရှိခြင်း
၄။ အယသ = အခြွေအရံမရှိခြင်း
၅။ နိန္ဒာ = ကဲ့ရဲ့ခံရခြင်း
၆။ ပသံသာ = ချီးမွမ်းခံရခြင်း
၇။ သုခ = ချမ်းသာခြင်း
၈။ ဒုက္ခ = ဆင်းရဲခြင်းဆိုတဲ့ လောကဓံတရားရှစ်ပါးကို လောကထဲမှာနေတဲ့ သတ္တဝါတိုင်း တစ်လှည့်စီကြုံရမယ်။ ကြုံရတဲ့အခါ မတုန်လှုပ်ဖို့ ဟောပြတယ်။ ဘုရားတောင်မှ လောကဓံတရားတွေနဲ့ မလွတ်ပေဘူး။

လောကဓံတရားရှစ်ပါးကိုမှတ်မိအောင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ဆောင်ပုဒ်ကလေးကို ရေးပြလိုက်တယ်။

၁။ လာဘ် ခြွေရံရ ချီးမွမ်းကြ၊ သုခ ဝမ်းသာမြဲ။
၂။ ထိုလေးမျိုးမှ ပြောင်းပြန်ကျ၊ လောက ဝမ်းနည်းမြဲ။
၃။ လောကဓမ္မ ရှောင်မရ၊ မုချတွေ့စမြဲ။

http://www.dhammadownload.com

လောကဓံတရားမှာ အကောင်းလေးပါး၊ အဆိုးလေးပါး၊ အညီအမျှပါပဲ။ ပုထုဇဉ်တွေက တော့ အကောင်းလေးပါးကို ကြိုက်နှစ်သက်ကြတယ်။ အဆိုးလေးပါးကိုတော့ မကြိုက်ကြ ဘူးပေါ့။ ကြိုက်တော့လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ကြတယ်။ မကြိုက်ကြတော့လည်း စိတ်ပျက် ဝမ်းနည်းကြတယ်။ အကောင်းတွေတွေ၊ အဆိုးတွေတွေ့ တုန်လှုပ်ကြ စမြဲပါပဲ။

ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ မင်္ဂလာအရလည်း အဆိုးလောကဓံနဲ့ ကြုံတဲ့အခါရော၊ အကောင်းလောကဓံနဲ့ ကြုံတဲ့အခါရော စိတ်တုန်လှုပ်မသွားဖို့၊ စိတ်တုန်လှုပ် မသွားအောင် နေနိုင်တာဟာ မင်္ဂလာဖြစ်တယ်။

အမေ့ရဲ့ဘဝ၊ အမေ့ရဲ့မိသားစုဘဝတစ်လျှောက်လုံး လောကဓံတရားရှစ်ပါးနဲ့ တွေ့ကြုံရ ပေမယ့် အကောင်းနဲ့အဆိုး သိပ်ကွာခြားမှု မရှိလှဘူးကွဲ့။ ခြေဖျားထောက်၊ ဘဝမေ့ရလောက် အောင်လည်း အကောင်းမကြုံခဲ့ရပါဘူး။ ကံ၊ ဉာဏ်၊ ဝီရိယအခြေပြုပြီး ကြိုးစားအားထုတ်ခဲ့လို့ အောင်မြင်မှုမျိုးတော့ ကြုံရတာပေါ့။ လူ့သဘာဝအရ ဝမ်းသာခဲ့တယ်ကွယ်။

ဝမ်းနည်းပူဆွေး၊ သောကများရလောက်အောင်လည်း အဆိုးမကြုံခဲ့ရပါဘူး။ ကျောင်း နေစဉ်က စာမေးပွဲ ကျရှုံးခဲ့ဖူးပါရဲ့။ ဒါလည်း ထပ်ကြိုးစားလိုက်တော့ စာမေးပွဲအောင်မြင်ခဲ့တာ ပါပဲ။ ဝါသနာအရ ကဗျာ၊ ဆောင်းပါးတွေ ရေးပို့တာလည်း အပယ်ခံရတာ အများကြီးပေါ့။ ဒါလည်း စိတ်မပျက်ခဲ့ပါဘူး။ သည်းခံနိုင်စွမ်းရှိရုံလောက်ပဲ ကြုံခဲ့ရတယ်လို့ ဆိုရမှာပေါ့နော်။

အမေ အိမ်ထောင်ပြုပြီးစအချိန်၊ မောင်ညီမများ လိုက်ပါနေကြပြီး ပညာသင်ကြတယ်။ အိမ်မှာ ဆွေမျိုးသားချင်းရော၊ အိမ်ဖော်မိန်းကလေးရော၊ ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးကြသူရော၊ ပရိသတ်စုံညီ စည်းကားခဲ့တယ်။ အမေ့မှာ အဲဒီလူစုရဲ့ စားသောက်ရေးစီမံရတာ ဦးနှောက်ခြောက် ခဲ့ရတယ်။ ဒါတောင် ကုန်ဈေးနှုန်းက အများကြီးချိုသေးတာ။ ဝက်သားတစ်ပိဿာ ၇ ကျပ်၊ ပဲဆီတစ်ပိဿာ ၃ ကျပ်၊ ခရမ်းချဉ်သီးက တစ်ကျပ်ဖိုး ၅ ပိဿာရတဲ့ခေတ်၊ ၁၉၆၈ ခုနှစ် ကပေါ့။

အဖေနဲ့အမေ တစ်နယ်စီ နိုင်ငံ့တာဝန်ထမ်းဆောင်ရချိန်၊ အမေတို့သားအမိ လေးဦးတည်းနေ ကြရတော့လည်း တာဝန်ဝတ္တရားတွေ နည်းပါးသွားလို့ ဝန်ပေါ့ပြီး စိတ်ချမ်းသာမှုနဲ့ စိတ်အေးချမ်း မှု ရခဲ့တယ်။ စိတ်ဆင်းရဲမှု မဖြစ်ခဲ့ဘူး။

သားငယ်ရဲ့အဖေ ရာထူးကြီးတာဝန်ထမ်းဆောင်စဉ် ရန်ကုန်မှာ မိသားစု ပေါင်းစည်းနေထိုင် ကြရတဲ့အခါ ရာသီအလိုက် သရက်သီး၊ ပိန္နဲသီး၊ ကျွဲကောသီး၊ ဒူးရင်းသီးတို့တော့ မပြတ်စား ရပါတယ်။ အညာပဲကြော်၊ ပဲလှော်၊ ပုန်းရည်ကြီးတို့လည်း မပြတ်ပါဘူး။ အမေတို့မိသားစုက တော့ ပကတိ အခြေအနေအတိုင်းပါပဲ။ ထူးထူးခြားခြားမှ မဟုတ်ဘဲကိုးနော်။

အမေကလည်း ကျောင်းဆရာမလေ။ ဆရာမဆိုတာ လောကဓံတရား အနိမ့်အမြင့် သိပ်ကွာ ခြားတာ မဟုတ်ဘူး။ အငြိမ်းစားဘဝမှာ ခေါ်ချင်သူ၊ ပူဇော်ကန်တော့ချင်သူ ပိုများသေးတယ်။ သွားလေရာမှာ တပည့်တွေနဲ့တွေ့ပြီး ရိုသေသမှု၊ ပြုစုစောင့်ရှောက်တာ ခံခဲ့ရတာချည်းပဲ။ ပင်စင်နာ ဆိုတဲ့ ဝေဒနာလည်း အမေတို့ မခံစားရဘူး။ အမေတို့ ဆရာတွေရဲ့ ဘဝက ဆည်းဆာချိန် လှပ သူတွေလို့ ဆိုရမလားပဲ။

http://www.dhammadownload.com

ပုထုဇဉ်တွေဆိုတော့ အဆိုးလောကဓံကို ဘယ်သူမှ မကြုံချင်ကြပါဘူး။ ကြုံလာရင် စိတ်ညစ်ကြတယ်။ ဝမ်းနည်းကြတယ်။ ကိုယ်လုပ်စရာကလေးတွေ မလုပ်နိုင်လောက်အောင်တော့ ပူဆွေးဝမ်းနည်း မနေသင့်ဘူး။ အလုပ်ပျက်၊ အကိုင်ပျက် မဖြစ်နေသင့်ဘူး။ ကိုယ့်အလုပ်ကိုတော့ အဓိကထားရမှာပါ။

ဥပမာ စာမေးပွဲကျတယ်။ ခဏတဖြုတ် ဝမ်းနည်းပေါ့။ စိတ်အားတင်းပြီး ထပ်ကြိုးစားပါ။ စာမေးပွဲအောင်တယ်။ အောင်တာနဲ့ အချိန်အကြာကြီး ပျော်မြူးမနေသင့်ဘူး။ နောက်တစ်ဆင့်အတွက် ပြင်ဆင်ပါ။

ချစ်သူက လမ်းခွဲသွားတယ်။ ခဏစိတ်ညစ်ချင်ညစ်ပါ။ ကိုယ့်ဘဝ အဆင့်မြင့်သထက်မြင့်၊ ကောင်းသထက်ကောင်းအောင် ကြိုးစားစေချင်တာပါ။

သောတာပန် မဖြစ်သေးတောင်မှ စနစ်တကျ ဝိပဿနာ ရှုနေတဲ့သူဆိုရင် လောကဓံတရားတွေကို ရှုမှတ်ပြီးတော့လည်း အတော်အတန် သည်းခံနိုင်တယ်။ နှလုံးသွင်း ဆင်ခြင်ပြီးတော့လည်း သည်းခံနိုင်တယ်တဲ့။

လောကဓံတရားရှစ်ပါးက အရွယ်မရွေး၊ လူမျိုးမရွေး၊ အချိန်မရွေး၊ ကြုံတတ်တာဆိုတော့ မတုန်လှုပ်အောင် ကြိုတင်ပြင်ဆင်ထားသင့်တယ်။ အကြားအမြင်ရှိတဲ့သူက မတုန်လှုပ်ဘူး။ စနစ်တကျ ဝိပဿနာရှုနေသူကလည်း အတော်အတန် သည်းခံနိုင်တယ်ဆိုတော့ အကြားအမြင်ရှိအောင် ဘာသာရေး စာပေတွေ ဖတ်ထားရမယ်။ ဆရာတော်ဘုရားများ ဟောကြားတဲ့တရားတွေ နာကြားရမယ်။ နေ့စဉ် သမထ၊ ဝိပဿနာ၊ ဘာဝနာ တစ်ခုခုပွားများ လေ့လာထုံမွမ်း ထားရမယ်။

ဒီတော့ ဝမ်းမြောက်စရာကို တွေ့ရလို့လည်း အလွန်ကြီး ဝမ်းမမြောက်ဘူး။ စိတ်ပျက်စရာကို တွေ့ရလည်း အလွန်ကြီး စိတ်မပျက်ဘူး။ သည်းခံနိုင်စွမ်းရှိပြီး စိတ်အေးချမ်းသာစေတယ်။ ပုထုဇဉ်ဆိုတော့လည်း ပုထုဇဉ်သဘာဝ ချမ်းသာနည်းမျိုးတော့ ရမှာပေါ့နော်။ ရဟန္တာတို့ရဲ့ အရည်အချင်းကောင်း ရယူချင်တယ်ဆိုရင်တော့ ...။

မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ။

http://www.dhammadownload.com

# သောကကိုထိန်း

သားငယ် ဖွဲ့

အသောကံ စိုးရိမ်သောက မရှိခြင်းကလည်း ရဟန္တာပုဂ္ဂိုလ်တို့ရဲ့ အရည်အချင်းတစ်ခု ဖြစ်တယ်။ ရဟန္တာမထေရ်မြတ်တို့ရဲ့ စိတ်တော်မှာ ကိလေသာအာသဝေါ လုံးဝကင်းစင်နေလို့ ပူဆွေးသောက လုံးဝမရှိခြင်းဖြစ်တယ်။ ထာဝရ နှလုံးသား အေးမြနေခြင်းပါပဲ။

**အသောကံ၊ ဧတံ မင်္ဂလမုတ္တမံ။**

**စိုးရိမ်သောက မရှိခြင်းသည် မြတ်သောမင်္ဂလာမည်၏။**

"စိုးရိမ်သောက မရှိခြင်းသည် မြတ်သောမင်္ဂလာ" လို့ ဆိုပါတယ်။ သိပင်သိကြားသော်လည်း ပုထုဇဉ်တို့မှာ စိုးရိမ်ခြင်း၊ ပူဆွေးခြင်း၊ ငိုကြွေးခြင်းတို့က ရှိနေမြဲပါပဲ။ လူတိုင်းရှောင်ရှားမရလို့ ပျက်စီးခြင်းတစ်ခုခုနဲ့ ကြုံရသော်၊ မိမိကိုယ်ကို မချုပ်တည်းနိုင်တော့ပါဘူး။ ငိုကြွေးမြည်တမ်း ကြတယ်။ ပင်ပန်းနွမ်းနယ်ကြတော့တယ်။

ပျက်စီးခြင်းတရားက ငါးမျိုးရှိတယ်။ "ဗျသနတရား ငါးပါး" လို့လည်း ခေါ်တယ်။ စည်းစိမ် ချမ်းသာနဲ့ ကိုယ်စိတ်ချမ်းသာမှုတို့ကို ပျက်စီးစေတတ်လို့ "ဗျသန" လို့ ခေါ်တယ်။ ဘုရားရှိခိုး တိုင်း "ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်း၍" လို့ ဆုတောင်းနေတာ မဟုတ် လား။

၁။ ဉာတိဗျသန = မိဘသားချင်း၊ ဆွေမျိုးမိတ်သင်္ဂဟများ သေကြေပျက်စီးခြင်း

၂။ ဘောဂဗျသန = စည်းစိမ်ဥစ္စာများ ဆုံးရှုံးပျက်စီးခြင်း

၃။ ရောဂဗျသန = ရောဂါဝေဒနာ ခံစားရခြင်း

၄။ သီလဗျသန = ကိုယ့်ကျင့်သီလ စာရိတ္တပျက်စီးခြင်း

၅။ ဒိဋ္ဌိဗျသန = အယူပျက်စီးခြင်း၊ ကံ ကံ၏အကျိုးကို မယုံကြည်တော့ခြင်း

မိဘသားချင်း၊ ဆွေမျိုးမိတ်သင်္ဂဟများ သေကျေပျက်စီးခြင်း၊ စည်းစိမ်ဥစ္စာများ ဆုံးရှုံး ပျက်စီးခြင်း၊ ရောဂါဝေဒနာခံစားရခြင်းတို့ ကြုံတွေ့ရင် ပုထုဇဉ်တို့ကတော့ သေချာပေါက် ဝမ်းနည်း ပူဆွေး ငိုကြွေးကြတာပါ။ ဒီလိုပျက်စီးမှုမျိုး မကြုံရရင်တောင်မှ ဝတ္ထုဖတ်ပြီး ငိုကြွေးတာတို့၊ အလွမ်းဇာတ်၊ အလွမ်းရုပ်ရှင်တို့ကြည့်ပြီး အလကားပူ၊ အငှားပူ ပူလိုက်ကြသေးတာလေ။

စိုးရိမ်သောက မဖြစ်ချင်ကြပေမယ့် ဖြစ်နေကြတယ်။ ချစ်ခင်နှစ်သက်ရသူတွေ သေကျေပျက်စီး ဆုံးရှုံးမှသာ သောကဖြစ်ရတာ မဟုတ်ပါဘူးကွယ်။ ခဏတာ ခွဲခွာကြရတဲ့အခါမှာလည်း ငိုကြွေး ပူဆွေးကြရသေးတာပဲကွဲ့။

http://www.dhammadownload.com

သားငယ်ရဲ့ ကိုကိုရဲ့ ၄၂ ရက်သားရတော့ သားဖွားခွင့်စေ့လို့ ပထမဆုံးကျောင်းသွားရတဲ့ နေ့က အမေ မျက်ရည်ပေါက်ပေါက် ကျခဲ့ရတယ်။ ပိစိကွေးကလေးကို အိမ်မှာ တစ်နေ့တာ ခွဲထားခဲ့ရတာ အင်မတန် စိုးရိမ်သောက များခဲ့ရတယ်။ ပထမဆုံး အတွေ့အကြုံမို့ ဒီလိုခံစားရသလား အောက်မေ့ရတယ်။ ဒုတိယ သမီးကျတော့လည်း စိုးရိမ်သောက ဖြစ်ပြန်တာပဲ။ တတိယသားငယ် အလှည့်ရောက်တော့လည်း စိုးရိမ်သောက မလျော့ခဲ့ပါဘူး။

'ကလေးကြီးလာရင်တော့ သောကနည်းသွားလိမ့်မယ်'လို့ အောက်မေ့မိတာ၊ အထင်နဲ့အမြင် ကွာခြားသွားတယ်။ ဘာလို့လဲသိလား။ ကလေးက တစ်နှစ်ကျော်လာတော့ အမေထွက်သွား မှန်းသိပြီ။ ကြီးလာတာနဲ့အမျှ အသိက ပိုလာတယ်။ အမေ့နောက် လိုက်ချင်တော့ ငိုပြီ။ ကျောင်းသွားဖို့ အိမ်ကထွက်တိုင်း ငိုကျန်ရစ်ခဲ့တဲ့ ကလေးမျက်နှာကို တရစ်ဝဲဝဲမြင်ပြီး စိတ်မကောင်းဖြစ်ရပြန်ရော။ ပိစိကွေးကလေးလို အိပ်ရာထဲမှာ မနေတော့လို့ ကလေးထိန်းက နမော်နမဲ့နဲ့ ကုတင်ပေါ်တက်ရင်း၊ လှေခါးတက်ရင်းဆင်းရင်းနဲ့ လိမ့်ကျလေမလား၊ ဟိုဟိုဒီဒီ လျှောက်သွားလို့ ပိုးကောင်မွှားကောင်နဲ့ တွေ့လေမလား၊ ခြံဝန်းထဲကလည်း မြွေကပေါပါဘိနဲ့။ အိုကွယ် စိုးရိမ်လိုက်ရတာ။ ရင်ထဲ နေမင်းကြီး ဝင်နေသလား ထင်မှတ်ရတယ်။

ကလေးမိခင်ရဲ့ ဝန်ထမ်းဘဝ၊ အိမ်ကအထွက် စိတ်ပင်ပန်းလိုက်ရတာလို့ အောက်မေ့ခဲ့တာ။ ကလေးတွေအိမ်မှာထားခဲ့ပြီး ဘာသာရပ် မွမ်းမံသင်တန်းတွေတက်ဖို့ နှစ်လကြာ၊ သုံးလကြာ၊ ရန်ကုန်၊ မန္တလေး သွားခဲ့ရတာက သောကတွေ တပွေ့တပိုက်ကြီးကို ထွေးပိုက်ရတော့တာပါပဲကွယ်။ အခုတော့လည်း ဒါတွေပြီးခဲ့ပါပြီ။

အခု တွေးကြည့်ပြန်တော့ ဒီစိုးရိမ်သောကတွေက ဘာမျှ မဟုတ်ပါဘဲလား။ သီလဗျသနဆိုတဲ့ ကိုယ်ကျင့်သီလ စာရိတ္တ ပျက်စီးခြင်းဆိုတာက ပိုပြီးကြောက်ရွံ့ဖို့၊ စိုးရိမ်သောကဖြစ်ဖို့ သိပ်ကောင်းပါလားလို့ သိမြင်လာတယ်။

သီလပျက်စီးပြီဆိုရင်တော့ သတ္တဝါတွေ ကိလေသာ ထူပြောကြပြီပေါ့။ ကာမဂုဏ်အာရုံတွေ ခုံမင်ကြရင်း AIDS ရောဂါ ရလာတော့မယ်။ ရောဂါဝေဒနာပုံ့နှံ့ကုန်မယ်။ အခုခေတ် ကြက်ငှက်တုပ်ကွေးရောဂါကလည်း အရှိန်မသေသေးဘူး။ ဒီလို ခန္ဓာကိုယ် ရုပ်ပိုင်းဝေဒနာ ခံစားရပုံက တစ်မျိုး။

ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးတွေမှာလည်း လိမ်လည်လှည့်ဖြားနေကြတော့တာ။ ရိုက်စားတဲ့။ အခုခေတ် သုံးနေကြတဲ့ စကားလုံး။ လောကီရေးရာအဖြာဖြာမှာ တစ်ဦးနဲ့ တစ်ဦး ရိုက်စားနေကြတော့တာ။ မိတ်ဆွေချင်း၊ ဆွေမျိုးချင်း ဘာမျှ မရှောင်ကြတော့ဘူးတဲ့။ ဦးရာလူက ရိုက်လိုက်ကြတော့ ခံရသူက စိတ်ဝေဒနာခံစားရပုံ တစ်မျိုး။

တစ်ဦးချင်း သီလမရှိမှတော့ တစ်တိုင်းပြည်လုံး သီလ မရှိနိုင်တော့ဘူး။ ဒါကြောင့် သီလပျက်စီးရင် တိုင်းပြည်၊ လူမျိုးနဲ့ချီပြီး ကြိမ်မီးအုံးသလို ပူလောင်ကြရတယ်။ ရုပ်ဝေဒနာ၊ စိတ်ဝေဒနာ ခံစားကြရတာ စိတ်နှလုံးရွှင်လန်းခြင်း၊ ငြိမ်းချမ်းခြင်းဆိုတဲ့ ချမ်းသာသုခတွေလည်း မရှိနိုင်တော့ဘူး။ ပျက်စီးမှုတွေက ဆင့်ကဲဆင့်ကဲ လာတော့တာကိုး။

http://www.dhammadownload.com

သီလဆိုတာ ကောင်းစွာထားခြင်း၊ ကောင်းစွာဆောင်ရွက်ခြင်းလို့ အဓိပ္ပာယ်ရတယ်။ ကာယကံမှု၊ ဝစီကံမှုတို့ကို စောင့်ထိန်းတယ်။ ကုသိုလ်ဟူသမျှတို့ရဲ့ မူလတည်ရာ၊ အကြောင်းရင်းဖြစ်တယ်။ အတတ်နိုင်ဆုံး ကိုယ်ကျင့်သီလစောင့်ထိန်းကြရင် ကိုယ်စိတ်နှစ်ပါး ချမ်းသာတယ်။ ငြိမ်းချမ်းတယ်။ စိုးရိမ်သောက ကင်းဝေးတယ်။ စိတ်ဓာတ် တည်ကြည်တယ်။ ဉာဏ်ရည်မြင့်တယ်။

ပျက်စီးခြင်း နောက်တစ်ခုက ဒိဋ္ဌိဗျသန။ ကြောက်ရွံ့ထိတ်လန့်စရာ အကောင်းဆုံး ဗျသနပါ။ အယူပျက်စီးခြင်း၊ ကံကံ၏အကျိုးကို မယုံကြည်တော့ခြင်းဆိုမှတော့ သရဏဂုံပျက်စီးပြီး ဗုဒ္ဓဘာသာဝင် မဟုတ်တော့ဘူး။ ဘဝသံသရာမှောက်တဲ့ ပျက်စီးမှုဖြစ်တယ်။ နောင်ဘဝမှာ ငရဲသို့တန်းကျနိုင်တယ်။ ကမ္ဘာပျက်တောင်မှ ကိုယ်ခံရတဲ့ငရဲက သက်တမ်းမကုန်သေးရင် ငရဲကမလွတ်ဘဲ အခြားကမ္ဘာသို့ ပြောင်းရွှေ့ခံရတယ်ကွဲ့။ အယူပျက်စီးတာက အပြစ်အကြီးဆုံးပါ။ “တစ်ယောက်ကစ တစ်ရာ”ဆိုတာလို တဖြည်းဖြည်း သာသနာကွယ်နိုင်တဲ့ အရေးပါ။

ကိုယ့်ရဲ့သေခြင်းတရားဆိုတာက လူ့ဘဝရဲ့ နောက်ဆုံးအချိန်မှ ကြုံရမှာပါ။ မသေခင် ကြုံရမှာတွေက မိဘသားချင်း၊ ဆွေမျိုးသားချင်း၊ အပေါင်းအသင်းမိတ်ဆွေတွေနဲ့ ခေတ္တခဏ ခွဲခွာခြင်းတွေ၊ ထာဝရ ခွဲခွာခြင်းတွေ၊ စည်းစိမ်ဥစ္စာ ပျက်စီးမှုတွေပဲ။ ဒီလိုကြုံရတိုင်း သောကတွေ၊ ပရိဒေဝတွေ၊ ဒုက္ခတွေ၊ ဒေါမနဿတွေ၊ ဥပါယာသတွေ ခံစားကြရတယ်။

အစုခေတ် စားဝတ်နေရေးအတွက်သာမက၊ စည်းစိမ်ချမ်းသာ ခံစားချင်တော့ ကိုယ်ကျင့်သီလ စာရိတ္တအပျက်ခံကြတယ်။ ကိုးကွယ်ရာ ဘာသာအယူ ပြောင်းလိုက်ကြတယ်။ စိတ်မအေးစရာ သီလဗျသန၊ ဒိဋ္ဌိဗျသနတွေပါ။

သောကကင်းဝေးနေနိုင်အောင် ဘယ်လိုတွေပြင်ဆင်ထားရမလဲ။ စဉ်းစားဆင်ခြင်သင့်တာပေါ့နော်။ ရှောင်ရှားမရတဲ့ ပျက်စီးခြင်းတို့ကို ခံနိုင်ရည်ရှိအောင်၊ ကိုယ့်စိတ်ထဲမှာရှိတဲ့ ကိလေသာအညစ် အကြေးတွေ တတ်နိုင်သမျှ ဆေးကြောသန့်စင်ထားဖို့ပါပဲ။

“သတ္တဝါတို့ရဲ့ ကိလေသာအညစ်အကြေး စင်ကြယ်အောင် မြစ်ကြီးငါးစင်းရေက မတတ်နိုင်။ သီလရေစင်ကသာ တတ်နိုင်တယ်”လို့ ဆိုပါတယ်။

သီလစောင့်ထိန်းဖို့ပါ။ ကိုယ့်ကျင့်သီလ စာရိတ္တမပျက်စီးအောင် စောင့်ထိန်းရမှာပါ။ ကိုယ်တိုင်လည်း စောင့်ထိန်းရမယ်။ မျိုးဆက်သစ်တွေကိုလည်း ကိုယ်ကျင့်တရားကို တန်ဖိုးထားစေရပါမယ်။ လမ်းကြောင်းမှန်သို့ ပို့ဆောင်ပေးရပါမယ်။

ဒီတော့၊ ရောဂဗျသန၊ ဒိဋ္ဌိဗျသနတွေနဲ့ ကင်းဝေးပြီပေါ့။ ပူဆွေးသောကတွေ ကင်းစင်နိုင်သမျှ ကင်းစင်ပါပြီ။ တကယ်တော့ “တာဝန်ကိုယ်စီရှိကြသည်” ဆိုသည့်အတိုင်း မိမိကိုယ်ကို ကောင်းအောင်ကြိုးစားခြင်း၊ ကောင်းစွာဆောင်ရွက်ခြင်း၊ ကိုယ်စီကိုယ်ငှ လုပ်ဆောင်ခြင်းဖြင့် စိတ်ရွှင်လန်းချမ်းမြေ့နိုင်ကြပါတယ်။ နောက်တစ်ဆင့် နိဗ္ဗာန်ရွှေပြည်နန်းသို့တိုင် တက်လှမ်းချင်သပ ဆိုရင်လည်း တက်လှမ်းနိုင်တာပါပဲ သားငယ်။

မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ။

http://www.dhammadownload.com

# ရမွက်သိမ်း

သားငယ် ဖွဲ

ကိလေသာရမွက် မြူမှုန်၊ ဖုန်မရှိခြင်းက ရဟန္တာပုဂ္ဂိုလ်တို့ရဲ့ အရည်အချင်းတစ်ခုပါပဲ။ ရဟန္တာ အရှင်မြတ်တို့ရဲ့ စိတ်တော်မှာ ကိလေသာ၊ အာသဝေါ လုံးဝကင်းစင်နေလို့ ကိလေသာမြူ ကိလေသာ အညစ်အကြေး လုံးဝမတင် မြူဖွေးသန့်စင်နေခြင်း ဖြစ်တယ်။

ဝိရဇံ၊ ဧတံ မင်္ဂလမုတ္တမံ။

ရာဂစသောကိလေသာမြူမရှိခြင်းသည်မြတ်သောမင်္ဂလာမည်၏။

ဝိရဇ ရာဂစတဲ့မြူမရှိအောင် နေခြင်းဟာ မင်္ဂလာပါတဲ့။ ကိလေသာရမွက်တွေကတော့ ရာဂ၊ ဒေါသ၊ မောဟတို့ပါပဲ။ သူတို့ကို ဉာဏ်မျက်စိနဲ့ မြင်လို့ရတယ်။ မြူမှုန်၊ ဖုန်တွေနဲ့ တင်စား လိုက်တော့ မြင်လွယ်သွားတာပေါ့ကွယ်။

ဖုန်ထူထူထဲကို ဖြူဖြူစင်စင် အင်္ကျီဝတ်ဆင်ပြီး ဖြတ်လျှောက်သွားရင်၊ အင်္ကျီဖြူဖြူဟာ ပေညစ်သွားတာ ကြာဘူးမှာပါနော်။ ဖုန်တင်တော့ ဖြူစင်သန့်ရှင်းမှု မရှိတော့ဘူးပေါ့။

အဝတ်တွေညစ်ပေရင် ဆပ်ပြာနဲ့လျှော်ဖွပ်ရသလို၊ စိတ်မှာ အညစ်အကြေး ကိလေသာတွေ တင်ရင် ဒါနပြု၊ သီလဆောက်တည်၊ ဘာဝနာပွားပြီး ပယ်သတ်ရတယ်။

မဲညစ်စေတဲ့ကိလေသာတွေကို လုံးဝကင်းစင်သွားဖို့ ကြိုးစားအားထုတ် သုတ်သင်ရှင်းလင်း ခြင်း မပြုနိုင်သေးရင်တောင်မှ မထူပြောအောင်၊ ပါးလျားသွားအောင်တော့ နေ့စဉ် ပညာရှာရင်း၊ စီးပွားရှာရင်း၊ လူမှုကိစ္စတွေလုပ်ရင်း တစ်ပါတည်း လုပ်ဆောင်ကြရမှာပါ။ လုပ်လည်းလုပ်နိုင်တဲ့ ကိစ္စတွေပါ။

သားငယ်ရေ၊ ပုထုဇဉ်လူသားတွေဟာ စားဝတ်နေရေးတွေမှာ လောဘအသေးစားတွေက အများကြီးပဲတဲ့။ အသေးစားတွေများတော့ ကြီးမားသွားတာပေါ့။ အသေးလေးတွေကို တစ်ခုချင်း ခွာချပစ်ရမယ်။

အစားအသောက်လောဘကို ပယ်သတ်နိုင်တဲ့ အစားနဲ့ပတ်သက်တဲ့ ဓုတင်သုံးပါးရှိတယ်။ ဒီသုံးပါးထဲက အမေတို့ အိမ်ရှင်မတွေ ပြုလုပ်နိုင်တာ ပတ္တပိဏ်ဓုတင် တစ်ပါးရှိတယ်။ ပတ္တပိဏ် ဓုတင် ဆိုတာက ဟင်းများကို တစ်ခွက်စီထည့်မစားဘဲ ထမင်းခွက်ထဲ အားလုံး ရောနယ်စားခြင်း ပါပဲ။

နေ့စဉ် သားငယ်ရဲ့ အဖေနဲ့အစ်မက အလုပ်ကို သွားကြတော့ အိမ်မှာ အမေတစ်ယောက် တည်း ကျန်တယ်။ ပတ္တပိဏ်ဓုတင်နဲ့ အံကိုက်ဖြစ်နေတာပေါ့။ အမေတော့ ထမင်းပန်းကန်ထဲ ဟင်းတွေပုံပြီး စားလိုက်တယ်။ အလုပ်လည်း ရှင်းသွားတယ်။

http://www.dhammadownload.com

ဟင်းခွက် သုံးခွက်၊ ထမင်းတစ်ခွက်၊ စုစုပေါင်း လေးခွက်ဆိုရင် လောဘ လေးမျိုး ဖြစ်နေတယ်။ ရောနယ်စားလိုက်တော့ ကြောင့်ကြဖွယ်ရာတွေ လျော့သွားတယ်။ လောဘနည်းအောင် စုတင်နဲ့ သတ်လိုက်တာ။ လွယ်တယ်မဟုတ်လား။ သားငယ်တို့မှာ ပိုက်ဆိုက်ထားတဲ့ ကော်ဖီအိတ်ကို လက်ကဆွဲလို့၊ မုန့်ကို လက်မှာညှပ်ပြီး သွားရင်းလာရင်း ကော်ဖီတစ်ငုံစုပ်လိုက်၊ မုန့်ကိုက်စားလိုက်နဲ့ စားရတဲ့အဖြစ်ပါလို့ ပြောချင်လေမလားနော်။

အစားကို အာဟာရဖြစ်ရုံ စားတာက ကျန်းမာစေတယ်။ မဆင်ခြင်ဘဲစားရင် လောဘနဲ့ စားတယ်လို့ခေါ်တယ်။ လောဘနဲ့ စားသူအပေါင်းဟာလည်း ဝပြီးပြီး သွေးတိုးရောဂါ၊ နှလုံးရောဂါ ရလာတတ်တော့တယ်။ လောဘဝယ်သတ်ပြီး ညစာမစားဘဲနေရင် စိတ်လည်းကြည်လင်၊ ရုပ်လည်းရွှင်လန်း ကျန်းမာစေတယ်။

အဝတ်အထည်လည်း အဆန်းပေါ်လာရင် ဝယ်ချင်ကြတယ်နော်။ ကိုယ့်မှာ ဝတ်စရာတွေ တပုံတပင်ရှိနေတာမဟုတ်လား။ ရှေးလူကြီးများကတော့ လိုအပ်သလောက်ပဲ ဝယ်ကြတယ်။ အမေ့ရဲ့အမေကြီး (အဘွား)ဆိုရင် အိမ်မှာနေရင်း ဝတ်တာက နှစ်စုံ၊ ထသွား လာသွား ဝတ်ဖို့က တစ်စုံ၊ ပွဲနေပွဲထိုင်ဝတ်ဖို့က တစ်စုံ၊ အထည်လေးစုံပဲရှိတယ်။ ပွဲထိုင်ဝတ်စုံကဖြင့် အသက်ထက်ဆုံး ဝတ်ဆင်သွားတာပါပဲ။

တကယ်တော့ ဘာပစ္စည်းပဲဖြစ်ဖြစ် လိုအပ်သလောက်ပဲ ဝယ်တာကောင်းပါတယ်။ ရှင်းလင်းရတဲ့ ဒုက္ခ၊ သိမ်းဆည်းရတဲ့ဒုက္ခ ငြိမ်းတာပေါ့။ ကိုယ့်ရဲ့ အဝတ်အထည် အချို့ကိုလည်း မိဘမဲ့ ဂေဟာသို့ လှူလိုက်တာ၊ ကိုယ့်သူငယ်ချင်း၊ အပေါင်းအသင်း အချင်းချင်းကိုလည်း တတ်နိုင်ရင် ငွေချေးငှားတာ၊ ကူညီတာ၊ စာအုပ်စာတမ်းပေးနိုင်တာပေး၊ ငှားနိုင်ငှား၊ လက်ရဲ့စောင်မခြင်းမျိုး မတတ်နိုင်ရင်နှုတ်ရဲ့ဆောင်မခြင်းမျိုးနဲ့ကူညီတာ၊ ဒါတွေကလည်း ဒါနပြုရာ ရောက်တယ်။ ကုသိုလ်ကောင်းမှုတွေချည်းပါပဲ။

ဒီလို ဒါနမှုကလေးတွေအပြင် လုပ်နိုင်တဲ့ ဘာဝနာလေးတွေ ရှိသေးတယ်ကွဲ့။ နံနက်စောစော အိပ်ရာကထတော့ ညက သန့်စင်ထားတဲ့ ခန္ဓာက မွေးကြိုင်နေသေးရဲ့လား။ ထပ်ပြီး ကိုယ်လက်သုတ်သင်၊ သန့်ရှင်းရပြန်တယ်။ ညနေရောက်တော့ နံစော်ညစ်ပတ်နေပြန်ရော။ ကိုယ့်ခန္ဓာပေမယ့် မသတီချင်စရာဖြစ်နေပြန်တယ်။ "ဘာမျှ စွဲလမ်းတပ်မက်စရာ မရှိပါလား။ အပုပ်ကောင် ရုပ်ဆောင်နေပါလား။ အခြားခန္ဓာ၊ အခြားပစ္စည်းလည်း ထို့အတူနေမှာပါ"လို့ စဉ်းစားဆင်ခြင်တဲ့ အလေ့အထ ပြုလုပ်ရင်လည်း တပ်မက်စိတ် စွဲလမ်းစိတ် လျော့ပါးသွားနိုင်တာမို့ အချစ်ကင်းသွားနိုင်တယ်လေ။

"အမေရယ်၊ သားငယ်တောင် အရွယ်ဟိုင်းနေပြီဗျ"လို့ ထအော်ချင်လေမလားကွယ်။

အေးမြတဲ့မေတ္တာတော့ ထားရမှာပါ။ မေတ္တာကို ဖွဲ့သီထားတဲ့ တိပိဋကဓရ ယောဆရာတော်ဘုရားကြီးရဲ့ ဆောင်ပုဒ်တွေက လှပလိုက်တာကွယ်။ "မေတ္တာတရား၊ အစဉ်ပွား၊ စွမ်းအားတိုးတက်ရ။ မေတ္တာထုံမွှမ်း၊ လူ့အစွမ်း၊ ချီးမွမ်းအံ့ဩရ။ မေတ္တာနှလုံး၊ အလှဆုံးကြောင့်၊ ရွှင်ပြုံးကြည်သာ၊ အေးမြတာ၊ ကောင်းစွာသန့်ရှင်းရ"တဲ့။

http://www.dhammadownload.com

"သတ္တလောကတွင် မေတ္တာစိတ်လောက် ကြီးမားတဲ့ တန်ခိုးမရှိဘူး"လို့ တောင်တန်း ဆရာတော်ကြီး ဦးဥတ္တမသာရက ဆိုထားတယ်။ ဆရာတော်ကြီးကတော့ တကယ့်ကို မေတ္တာရှင် ကြီးပါပဲ။ တောထဲတောင်ထဲ ညဥ့်နက်သန်းခေါင် တစ်ပါးတည်း ကြွသွားနေတာ ဘာဘေးရန်မျှ မရှိခဲ့ဘူး။ သီတင်းသုံးတော့လည်း တောင်ကမ်းပါးရံစောင်းမှာ တစ်ပါးတည်း။ လူသူမနီး တောကြီး ထဲမှာ ဆရာတော်ကြီး မေတ္တာအစွမ်းက အံ့မခန်းစရာပါကွယ်။

မေတ္တာစိတ်ဟာ အေးမြပြီး ကိလေသာ အပူမီးတွေကို ငြိမ်းစေနိုင်တယ်။ အလုပ်တွေ များ လွန်းလို့ စာကျက်စရာတွေများနေလို့ အချိန်မရဘူးဆိုတောင်မှ အိပ်ရာပေါ်ခန္ဓာကိုယ် ပစ်လှဲချရင်း "သတ္တဝါအားလုံး ချမ်းသာကြပါစေ"လို့ မေတ္တာပို့သလိုက်ပါကွယ်။

သားငယ်ရေ၊ ပညာသင်ရင်း ဒါနပြုနိုင်တာ၊ သီလဆောက်တည်နိုင်တာ၊ မေတ္တာပို့သနိုင် တာ၊ သမထဘာဝနာ၊ ဝိပဿနာဘာဝနာ ပွားနိုင်တာတွေ ရေးခဲ့ပြီးပြီ။ ဒါတွေ ပြုနေခြင်းဟာ ကုသိုလ်တရားတွေ အဆက်မပြတ် ရနေစေခြင်းပါပဲ။ ဒီကုသိုလ်တွေက ရာဂစတဲ့ ကိလေသာ တွေကို တဒင်္ဂပယ်သတ်နိုင်တယ်။

ကိလေသာ မြူမှုန်၊ ဖုန်တွေ ထူပြောရင် ထူပြောသလောက် ညစ်နွမ်းကြရတယ်။ နည်းရင် နည်းနည်းပဲ ညစ်နွမ်းတယ်။ လုံးဝမရှိတော့ရင် လုံးဝမညစ်နွမ်းတော့ပါဘူး။ သန့်ရှင်း ဖြူစင်နေ ပါပြီ။

သန့်စင်ကြည်လင်တဲ့ စိတ်အေးချမ်းခြင်း အရသာကို ခံစားကြည့်စေချင်တယ်။

မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။

http://www.dhammadownload.com

## အေးငြိမ်းချမ်းသာနေ
## အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ

သားငယ် ဖွဲ

ခေမံ သောကမရှိခြင်းဆိုတာ ယောဂ ၄ ပါးဟူသော ဘေးရန်များ မရှိခြင်း၊ ကင်းရှင်းသွားခြင်း ဖြစ်တယ်။ ဒါကလည်း ရဟန္တာပုဂ္ဂိုလ်တို့ရဲ့ အရည်အချင်းတစ်ခုပါပဲ။ ရဟန္တာအရှင်မြတ်တို့ရဲ့ စိတ်တော်မှာ ကိလေသာ၊ အာသဝေါ လုံးဝကင်းစင်သောကြောင့် အိုနာသေရေးနဲ့ ကြောက်ရွံ့ ထိတ်လန့်စရာ ကိလေသာ ရန်သူဘေးကင်းဝေးကာ ထာဝစဉ် အေးမြချမ်းသာနေခြင်းဖြစ်တယ်။

ခေမံ၊ ဧတံ မင်္ဂလမုတ္တမံ။

ဘေးရန်ကင်းခြင်း။ အေးငြိမ်းချမ်းသာခြင်းသည် မြတ်သော မင်္ဂလာမည်၏။

ခေမ ဘေးရန်ကင်းခြင်းဟာ မင်္ဂလာဖြစ်ပါတယ်တဲ့။ အဆုံးအထိ အရကောက်ရင်တော့ ဘေးကင်းရာနိဗ္ဗာန်ကို ရောက်သွားတာပါ။

"ယောဂ" ဆိုတာ ဘာလဲဆိုရင် သတ္တဝါများကို ဝဋ်ဆင်းရဲမှ မလွတ်ရအောင် ယှဉ်စပ်ပေး တတ်သောကြောင့် လောဘ၊ ဒိဋ္ဌိ၊ မောဟတို့ကို ယောဂလို့ခေါ်တယ်။ ပူပန်စေတတ်တဲ့ ကိလေသာ များ ဖြစ်တယ်။

ယောဂလေးပါးရှိတယ်–

၁။ ကာမယောဂ = ကာမဂုဏ်၌ တပ်မက်ခြင်းလောဘ

၂။ ဘဝယောဂ = ဘုံဘဝတို့၌ တပ်မက်ခြင်းလောဘ

၃။ ဒိဋ္ဌိယောဂ = အယူလွဲမှားခြင်း ဒိဋ္ဌိ

၄။ အဝိဇ္ဇာယောဂ = အမှန်ကို မသိခြင်း မောဟ

ယောဂလေးပါးကြောင့်သာ ဘေးဆိုးရန်ဆိုးအမျိုးမျိုး ဖြစ်ကြရတယ်။ ယောဂလေးပါးတို့ မရှိကြရင် ဘေးရန်များလည်း ကင်းရှင်းသွားကြတယ်။ ရဟန္တာအရှင်မြတ်တို့မှာ လောဘ၊ ဒိဋ္ဌိ၊ မောဟခေါ်တဲ့ ယောဂတရားတို့ ကုန်ခန်းသွားလို့ ဘေးရန်ဟူသမျှ မရှိတော့ခြင်းဖြစ်တယ်။ ခေမ မင်္ဂလာနဲ့ ပထမအပြည့်စုံဆုံး ပုဂ္ဂိုလ်များဖြစ်တယ်။ ရဟန္တာပုဂ္ဂိုလ်တို့ရဲ့အောက် အရိယာပုဂ္ဂိုလ် များကတော့ ယောဂလေးပါးတို့မှ တစ်စိတ် တစ်ဒေသ ကင်းပြီးလို့ အဲဒီပုဂ္ဂိုလ်တွေက ခေမမင်္ဂလာနဲ့ ဒုတိယပြည့်စုံတဲ့ ပုဂ္ဂိုလ်များ ဖြစ်ကြတယ်။

ဗုဒ္ဓဘာသာဝင် ပုထုဇဉ်ပုဂ္ဂိုလ်တွေကတော့ ယောဂလေးပါးတို့မှ ကင်းဝေးအောင် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်များပြုလုပ်နေကြလို့ ခေမမင်္ဂလာနဲ့ တတိယပြည့်စုံတဲ့ပုဂ္ဂိုလ်များ ဖြစ်ကြပါတယ်။

http://www.dhammadownload.com

ဘေးရန်ကင်းခြင်း၊ ငြိမ်းချမ်းခြင်းဟာ တစ်ခဏမျှဖြစ်ပေမယ့် အလွန့်ကို အဖိုးတန်တဲ့ မင်္ဂလာ တစ်ပါးပါ။ ဒီမင်္ဂလာရဖို့ ပြုကျင့်ရမှာပါ။ ပြုကျင့်ဖြစ်ဖို့သာ လိုပါတယ်၊ ပြုကျင့်ဖို့ မခဲယဉ်းပါဘူး။

နံနက်အိပ်ရာမှထကတည်းက မိမိရဲ့ခန္ဓာကိုယ်ကို ရွံရှာဖွယ်အဖြစ် ဆင်ခြင်ကြည့်ရမယ်။ ကျင်ကြီးကျင်ငယ်စွန့်တိုင်း ရွံ့ရှာဖွယ်ရာကောင်းပုံ၊ အသုဘဘာဝနာကို ရှုပွားရမယ်။ ယောဆရာ တော်ဘုရားကြီးရဲ့ ဝိပဿနာရှုနည်းနဲ့ ထမင်းချက်တာ၊ ထမင်းစားတာ၊ အမှိုက်ပစ်တာ၊ အိမ်မှုကိစ္စ လုပ်တာကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာတင်ရှုကြည့်မိတယ်။ တရားသဘောကို သိသွားမယ် ဆိုရင် ကိလေသာတွေကင်းမှာပါ။ ဝိပဿနာဘာဝနာ၊ အသုဘဘာဝနာတွေက ကာမရာဂကို ပယ်သတ်ပေးတယ်။

လောကီရေးရာအဖြာဖြာတွေ ဆောင်ရွက်ရင်း အခြားသူကို ကူညီသွားမယ်၊ ပေးကမ်း လှူဒါန်း သွားမယ်၊ ပရဟိတအကျိုး ဆောင်ရွက်သွားမယ်ဆိုရင် ဒါနကုသိုလ်တွေ ရသွားပါပြီ။ စားဝတ် နေရေးတွေမှာ ရသတဏှာမပေါ်စေဘဲ အသက်မသေဖို့ အာဟာရဖြစ်ရုံစား၊ အပူ အအေးဒဏ် ကာကွယ်ဖို့ မျှတရုံဝတ်ဆင်နေထိုင်ကြမယ်ဆိုရင် လောဘတဏှာကို ပယ်သတ်ပြီး ဖြစ်နေပါပြီ။

အသက်ရာကျော်ရှည်တဲ့ အဖိုး၊ အဖွားတွေနဲ့ တွေ့ဆုံခန်း ဆောင်းပါးတွေ အမေ ဖတ်ကြည့်မိ တော့ အစားအသောက် ဇီဇာမကြောင်ဘူး။ ရှိတာလေးနဲ့ မျှတအောင်စားတယ်၊ အနေအထိုင် ရိုးသားကြတယ်၊ တရားသဘောလေးနဲ့ ပွပင်ကြောင့်ကြမဲ့ နေကြတယ်၊ မေတ္တာဘာဝနာပွား များလေ့ရှိကြတယ်ဆိုတာ တွေ့ရတယ်။ ဒါတွေကို ကောက်ချက်ချကြည့်ရင်၊ လောဘ၊ ဒေါသ၊ ကိလေသာ ခေါင်းပါးလေတော့ စိတ်အေးချမ်းသာလို့ ကျန်းမာအသက်ရှည်နေတာ တွေ့ရတယ်။

သားငယ်လည်း နေ့စဉ် ကိလေသာပယ်သတ်နည်း၊ ကုသိုလ်ရအောင်ယူနည်းတွေ သိထား ပြီဆိုတော့ ကုသိုလ်ကိုသာ အဆက်မပြတ်ယူပါ။ တတိယအရွယ်ရောက်တော့ တရားရိပ်သာဝင်ပြီး တရားချည်း ဓောက်ချအားထုတ်ဖို့ အဆင်သင့်ဖြစ်ပြီပေါ့။

အမေလည်း ရိပ်သာဝင်ရမယ့် အရွယ်ရောက်နေပြီ။ ဝင်နိုင်အောင် ကြိုးစားနေတယ်။ "ငါပြော သလိုလုပ်" ဆိုတဲ့ လူစားမျိုးဖြစ်မှာ စိုးရတယ်လေ။

နောက်ဆုံး မင်္ဂလာတွေဖြစ်တဲ့ မတုန်လှုပ်ခြင်း၊ မစိုးရိမ်ခြင်း၊ အညစ်အကြေးကင်းခြင်း၊ ငြိမ်းချမ်းခြင်း မင်္ဂလာတို့က လောကုတ္တရာမင်္ဂလာများဖြစ်တယ်။ ရဟန္တာပုဂ္ဂိုလ်များနဲ့သာ တိုက်ရိုက် သက်ဆိုင်တယ်။ ရဟန္တာပုဂ္ဂိုလ်တို့ရဲ့ ဂုဏ်အရည်အချင်းများ ဖြစ်တယ်။ ရဟန္တာပုဂ္ဂိုလ်များသာ မုချရရှိခံစားရတဲ့ အကျိုးမင်္ဂလာတွေပါ။

ငြိမ်းချမ်းခြင်း ခေမ မင်္ဂလာဟာ မင်္ဂလာထဲမှာ နောက်ဆုံး မင်္ဂလာပါ။ ဒီမင်္ဂလာရဲ့ အရကောက် ကလည်း ဘေးကင်းရာ နိဗ္ဗာန်ပါ။

ကိလေသာလျှော့ပါးအောင် ပြုကျင့်နေသူဟာ နိဗ္ဗာန်မရောက်နိုင်သေးတောင်မှ စိတ်ရွှင်လန်း ချမ်းမြေ့အေးငြိမ်းတဲ့ဘဝကို ရရှိနိုင်ပါတယ်။

မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။

http://www.dhammadownload.com

# မင်္ဂလာရဲ့အကျိုး

သားငယ် ဖွဲ့

၃၈ ဖြာမင်္ဂလာတရားတော်က မြတ်စွာဘုရား ကိုယ်တော်တိုင် အတိအကျ၊ အနိုင်အမာ၊ အလေးအနက် ဟောကြားတော်မူတဲ့ တရားတော်ဖြစ်တယ်။

လက်တွေ့ ကျင့်သုံးကြရင် စီးပွားဥစ္စာ တိုးတက်လာမယ်။ ကြီးပွားချမ်းသာလာမယ်။ ဂုဏ်ကျက်သရေ၊ ဖြိုးဝေတိုးတက်လာမယ်။ ကောင်းကျိုးတရား စည်ပင်ပြန့်ပွားလာမယ်။ ဘေးရန်ကင်းရှင်းလာမယ်။ ချစ်သူခင်သူ ပေါများလာမယ်။ ကိုယ်ရောစိတ်ပါ ချမ်းသာလာမယ်။ ပြောဆိုကြံဆ လုပ်ဆောင်သမျှ အောင်မြင်လာမယ်။ ဘယ်အရပ်ဘယ်ဒေသ၊ ဘယ်အခါမဆို၊ ဘယ်မှာပင်နေနေ ဥစ္စာပစ္စည်း ဂုဏ်ကျက်သရေ ချမ်းသာစည်းစိမ် တိုးတက်ပါလိမ့်မယ်။

အခုလက်ရှိဘဝမှာတင် မင်္ဂလာရှိပြီး မှုချအောင်မြင်ရုံမကသေးဘူး။ နောင်ဘဝ အဆက်ဆက်၊ သံသရာတစ်လျှောက်လုံး အောင်မြင်မယ်။ ရှုံးနိမ့်ဖို့ အကြောင်းမရှိဘူး။ လက်တွေ့ ကျင့်သုံးကြည့်သင့်တယ်နော်။ နောက်ဆုံးအနေအားဖြင့် ရဟန္တာဖြစ်ပြီး ဘဝဇာတ်သိမ်း ချုပ်ငြိမ်းသွားမယ်။

၃၈ ဖြာ မင်္ဂလာတရားတော်က လူသားအားလုံးရဲ့ ဘုံပိုင်ပစ္စည်းသာဖြစ်တယ်။ လူသားတစ်ရပ်လုံး ကြီးပွားချမ်းသာဖို့ ဖြစ်တယ်။ ဘယ်သူမဆို ဒီမင်္ဂလာတရားတော်ကို ကျင့်ကြံနိုင်တယ်။ တိုင်းပြည်၊ လူမျိုး၊ ဘာသာစတဲ့ ခြားနားချက်များ ပျောက်ကွယ်သွားတယ်။ လူသားများအားလုံးကို တစ်ခုတည်းသော "လူ့အိမ်ထောင်စု"သားများအဖြစ် ပြောင်းလဲပေးတယ်။

သားငယ်ရေ၊ အမေတို့ ဗုဒ္ဓဘာသာဝင်တွေရဲ့ မြတ်စွာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက နှစ်ပေါင်း ၂၅၀၀ ကျော်ကတည်းက "ကမ္ဘာ့ရွာ" စိတ်ဓာတ်ကိုတည်ဆောက်ပေးခဲ့တာကွဲ့။

မှတ်သားလို့လွယ်အောင် ရွတ်ဆိုလို့ကောင်းတဲ့ မင်္ဂလာဦးဘသန်းနဲ့ ဒဂုန်ဦးထွန်းမြင့်တို့ရဲ့ ကဗျာကို ရေးပေးလိုက်တယ်။

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာကုံးကို၊
လိုက်နာကျင့်သုံး ပန်သူတွေ။
စီးပွားချမ်းသာ ကျက်သရေတိုးလို့၊
ကောင်းကျိုးစည်ပွင့် တဝေဝေ။
ဘေးကင်းရန်ကွာ ချစ်သူပေါလို့၊
စိတ်ရောကိုယ်ရော ချမ်းသာမလေ။
ပြောဆိုကြံဆ ဆောင်သမျှ၊
အောင်ရမည် ကိန်းသေ။
အဲဒါကြောင့် ပန်ကြဆင်ကြ မင်္ဂလာပန်းခိုင်တွေ။

မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ။

http://www.dhammadownload.com

# ကျမ်းကိုးစာရင်း


၁။ အခြေပြုမင်္ဂလသုတ် (အရှင်ဇနကာဘိဝံသ)

၂။ ပရိတ်ကြီးနိဿယသစ် (သပြေကန်ဆရာတော်)

၃။ မင်္ဂလသုတ်လက်စွဲ (စစ်ကိုင်း၊ ရွှေဟင်္သာဆရာတော်)

၄။ ချမ်းမြေ့မင်္ဂလာသင်စရာ (ချမ်းမြေ့ဆရာတော်)

၅။ ၃၈ ဖြာမင်္ဂလာ၊ သိကောင်းစရာတရားတော် (သဒ္ဒမ္မရံသီရိပ်သာဆရာတော်၊ အရှင်ကုဏ္ဍလာဘိဝံသ)

၆။ မင်္ဂလာစာပေသင်တန်း (လေးအိမ်စု အရှင်ဝိစိတ္တသာရ)

၇။ မင်္ဂလာတရားတော်ဆိုင်ရာ အဆိုအမိန့်များ (လေးအိမ်စု အရှင်ဝိစိတ္တသာရ)

၈။ လူတော်လူကောင်းအစ၊ မင်္ဂလာတရားတော်က (လေးအိမ်စု အရှင်ဝိစိတ္တသာရ)

၉။ ဘဝလမ်းညွှန်၊ မင်္ဂလာစာပေသင်တန်း (လေးအိမ်စု အရှင်ဝိစိတ္တသာရ)

၁၀။ မင်္ဂလာအမြွတေ (ဦးစန္ဒဇောတိ)

၁၁။ လောကခံတရားတော် (မဟာစည်ဆရာတော်ဘုရားကြီး)

၁၂။ မျက်ရည်မကျခင် သိစေချင် (မေတ္တာရှင် ရွှေပြည်သာ)

၁၃။ မင်္ဂလာအတွေးများ ၊ ရဝေနွယ် (အင်းမ)

၁၄။ ယောဆရာတော်ဘုရား၏ တရားစာအုပ်များ

၁၅။ နို့နှစ်လုံးဖိုးလုံး ကျေပါတယ်။ (အရှင်ဆန္ဒာဓိက)

၁၆။ မင်္ဂလာနိဒါန်း (မောင်အုံ၊ မဟာဝိဇ္ဇာဘုံဘော)

၁၇။ မင်္ဂလသုတ် (ဦးသုခ)

၁၈။ လူတိုင်းအတွက် မင်္ဂလာ (စန်းသမိန်)

၁၉။ မင်္ဂလာပုံပြင်များ (ဦးအောင်မိုး၊ ပါဠိပါရဂူ)

၂၀။ ဘဝ၏မင်္ဂလာ (ဦးသန်းထွန်း၊ ရွှေဘို)

၂၁။ ဗုဒ္ဓဘာသာ၊ ဗုဒ္ဓဒေသနာ (တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ)

၂၂။ မင်္ဂလာဦးဘသန်းနှင့် ဒဂုန်ဦးထွန်းမြင့်တို့၏ ကဗျာများ။

http://www.dhammadownload.com


## သခင်ဘသောင်း

# ဗုဒ္ဓ၏စကြဝဠာတရား

အဘိဓမ္မသည် သဘာဝတရားကို ဟုတ်မှန်သည့်အတိုင်း ဖော်ပြထားသောကျမ်း ဖြစ်သည်။ တွက်ကိန်းသက်သက်တရားလည်း မဟုတ်၊ မမည်မရ တရားလည်း မဟုတ်၊ ခွဲခြမ်းစိတ်ဖြာ၍ မရသော တရားလည်း မဟုတ်၊ စကြဝဠာတစ်ခုလုံး၏ အကြောင်းကို လေ့လာထားချက် ဖြစ်သည်။ စိတ် (နာမ) အကြောင်းနှင့် ရုပ် (ရူပ) အကြောင်းဆိုင်ရာ စကြဝဠာကျမ်း ဖြစ်၏။

ဗုဒ္ဓ၏ စကြဝဠာတရားတွင် ဗုဒ္ဓ၏ အခြေခံတရားကြီးများကို ဖော်ပြထား၏။ စကြဝဠာနှင့် ပတ်သက်သော ခက်ခဲသည့် ပြဿနာအားလုံး၏ အဖြေသည် ပါဝင်နေ၏။ စကြဝဠာတစ်ခုလုံး အတွင်းရှိ လူတိုင်းလူတိုင်း အရာဝတ္ထုတိုင်းနှင့် ပတ်သက်သော ပြဿနာအားလုံး၏ အဖြေမှန်ကိုပါ ဖော်ပြထား၏။ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းအား မိမိတို့ အရေးကိစ္စများကို မိမိတို့ ပဲ့ကိုင်နိုင်အောင် လမ်းညွှန်ပေး၏။

ဗုဒ္ဓ၏စကြဝဠာတရားသည် သီဟိုဠ်ဆရာတော် ရနသယ် ရေးသားပြီး ဆရာကြီး သခင်ဘသောင်း၏ ထင်ရှားသော မြန်မာပြန် လက်ရာဖြစ်သည်။ ဗုဒ္ဓ၏ ဟောကြားချက်များကို အကျဉ်းချုံး၍ ဖော်ပြထားသော ကျမ်း ဖြစ်၏။ ၁၉၅၉ ခုနှစ်က ပထမအကြိမ် ထုတ်ဝေခဲ့ဖူးသည်။ ဤကျမ်းတွင် မူလစာရေးဆရာ၏ ဖော်ပြချက်များကို မြန်မာ့အသိ မြန်မာ့အတွေး မြန်မာ့အမြင်နှင့် ထင်ဟပ်မိစေရန် မြန်မာပြန်သူက ဖြည့်စွက်ဖော်ပြပေးထားသည်။




စာမူခွင့်ပြုချက်အမှတ် ၇၆၄/၉၉(၁၂)